
www.burmeseclassic.com



www.burmeseclassic.com

# ဆုမြတ်မွန်မွန်

## ကိုယ်ယောင်ဖျောက်ပွင့်တဲ့နှင်းဆီတို့ရဲ့သခင်


စာမူခွင့်ပြုချက်အမှတ်
၅၀၀၉၁၇၀၈၀၇

မျက်နှာဖုံးခွင့်ပြုချက်အမှတ်
၅၀၀၉၅၀၀၈၀၇

၂၀၀၈ ခုနှစ်၊ ဇန်နဝါရီလ
ပထမအကြိမ်

တန်ဖိုး
၁၀၀၀ ကျပ်

အုပ်ရေ
၅၀၀

ထုတ်ဝေသူ
ဦးကျော်လှိုင် (၀၃၈၈၇) စေတနာစာပေ
အမှတ်(၅၉)၊ ၁၉ လမ်း၊ လသာမြို့နယ်။

ပုံနှိပ်သူ
ဦးကျော်လှိုင်(၅၅၇၃) စေတနာOFFSET
အမှတ်(၅၉)၊ (၁၉)လမ်း၊ ရန်ကုန်


BURMESE CLASSIC .com

စေတနာစာပေ
၏

## အမှတ်တရအစီအစဉ်

ရွှင်လန်းချမ်းမြေ့ပါစေ ... ။

ကျော့ ရင်းနှီးတဲ့ခံစားမှုရှိအောင်နဲ့ လေးစားမှုလည်းပါအောင် မဆုမြတ်လို့ပဲခေါ်မယ်နော်။ ကျော့က မဆုမြတ်ရေးတဲ့ ဝတ္ထုတွေအားလုံးကိုကြိုက်တယ်။ မဆုမြတ်က အရမ်းတော်တာပဲနော်။ စာဖတ်သူတွေကို မဆုမြတ် စာအရေးအသားလေးတွေနဲ့ ဆွဲဆောင်နိုင်လို့လေ။ ကျော့ကလေ ဝတ္ထုဖတ်ရင် မင်းသားနဲ့ မင်းသမီးညားမှုကြိုက်တယ်။ အဲဒီလိုစာအုပ်တွေကိုပဲဖတ်တယ်။ ဒါပေမဲ့ မဆုမြတ်ရဲ့စာအုပ်တွေကိုကျတော့ အားလုံးဖတ်ဖြစ်တယ်။ အရမ်းကြိုက်လို့လေ။ မဆုမြတ်ရေ ... ကျော့ဆီကို စာပြန်နော်။ မဆုမြတ်ရဲ့စာအုပ်တွေကိုကျတော့ အားလုံးဖတ်ဖြစ်တယ်။ အရမ်းကြိုက်လို့လေ။ မဆုမြတ်ရေ ... ကျော့ဆီကိုစာပြန်နော်။ မဆုမြတ်ရဲ့စာကို ကျော့မျှော်နေမယ်နော်။

မဆုမြတ်အောင်မြင်သထက်အောင်မြင်ပါစေလို့ ဆုမွန်ခြွေရင်း ...

ထာဝရအားပေးနေမဲ့

ကျော့ကေနိုင်၊ ချမ်းမြမြဦး
ရင်ငြိမ်းတောင်ကျေးရွာ၊

www.burmeseclassic.com

www.burmeseclassic.com

[illegible]

၏

## အ မှ တ် တ ရ အ စီ အ စ ဉ်

မွန်မွန်

သမီးက (၉)တန်းကျောင်းသူပါ ... ။ စာအုပ်တွေကို သူငယ်ချင်းတစ်ယောက်က အရမ်းကောင်းတာပဲဆိုလို့ 'ရင်ခုန်ချစ်ခြင်းနှင့်အတ္တနန်းတော်' နောက် 'အနမ်းဆက်တိုင်း' 'အသက်သွင်းလိပ်ပြာလေးရဲ့ရာဇဝင်' အဲ့ဒါတွေလည်းဖတ်ပြီးရော လက်ကမချနိုင်တော့ဘူး။ 'နူးညံ့ခြင်းပြိုင်ပွဲ' ကို သမီးတို့သူငယ်ချင်းတစ်ဖွဲ့လုံး Very_Very Cazy ဖြစ်တယ်။ မရဲ့စာအုပ်တွေကို နှလုံးသားနဲ့ ခံစားပြီး ဖတ်လို့ရတယ်။ 'အနမ်းဆက်တိုင်း' ထဲက As you like ဓ' လို့ပြောတာလေးကို အရမ်းကြိုက်တယ်။ 'အချစ်ဦးနှင့်လွဲပြီးသည့်နောက်(ဖူးစာ)' မှာလည်း "ဝိုင်ချိုမြိန်" ဆိုတဲ့ နာမည်ရယ်၊ 'အနမ်းဆက်တိုင်း' ထဲက "ဓ" ဆိုတဲ့နာမည်ရယ်ကို အရမ်းကြိုက်တယ်။ အိမ်မှာ ဒက်ဒီနဲ့ မာမီမသိအောင် ခိုးဖတ်ရတာမို့ Fell တစ်မျိုးပဲ။ ဒီလ(၃၀)ရက်နေ့ သမီးမွေးနေ့ရှိတယ်။ အဲ့ဒါအပန်းမကြီးဘူးဆိုရင် စာတစ်စောင်နဲ့ ဓာတ်ပုံလေးထည့်ပေးပါလား။

မရဲ့စာတွေကို နှလုံးသားနဲ့ခံစားပေးတဲ့

ညီမလေး

အမှတ်(၃၃၄)၊ (၁၇)ရပ်ကွက်၊
မဟူရာလမ်း၊ ဖျာပုံမြို့၊

[illegible]ပေ

၏

## အ မှ တ် တ ရ အ စီ အ စ ဉ်

မဆုလို့ပဲခေါ်မယ်နော် ....

'မျက်နက်ဝန်းရဲ့မေတ္တာတံချူ' ကစလို့ အခု 'အချစ်သို့တစ်ချက်ငုံကြည့်စဉ်' ထိဖတ်ခဲ့တာပါ။ အားလုံးကောင်းပါတယ်။ အရေးအသားအားလုံး အရမ်းကောင်းတယ်။ ငယ်ငယ်ရွယ်ရွယ်နဲ့အောင်မြင်တဲ့စာရေးဆရာမ တစ်ယောက်ဖြစ်လာတာကို အရမ်းချီးကျူးပါတယ်။ ညီမက စာရေးချင်ပေမဲ့ ပါရမီကတော့ သိပ်မရှိဘူးလေ။ ညီမက ဝတ္ထုဆိုညားမှကြိုက်တာ။ ဓာတ်သိမ်းပိုင်းမှာ ညားမညားဆို သေချာရေးပြပေးပါနော်။ မဆု စာအုပ်တွေဖတ်ရတာ ဗဟုသုတလည်းအရမ်းပါတယ်။ နောင်ထွက်ရှိမဲ့စာအုပ်တွေကိုလည်း အားပေးဖို့မျှော်နေမယ်နော်။ အစ်မရဲ့ဓာတ်ပုံ(၂)ပုံလောက်လိုချင်တယ်။ ပြန်စာရေးပေါ့။ တိတ်တခိုးအချစ်နဲ့ ပတ်သက်တဲ့ ကဗျာစာစုလေး လက်ဆောင်အဖြစ်ရေးပေးပါလားဟင်။ စာမျှော်နေမယ်နော်။

မေဖြိုးပိုင်
တိုက်(၁၅)၊ အခန်း(၂၂)

BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com

## အမှတ်တရအစီအစဉ်

စာရေးဆရာမလေး ဆုမြတ်မွန်မွန်

စာပေလောကမှာ တောက်ပတဲ့ကြယ်တစ်ပွင့်ဖြစ်ပါစေလို့ ဒီစာလွှာလေးနဲ့ နှုတ်ခွန်းဆက်လိုက်ပါတယ် ခင်ဗျာ။ ခင်မင်မှုများစွာနဲ့ မဆုလို့ပဲခေါ်လိုက်မယ်နော်။ မဆုရဲ့ဝတ္ထုတွေကိုဖတ်ရတာ အရမ်းကောင်းတယ်။ ကြိုက်လည်းကြိုက်တယ်။ ဇာတ်လမ်းရဲ့ဆွဲဆောင်မှုကကောင်းတယ်။ မဆုရဲ့ဝတ္ထုတွေက ကြည်နူးမှုပေးနိုင်သလို ခံစားမှုကိုလည်း ပေးစွမ်းနိုင်တယ်။ မဆုရဲ့ဝတ္ထုစာအုပ်တွေ မရောက်သေးဘူးလားလို့ စာအုပ်ဆိုင်ကိုသွားမေးလိုက်၊ ပြန်လာလိုက်နဲ့ မောရမှန်းတောင်မသိဘူး။ မဆုကို အားပေးတဲ့ ပရိသတ်တစ်ယောက်မို့ တောင်းဆိုမှုလေးတစ်ခုပြောပါရစေနော်။ မဆု မင်းသား မင်းသမီးအလွမ်းဆွေးခန်းလိုနေရာမျိုးမှာ အချစ်ရဲ့ခံစားချက် ကဗျာလှလှလေးတွေရေးပေးစေချင်ပါတယ်။ မဆုတစ်ယောက် ရေလိုအေးပန်းလိုမွှေးပြီး အောင်မြင်မှုသရဖူဆောင်းနိုင်ပါစေလို့ ဆုတောင်းလျက်ပါ။

စိုးမင်းအောင်
အိမ်အမှတ်(၅၉)၊
ဦးလှထွန်း + ဒေါ်စန်းအေးမှတစ်ဆင့်
လေးထပ်ကျောင်းအနီး၊
ပဒ်းမပင်ရပ်ကွက်၊

## အမှတ်တရအစီအစဉ်

ဆုမြတ်မွန်မွန်

မမကို ရိုသေစွာဖြင့် ဒုတိယအကြိမ် တစ်ခါစာရေးလိုက်ပါတယ်။ မမကို ညီမလေးသူငယ်ချင်းတွေက အရမ်းချောတယ်တဲ့။ ညီမလေးကို မမရဲ့စာဖတ်ပရိသတ်တစ်ယောက်အနေနဲ့ အသိအမှတ်ပြုတဲ့အတွက် ကျေးဇူးပါပဲ မမ။ ညီမလေးရဲ့နာမည်ကို 'အချစ်သို့တစ်ချက်ငဲ့ကြည့်စဉ်' မှာတွေ့တယ်။ မမ 'အချစ်သို့တစ်ချက်ငဲ့ကြည့်စဉ်' မှာ "ရှိန်း"ဆိုတဲ့ ကောင်မလေးကို ကြိုက်တယ်။ မမရဲ့စာအုပ်ကို ညီမလေး (၆)အုပ်လောက်ဖတ်ပြီးပြီ။ မမရဲ့စာအုပ်တိုင်းက တစ်အုပ်စီဆွဲဆောင်မှုကိုယ်စီရှိတယ်။ ဝေဖန်သုံးသပ်စရာမလိုတာပါ။ မမနောက်ထွက်မဲ့စာအုပ်တွေမှာ Example - ကောင်မလေးကဆင်းရဲပြီး ကောင်လေးကချမ်းသာတဲ့ဇာတ်ကောင်လေးတွေ ရေးပေးပါနော်။ မမရဲ့ပြန်စာကို အမြတ်တနိုးသိမ်းထားပါတယ်။ မမရဲ့ Idea တွေက အရမ်းကောင်းတာပဲ။ မမဆက်လက်ပြီး အောင်မြင်မှုသရဖူဆွတ်ခူးနိုင်ပါစေလို့ ညီမလေးဆုမွန်ကောင်းတောင်းလျက်ပါ။

အဝေးတစ်နေရာမှ မမရဲ့စာဖတ်ပရိသတ်

ညီမလေး

တင်စာမိုး၊
၃ ၊ ၁ ၊ ၁၀
ဒဿနိကဗေဒ

www.burmeseclassic.com

www.burmeseclassic.com



မမမြတ်

မမမြတ်လို့ပဲခေါ်ပါရစေနော်။ မမမြတ်ရဲ့ဝတ္ထုတွေက အရမ်းဖတ်လို့ကောင်းတာပဲ။ မမရဲ့စာဖတ်ပရိသတ်တစ်ဦးပါ။ မမမြတ်ရဲ့ဝတ္ထုကို လတိုင်းလတိုင်းဖတ်ပါတယ်။ ညီမက နောက်ပိုင်းမှာ မင်းသားနဲ့ မင်းသမီးရုံမှုဂဲ ဖတ်တီတယ်။ အခု ညီမငှားလာတာက 'သစ်ရွက်စိမ်းလေးရဲ့နှုတ်ခမ်းဒဏ္ဍာရီ' ဆိုတဲ့ စာအုပ်ကလေးပါ။ မှဖတ်ခင် မမမြတ်ဆီ စာအရင်ရေးလိုက်တာပါ။ မမမြတ် လစဉ်ထွက်တဲ့စာအုပ်တိုင်းမှာ မင်းသားနဲ့ မင်းသမီးပေါင်းပေးပါနော်။ မမမြတ် စိတ်ချမ်းသာ ကိုယ်ချမ်းသာနဲ့ အစဉ်ထာဝရ စာရေးနိုင်ပါစေလို့ ဆုတောင်းလျက်ပါ။ မမမြတ် ညီမရေးတဲ့ စာထဲမှာ အမှားပါရင်ခွင့်လွှတ်ပါလို့ အနူးအညွတ်တောင်းပန်ပါတယ်နော်။ မမမြတ်ရဲ့ဝတ္ထုလေးတွေကို လစဉ်မျှော်နေမယ်။

မမမြတ်ရဲ့

ချစ်ပရိသတ်

ညီမ

ညီမရဲ့လိပ်စာက
မငုဝါရွှေ
အမှတ်(၈)ရပ်ကွက်၊ မြို့မလယ်။
C/O Dr မောင်မောင်ဆွေ၊
ပခုက္ကူမြို့။
အောင်ဆုမွန်ဆေးဆိုင်။



ဆု

တချို့စာရေးဆရာတွေဟာ နာမည်လေးတွေက ကဗျာဆန်ပေမဲ့ စာရေးသူဟာ ယောကျ်ားလေးပဲဖြစ်နေတတ်တာမို့ ဆုလို့ပဲခေါ်လိုက်တာပါ။ ဆုရဲ့စာအုပ်တွေ စထွက်ကတည်းက အမြဲဖတ်ပါတယ်။ အရမ်းလည်းကြိုက်တယ်။ ကျွန်မရဲ့စိတ်နဲ့ အမြဲတမ်းနီးစပ်နေသလိုခံစားရလို့လည်းပိုကြိုက်ပါတယ်။ 'အချစ်ဦးနှင့်လွဲပြီးသည့်နောက်(ဖွူးစာ)' ဆိုတဲ့ စာအုပ်လေးက "တော်တော်ပဲဆွဲဆောင်မှုအားကောင်းလို့ ဒီလိုမိတ်ဆက်စာလေးရေးမိတဲ့အထိ ဖြစ်သွားတာ။ ဆုရဲ့ဝတ္ထုနေတွေကို အမြဲတမ်းစောင့်မျှော်လျက်။

ယဉ်ယဉ်ဆွေး
စိုးကြီးလမ်း၊ မြို့သစ်ရပ်ကွက်၊
ငါးသိုင်းချောင်းမြို့နယ်၊ ရေကြည်မြို့၊
[illegible]ကောလိပ်။

www.burmeseclassic.com

www.burmeseclassic.com

## အမှတ်တရအစီအစဉ်

မရေ

နောက်ထပ် ညီမလေးစာရေးလိုက်ပြီနော်။ မ,ရဲ့စာအုပ်တစ်အုပ်ဖတ်ပြီးရင် မ,ဆီကိုစာအရမ်းရေးချင်တာ။ 'သစ်ရွက်စိမ်းလေးရဲ့နွေဦးဒဏ္ဍာရီ' စာအုပ်လည်းဖတ်ပြီးပြီ။ မ,ရေးတဲ့စာအုပ်တွေအားလုံးဖတ်ရပါတယ်။ ဒါပေမဲ့ 'ကြွင်းကျန်ရစ်သောသစ္စာ' အခုချိန်ထိမဖတ်ရသေးဘူး။ 'အချစ်သို့တစ်ချက်ငဲ့ကြည့်စဉ်' မှာ မ,ရဲ့ကိုယ်လုံးပုံလေးကို စ,ပြီးထည့်ပေးထားတယ်နော်။ မ,ရေးတဲ့ မ,ရဲ့စာအုပ်ကို လုပြီးဖတ်ရတာ။ လက်ကုန်ရင် စာအုပ်ဆိုင်သွားပြီးမှာရတာ မ,လတိုင်း မ,ရဲ့စာအုပ်တွေကို ထုတ်ပေးပါနော်။ စောင့်ပြီးဖတ်ချင်ပါတယ်။ မ, 'သစ်ရွက်စိမ်းလေးရဲ့နွေဦးဒဏ္ဍာရီ' ထဲမှာ မ,ရဲ့ အရင်က ထည့်နေကျပုံတွေ မပါတော့ဘူးနော်။ မ ဒီထက်မကအောင်မြင်ပါစေ။ ဆုမြတ်မွန်မွန်ဆိုတာရှိနေသရွေ့ အားပေးနေမှာပါ။

မရဲ့ထာဝရအားပေးနေမဲ့

ထာဝရ

ညီမလေး

**ဝင့်ဝါအောင်**
**အဘိရာမ(၁)လမ်း၊**
**အမှတ်(၂)၊ ကော့သောင်းမြို့။**

## အမှတ်တရအစီအစဉ်

မမဆုမြတ်

သတိရမှုများစွာနဲ့ ညီမလေးစာရေးလိုက်ပါတယ်နော်။ အလုပ်မအားတဲ့ကြားက ညီမလေးဆီကို ပြန်စာလေးနဲ့ ဓာတ်ပုံပို့ပေးလာလို့ အရမ်းကိုဝမ်းသာမိပါတယ်။ မမရေးတဲ့ ဝတ္ထုတွေကို ကြိုက်လွန်းလို့ တော်တော်များများဖတ်ပြီးသွားပြီ။ 'အသက်သွင်းလိပ်ပြာလေးရဲ့ရာဇဝင်' ဝတ္ထုလေးက အရမ်းကိုဆွဲဆောင်မှုရှိတယ်။ မမဝတ္ထုဖတ်ပြီးတိုင်း ရင်ထဲမှာစွဲကျန်နေတယ်။ မမဆုမြတ်က 'အသစ်ပေမဲ့ စာအရေးအသား ဓာတ်အိမ်ဖွဲ့တာ အရမ်းကောင်းပါတယ်။ ဓာတ်အိမ်ကောင်းပြီး ပရိသတ်ကို ဆွဲဆောင်မှုရှိတဲ့ ဝတ္ထုလေးတွေ များများရေးပေးပါလို့ အကြံပြုချင်ပါတယ်။ စာပေလောကမှာ ပရိသတ်ချစ် နိုင်ငံကျော်စာရေးဆရာမကြီးအဖြစ် အောင်မြင်ကျော်ကြားနိုင်ပါစေ။

**မအိမွန်သန်း(စ)အိလေးယံ**
**မြန်မာ့လျှပ်စစ်ဓာတ်အားခွဲရုံ၊**
**အသုတ်မြို့၊ ကျောက်ကြီးမြို့နယ်၊**

www.burmeseclassic.com

www.burmeseclassic.com

စာဖတ်သူ၏

## အမှတ်တရအစီအစဉ်

ဆရာမ

ကျွန်တော် ဆရာမလို့ပဲခေါ်မယ်နော်။ ကျွန်တော် ဆရာမရဲ့ စာဖတ်ပရိသတ်တစ်ယောက်ပါ။ ကျွန်တော် ဆရာမစာအုပ်ကို အစကနေပြီးတော့ 'သစ်ရွက်စိမ်းလေးရဲ့နွေဦးဒဏ္ဍာရီ' ထိဖတ်ရတယ်။ ကျွန်တော် ဆရာမရေးတဲ့ Style ကို ကြိုက်နှစ်သက်တယ်။ ဆရာမ ကျွန်တော့်ရဲ့မိတ်ဆက်စာကို နီးရာလမှာ ဖော်ပြပေးစေချင်တယ်။ ဆရာမရဲ့ မွေးနေ့ဘယ်နေ့လဲ။

ဆရာမ ဒီထက်မက အောင်မြင်ပါစေလို့ ... ။

ဆရာမရဲ့အမြဲတမ်းစာဖတ်ပရိသတ်

သံစဉ်
ဦးဝင်းညွန့် + ဒေါ်စန်းစန်းအေး
မြောင်းမြို့၊ မြောက်ရပ်၊

စာဖတ်သူ၏

## အမှတ်တရအစီအစဉ်

စာရေးဆရာမ မဆုမြတ်မွန်မွန်

ကျွန်တော်ဟာ မဆုမြတ်မွန်ရဲ့စာအုပ်တွေကိုမလွတ်တမ်းဖတ်နေတဲ့ ပရိသတ်တစ်ယောက်ပါ။ မဆုမြတ်ရဲ့စာအုပ်တွေက ဇာတ်လမ်းဇာတ်ကွက်တွေအရမ်းကောင်းတာ။ မဆုမြတ်စာအုပ်ကောက်ကိုင်လိုက်တာနဲ့ လက်ထဲကမချချင်လောက်အောင်ကိုဖြစ်သွားတယ်။ နောင်ထွက်မဲ့စာအုပ်တွေရဲ့ခေါင်းစဉ်ကိုလည်း ဖော်ပြပေးပါဦး။ မဆုမြတ်မွန်တစ်ယောက် ခင်မင်ရင်းနှီးတဲ့လူ [illegible] ကောင်းတွေရေးနိုင်ပါစေလို့ ရွှေမန်းမြေက မဆုမြတ်မွန်ရဲ့

ထာဝရပရိသတ်

အောင်ကိုမြင့်(ကျော်နိုင်)
(၅၈)လမ်း၊ ၃၁ × ၃၂လမ်းကြား၊
ငြိမ်းချမ်းရေးဆိုက်။

www.burmeseclassic.com

၏

## အမှတ်တရအစီအစဉ်

ဆရာမဆုမြတ်မွန်မွန်

ဆရာမမဆုမြတ် ... ရွှေဝါစာရေးလိုက်ပါတယ်။ ရွှေဝါက မဆုမြတ်ရဲ့ 'လသုံးစင်းနှင့်ကခုန်ခြင်း' ဆိုတဲ့ စာအုပ်ကို ဖတ်ပြီး ကတည်းက 'နူးညံ့ခြင်းပြိုင်ပွဲ' စာအုပ်ရဲ့ နောက်မျက်နှာဖုံးမှာပါတဲ့ ပုံလေးကို လက်ဆောင်အဖြစ်လိုချင်ပါတယ်။ အခက်အခဲမရှိဘူးဆိုရင်ပေါ့နော်။ မဆုမြတ်ရဲ့စာရေးချိန်နဲ့ အခြားအလုပ်ကိစ္စများကိုလည်း မထိခိုက်စေချင်ပါဘူး။ ဒီလိုတောင်းဆိုတယ်။ ဆိုတာကလည်း ရွှေဝါတစ်ယောက်တည်းရဲ့ဆန္ဒပါ။

လူသားတွေရဲ့စိတ်ထွက်ပေါက်နဲ့ ပျော်ရွှင်မှုကို အမြဲပေးစွမ်းနိုင်ပါစေ။

ရွှေဝါလှိုင် (မော်ကျွန်း)
မစိုးရိမ်တိုက်သစ်၊ ဝိသုဒ္ဓိ (ပ)
စော်ဂျီလမ်း၊ (၈)ရပ်ကွက်၊
ပြည်ကြီးတံခွန်မြို့နယ်၊

၏

## အမှတ်တရအစီအစဉ်

မမွန်

ကျွန်တော်ဖတ်ခဲ့တဲ့စာအုပ်တွေထဲမှာ မမွန်စာအုပ်တွေက အကောင်းဆုံးပဲ 'သစ်ရွက်စိမ်းလေးရဲ့နွေဦးဒဏ္ဍာရီ' ကိုလည်း ဖတ်ပြီးပြီ။ ဒါလည်းတော်တော်ကောင်းတယ်။ ဇာတ်အိမ်တည်ဆောက်မှုလည်းကောင်းတယ်။ ဇာတ်ကောင်ကိုလည်း အပိုအလိုမရှိကိုင်နိုင်တယ်။ ကျွန်တော် မမွန်ကိုလေးစားတယ်။ ချီးကျူးတယ်။ ခင်မင်ချင်တယ်။

မမွန်ရဲ့

ထာဝရပရိသတ်

ထွဏ်းထွဏ်း
အမှတ်(၁၄)ရပ်ကွက်၊

www.burmeseclassic.com

www.burmeseclassic.com

၏

## အမှတ်တရအစီအစဥ်

သို့

မဆုမြတ်မွန်မွန် … ခင်မင်စွာနဲ့ မ,လို့ခေါ်ခွင့်ပြုပါ။ မ,ကျွန်တော်က မ,ရဲ့ပရိသတ်တစ်ယောက်ပါ။ မ,ရဲ့ဝတ္ထုတွေကို အရမ်းလည်းကြိုက်ပါတယ်။ ခံစားချက်တွေကလည်း အရမ်းမြင့်ပါတယ်။ မ,ရဲ့နောက်ထွက်လာမဲ့စာအုပ်တွေကို ဖတ်ချင်နေပါပြီ။

မရဲ့

ပရိသတ်

တင်မျိုးဝင်း
မော်ဓာ၊ ပြည်မြို့နယ်၊

၏

## အမှတ်တရအစီအစဥ်

မဆုမြတ်မွန်မွန်

သမီးကို ဆရာမမွန်လို့ခေါ်ခွင့်ပြုပေးပါလို့ ပြောပြပါရစေ။ သမီးဟာ ဆရာမရဲ့ပရိသတ်တစ်ဦးပါ။ ဆရာမစာအုပ်က ညွှန်းစရာမရှိအောင် တော်နေပါတယ်။ တချို့စာအုပ်တွေဆိုရင် တစ်ကြောင်းနှင့်တစ်ကြောင်း ထပ်နေပြီ။ အဓိကဆိုလို့ ရင်ကိုမရောက်နိုင်အောင် ဖြစ်နေပါတယ်။ ဆရာမစာအုပ်ဆိုရင် မင်းသမီးကို အခြားအရန်တစ်ယောက် မကောင်းပြောချင်တဲ့စကားကို ဆရာမက ထိထိမိမိရောက်အောင် စာသားကောင်းများဖြင့် အဓိပ္ပာယ်ရှိရှိ ရေးသားနိုင်ပါတယ်။ သမီးက စာအုပ်တစ်အုပ်မှာဆိုရင် ရှင်းရှင်းလင်းလင်းနဲ့ စာသားမရှုပ်တာမျိုးဆိုရင် ကြိုက်ပါတယ်…။ ဆရာမစာအုပ်က တကယ်ကိုဖတ်လို့ကောင်းတဲ့ စာအုပ်တစ်မျိုးပေါ့။ ဆရာမစာအုပ်က တကယ်လို့ ရုပ်ရှင်ရိုက်ဖြစ်ရင်လည်း သမီးက အားပေးနေမှာပါ။ 'အချစ်သို့တစ်ချက်ငဲ့ကြည့်စဉ်' ဆိုတဲ့ စာအုပ်က သမီးကြိုက်တဲ့စာအုပ်ပါ။ အဲ့ဒီစာအုပ်ကို အရမ်းကြိုက်လို့ ဝယ်တောင်ဝယ်ထားပါတယ်။ သမီးက ဆရာမကို အစဉ်အားပေးနေပါတယ် … ။ ဆရာမမွန် အမြဲအောင်မြင်နေပါစေလို့ ဆုတောင်းပေးလိုက်ပါတယ် … ။

မစန်းစန်းဝင်း
တိုက်(၁၆)၊ အခန်း(၈)၊

www.burmeseclassic.com

www.burmeseclassic.com

## အမှတ်တရအစီအစဉ်

**မလွှဲခေါ်ပါရစေနော် ...**

မမရေးတဲ့စာအုပ်တိုင်း ထွက်တဲ့စာအုပ်တိုင်း ညီမအကုန်လုံးဖတ်ပြီးသွားပါပြီ။ မမက အရမ်းတော်တာပဲနော်။ ညီမလည်း စာရေးရတာ အရမ်းဝါသနာပါတယ်သိလား .... ။ (၉)တန်း၊ (၁၀)တန်းတုန်းကဆို ကျောင်းမှာ နံရံကပ်စာစောင်တွေ ဝတ္ထုတိုတွေအမြဲရေးတယ်။ ဖြစ်ချင်တာက စာရေးဆရာမ။ အခုဖြစ်နေတာက ကျန်းမာရေးဆရာမပါ။ မမရဲ့ထွက်သမျှစာအုပ်တိုင်းကို ညီမပဲအရင်ဆုံးဖတ်ချင်တယ်။ လောဘကြီးတာလားတော့မသိဘူး။ သူများဦးသွားရင် စိတ်တိုတတ်တယ်သိလား။ အလုပ်ထဲမှာ ဘယ်လောက်ပင်ပန်းပါစေ။ မမရဲ့စာအုပ်နဲ့ အမောပြေသွားစေတယ်။ ယုံပါနော်။ မျက်နှာဖုံးမှာပါတဲ့ပုံက မမဓာတ်ပုံပဲလို့ယူဆထားတယ်။ မမက ဘာနဲ့ကျောင်းပြီးတာလဲ။ စာအရေးအသားတော်လို့မေးမိတာပါ။ အင်္ဂလိပ်စာလုံးတွေ စာထဲမှာထည့်ရေးပေးတာ အရမ်းကြိုက်တယ်။

ဘဝနှင့်ဆန္ဒတစ်ထပ်တည်းကျပါစေ။

ထာဝရကျန်းမာပျော်ရွှင်နိုင်ပါစေလို့ ဆန္ဒပြုလျက် ... ။

မမရဲ့စာဖတ်ပရိသတ်

**ဆရာမအိအိထွေး**

**မကွေးလိပ်ကျန်းမာရေးဆေးပေးခန်း။**

## အမှတ်တရအစီအစဉ်

ဆုမြတ်မွန်မွန်

စာရေးဆရာမဆိုတော့ ခင်ချင်လို့စာရေးလိုက်တာပါ ...။ ကိုယ့်အစ်မအရွယ်ဆိုတော့ စကားပြောလို့အပေါက်အလမ်းတည့်မယ်ထင်ပါတယ်။ မမရဲ့ဝတ္ထုတစ်ခါမှမဖတ်ခဲ့ဖူးဘူး။ အိမ်က လူကြီးတွေက ပေးမဖတ်ဘူး။ အဲဒါကြောင့် ဖတ်ရကောင်းမှန်းမသိခဲ့ဘူး။ သူငယ်ချင်းက အရမ်းကောင်းတယ်။ ဖတ်ကြည့်ဆိုပြီး ပေးလို့ဖတ်ခဲ့ရတယ်။ စလယ်ဆုံးအားလုံးကောင်းတယ်။ မိုးရာသီနဲ့ ပတ်သက်တဲ့ အချစ်ဇာတ်လမ်းတစ်အုပ်လောက်ရေးပါလား။ ဇာတ်သိမ်းပိုင်းမှာ အလွမ်းနဲ့ဇာတ်သိမ်းတဲ့ဟာမျိုး ရေးပေးပါနော်။ အရာရာပြီးပြည့်စုံပြီး အခက်အခဲမှန်သမျှ ကျော်လွှားနိုင်ပါစေ။ စာပေလောကမှာလည်း ဒီ့ထက်မကအောင်မြင်မှုများရရှိနိုင်ပါစေ။

အစဉ်အမြဲအားပေးနေမဲ့ ပရိသတ်

ဖိုင်းဝေယံလင်း

မအိအိမိုး

အမှတ်(၃၈၇)၊ စဝ်ားဝါလမ်း(ပုလဲ-၁)၊

မင်္ဂလာဒုံမြို့နယ်၊ ရန်ကုန်မြို့။

www.burmeseclassic.com

၏

## အ မှ တ် တ ရ အ စီ အ စ ဉ်

မဆုမြတ်မွန်မွန်

မဆုမြတ်ဆီကို ခင်မင်စွာဖြင့် စာရေးလိုက်ပါတယ်။ မဆုမြတ်ရဲ့ ထွက်ပြီးတဲ့စာအုပ်တိုင်း ဖတ်ပြီးသွားပြီ။ အကုန်လုံးဖတ်လို့ကောင်းတယ်။ မဆုမြတ်က စာရေးတာအရမ်းတော်တယ်နော်။ ညီမလေးကို ခင်တယ်ဆိုရင် မဆုမြတ်ရဲ့ဓာတ်ပုံနဲ့ လက်မှတ်ပါထည့်ပေးပါနော်။ မဆုမြတ် ဒီ့ထက်မက အောင်မြင်ပါစေလို့ ညီမလေးဆုတောင်းပေးပါတယ်။ မဆုမြတ်ရဲ့ပြန်စာကို မျှော်နေမှာနော်။

မဆုမြတ်ကိုအမြဲအားပေးနေမဲ့

ညီမလေး

နန်းရွှေရီ

အမှတ်(၉၆၆)၊ ဂန္ဓမာလမ်း၊

မြေဖြူရပ်၊ နယ်မြေ(၂)၊

၏

## အ မှ တ် တ ရ အ စီ အ စ ဉ်

မမမွန်

မမရဲ့ပြန်စာကိုရရှိပြီးတဲ့နောက် အတိုင်းမသိပျော်ရွှင်မှုတွေနဲ့အတူ ဒီစာကိုရေးလိုက်ရခြင်းပဲ ဖြစ်ပါတယ်။ အခုမှ မမရဲ့ပရိသတ်တွေကို မမက တရင်းတနှီးဆက်ဆံလို့ပဲပေါ့ … ။ မ,ရေးတဲ့ 'သစ်ရွက်စိမ်းလေးရဲ့နွေဦးဒဏ္ဍာရီ' ကို အရမ်းကြိုက်သွားပဲ။ ရေလည်ကောင်းတယ်။ ဒီဓာတ်အိမ်မျိုးကသမားရိုးကျပဲ။ ဒါပေမဲ့ ဓာတ်အိမ်လေးကို ခွဲတတ်သွားတာက ပညာသားပါတယ်။ Good တယ်ပေါ့ဗျာ။ မရဲ့ဝတ္ထုတွေထဲကကောင်းမှ 'အချစ်ဦးနှင့်လွဲပြီးသည့်နောက်(ဖူးစာ)' ဆိုတဲ့စာအုပ်လေးကိုတောင် အပိုင်ဝယ်သိမ်းထားပြီးပြီ။ ပြီးတော့ 'ကြယ်ကလေးရဲ့နှင်တံ' ကို အရမ်းပဲဖတ်ချင်နေပြီ။ မဝတ္ထုနှစ်အုပ်ဆက်တွေလည်း ရေးဦးနော်။ တစ်အုပ်လည်း ဖတ်ရတာအားမရလို့ပါ။ မရဲ့နှစ်အုပ်ဆက်ကို အကြီးအကျယ်အားပေးဖို့ မျှော်နေပါရစေ။ မအောင်မြင်မှုတွေကို ပန်းစည်းကြီးလို တစ်ပွေ့တစ်ပိုက်နဲ့ ပိုင်ဆိုင်နိုင်ပါစေလို့။

ပရိသတ်များစွာထဲက ပရိသတ်

ကျေးဇူးတင်စွာဖြင့်

လေးစားအားကိုးခင်မင်လျက်

ကျော်ဇင်လတ်

အမှတ်(၁၃)၊ အခန်း(၄)၊

www.burmeseclassic.com

www.burmeseclassic.com

၏

## အမှတ်တရအစီအစဉ်

မမဆုမြတ်မွန်မွန်

ညီမလေး ကြည်ညိုလေးစားစွာဖြင့် မိတ်ဆက်စာရေးလိုက်ပါတယ်။ ညီမလေးက မမရဲ့စာဖတ်ပရိသတ်တစ်ဦးပါ။ မမရဲ့ ဝတ္ထုရှည်တွေကို အရမ်းကြိုက်တယ်။ ညီမလေးလေ ဘယ်စာရေးဆရာမကိုမှ မိတ်ဆက်စာမရေးဘူးတော့ အမှားပါရင်ခွင့်လွှတ်ပေးပါနော်။ မမ ဒီတစ်ခါ ဝတ္ထုရေးရင်လေ။ နောက်ဆုံးမင်းသားနဲ့ မင်းသမီးညားတာကို ရေးပေးစေချင်ပါတယ်။ မမ ညီမလေးကို ခင်ရင် ဖုန်းနံပါတ်ရယ်၊ ဓာတ်ပုံရယ်၊ စာရယ်၊ ညီမလေးဆီကို ပို့ပေးနော်။ ညီမလေးကတော့ မမကိုအရမ်းချစ်တယ်။ မမဆီက ပြန်စာကို နေ့စဉ်စောင့်မျှော်နေမယ်။

ဆက်သွယ်ရန်
နန်းစိန်ပွင့်
အိမ်နံပါတ်(၅၀၅)၊

၏

## အမှတ်တရအစီအစဉ်

ဆုမြတ်မွန်မွန်

ရတုက မဆုမြတ်မွန်မွန်ရဲ့ ပရိသတ်ပါ။ အသစ်လို့မထင်ရဘူး။ အရေးအသားအရမ်းကောင်းတယ်။ ဇာတ်ကောင်တွေကိုလည်းကြိုက်တယ်။ ကျေးဇူးပါ။ မဆုမြတ်မွန်မွန် ရတုတို့အကြိုက် ဇာတ်လမ်းလေးတွေချည်းပဲ ရေးပေးနေတဲ့အတွက်ပါ။ 'မျက်နက်ဝန်းရဲ့မေတ္တာတံချူ' ကတော့ ရတုတို့ဆီမှာ လုံးဝငှားမရပါ။ 'အနမ်းဆက်တိုင်း' နဲ့ 'မှော်ကဗျာရွှေရုပ်' ကတော့ ရင်ထဲမှာစွဲနေတုန်းပဲ။ ရတုတို့မောင်နှမတွေ မဆုမြတ်မွန်မွန်ရဲ့ စာအုပ်ရဖို့အတွက် လကုန်တိုင်း စာအုပ်ဆိုင်ကို ပြေးရတာအမောပဲ။ မဆုမြတ်မွန်မွန်ရဲ့ စာအုပ်တွေကိုဖတ်ရင် ဈာန်ဝင်တယ်။ လုံးဝကို ဇာတ်လမ်းထဲမှာ စိတ်ပါသွားတာ တခြားစာအုပ်တွေနဲ့ကို မတူဘူး။

မဆုမြတ်မွန်မွန် ယခုထက်ပိုပြီးအောင်မြင်တဲ့ ကမ္ဘာကျော်စာရေးဆရာမတစ်ဦးဖြစ်ပါစေ။

ရတုမေ
အမှတ်(၃)၊ အေးရိပ်သာ(ဖ)လမ်း၊
(၉)ရပ်ကွက်၊ မော်လကျွန်း၊

www.burmeseclassic.com

www.burmeseclassic.com

## အမှတ်တရအစီအစဉ်

မမဆုမြတ်

ညီမလေးခင်မင်လေးစားစွာ စာရေးလိုက်ပါတယ် ... ။ ညီမလေးက စာအုပ်တွေအရမ်းဖတ်ဖြစ်တယ်။ မမဆုမြတ်ရဲ့ စာအုပ်တွေက အရမ်းကို attraction ရှိတယ်။ ညီမလေးက မမဆုမြတ်ရဲ့စာအုပ်တွေကို အရမ်းကြိုက်တယ်။ အခုဆို မမရဲ့ထွက်ပြီးသမျှစာအုပ်တွေ အကုန်ဖတ်ပြီးပါပြီ။ စာအုပ်တစ်အုပ်ဖတ်ပြီးတိုင်း ရင်ထဲမှာကျန်ခဲ့ပါတယ်။ ညီမလေးက စာအုပ်ပဲဖတ်ဖတ်၊ ရုပ်ရှင်ပဲကြည့်ကြည့်၊ ရင်ထဲမှာကျန်ခဲ့မှကြိုက်တာ။ မမဆီက ခင်မင်မှုများနဲ့အတူ ဓာတ်ပုံနဲ့ ပြန်စာလေးတစ်စောင်ထည့်ပါနော်။ 'သစ်ရွက်စိမ်းလေးရဲ့နွေဦးဒဏ္ဍာရီ' ဇာတ်လမ်းလေးကိုလည်း အရမ်းကြိုက်ပါတယ်။ မမဆုမြတ် ဒီထက်မကအောင်မြင်မှုများကို ပိုင်ဆိုင်နိုင်ပါစေလို့ ဆန္ဒပြုလျက် ....

ပပစိုး
ITC 60 အစိုးရနည်းပညာတက္ကသိုလ်၊
မအူပင်မြို့၊ ဧရာဝတီတိုင်း။

ဆုမြတ်မွန်မွန်

မင်္ဂလာပါ။ ကျွန်တော်ကတော့ မဆုရဲ့လစဉ်ထုတ်တဲ့ မဆုရဲ့စာအရေးအသားကို အရမ်း (crazy) ဖြစ်နေတဲ့ လူငယ်စာဖတ်ပရိသတ်တစ်ယောက်ပါ။ မဆုရဲ့ဝတ္ထုစာအုပ်မှန်သမျှ လစဉ်စောင့်ဖတ်ရတဲ့သူလည်းဖြစ်ပါတယ်။ မဆုမြတ်ရဲ့ (idea) ကိုလည်း ချီးကျူးမိပါတယ်ဗျာ။ မဆုမြတ်ရဲ့အကြံပြုစာနှင့်တကွ ပြန်စာကိုမျှော်လင့်စောင့်စားနေမယ်နော်။

Dဝင် (ဒေါ်နမြေ)
C/O ပိုင်စာပေ
အမှတ်(၁)၊ ဈေးဒေါင်းတောင်ရပ်ကွက်၊

www.burmeseclassic.com

၏

## အမှတ်တရအစီအစဉ်

ခဆုမြတ်

ညီမလေး ဒုတိယမိတ်ဆက်စာအဖြစ် ရေးလိုက်ပါတယ်။ မမရဲ့စာသားတွေက အရမ်းကိုကောင်းလွန်းနေပါတယ်။ 'ရင်ခုန်ချစ်ခြင်းနှင့်အတ္တနန်းတော်' ထဲမှာ တစ်ယောက်စီရဲ့ခံစားချက်ကို ရေးထားတာ အရမ်းကိုထိမိတယ်။ ညီမငယ်လေးက မမရဲ့စာအုပ်တွေ ငှားဖတ်ရင် သူငယ်ချင်းတွေကိုလည်း ပေးဖတ်တယ်။ မမရဲ့စာအုပ်တွေကလွဲလို့ တခြားစာအုပ်တွေ မဖတ်တတ်တော့သလိုဘဲ။ မမကို ညီမလေးခွင့်ပြုရင် ဇာတ်လမ်းတစ်ပုဒ်အကြောင်း အကြမ်းလေးရေးပေးချင်တယ်။ အချစ်အကြောင်းတော့မဟုတ်ပါဘူး။ မိသားစုနဲ့မနေရတဲ့ အဖေ၊ အမေနဲ့ မနေရတဲ့ သားသမီးတွေရဲ့ ခံစားချက်ကို ပို့ချင်ပါတယ်။ အစ်မခွင့်ပြုမှပါ။

မဆုမြတ်အောင်မြင်ပါစေ။

အားပေးလျက်

ဆုပြည့်မွန်(အမျိုးသမီးဆောင်)
အိုးဘိုရွာ၊ သံလမ်းအရှေ့ဘက်၊
[illegible]

၏

## အမှတ်တရအစီအစဉ်

ဆုမြတ်မွန်မွန်

"မမဆု သန္တာ မမဆုဆီကို စာမရေးပေမဲ့ မမဆုရေးတဲ့ စာအုပ်တွေကို အကုန်ဖတ်ဖြစ်တယ်။ မမဆုရဲ့ဖုန်းနံပါတ်ကို သန္တာကိုပေးပါ။ မမဆုရဲ့(၁၀)အုပ်မြောက်စာအုပ်က အလွန်ကောင်းတာပဲ။ မမဆု သန္တာကိုခင်မင်တယ်ဆိုရင် စာလွှာလေးရယ်၊ ဖုန်းနံပါတ်ရယ်ပြန်ပေးပါ။

စာပေအနုပညာမှာ

အောင်မြင်ပါစေ ..."။

သန္တာ
ဧ(၁၈)၊ (င)လမ်း၊

## စေတနာ... ၏

www.burmeseclassic.com

## အမှတ်တရအစီအစဉ်

ဆုမြတ်ရေ

ကိုယ် ဆုမြတ်ရဲ့စာကိုရတယ်။ ကိုယ့်လိုမြို့ငယ်လေးက ဆုမြတ်ရဲ့ပရိသတ်တစ်ယောက်ကို အမှတ်ရစွာနဲ့ စာပြန်ရေးဖော်ရတဲ့အတွက် အရမ်းကိုဝမ်းသာကြည်နူးပီတိဖြစ်မိကြောင်းနဲ့ ကျေးဇူးတင်ရှိကြောင်း ကိုယ်ဆိုပါရစေ။ ဆုမြတ် 'သစ်ရွက်စိမ်းလေးရဲ့နွေဦးဒဏ္ဍာရီ' ဆိုတဲ့ စာအုပ်မှာ စကားလုံးတစ်ခုကို အရမ်းသဘောကျတယ်။ ရှာဖွေရတဲ့အချစ်ထက် မရှာဖွေဘဲရတဲ့ အချစ်ဆိုတဲ့ စကားလုံးလေ။ တကယ်ပါ။ အရမ်းအရမ်းကို သဘောကျတယ်။ ဒါနဲ့ ဆုမြတ်က စာစ,ရေးတော့ လုံးချင်းဝတ္ထုကနေ စ,ရေးတာလား။ လုံးချင်းဝတ္ထုစ,ရေးတာဆိုရင် ဘယ်လိုစာရေးဖြစ်သွားတာလဲ။ ကိုယ် ဒီလိုမြို့ငယ်လေးမှာ နေခဲ့ရတဲ့ဘဝမှာ နိုင်ငံကျော်စာရေးဆရာမဆုမြတ်မွန်မွန်နဲ့ ခင်မင်ခဲ့ဖူးတယ်ဆိုတာကို မှတ်မှတ်ရရရှိချင်လို့ပါ။ ရှေ့လျှောက် ဆုမြတ်ဘဝမှာ ဒီ့ထက်မက အောင်မြင်မှုတွေနဲ့ ထာဝရပျော်ရွှင်ချမ်းမြေ့နိုင်ပါစေလို့ ဆုမွန်ချွေလျက်။

ဆုမြတ်ရဲ့စာအုပ်တွေကို မျှော်နေမဲ့

ဆုမြတ်ရဲ့ထာဝရပရိသတ်

ပိုင်မွေး

ဆော့မြို့၊

## ... ၏

## အမှတ်တရအစီအစဉ်

မကြီး ဆုမြတ်မွန်မွန်

မကြီးကိုခင်ချင်လို့စာရေးလိုက်ပါတယ်။ မကြီးရဲ့စာအုပ်တွေက အရမ်းကောင်းတယ်။ တယ်သူနဲ့မှမတူတဲ့ ဓာတ်အိမ်လေးတွေဖန်တီးရေးထားတယ်။ ကျွန်တော်က ဟာသဝတ္ထုတွေဖတ်တယ်။ အခုတော့ မကြီးရဲ့စာအုပ်တွေပဲဖတ်တော့တယ်။ အရမ်းကောင်းလို့လေ။ အားနာလို့ပြောတာ မဟုတ်ဘူးနော်။ တကယ်ကိုကောင်းတာ။ ကျွန်တော့်ရဲ့ Cazy List ထဲထည့်တဲ့ အပြင် အရမ်းကောင်းတဲ့ 'ရင်ခုန်ချစ်ခြင်းနှင့်အတ္တနန်းတော်' 'အနမ်းဆက်တိုင်း' 'အသက်သွင်းလိပ်ပြာလေးရဲ့ရာဇဝင်' စာအုပ်တွေကို အပိုင်ဝယ်ဖတ်တယ်။ မမက အရမ်းလှတယ်။ ဘာလို့မင်းသမီးမလုပ်တာလဲ ... ။ မမရဲ့ပုံလေးကိုလိုချင်တယ်။ ကျွန်တော့်ကို မကြီးရဲ့ Cazy ပရိသတ်တစ်ဦးလို့ အသိအမှတ်ပြုရင် စာပြန်ပါနော်။

နောင်ဘဝများထိအောင်မြင်မှုသရဖူဆောင်းနိုင်ပါစေ။

ဇော်မင်းထွဋ် (UCH)

1st Year

ကျန်းမာရေးတက္ကသိုလ်၊

www.burmeseclassic.com

www.burmeseclassic.com

စေတနာစာပေ
၏

## အမှတ်တရအစီအစဉ်

ဆရာမဆုမြတ်ခွန်မွန်

ခဆုမြတ် အခုပဲ သမီး မ,စာအုပ်ကို ဖတ်လို့ပြီးတာပါ။ 'လသုံးစင်းနှင့်ကခုန်ခြင်း'လေ။ သမီးအရမ်းကြိုက်တယ်။ ပထမဆုံးပဲ၊ မ,ရဲ့စာအုပ်တွေ မလွတ်တမ်းဖတ်ဖို့ ဆုံးဖြတ်လိုက်ပြီ။ မ,ရယ် ... ။ အရမ်းကောင်းတယ်။ တကယ်ပါ။ ဝတ္ထုမဖတ်ခင် ညွှန်းစာတွေအရမ်းဖတ်ရတယ်။ သိပ်မယုံဘူး။ ညွှန်းလွန်တယ်ပေါ့။ စာအုပ်ဆုံးမှ လက်ဖျားခါသွားတယ်။ ဖတ်ရင်းနဲ့ လက်ကမချချင်အောင်ဘဲ သမီးက အဲလိုမျိုးတွေ သဘောကျတယ်။ စကားလုံးတွေ စိတ်ဓာတ်တွေ ခံယူချက်တွေ သမီးစာအုပ်လေးနဲ့ သမီးအမြဲအားပေးနေမှာပါ။ ဒီလိုမိတ်ဆက် စာရေးတာ မ,က ပထမဦးဆုံးပဲ။ အမှားပါရင်ခွင့်လွှတ်ပါနော်။ မ,ကိုအရမ်းလေးစားလွန်းလို့ပါ။ မ,အဲသိအမှတ်ပြုကြောင်း စာလွှာလေးပြန်ပေးပါနော်။ သမီးချစ်တဲ့ မ,ရဲ့ဓာတ်ပုံလေးနဲ့အတူပေါ့။

ကျေးဇူးအရမ်းတင်ပါတယ်။

သမီး

ယွန်းသန့်လင်းမွန်
ဒုတိယနှစ် (IT)
နည်းပညာတက္ကသိုလ်၊

စေတနာစာပေ
၏

## အမှတ်တရအစီအစဉ်

Angel ရေ

နတ်သမီးလေးနဲ့တူလို့ Angelလို့ပဲခေါ်မယ်နော်။ Angel ဝတ္ထု(၁၂)အုပ်လုံး ကိုယ်ဖတ်ပြီးသွားပြီ။ အကြိုက်ဆုံးကတော့ 'အချစ်ဦးနှင့်လွဲပြီးသည့်နောက်(ဖူးစာ)' ကျန်တဲ့ဝတ္ထုတွေလည်း ကောင်းပါတယ်။ ဓာတ်သိမ်းမှာ တသသဲဖြစ်ကျန်ရစ်မဲ့ပုံစံမျိုးဆို ပိုကောင်းမယ်ထင်တယ်။ ဒါက ကိုယ့်ယူဆချက်ပါ။ အများအားဖြင့်တော့ ဓာတ်သိမ်းညားတာကို ပိုကြိုက်ကြတယ် ... ။ ကိုယ်ကတော့ ဓာတ်သိမ်းမှာလွမ်းရတဲ့ခံစားချက်ကို ပိုကြိုက်တယ် ... ။ ပရိသတ်တစ်ယောက်အနေနဲ့ အကြံပြုကြည့်တာပါ။

'Angel' ဒီထက်မက ဖန်တီးနိုင်ပါစေ။က

သီရိနွယ်
1st Year (Honours Cgemistry)
Yadanabon University

www.burmeseclassic.com

www.burmeseclassic.com

စေတနာစာပေ ၏

## အမှတ်တရအစီအစဉ်

မဆုမြတ်မွန်မွန်

မမွန်လို့ ရင်းနှီးမှုနဲ့ခေါ်မယ်နော်။ ဒါ ညီမလေးရဲ့ ပထမဦးဆုံးမိတ်ဆက်စာရေးခြင်းပါ။ အမှားပါရင်ခွင့်လွှတ်ပေးပါ။ မမွန်က စာရေးဆရာမအသစ်ဆိုပေမဲ့ မမွန်ရဲ့ဇာတ်လမ်းတွေက အရမ်းဖတ်လို့ကောင်းတယ်။ မမွန်ကိုခင်မင်ခွင့်ရမလား။ မမက အရမ်းချစ်ဖို့ကောင်းတယ်။ ညီမက ပုသိမ်ကပါ။ မမွန်ရဲ့ဓာတ်ပုံနဲ့ ကဗျာလေးတစ်ပုဒ်လောက်လိုချင်တယ်။ ညီမကို ခင်တယ်ဆိုရင် စာပြန်ပေးပါနော်။ အမှားပါရင်ခွင့်လွှတ်ပါ။ အောင်မြင်ကျော်ကြားတဲ့ စာရေးဆရာမဖြစ်ပါစေ။

အောင်မြင်ကျော်ကြားတဲ့ စာရေးဆရာမဖြစ်ပါစေ ...။

ဆုတောင်းလျက် ...

မမွန်ရဲ့ပရိသတ်

ချိုချိုမော်
အမှတ်(၄)ကွမ်းခြံလမ်း၊
မကြီး

...၏

## အမှတ်တရအစီအစဉ်

ဆုမြတ်မွန်မွန်

မမြတ်လို့ပဲခေါ်ပါရစေနော်။ ငယ်က စာရေးဆရာမတော်တော်များများရဲ့စာအုပ်တွေကို ဖတ်ဖြစ်ပါတယ်။ စာအုပ်သွားငှားရင်းနဲ့ စာရေးဆရာမဆုမြတ်မွန်မွန် အသစ်ထွက်လို့ ဖတ်ကြည့်ပါလားလို့ပြောတာနဲ့ ဖတ်ကြည့်တာ။ စိတ်ဝင်စားဖို့ကောင်းတယ်။ မမြတ်တစ်ယောက် ဒီထက်မကအောင်မြင်မှုတွေ ပိုင်ဆိုင်နိုင်ပါစေလို့ ငယ် ဆုတောင်းပေးလျက်ပါ။

နှင်းငယ်(ခ)နှင်းဝေဝေလွင်
ပရိက္ခရာရပ်ကွက်၊ ဆင်ဖြူကျွန်းမြို့၊
စလင်းမြို့နယ်၊ မကွေးတိုင်း။

www.burmeseclassic.com

## အမှတ်တရအစီအစဉ်

မဆုမြတ်

သမီးစာရေးလိုက်ပါတယ်။ သမီးလေး မမရဲ့စာအုပ်တွေကိုဖတ်ရတာ အရမ်းစိတ်ချမ်းသာတာပဲသိလား။ သမီးက မမရဲ့ 'နူးညံ့ခြင်းပြိုင်ပွဲ' ဆိုတာကို အရမ်းကြိုက်တယ်။ တက္ကသိုလ်က ပျော်စရာဇာတ်လမ်းတွေကိုလည်း ရေးပေးပါဦးနော်။ အရမ်းကိုအောင်မြင်တဲ့စာရေးဆရာမဖြစ်ပါစေလို့ ဆုတောင်းပေးလိုက်ပါတယ်။

သဲသဲ
အမှတ်(၂)ရပ်ကွက်၊ လမ်းလေး(ဂ)၊
မောင်ကိုနှင့်ညီများသံဂဟော၊

### ပြည်ထောင်စုအရေးသုံးပါး

| | |
|---|---|
| ပြည်ထောင်စု မပြိုကွဲရေး | ဒို့အရေး |
| တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး | ဒို့အရေး |
| အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး | ဒို့အရေး |

### ပြည်သူ့သဘောထား

* ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
* ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

### နိုင်ငံရေး ဦးတည်ချက် (၄) ရပ်

* နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေ စိုးမိုးရေး
* အမျိုးသား ပြန်လည် စည်းလုံးညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီ ဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

### စီးပွားရေးဦးတည်ချက် (၄) ရပ်

* စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေး တစ်ရပ်လုံးကို ဖန်တီးနိုင်မှု စွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင် ရှိရေး

### လူမှုရေး ဦးတည်ချက် (၄) ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
* အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်း စောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

www.burmeseclassic.com

www.burmeseclassic.com










စိစဉ်သူ

မောင်ကျော်လှိုင်

စေတနာစာပေ

www.burmeseclassic.com

www.burmeseclassic.com

# ဆုမြတ်မွန်မွန်

ရေးသားထုတ်ဝေပြီးသောစာအုပ်စာရင်း


၁။ ဈေးကန်နက်ဝန်းရဲ့မေတ္တာတံချူ

၂။ ရင်ခုန်ချစ်ခြင်းနှင့်အတွန်းတော်

၃။ လသုံးစင်းနှင့်ကခုန်ခြင်း

၄။ ကြွင်းကျန်ရစ်သောသစ္စာ

၅။ အနမ်းဆက်တိုင်း

၆။ အသက်သွင်းလိပ်ပြာလေးရဲ့ရာဇဝင်

၇။ နူးညံ့ခြင်းပြိုင်ပွဲ

၈။ မှော်ကဗျာရွှေရုပ်

၉။ အညှိုးမြစ်

၁၀။ အချစ်ဦးနှင့်လွဲပြီးသည့်နောက် ... (ဖူးစာ)

၁၁။ အချစ်သို့တစ်ချက်ငဲ့ကြည့်စဉ်

၁၂။ သစ်ရွက်စိမ်းလေးရဲ့ နွေဦးဒဏ္ဍာရီ

၁၃။ ကြယ်ကလေးရဲ့နှင်တံ

၁၄။ ရင်ခွင်ဆီသို့လှေကားထစ်များ

၁၅။ နှလုံးသားတစ်ခုအရင်းပြု၍

၁၆။ ချစ်ခြင်း၏ဟန်ဆောင်ခြင်းအတတ်ပညာ




ကျွန်တော့်ဘဝတွင် နေ့စဉ်နေ့တိုင်း အမုန်းစာရင်း (၇)ခုနှင့် ရှင်သန်နေထိုင်ရပါသည်ဆိုလျှင် ဘယ်သူက ယုံမည်နည်း။

မယုံမရှိကြပါနှင့်။ အဲဒါက အမှန်ပဲဖြစ်ပါသည်။ ဒီအရာများကို ဘာကြောင့် မုန်းသည်ဟု မပြောပြမီ အဲဒီအမုန်းစာရင်းကို ဦးစွာပြောပြချင်သေးသည်။

www.burmeseclassic.com



အဲဒီအရာများမှာ ...

(၁) "ဒေါနအေး"ဟူသော သူကြီးသားနာမည်လိုလို၊ နလုံးအေး တိုးဆေးနာမည်လိုလို ဖြစ်နေသော ကျွန်ဟော်၏နာမည်။

(၂) ထိုနာမည်ကိုမှ အလွန်မုန်းစရာကောင်းလောက်အောင် "ဖိုးအေး"ဟု ဖြတ်တောက်ခေါ်သော ကျွန်တော့်အဘွား၏ အသံဝါဝါကြီး။

(၃) မရိုးနိုင်အောင် စားရသော Breakfast ပဲပြုတ် ထမင်းကြော်။

(၄) အင်မတန်မုန်းရသည့် အဘွားအကြိုက် ချက်ပေးထားသော ဖြူရော်ရော် ပေါ့ရွတ်ရွတ်ဟင်းများ (ဥပမာ ... ငါးအဖြူ ထည်ချက်၊ အမုန်းဆုံး ဖေးဗရိတ်)။

(၅) ထိုဟင်းများကို ချက်ပြုတ်သော ကမ္ဘာအညံ့ဆုံး အချက် အပြုတ်ပညာရှင် (ကျွန်တော်က ချီးမြှင့်ထားခြင်း ဖြစ်ပါသည်) ဒေါ်နက်ကျုတ်။

(၆) နေရာတကာမှာ ဗျစ်စိ ဗျစ်စိ လိုက်ပြောလွန်းသဖြင့် ဒေါ်ဗျစ်စိဟု တိတ်တခိုး နာမည်ပေးထားသော အဒေါ် အပျိုကြီး အန်တီယမုံ။





(၇) နိုင်းစရာရှိလျှင် လက်သွက်သလောက် မုန့်ဖိုးပေးစရာရှိလျှင် အလွန်မေ့ချင်ဟန်ဆောင်တတ်သော အဘွား ဒေါ်ခင် ခင်ကျော့။

တို့ပဲ ဖြစ်ပါသည်။ သူတို့တစ်တွေဟာ ကျွန်တော့်ကို တစ်နေ့တစ်မျိုး မရိုးရအောင် နှိပ်စက်နေကြသူများပဲ ဖြစ်သည်။

အဲဒီ အမုန်းစာရင်း(၇)ခုကြောင့်လည်း ကျွန်တော့်မှာ အတော့်ကို အီစိမ့်နေပြီ ဖြစ်သော်လည်း လွတ်မြောက်ရာလမ်းကို ရှာမတွေ့နိုင်သေးချေ။

ကျွန်တော်ရဲ့ ညံ့ဖျင်းမှုကြောင့်လည်း ဖြစ်နိုင်ပါသည်။ မည်သို့ပင်ဖြစ်စေ ကျွန်တော်သည် တစ်နေ့ တစ်နေ့ အလွန်ပျင်းစရာကောင်းသော အမုန်းစာရင်း(၇)ခုကို ကျွန်တော့်သူငယ်ချင်းတွေသာ မရှိလျှင် ဘယ်လိုရင်ဆိုင်ရမလဲဆိုတာ စဉ်းတောင်မစဉ်းစားတတ်ချေ။

❤ ✧ ❤



www.burmeseclassic.com

www.burmeseclassic.com



"ဖိုးအေး … ဖိုးအေးရေ … ဖိုးအေး …"

သူသည် ထိုအောင်မြင်သော အသံဝါကြီးကို ကြားလျှင် ခေါင်းကိုက်သွားရလေသည်။ သူ့နားထဲတွင်တော့ ခေါ်သံဟာ ဖိုးအေးဟု မကြားတော့ပါ။ အဘွားကအမြန်ရေခါသဖြင့် ဖေးဟူသော အသံကြီးကိုသာကြားတော့၏။ ဖေး ဆိုတာလည်း ဖိုးအေး ပါပဲ။





ဘောပတ်ဝန်းကျင်ကများ ကြားလျှင် အဘွားဟာ အိမ်ကခိုင်းသည့် ကောင်လေးကို အော်ခေါ်နေတယ်ဟုသာ ထင်ကြမှာမလွဲ။ သူက ကိုယ့်ကိုယ်ကိုယ်မို့ ပြောတာ မဟုတ်ချေ။ အသက်နှစ်ဆယ်အရွယ် ကမ္ဘာ့ရွာကြီး၏ ရွာသားတစ်ယောက်ဖြစ်သော သူဟာ ထောင်တာကထောင်၊ လန်တာကလန်၊ ထောင်လန်တာ အဲလေ … အော်တာကော အပုံစားဆံပင်ပုံနှင့် နားမှာ စိန်နားကပ်ဝတ်ထားသော အပြတ်ဟော့ရှော့နေတတ်သူတစ်ဦးဖြစ်သည်။

ဒီလို မြေးချောချောလေးကို ဖိုးအေးဟု ရုပ်ဆိုးပန်းဆိုး ခေါ်ဝေါ်ပစ်တာတော့ သူ တကယ်ပဲ မခံချင်လှပေ။ အမှန်တော့ ဆါနအေး ဟူသော မြန်မာ့ဆေးနာမည် ပေးထားခဲ့တာကိုက စလွဲနေခဲ့တာ ဖြစ်သည်။

"ခေါ်လိုက်ရတာ ဖိုးအေးရယ်၊ အမလေး … နင့်ခေါ်ရတာ မောလိုက်တာ၊ နှလုံးတုန်လိုက်တာ၊ ရေပေးစမ်းပါဦးဟဲ့"

သူက ရှုံ့ရှုံ့မဲ့မဲ့နှင့် အနားက ရေခဲသေတ္တာလေးထဲမှ ရေတစ်ဘူး ထုတ်ယူကာ အဘွားကို ရေထည့်တိုက် ဆလိုသ



www.burmeseclassic.com

www.burmeseclassic.com



ဘော်မှုရသေးသည်။ အဘွားဟာ အဲဒီလိုပင် ခိုင်းစရာတစ်ခုခု ရှိလို့ ခေါ်တာဖြစ်သော်လည်း အဲဒီ အော်ရီဂျင်နယ်ခိုင်းစရာ မလာခင် ကြားဖြတ်ခိုင်းစရာ တစ်ခုလောက်ကတော့ ပေါ်လာတတ် စမြဲဖြစ်သည်။

ကံမကောင်းလျှင် ကြားဖြတ်ခိုင်းစရာများမှာ တစ်ခု မကတတ်ချေ။

"အဘွား ဘာခိုင်းစရာရှိလို့လဲ"

"ခဏနေ ငါ အပြင်သွားမလို့၊ အဲဒါ နင် အဆင်သင့် လုပ်ထား"

"အာ ... သား မအားဘူး အဘွား"

"ဟဲ့ ... မအားလို့ မရဘူး၊ နင်က ဘာအလုပ်များ ရှိနေလို့လဲ၊ သူကများ မအားဘူး ရှိရသေးတယ်"

"ဟာ ... ရှိတာပေါ့၊ သားလည်း ခဏနေ အပြင်သွားတော့ မှာ၊ ဒါကြောင့် အဘွားကို ပြောတာပေါ့၊ ဒရိုင်ဘာငှား ထားပါ ဆိုတော့လည်း ကပ်စေးနှဲနေတယ်"





"အမလေး ... ကပ်စေးမနှဲဘူး၊ မယုံလို့ဟော့ သိရဲ့လား၊ ငါလို အဘွားကြီးကို သူတို့က တစ်ချက်တွန်းပဲရှိတယ်၊ ရှာဖစ်တောင် ငယ်ငယ်လေးတည်းက ခေါ်ထားတာမို့"

သူက မဲ့ရွဲ့ကာ နှာခေါင်းရှုံ့ပြရုံမှအပ ဘာမှပြန်မ ပြောနိုင်ချေ။ အဘွားဟာ ဘယ်သူ့ကိုမှ မယုံသော အဲဒီစိတ္တဇ ကြီးကလည်း ရှိသေးသည်။ သူ့ကိုယ်သူ စိန်တွေပွတ်သီးနေ အောင် ဆင်ယင်လျက် အဲဒါတွေကို ခဏနေ ခားပြလာတိုက် အနှကြမ်းစီးခံရတော့မလို ဖြစ်နေသော ဖိလင်ကလည်း ရှိသေး သည်။

ဒါပေမဲ့ မဝတ်ဘဲနဲ့လည်း မနေနိုင်။ အဲဒါတွေမှ ဝတ်မထားလျှင် သူ့ကို လူ့အသိုင်းဝိုင်းကြီးမှ ဖယ်ကျဉ်ထားခံရ တော့မလို စိတ္တဇကလည်း ရှိနေပြန်သေးရာ သူဟာ အဘွားရဲ့ ကိုယ်လုံးပေါ် စိန်အရောင်းပြခန်းကို တားမြစ်မနေတော့။

"ကဲ ... ကားကို စစ်ဆေးစရာရှိတာ စစ်ဆေးထား အသင့်ပြင်"



www.burmeseclassic.com

www.burmeseclassic.com



"ရယ်ဒီပဲဗျာ၊ ထွက်လာခဲ့တော့"

"ဟင်း ... နင်ကလေ ငါ့ကိုဆို စေတနာကို မရှိတာ"

"အဘွားကဗျာ၊ မသောက်ဘဲနဲ့ လာရစ်နေတယ်၊ ပြီးတော့ ကျွန်တော့်ကိုလည်း ဖိုးအေးလို့ မခေါ်စမ်းပါနဲ့"

သူက မရိုးနိုင်သော ဓာတ်ပြားဟောင်းတစ်ချပ်ကို ဖွင့်ကာ တောင်းဆိုမိပြန်လျှင် အဘွားက ကြားနေကျပြက်လုံးကို မရိုးဟန်ဖြင့် ဟက်ဟက်ပက်ပက် ရယ်မောကာ ...

"ဟဲ့ ... မြေးလေးရဲ့၊ နင့်ကို ငါက အဲဒီနာမည်ကို အငယ် လေးတည်းက ခေါ်လာတာဟဲ့၊ မင်း နိတာရဲဘဝတည်းက ဖိုးအေးလို့ ခေါ်လာတာ၊ ဘယ်လိုလုပ် ပြောင်းလို့ရတော့ မလဲကွယ် ...

ဖိုးအေး ဆိုတဲ့ အမည်လေးက လှပါတယ်ကွယ်၊ ဘယ်လောက် ငြိမ်းချမ်းသလဲ၊ နာမည်ကြားတာတင် ငါ့ မြေးလေး ရိုးသားမှန်း သိနေတဲ့ နာမည်လေးပါ"

"အင်းပါ အဘွားရာ၊ အင်းပါ ... သွားရအောင်ပါ"





"အေးပါ၊ အဘွားဝတ်ထားတာ အဆင်ပြေ အိုကေလား ကြည့်ပေးပါဦး"

"အိုကေတယ် ... အိုကေ၊ ထက်ထက်မိုးဦး စိန်ဆိုင်ကြော်ငြာ တာတောင် အဘွားလောက် မလှဘူး"

"အေး ... ငါ့မြေး ဖိုးအေး တော်လာပြီဟဲ့"

အဘွားက သဘောတကျနှင့် အူမြူးသွားလျှင် သူက အဘွားမသိအောင် အသာကျိတ်ရယ်မိလေသည်။ အဘွား နှင့် အန်တီယမုံတို့ သားအမိသည် အလှကြိုက်သည့် နေရာမှာတော့ အတော်တူကြတဲ့သူတွေဖြစ်၏။

သူ့ကို ခိုင်းသောနေရာမှာလည်း အင်မတန်ပဲ တူ ကြပါသည်။

❤ ✧ ❤



www.burmeseclassic.com

www.burmeseclassic.com



အန်တီယမုံကတော့ သူ့ကို ဖိုးအေး ဟုတော့ မခေါ်ပေ။ ဒေါန ဟုသာ ခေါ်ပါသည်။ သို့သော် သူဟာ အန်တီယမုံ အနားသို့ ယောင်လို့တောင် မကပ်ဝံ့ချေ။ သူမသည် ကိုယ့်အဒေါ်မို့ ကိုယ်ပြောရခြင်း မဟုတ်ပါ။ အလှအလွန်ကြိုက်လျက် အလွန်လည်း ရည်းစားလိုချင်နေသော အဒေါ်အပျိုကြီး ဖြစ်သည်။





အဲဒီအတွက် အလှပြင်တာက အရေးမကြီး။ အလှပြင်တိုင်း သူ့ကိုခေါ်၍ အကြံဉာဏ်တောင်းတာကတစ်ဖုံ၊ ဟိုဟာ လုပ်မိုင်း ဒါလုပ်ခိုင်း ပါးစပ်ကလည်း ဖျစ်စိ ဖျစ်စိ ခိုင်းတတ်တာကတစ်မျိုးကြောင့် သူဟာ ဝေးဝေးက ရှောင်ရခြင်းဖြစ်သည်။

အခုလည်း အဘွားကို အပြင်လိုက်ပို့ပေးအပြီး ပြန်ရောက်ကာစရှိသေး အန်တီယမုံရဲ့အသံက စထွက်ပေါ်၍ လာချေပြီ။

"ဟယ် ... ဒေါန၊ လာစမ်းပါဦးဟယ်၊ ဒီမှာ ငါ အပြင်သွားမလို့ ငါ့ဆံပင်လေးကို စက်နည်းနည်း ဆွဲပေးစမ်းပါ"

"အန်တီကလည်းဗျာ၊ ဒီမှာ အခုမှ အပြင်က ပြန်လာတာ မောလွန်းလို့ အပနားကို ဆွဲခိုင်း"

အပနား ဆိုသည်မှာ ခြံစောင့် ရှာဖစ်၏ ဇနီးချော လှလားမလေး ဖြစ်သည်။ သူက ဒီအိမ်မှာ စားဖိုမှူးဒေါ်နက်ကျူတ်၏ လက်ထောက်စားဖိုမှူးဖြစ်ကာ ဒေါ်နက်ကျူတ်၏ အသင်အပြ ကောင်းမှုကြောင့် ပါပလာတောင် ကောင်းကောင်းမကြော်တတ် သောသူ ဖြစ်သွားလေသည်။



www.burmeseclassic.com

www.burmeseclassic.com



သို့သော် သူမ၏ ကောင်းမှုကြောင့်တော့ ဒေါ်နတ် တွက်မှာ ဟသ်ာတထွန်းရင်၏ သီချင်းတွေကို မေ့ကုန်လျ ဘားရာခဒစ္စကိုဒန်ဆားတွေ ဘာတွေ ခပ်တိုးတိုး ဟစ်တတ်လာ တာကို သူ နားစွန်နားဖျား ကြားဖူးလေသည်။

"အပနားက ငါ့ဖိနပ် သုတ်ခိုင်းထားလို့ မအားဘူး —
လာစမ်းပါဟယ်၊ နင်ကလည်း၊ တူလေးတစ်ယော
ရှိတာ ဘာမှအားမကိုးရဘူး"

"အန်တီကရော အားကိုးရလို့လား၊ ဟန်းဒ်ဖုန်းလေး တစ်လုံး လောက်ဝယ်ခိုင်းတဲ့ဟာကို ခြူသံပါအောင် ညည်းပြနေတာ"

"ငါ့မှာ အဲဒီလောက် အပိုမရှိလို့ပါဟယ်၊ နင့်အဖေအမေ က ဟိုမှာ ထောနေတာပဲ၊ ဝယ်ခိုင်းပေါ့"

"ကျွန်တော်က အန်တီ ဝယ်ပေးတာမှ လိုချင်တာ"

အမှန်တော့ စင်ကာပူမှာ ရှိနေသော သူ့ရဲ့မိဘနှ ပါးဟာ သူ့ကို အလုပ်တစ်ခုခု လုပ်စေချင်ကြသည်။ သူက ဒီ အချိန်မှာ အလုပ် လုပ်ဖို့ ပျင်းနေသေးသဖြင့် ဟိုအကြောင်း ဒီအကြောင်းပြကာ မလုပ်သေး။ အလုပ်မလုပ်သည့်အတွက် သူ့





ကို ဘယ်သူကမှ ဟန်းဒ်ဖုန်း မဝယ်ပေးကြခြင်း ဖြစ်ပါသည်။ သူကလည်း ဒီဖုန်းလေးတစ်လုံးများဟု ဆိုကာ ရှဲ့၍မလုပ်၊ ဟိုကလည်း အလုပ်မရှိ အကိုင်မရှိဘဲ လတ်လျား လတ်လျား ဖုန်းပြောနေမှာဆိုကာ ဝယ်မပေး။

ဒီလိုနှင့် သူဟာ အန်တီယမ့်ရဲ့ ဖုန်းကိုသာ မနာလို ဖြစ်နေရသူ ဖြစ်၏။

"ကဲ ... အချိန်က နီးနေပြီ၊ လာပါ ... ဒီမှာ ပလပ်ထိုးပြီး ပြီ၊ ဖြောင့်စက်တောင် ပူနေပြီ၊ လာဆွဲလှည့်၊ ဩော် ... လိုးရှင်းလူးဦး၊ အပူခံဆေးလေ၊ နို့မို့ဆို ငါ့ဆံပင်တွေပျက် စီးကုန်ဦးမယ်"

"ကျွတ် ... ဒုက္ခပါပဲဗျာ၊ ဒီမှာလည်း အလကားနေရင်း မာမီ ဖြစ်နေပြီ၊ ဟင်း ... ဒီ မီးပူတိုက်ဆံပင်စတိုင်က ခေတ်မရှိတော့ပါဘူးဗျာ ...

အန်တီယမ့် အသက်ရွယ်နဲ့လည်း မလိုက်တော့ပါ ဘူး၊ ဝေ့ဗ်ကြီးကြီးနဲ့ ကောက်သင့်တယ်၊ အရောင်ခပ်ပါးပါး ထည့်၊ ဆံပင်အကောက်က အနက်ရောင်နဲ့ မလိုက်ဘူး"



www.burmeseclassic.com

www.burmeseclassic.com



သူက မလုပ်ပေးချင်သဖြင့် မဂ္ဂဇင်းတွေထဲက ကြား ဖူးနားဝ လျှောက်၍ဖတ်ဖူးတာတွေ ပြောလိုက်လျှင် အန်တီယမုံ မျက်လုံးတွေက တဖိတ်ဖိတ် လက်တောက်ပလာလေသည်။

ပြီးလျှင် လက်ဖျစ်တစ်ချက်ပင် တီးလိုက်သေးကာ_

"(ဖြောက်) ကြည့်စမ်း၊ နှင် သိပ်တော်ပါလား ဒေါ်နှ ဟင် ... နှင် ဒါတွေကို ဘယ်လိုလုပ် သိနေတာလဲ _

အရမ်း ... အရမ်းကို လန်းတဲ့ အိုက်ဒီယာတွေပါ လား၊ ဟုတ်ပြီ ... ဒီနေ့ကစပြီး နှင့်ကို ငါ့ရဲ့ Beauty Adviser (အလှအပရေးရာ အကြံပေးသူ)အဖြစ် ခန့်ရမယ်"

"နိုး ... နိုး ... အလကားပဲတင်း Adviser တော့ မလုပ် နိုင်ဘူးဗျို့၊ ဆောရီး ... စိတ်မကောင်းပါဘူး"

"ဟင် ... နှင်ကလည်းဟယ်၊ အဲဒီလိုတော့ မလုပ်ပါနဲ့ တူဝရီးအချင်းချင်းပဲ ညှိကြတာပေါ့နော်"

သူက အလှအပနှင့် ပတ်သက်လာလျှင် သနားစရာ ကောင်းလောက်အောင် အရူးအမူး အသည်းအသန်ဖြစ်နေသော အန်တီယမုံကို မညှဉ်းဆဲချင်သော်လည်း သူမ သုံးစွဲနေသည့်





ဗြူတီပါလာစရိုက်တွေကို အမြင်ကတ်သမို့ ညှဉ်းဆဲဖို့ ဆုံးဖြတ် လိုက်လေသည်။

အန်တီယမုံသည် သူ့ကို မုန့်ဖိုးပေးရမည်ဆိုလျှင် လွန်စွာကပ်စေးနှဲသော်လည်း အလှပြင်ဖို့ သုံးစွဲရမည်ဆိုလျှင် လုံးဝအနမြောမရှိတတ်ပေ။

တစ်လ တစ်လ သုံးစွဲသော အဝတ်အစားဖိုးနှင့် အလှပြင်စရိတ်မှာ သိန်းချီ၍နေသည်။

သို့သော် ... ကိုယ့်အခေါ်မို့ ကိုယ်ပြောခြင်း မဟုတ် ပါ။ ပြာသာပြာ၍ ဖွဲမထွက် ဆိုတာမျိုးထဲက ဖြစ်လေသည်။

"လုပ်ပါဟယ်၊ နှင်တို့ ယောကျ်ားလေးတွေက အလှအပ ကို ပိုမြင်တတ်ကြတာပဲ။ ဖက်ရှင်ဒီဇိုင်နာပါ လုပ်ပေးပါ နော်"

"တော်ပါဗျာ၊ မာမီဓာတ်ထဲ လာသွင်းနေပြန်ပါပြီ"

"ဟယ် ... နှင်ကလည်း၊ ယောကျ်ားစစ်စစ်ကနေ ဒီဇိုင်နာ အဖြစ် ကမ္ဘာမှာရော မြန်မာမှာပါ အောင်မြင်နေတာတွေ အများကြီးပါဟဲ့၊ ဟောလီးဝုဒ်မင်းသမီးတွေရဲ့ လက်စွဲ



www.burmeseclassic.com

www.burmeseclassic.com



ဒီဇိုင်နာ ဂျော်ဂျီယိုအမားနီတို့၊ ဗားဆက်တို့ ဆိုရင်လည်း ယောကျ်ားစစ်စစ်တွေပါ ...

မြန်မာပြည်က ဒေါ်လာမြင့်အောင်တို့၊ ပြည်စိုးအောင်တို့ ဆိုရင်လည်း ယောကျ်ားအစစ်တွေပါဟယ်၊ ဘယ်လောက်ဖက်ရှင်မှာတော်လဲ ...

လုပ်ပါ၊ နင်လည်း အဲဒီလိုဖြစ်အောင် လုပ်ပါဟယ်"

"မလုပ်ချင်ပါဘူး"

"ဒါဆိုလည်း ငါ့ရဲ့ Beauty Adviser တော့ လုပ်ပါဟယ်၊ နင်က စာလည်းဖတ်တယ်၊ အင်တာနက်လည်း ကြည့်တယ်ဆိုတော့ ဗဟုသုတကလည်း ရှိတယ်၊ ငါနဲ့ တစ်အိမ်တည်းလည်းနေတော့ ငါ့ဖက်ရှင်ကိုလည်း အမြဲဆန်းစစ်ပေးနေလို့ရတယ်၊ နော် ...။ နင့်ကို ငါ မုန့်ဖိုးပေးပါ့မယ်"

"မုန့်ဖိုး ပဲဖိုးနဲ့တော့ အလုပ်မလုပ်ဘူးဗျာ"

"ဒါဆိုလည်း ဘယ်လိုပေးရမှာလဲဟယ်၊ လခနဲ့ ပေးရမှာလား"

"အင်း ... အဲဒါ ကောင်းတယ်"





"ဟင် ... ဘယ်လောက်လဲ၊ ကဲ ... ပြော ပြော၊ ဒါပေမဲ့ တစ်ခုတော့ရှိတယ်၊ နင် အဲဒီလို လခနဲ့ လိုချင်တယ်ဆိုရင် သတ်သတ်မှတ်မှတ် ကောင်းကောင်းမွန်မွန် လုပ်ရမယ် ...

ဒီဇိုင်းကျောင်းတစ်ခုခုဖြစ်ဖြစ် မိတ်ကပ်သင်တန်းတစ်ခုဖြစ်ဖြစ် နင်တက်ရမယ်၊ ရမ်းပြီးလုပ်နေလို့ မရဘူး"

"အာ ... အန်တီကလည်းဗျာ၊ အဲဒါတွေတော့ မတက်ချင်ပါဘူး၊ အခ်ိပ္ပာယ်မရှိတာ၊ တော်ပြီဗျာ မလုပ်တော့ဘူး"

သူကစိတ်တိုတိုနှင့် လှည့်ထွက်လာလိုက်လျှင် အန်တီမေမုံက သူ့လက်ကို အလျင်အမြန် လှမ်းဖမ်းဆွဲထားရင်းမှ ...

"အဲ ... အဲဒီလိုတော့ မလုပ်ပါနဲ့ဟယ်၊ နင်ကလည်း စိတ်ချည်းပဲ၊ မိတ်ကပ်မသင်ချင့်ရင် ဒီဇိုင်းတော့ သင်ပါဟယ် ...

နော် ... သင်တန်းခကိုလည်း ငါပဲ ပေးပါ့မယ်၊ လခကိုလည်း တစ်လ ငါးသောင်းပေးမယ်ဟာ၊ ပြီးတော့ နင် လိုချင်တဲ့ဖုန်းလည်း ဝယ်ပေးမယ်"

အင်း ... မက်လုံးတွေကတော့ အတော်မက်စရာကောင်းလေသည်။ သူက မေးစေ့ကိုပွတ်ကာ စဉ်းစားနေဟန်ဖြင့် ...



www.burmeseclassic.com

www.burmeseclassic.com



"ဖုန်းက ဝယ်ပေးမှာ သေချာလို့လား"

"ဒါကတော့ နင့်လုပ်ရည်ကိုင်ရည်ပေါ်မှာ မူတည်တာပေါ့။ နင်က talent ရှိပါတယ်ဟာ။ ကံကောင်းရင် နာမည်ကြီး ဒီဇိုင်နာတောင် ဖြစ်သွားနိုင်တယ်"

သူဟာ ဆယ်တန်းအောင်ပြီး ရိုးရိုးအဝေးသင်တက် နေသော်လည်း ဒီနေ့ ဒီအချိန်ထိ ဘာရည်မှန်းချက်မှ မရှိခဲ့ဘူး သေးပေ။ ကိုယ့်ကိုယ်ကိုယ် ဘာဝါသနာပါသလဲ ဆိုတာလည်း မဆန်းစစ်မိ။

ဒါပေမဲ့ သူဟာ ဖက်ရှင်ကိုတော့ စိတ်ဝင်စားသည်။ ကိုယ့်ကိုယ်ကိုယ်လည်း ဖက်ရှင်နေးဘဲလ်ဖြစ်အောင် နေတတ်ကာ သွားရင်းလာရင်းလည်း တခြားသူတွေ၏ ဖက်ရှင်ကို စိတ်ဝင်တစား အကဲခတ်တတ်၏။

ဒါကြောင့် သူငယ်ချင်းတွေကလည်း ရှော့ပင်းထွက် လျှင် သူ့ကို မပါမဖြစ် ခေါ်တတ်ကာ သူ့ဆီက အကြံဉာဏ်ကို တောင်းလေ့ရှိတတ်ကြသည်။ ဒါဟာ သူ့ရဲ့ဖက်ရှင်နဲ့ ပတ်သက် သော talent လားတော့ သူ မပြောတတ်ပေ။





စဉ်းစားကြည့်လျှင်တော့ သူဟာ ဒီဇိုင်းပညာအပေါ် မှာ စိတ်ဝင်စားမှုတော့ ရှိလေသည်။

"ကဲ ... လုပ်မယ် မဟုတ်လား၊ တက်မယ် မဟုတ်လား ပြော၊ လိမ္မာပါတယ်ဟယ်၊ ငါ့တူလေးကလည်း၊ နင်လည်း စိတ်ဝင်စားတယ် မဟုတ်လား"

"စိတ်မဝင်စားပါဘူး၊ အန်တီ ပြောနေလို့သာ"

"ကဲ ... စိတ်ဝင်စားလိုက်ပါဟယ်၊ ငါ သင်တန်းတွေ စုံစမ်းခဲ့ပါ့မယ်၊ နင် ကြိုက်တာ ရွေးတက်ပေါ့ ...

ဟုတ်ပြီလား၊ ငါးသောင်းနော် ငါးသောင်း ... ဟဲ ဟဲ ..."

အန်တီလေးက သူ့ကို ကလိသလိုဖြင့် လက်ငါး ချောင်း ထောင်ပြသွားလျှင် သူက ဆက်ပြီးမှုနေဖို့ စိတ်မကူးတော့ ချေ။ နောင်ခါလာ နောင်ခါရေး အခုလောလောဆယ် ငါးသောင်း နှင့် ဟန်းဒ်ဖုန်းရဖို့သာ အရေးကြီးနေသည် မဟုတ်ပါလား။

❤ ✧ ❤



www.burmeseclassic.com

www.burmeseclassic.com



"ဟား ဟား ဟား … ကျလည်း ကျလောက်တဲ့ ကောင်ပါလားကွာ၊ အခု မင်းက ရေလျှံနေတာပေါ့ … ဟုတ်လား …


လုပ်ပါဦး၊ ငါလည်း ရှေ့အပတ်ထဲကျရင် အော်စကာပွဲတက်ရမှာ၊ အဲဒီအတွက် အဝတ်အစားဒီဇိုင်းလေး ဆွဲပေးပါဦး၊ ဗားဆက်လေးရယ် … ဟဲ ဟဲ"





www.burmeseclassic.com

www.burmeseclassic.com

• သူတိုင်းလူတိုင်းမှာ
ပထမဆုံးသံယောဇဉ်ဆိုတာ
ရှိတတ်ကြပါတယ်...

• အဲဒီသံယောဇဉ်ဦးက
နှလုံးသားထဲက
သူးတစ်ချောင်းလို
ရှုးနစ်မြုပ်သွားတဲ့အခါ ...

သံယောဇဉ်ဦး ... ရေး

ခင်းရယ်မိုး






"ဟုတ်တယ် ... ဟုတ်တယ်၊ မင်း သင်တန်းဆင်းလာရင် မြန်မာပြည်မှာ ဘယ်သူမှ မလုပ်ဖူးသေးတဲ့ ဖက်ရှင်ရှိုးပွဲကြီး လုပ်ပါလား။ အဲဒီပြပွဲကိုပြရင် အဲဒီတစ်ပွဲတည်းနဲ့ မင်း ကားတစ်စီး ဝယ်လို့ရသွားမယ်"

"ဘာပွဲမို့လို့လဲ"

"ဘီကီနီရှိုးပွဲကြီးလေ ... အဟိ ဟိ"

"ဟုတ်တယ် ... ဟုတ်တယ်၊ အဲဒီဝတ်စုံတွေကို အရင် ဒီဇိုင်းထုတ်"

သူ့သူငယ်ချင်းတွေက သူ့အဖြစ်တွေကို တစ်ယောက်တစ်ပေါက် ရယ်စရာလုပ် ပြောနေကြခြင်း ဖြစ်သော်လည်း သူက စိတ်မဆိုးချေ။ သူတို့အုပ်စုဟာ တွေ့လိုက်လျှင် တစ် ယောက်နှင့် တစ်ယောက် အားမနာတမ်း နွှာနေကျဖြစ်၏။

တကယ်တော့ သူဟာ အန်တီလေး တက်ခိုင်းထားသော ဒီဇိုင်းသင်တန်းကို တက်မယ်ပြောပြီး မတက်ခဲ့ချေ။ အဲဒီ သင်တန်းကြေးတွေနှင့် လောလောဆယ် ဟန်းဒ်ဖုန်းတစ်လုံးဝယ်ကာ 'စတိုင်ထုတ်၍နေသည်။



www.burmeseclassic.com

www.burmeseclassic.com



လခကတော့ လကုန်မှ ရမည်မို့ သိပ်တော့မပူရ။ အဘွားကိုတော့ ကားလိုင်စင်ပျောက်သွား၍ အသစ်ပြန်လုပ်ရမည်ဆိုကာ ငွေညှစ်ထားသဖြင့် ငွေချင်၍နေသည်။

"မင်းက မင်းအဒေါ်ကို လိမ့်ထားတာတော့ဟုတ်ပါပြီ၊ အဲဒီက ဘာတွေသင်လဲ ဘာညာကို မင်းအဒေါ်က မစစ်ဘူးလား"

"စစ်တာပေါ့ကွ၊ ဘယ်နေလိမ့်မလဲ၊ ဒေါ်နအေး ပါကွာ၊ ဒီလောက်တော့ ပျင်းဖို့တောင် ပျင်းသေးတယ် ...

ငါ့ကို ကြိုက်နေတဲ့ ပိုးတုံးလုံးမကို သိတယ်မဟုတ်လား"

"သြော် ... (၂၂)လမ်းက တရုတ်မလေးကို ပြောတာလား"

"အေး ... သူက မင်းတို့သိတဲ့အတိုင်းပဲ ငါ့ကို ရေလည်ကြွေနေတာလေ၊ အဲဒါ ငါဘာပြောပြော သူက အဟုတ်ကြီး ထင်နေတာ ...

ငါက သူ့ကို ဒီဇိုင်းသင်တန်း တက်ပါလားလို့ ပြောလိုက်တာ နှစ်ခါမပြောရဘူး၊ အဲဒါ သွားတက်နေတယ်





သူ့ဆီက နုတ်စ်တွေကို ငါက ယူကြည့်ရုံနဲ့ အန်တီလေးကို ရှိုးလို့ ရပါတယ်ကွာ"

"သြော် ... မင်းက ဒီလိုကိုး"

"အဲဒီတော့ မင်းအန်တီကို ဘယ်လိုတွေ ထွင်ပေးလိုက်လဲ"

"ဒီလိုပဲပေါ့ကွာ၊ အခုဆို ဆံပင်တွေလည်း ကောက်ပြီးပြီ၊ အဝတ်အစားကလည်း အွန်စောဒီဇိုင်း ထွင်ပေးထားလိုက်တယ်၊ အတိုတွေကို မချုပ်တော့ဘူး ...

အဘွားကတောင် အားကျပြီး ငါ့ကို လာငှားနေသေးတယ်၊ အဘွားကိုလည်း မြှောက်ပေးထားတာ ခုဆို ဟော့ရှော့တ်ပဲ၊ ဟား ဟား ...

မိန်းမတွေများကွာ၊ ငါ့အဘွားနဲ့ အဒေါ်ကို ကြည့်ပြီးတော့ကို စိတ်ကုန်တယ် ...

လှဖို့အတွက်ဆို ဘာမှ မစဉ်းစားကြတော့ဘူး၊ ဒါကြောင့်လည်း မိတ်ကပ်ကုမ္ပဏီတွေ၊ အဝတ်အစားကုမ္ပဏီတွေ၊ ဒီဇိုင်နာတွေ အလုပ်ဖြစ်နေတာ"



www.burmeseclassic.com

www.burmeseclassic.com



“မင်းလည်း အလုပ်ဖြစ်နေတယ် ပြောပါ”

“ဒါကြောင့် ဒီဝိုင်းကို ဒီမိုင်နာဒေါနအေးက တာဝန်ယူ ကျွေးမွေးခဲ့တာ ဖြစ်ပါတယ် ခင်ဗျာ ... အဟဲ ဟဲ”

သူတို့အုပ်စုဟာ ထူးခြားသော ထိုဆိုင်လေးကို အတော်နှစ်ခြိုက်ကြ၏။ ထိုဆိုင်လေး၏ ထူးခြားမှုမှာ စားပွဲထိုးလည်း မရှိသလို ငွေရှင်းကောင်တာလည်း မရှိပါ။ ဆိုင်၏အဝင်ဝဘေးဘက်မှာ ကိုယ်စားသောက်မည့် အပူအအေး တစ်ခုခုနှင့် အစားအသောက်တို့အတွက် ကျပ်ငွေနှင့်ညီမျှသည့် အကြွေစေ့တွေ လဲလှယ်သည့်နေရာရှိကာ အဲဒီနေရာမှာ အကြွေစေ့လဲ၊ ပြီးလျှင် စက်တွေထံသွား၍ ခလုတ်နှိပ်ကာ ကိုယ်ကြိုက်တာကို ယူရုံပင်။

ပြီးလျှင် တစ်ဝိုင်းနှင့် တစ်ဝိုင်း ဦးခေါင်းအစွန်းလေးတွေသာ မြင်ရသော ခုံတွေမှာ ကိုယ့်အုပ်စုနှင့်ကိုယ် ဝင်ထိုင်စားရုံပဲဖြစ်သည်။

အချိန်ပြည့် သီချင်းကောင်းကောင်းတွေကို ဖွင့်ပေးထားတတ်ကာ အင်တာနက်နှင့် အီးမေးလ်ကိုလည်း အခမဲ့သုံးခွင့်ပေးထားသော ထိုဆိုင်လေးဟာ အမြဲလူပြတ်သည်ဟူ၍ မရှိချေ။





စားပွဲထိုးတွေ၊ ငွေရှင်းရမည့် နေရာတွေ ဘာမှမရှိသော ထိုဆိုင်လေးဟာ ပထမတော့ တစ်မျိုးကြီး ဖြစ်နေပေမဲ့ နောက်ပိုင်းကျတော့ ထိုင်နေကျဖြစ်သွားပြီးလျှင် ထိုဆိုင်လေးမှာသာ ထိုင်ချင်ကြတော့သည်မှာ လူငယ်အများစုပဲဖြစ်သည်။

“ဟော့ကောင်တွေ၊ ပြီးရင် လစ်ကြစို့ကွာ”

“အေး ... အေး လစ်မယ်၊ ဟ ... ဒေါန၊ မင်းဟန်းဒ်ဖုန်းနံပါတ် ပေးဦးလေ”

“ဩော် ... ဟုတ်သားပဲ၊ ညကျ ဆက်မလို့လား(xxxx)တဲ့”

သူက အသစ်ရထားသော ဟန်းဒ်ဖုန်းနံပါတ်လေးကို ခပ်ကြွားကြွား ပြောလိုက်ပြီးလျှင် လက်ကတောင် ထုတ်ပြလိုက်သေးလေသည်။

“အေးပါ၊ မင်း အန်တီကို ငါတို့ လာချွန်ဦးမယ်၊ မင်းက မိန်းမတွေရဲ့ ယုံကြည်မှုကို အလွဲသုံးစား လုပ်နေတဲ့ကောင်ပဲ”

“ကိုယ့်ကုသိုလ်နဲ့ ကိုယ်ပေါ့ကွာ၊ မနာလို မရှိနဲ့၊ မင်းတို့ တစ်နေ့လောက် အန်တီယမုံကို လာကြည့်စမ်းကွာ ...



www.burmeseclassic.com

www.burmeseclassic.com



ဒီဇိုင်းတွေက အရမ်း လန်ထွက်နေတာ၊ ဟား — ဟား"

"အေးပါ ... အေးပါ ... လာခဲ့ပါမယ်၊ ဗားဆက်အေးရယ်"

သူ့မှာ ထိုနေ့က ကိုယ်ကလည်း ကျေးရသေး အလကားနေရင်း ဗားဆက်အေးဟူသော နာမည်ပြောင်တစ်ခုလည်း တွင်သွားရသေးလေသည်။

သို့သော် သူဟာ ဒေါနအေး ဟူသော အမည်ကြီးကို ဘဝတစ်သက်တာအတွက် ပိုင်ဆိုင်သွားပြီးတော့မှ ဗားဆက်အေး ဟူသော နာမည်ကိုတော့ မဖြုံတော့ချေ။

သန်းခေါင်ထက် ညဥ့်မနက်တော့သော နှလုံးသား ဖြင့် ဗားဆက်အေး ဟူသော နာမည်ကို ကျေကျေနပ်နပ်ပဲ လက်ခံယူလိုက်တော့လေသည်။

(မှတ်ချက်။ ။ ဗားဆက် ဆိုသည်မှာ ကမ္ဘာကျော် ဖက်ရှင် ဒီဇိုင်နာတစ်ဦး၏ အမည်ဖြစ်ပါသည်။)

❤ ✧ ❤





သူသည် ဆမ်ဆောင်းအမှတ်တံဆိပ် လက်ကိုင်ဖုန်းလေးကို မမိုတ်မသုန်ကြည့်ကာ ကျေနပ်၍ နေလေသည်။ မနေ့ကမှ ရခဲ့သော ထိုဖုန်းလေးကို အခုထိ သူ အသုံးမပြုရသေးချေ။ သူ့သူငယ်ချင်းတွေကလည်း နံပါတ်သာ တောင်းသွားလျက် အခုချိန်ထိ ဘယ်သူမှ ဖုန်းမဆက်ကြသေး။



www.burmeseclassic.com

www.burmeseclassic.com



ဒီကောင်တွေ တမင်ညစ်ပြီး မခေါ်တာလည်း ဖြစ်နိုင်သည်။ သူတို့လေးယောက်ထဲတွင် ဒီးဒီး တစ်ယောက်သာ ဟန်းဒ်ဖုန်းရှိလျက် ကျန်သူများက မရှိကြပေ။ ဒီးဒီး ဆိုသော တရုတ်ချစ်တီးကောင်ဟာလည်း ဘယ်တုန်းကမှ သူ၍စ၍ မခေါ်တတ်ပေ။ အိမ်မှာရှိလျှင် အိမ်ဖုန်းနှင့်သာ ဆက်တတ်သောသူ ဖြစ်လေရာ သူက ဒီးဒီး ထံကိုလည်း အမြင်ကတ်သဖြင့် စ၍မဆက်။

ပြီးတော့ သူ့ဖုန်းလေးကို တစ်ဖက်က ခေါ်ဆို၍ မြည်လာသော တီးလုံးသံလေးကိုလည်း သူက နားထောင်ချင်သေးသော ဖီလင်က ရှိသေးသည်။ ဒီလိုနှင့် ဘယ်သူ့ထံကများ ဖုန်းလာလေမလဲဟု စောင့်ကာနေသော်လည်း ဆယ့်တစ်နာရီထိုးသည်အထိ သူ့ဖုန်းလေးကား တုတ်တုတ်မျှ မလှုပ်ချေ။

သူ့ကို တစ်ဖက်သတ် ချစ်နေသော စနီး ဆိုသည့် တရုတ်မလေးနဲ့လည်း မတွေ့ရသေးတာမို့ ဒီကောင်မလေးက လည်း သူ့ဖုန်းနံပါတ်ကို သိမှာမဟုတ်သေး။ သိရင်တော့ ဒီဖုန်းလေးကို ဈေးဦးစဖောက်သူမှာ သူမ ဖြစ်နိုင်ပါသည်။





ကဲ ... ဒီနေ့အဖို့တော့ သူက စိတ်လျှော့လိုက်ပါပြီ။

အဲဒီအတွေးနှင့်ပင် သူက ဖုန်းကို ခေါင်းအုံးဘေးမှာ ဘေးကာ အိပ်ရာပေါ် ပစ်လှဲချလိုက်သည်။ ဟိုတွေး ဒီတွေးနှင့် အိပ်ပျော်လုဆဲဆဲ ရှိစဉ်မှာပဲ သူ့နားထဲသို့ အသံတစ်ခုက ဖြတ်စီး သွား လာပါသည်။

ပထမတော့ သူက ဘယ်က ဘာအသံပါလိမ့်ဟု ဝေဝါ ဖြစ်သေးသည်။ နောက်တော့မှ သူ့ဟန်းဖုန်းက တီးလုံးသံမှန်း သိရလျှင် လှိုက်ခနဲ ပျော်သွားသည်မှာ အိပ်ချင်စိတ်တောင် ပြေသွားရလေသည်။

ဖုန်းမြည်သံကို နားထောင်ကောင်းကောင်းဖြင့် နားထောင်နေသေးကာ တော်တော်နှင့် ဖွင့်မကိုင်သေးချေ။ အတန်ကြာမှ အရသာရှိစွာဖြင့် ဖုန်းဖွင့်နားထောင်ရင်း Display ပေါ်မှ နံပါတ်ကို ကြည့်မိလျှင် သူသိသော နံပါတ်လည်း မဟုတ်ပေ။

သူက မတင်မကျနှင့်ပင် ဖုန်းဖွင့်ကာ ထူးလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



"ဟဲလို"

"မင်္ဂလာညချမ်းပါ ဒေါ်နအေး"

တစ်ဖက်က ချိုမြစွာ ရှလွင်လွင် ဖြစ်နေသော အသံသည် သူ့ကို နာမည်နှင့်တကွ အတိအကျ နှုတ်ဆက်လိုက်လျှင် သူက မျက်ခုံးတို့ ပင့်သွားရသည်။ ဒီဖုန်းနံပါတ်နှင့် ဒီအသံကို သူ လုံးဝမသိတာ သေချာပါသည်။

သို့သော် တစ်ဖက်က မိန်းကလေးအသံသည် သူ့ကို ရင်းရင်းနှီးနှီး သိနေသလိုဖြစ်သည်။ သူက ဧဝေဇဝါနှင့်ပင် ...

"ခင်ဗျားက ဘယ်သူပါလဲ"

"ကိုယ်က မင်းကို သိနေတဲ့ လူတစ်ယောက်ပေါ့"

သူက ချက်ချင်းပဲ လှစ်ခနဲ ပြုံးမိသွားသည်။ ဒီလို ဖြစ်ရပ်မျိုးတွေက လူငယ်တွေကြားထဲမှာ ဆန်းတော့ မဆန်းချေ။ သို့သော် နည်းနည်းလေး အံ့သြဖို့ ကောင်းနေတာက မနေ့က မှ သူ့လက်ထဲ ရောက်လာသော ဟန်းဒ်ဖုန်းနံပါတ်ကို သူမက သိနေတာကိုပဲ ဖြစ်သည်။





လောလောဆယ်မှာ ဒီနံပါတ်ကို သိသူဟာ သူ့အပါအဝင် လေးယောက်ပဲ ရှိပါသည်။ အဘွားနှင့် အန်တီတောင် မသိချေ။ ပြောပြဖို့ရာလည်း သူက စိတ်မကူးရသေးချေ။ ရောက်ရာအရပ်က ဖုန်းဆက်ခေါ်ခိုင်းနေမှာ သေချာ၍ ဖြစ်သည်။

"ဒါမျိုးကိစ္စတွေက သိပ်တော့မဆန်းဘူး၊ ဒါပေမဲ့ နည်းနည်းလေးတော့ အံ့သြဖို့ကောင်းတယ်လို့ တွေးနေတယ် ထင်တယ်"

တစ်ဖက်က အဲဒီလို ပြောလိုက်လျှင် သူက ဒီတစ်ခါ မျက်လုံးပါ ပြူးသွားရတော့သည်။ သို့သော် အကြာကြီး မအံ့သြအားသေးပဲ ...

"ခင်ဗျား ဘယ်သူလဲ၊ ကျွန်တော် အသိလား"

"နောက်တော့ ဖြစ်ချင် ဖြစ်လာမှာပေါ့"

"ခင်ဗျား ကျွန်တော့်ဖုန်းနံပါတ်ကို ဘယ်လိုလုပ် ရတာလဲ"

"ဒါက အဲဒီလောက် စိတ်ဝင်စားဖို့ကောင်းတဲ့ ကိစ္စတစ်ခု မဟုတ်ပါဘူး"



www.burmeseclassic.com

www.burmeseclassic.com



"ကျွန်တော့်အတွက်ကတော့ စိတ်ဝင်စားဖို့ကောင်းတယ်၊ ခင်ဗျားက ကျွန်တော့်နာမည်ကိုလည်း သိတယ်၊ ဖုန်းနံပါတ်ကိုလည်း သိနေတယ် ...

လူကိုတောင် မြင်ဖူးထားလား မသိပါဘူး"

"လွန်ခဲ့တဲ့ ငါးလလောက်ထဲက မြင်ဖူးပါတယ်"

"ဟိုက် ! ခင်ဗျား ဘယ်သူလဲ၊ ဘာလို့ ကျွန်တော့်ကို သိနေရတာလဲ"

"မင်းကိုတင် မဟုတ်ပါဘူး၊ မင်းသူငယ်ချင်းတွေဖြစ်တဲ့ ဒီးဒီးတို့၊ ပြည့်ဖြိုးတို့၊ သစ်နိုင်တို့အပြင် ပိုးတုံးလုံးတို့ကိုပါ သိပါတယ်"

"ဟင် ... ခင်ဗျားက ဘာကြောင့် ကျွန်တော်တို့ကို သိနေရတာလဲ၊ တခြား ဘာတွေကိုရော သိသေးလဲ"

"မင်းအဘွားတို့၊ မင်းအဒေါ်တို့ကိုပါ မင်း လုလည်လုပ်ထားတဲ့ အကြောင်းတွေရောပေါ့"

"ဟာ ... ခင်ဗျား တော်တော်ဆိုးတဲ့ မိန်းကလေးပဲ၊ ဘာလို့ သူများအကြောင်းတွေ လျှောက်စပ်စုရတာလဲ"





"ကိုယ် လျှောက်မစပ်စုပါဘူး၊ ဒီလိုပဲ အကြောင်းသင့်လို့ သိတာပါ"

"ဘယ်လို အကြောင်းသင့်တာလဲ"

"ဒါကတော့ ပြောပြလို့ မရဘူး"

သူက တစ်ဖက်က ချိုလွင်လွင် ရှတတ အသံပိုင်ရှင်ကို အလိုမကျမှုဖြင့် စိတ်တို၍လာသည်။ ပြီးတော့ သူ့အကြောင်းတွေကို သိထားသည့်အတွက် အံ့လည်းအံ့သြကာ အောင့်သက်သက်လည်း ခံစားရလေသည်။

နေပါဦး ... အန်တီယမုံတို့ကို သူ ပညာပေးထားသည့်ကိစ္စဟာ ဒီနေ့မှ ဒီးဒီးတို့ကို သူ ပြောပြခဲ့တာပါ။ ဒါကို သူမက ဘယ်လိုလုပ် သိနေရသလဲဆိုတာ သူ လိုက်မမီတော့ချေ။

သေချာတာတော့ ဒီးဒီး၊ ပြည့်ဖြိုးနှင့် သစ်နိုင်တို့ သူ့ကို အသားထဲမှ လောက်ထွက်ခဲ့ပြီ ဖြစ်သည်။

တောက် ... တွေ့ကြသေးတာပေါ့။ သူက ရင်ထဲမှ အသံတိတ် ကြိမ်းဝါးလိုက်ရင်းမှ ...



www.burmeseclassic.com

www.burmeseclassic.com



"အခု ခင်ဗျား ဖုန်းဆက်တဲ့ ဆက်ရင်းကိစ္စက ..."

"မင်းအနေနဲ့ ကိုယ့်ကိုယုံကြည်ထားတဲ့ မိန်းမသားတွေရဲ့ ယုံကြည်မှုကို အလွဲသုံးစား မလုပ်သင့်ဘူးလို့ အကြံပေး မလို့ပါ"

သူက ဟက်ခနဲ တစ်ချက်ရယ်ကာ သူမကို လှောင် လိုက်သေးသည်။

"နေပါဦး၊ ခင်ဗျား အကြံကို ကျွန်တော်က လက်ခံလိမ့် မယ်လို့ မျှော်လင့်များ ထားလို့လား"

"လက်မခံရင်လည်း လက်ခံအောင် လုပ်ရမှာပေါ့"

တစ်ဖက်က မိန်းမသည် စကားပြောတာတော့ တော်တော်ကို အပိုင်တွက်သောမိန်းမ ဖြစ်လေသည်။ လူကိုမမြင် ရသေးသော်လည်း သူ ချက်ချင်းနားလည်သဘောပေါက်သည်မှာ ထိုမိန်းကလေးဟာ သူ့ထံကို အိစိကလီလုပ်၍ ဖုန်းဆက်ခြင်း မဟုတ်ဟု ဆိုတာရယ်၊ ဦးနှောက်ခပ်ပြေးပြေး မိန်းကလေးတစ် ယောက် ဖြစ်သည်ဆိုတာရယ်ပဲ ဖြစ်သည်။





"ခင်ဗျားက အလကားကြီးပဲ၊ ခင်ဗျားနာမည် ဘယ်သူလဲ"

"သိချင်ရင်တော့ ပင့်(ခ်)လို့ပဲ မှတ်ထားပါ"

"ဘာ ပင့်(ခ်)လဲ"

"ကိုယ့်နာမည့်ထဲက တစ်လုံးပေါ့၊ Pink လေ ... ပန်းရောင် ပေါ့"

"ဒါဆို ခင်ဗျားနာမည်က ပန်းရောင်ပေါ့"

"ဆိုပါတော့"

"ခင်ဗျားက မတင်မကျကြီးနဲ့၊ ထားပါတော့၊ ပန်းရောင်ဆို လည်း ပန်းရောင်ပေါ့ ...

ကဲ ... ဒေါ်ပန်းရောင်၊ ခင်ဗျား ကျွန်တော့်ဖုန်းနံပါတ် ကို ဘယ်လိုရလာလဲ၊ မမေးတော့ပါဘူး၊ ခင်ဗျားပြောတဲ့ ကိစ္စကလည်း သိပ်တော့ မဖြစ်နိုင်ဘူးဗျာ ...

ဆောရီးပဲ ... နော်"

"ဒါဆိုရင်တော့ ကိုယ့်ဘက်ကလည်း ကိုယ်လုပ်စရာရှိတာ ဆက်လုပ်ရမှာပေါ့"



www.burmeseclassic.com

www.burmeseclassic.com



သူက ထောင်းခနဲ စိတ်တိုသွားရကာ ...

"ဟာ ... ခင်ဗျား ဘယ်လိုမိန်းကလေးလဲ၊ ကိုယ့်ထမင်း ကိုယ်စားပြီး ဘာကိစ္စ သူများကိစ္စကို ဝင်ရှုပ်ချင်ရတာ နေပါဦး၊ ခင်ဗျားက ကျွန်တော့်ကို ဘာတွေများ နှော ယှက်နိုင်လို့လဲ ...

ခင်ဗျားက ဘာအစွမ်းတွေ ရှိနေလို့လဲ"

တစ်ဖက်က သူမဟာ သူ ဒေါသထွက်နေပုံကို တိုးတိုး ရယ်မောနေသေးလေသည်။

"မင်းက အရပ်လည်း မပုဘဲနဲ့ စိတ်တိုတတ်တယ်နော်_ ဟင်း ဟင်း"

"ခင်ဗျား ဘယ်လိုမိန်းကလေးလဲဗျ၊ လူကို သက်သက် ကျပ်နေတာပဲ၊ တော်ပြီဗျာ၊ ကျွန်တော် ဖုန်းပိတ် မယ် ...

ခင်ဗျားနဲ့ စကားပြောရတာ မလန်းဘူး"

"မင်းက လန်းချင်လို့လား"





အဲဒီ ချိုရှရှနှင့် ခပ်တိုးတိုး အသံသည် အခုမှပဲ သူ့ ကို လန်းသယောင်ယောင် ဖြစ်သွားစေသည်။

"ဒီလိုလုပ်ပါလား။ မင်းအနေနဲ့ ကိုယ်ပြောတာကို ဘလိုင်း ကြီး လက်ခံဖို့ဆိုတာ နည်းနည်းတော့ ကျွတ်နေမှာပေါ့ ...

ကိုယ် အဲဒီလောက်တော့ နားလည်ပါတယ်၊ ဒီတော့ ကိုယ်တို့နှစ်ယောက် အလောင်းအစား တစ်ခုခု လုပ်ကြ ရအောင် ...

ကိုယ်ရှုံးရင်တော့ မင်းလုပ်ချင်တာ ဆက်လုပ်ပါ၊ ကိုယ်နိုင်ရင်တော့ မင်း မိန်းမတွေကို လူလည်ကျနေတာ တွေကို ရပ်သိမ်းပေးဖို့ပဲ"

သူက အဲဒီမိန်းကလေးကို ဒီဘက်ကနေ၍ နှာခေါင်း ရှုံ့ပြမိလေသည်။

"မင်းက ဘာလဲ၊ မကောင်းသူပယ် ကောင်းသူကယ်တဲ့ Superwoman တော့ မဟုတ်ပါဘူးနော်"

"အဲဒီလောက် မစွမ်းသေးပါဘူး"



www.burmeseclassic.com

www.burmeseclassic.com



"တော်သေးတာပေါ့၊ ကဲ ... ပြောစမ်းပါဦး၊ မင်းက ကိုယ့်ကို ဘာအလောင်းအစားတွေ လုပ်ပြမှာလဲ"

"ဒါကတော့ မင်း ဆုံးဖြတ်ပါ၊ ကိုယ်က မင်းကို သိနေတဲ့အတွက် အဲဒီတစ်ခုကို အကျော်ပေးလိုက်ပါတယ်"

သူက ပခုံးနှစ်ဖက်ကို စုံတွန့်မိလေသည်။ တဖြည်းဖြည်းနှင့်တော့ ထိုမိန်းကလေးဟာ စိတ်ဝင်စားဖို့ ကောင်းလာသည်။ သူတို့အဖြစ်ဟာ နည်းနည်းတော့ စိတ်လှုပ်ရှားစရာကောင်းသည်ဟု သူ ထင်မြင်လာခဲ့ပြီ ဖြစ်သည်။

ပြီးတော့ ကိုယ့်ကိုယ်ကိုယ်အထင်ကြီးနေသည့် မိန်းမတစ်ယောက်ကိုလည်း အနိုင်ရချင်စိတ် ရှိလာခဲ့ပါသည်။ နောက်တစ်ခုက သူမက သူ့ကို သိနေသည့်ကိစ္စတွေ၊ သူ လူလည်လုပ်ထားတာတွေ သိနေခြင်းအပေါ်ကိုလည်း နည်းနည်းမှ မခံနိုင်ချေ။

သူမကို ပညာတော့ ပေးချင်သည်။

ပြီးတော့ အမိဖမ်းချင်လာသည်။ အဲဒီအတွက် သူက လျှို့ဝှက်စွာဖြင့် တစ်ချက်ပြုံးလိုက်ကာ ...





"ခင်ဗျားက ကျွန်တော့်ကို လူလုံးထွက်ပြဖို့တော့ စိတ်ကူးမရှိဘူး မဟုတ်လား"

"အမှန်ပဲ"

"ကောင်းပြီ၊ အဲဒါဆိုရင် ခင်ဗျားကိုယ်တိုင်ပဲ ကျွန်တော့်ဆီကို ပစ္စည်းလေးတစ်ခု လာပို့ပေးစမ်းပါ၊ ဘာပစ္စည်းဖြစ်ဖြစ်ပေါ့ဗျာ၊ something ပေါ့ ...

တန်ဖိုးရှိတာ မရှိတာထက် ခင်ဗျားပေးတဲ့ ပစ္စည်းဖြစ်ဖို့ပါ"

သူမဘက်က ခေတ္တမျှ အသံတိတ်သွားသည်။ ကြံစမ်းကြံလေ။ မင်း ဘယ်ပြေးမလဲ မိန်းမသဲ ... အဲလေ ... မိန်းမပန်းအာ ... ဟုတ်သေးပါဘူး။ အဲဒီလိုခေါ်ရင် ရှော့ရှိတယ်၊ မိန်းမပန်းဆောင်ပေါ့ ... ကဲ ...။

သူက သူ့အတွေးနှင့်သူ သဘောကျလျက် အသံနှက် ရယ်မိသွားလျှင် သူမက ချက်ချင်းပဲ ဆုံးဖြတ်ချက်ချလိုက်ဟန်ဖြင့် ...



www.burmeseclassic.com

www.burmeseclassic.com



"ကောင်းပြီလေ၊ မနက်ဖြန်ပဲ မင်းဆီကို ပစ္စည်းလေးတစ်ခု ပို့ပေးမယ်"

"မင်းကိုယ်တိုင် လာပို့ပေးမှာလား"

"အဲဒီလို လာပေးမယ်များ မင်း ထင်နေတာ အံ့စရာပဲ"

"မင်းက ကိုယ့်ကိုယ်ကိုယ်တော့ အတော်အထင်ကြီးတာပဲ"

"ယုံကြည်မှု ရှိတာပါ"

"ထားပါတော့လေ၊ စောင့်ကြည့်တာပေါ့"

"တကယ်လို့ ကိုယ်လာတာ မင်း မတွေ့ခဲ့ရင် မင်းရှုံးပြီနော်"

"မင်းသာ လာခဲ့ပါ"

"ကောင်းပါပြီ၊ အလောင်းအစားက အဲဒီတစ်ကြိမ်တည်းပဲနော် ... ဟုတ်လား"

"အင်း ... ဒါကတော့ အခြေအနေအရပဲ"

သူက အဲဒီလို ပြောလိုက်လျှင် သူမက ခပ်တိုးတိုး ရယ်မောလျက် ဂွတ်နိုက်ချ်ဟု ကောက်ခါငင်ကာပဲ နှုတ်ဆက်ထား ဖုန်းချသွားလေသည်။





သူဟာ ဘာရယ်ကြောင့်မှန်း မသိဘဲ အခြေအနေအရပဲဟု ပြောဖြစ်ခဲ့သည်မှာ မသိစိတ်က သူမ နိုင်လိမ့်မည်ဟု ကြိုတင်ထားနေခဲ့လို့များလား။ ဒါကြောင့် ခုတစ်ခါရှုံးလည်း နောက်တစ်ခါလို့များ ပြောချင်တာလားဆိုတာ ကိုယ့်ဟာကိုယ် ဆောင် မဝေခွဲတတ်တော့ချေ။

တစ်ခုသေချာတာကတော့ သူက သူမကြောင့် စိတ်အနည်းငယ် လှုပ်ရှားကာ တက်ကြွနေခဲ့ပါသည်။

❤ ✧ ❤



www.burmeseclassic.com

www.burmeseclassic.com



နောက်တစ်နေ့ရောက်လျှင် သူတို့အုပ်စုသည် ထိုင်နေကျဖြစ်သော Heart Icon ဆိုင်မှာ ထုံးစံအတိုင်း စုစည်းမိကြသည်။ အပေါက်ဝမှာ အကြွေစေ့လဲပြီးလျှင် သူက ကော်ဖီထော ခွက်သာ ဝယ်သည်။ Heart Icon ဆိုင်သည် တခြားမုန့်တော်တော်





များများလည်း ကောင်းပေမဲ့ ကော်ဖီကတော့ လူတိုင်းလိုလိုကို ကြိုက်ကြတာဖြစ်သည်။

ကော်ဖီကြိုက်တွေကတော့ မသောက်ရ မနေနိုင်အောင်ကို စွဲလမ်းကြလေသည်။ သူတို့အုပ်စုက ထုံးစံအတိုင်း မုန့်ဝယ်ပြီးလျှင် ထိုင်နေကျ ထောင့်တစ်ထောင့်မှာ နေရာယူလိုက်ကြသည်။

သူက ဘော်ဒါတွေကို အကဲခတ်ကြည့်သော်လည်း အားလုံးက ပုံမှန်အတိုင်းပဲဖြစ်သည်။ ဒီးဒီး တစ်ယောက်သာ သူ့ကို စပ်ဖြဲဖြဲဖြင့် ...

"ဟဲ ဟဲ ... မနေ့က မင်းဆီ ငါ ဖုန်းဆက်ဖို့ မေ့သွားတယ်ကွ၊ မင်း ဖုန်းကိုင်ထားတယ်ဆိုတာ ရုတ်တရက် ငါ မေ့နေတယ်"

"မင်းတို့ မဆက်လည်း ဆက်မဲ့သူ ရှိပြီးသားပါကွာ"

"ပိုးတုံးလုံး မဟုတ်လား"

"မင်းတော့ ဖုန်းဖိုးနဲ့ အိမ်က နှင်ချခံရဦးမယ်"



www.burmeseclassic.com

www.burmeseclassic.com



"သူ နှင်ချခံရမှာ မဟုတ်ဘူး၊ ဟိုကောင်မလေးကိုပဲ သူ့အိမ်က နှင်ချမှာ"

"မင်းတို့က ပိုးတုံးလုံး တစ်ယောက်ပဲ ငါ့ကိုကြိုက်မဲ့သူ ရှိတယ်လို့ ထင်နေကြတာလား"

"မဟုတ်တာ ကျနေတာပဲ"

"မနေ့ညက ငါ့ဆီကို ဆယ့်တစ်နာရီလောက်မှာ ဖုန်းတစ်ခု ဝင်လာတယ်ကွ၊ ပိုးတုံးလုံး မဟုတ်ဘူး၊ ပန်းရောင်တဲ့"

"ဟ ... အသစ်ပေါ့၊ ချောလား ပန်းရောင် ဆိုတာ"

"ဘယ်သူလဲ၊ ဘယ်ကလဲ၊ မင်း လိုက်နေတာလား"

"မင်းက လျှို့ထားတယ်ပေါ့လေ၊ ဟုတ်လား"

သူက ခေါင်းတွေရှေ့သို့ တိုးလာသော ဘော်ဒါသုံးကောင်ကို ခပ်တည်တည်နှင့် အကဲခတ်လိုက်သည်။ သုံးယောက်သားသည် သတင်းအသစ်ကို စိတ်ဝင်စား စူးစမ်းရိပ်များဖြင့် ခေါင်းတွေက ရှေ့သို့ တိုးလာလေသည်။

အဲဒီအပြင် ဘာမှ ထူးခြားခြင်းမရှိ။





"ကဲ ... ပြော၊ မင်းတို့ထဲက ပန်းရောင်ကို ငါ့အကြောင်းတွေ ဖောက်သည်ချထားတာ ဘယ်ကောင်လဲ"

သူက ခပ်တည်တည်ပင် ဖိန့်ဖိန့်လုပ်လိုက်သော်လည်း အဲဒီကောင်တွေက သူ့ကို ကြောင်စီစီပင် ပြန်ကြည့်လျက် ...

"ဘာတွေ ပြောနေတာလဲ"

"အေးလေ ... အသစ်အကြောင်း ပြောနေရင်းနဲ့ လိုင်းက ကြောင်လာပြန်ပြီ"

"ဟေ့ကောင်တွေ၊ ငါ ရှင်းရှင်းပဲ ပြောပြမယ်၊ ဒီဖုန်းနံပါတ်ကို မနေ့ကမှ မင်းတို့ကို ငါပြောပြတာ၊ အန်တီယမုံကို ဘတ်ထားတာတွေ၊ အဘွားကို လှည့်ထားတာတွေလည်း မနေ့ကမှ မင်းတို့ကို ပြောပြလိုက်တာ ...

အဲဒါ မင်းတို့ အဲဒီကောင်မလေးကို သွားပြောပြလိုက်တယ် မဟုတ်လား။ ကဲ ... ပြော၊ အဲဒါ ဘယ်သူ့စနက်လဲ ...

ငါ့ကို ကျပ်တာပေါ့လေ၊ ဟုတ်လား"



www.burmeseclassic.com

www.burmeseclassic.com



သူ့စကားကို ထိုသုံးယောက်က မျက်မှောင်ကြွတ်လိုက်၊ မျက်လုံးပြူးလိုက်၊ ပါးစပ်ဟလိုက်နှင့် ခံစားမှုအမျိုးမျိုးကို ပုံဖော်ကြပြီးမှ ဝူးဝူးဝါးဝါး အသံတွေ စ၍ထွက်လာကြတော့သည်။

"ဟာ ... ဘာတွေ လာပြောနေတာလဲ"

"အေးလေ ... ဘာတွေတုန်း"

"ဘာမှကို နားမလည်နိုင်တာ"

အဲဒီအချိန်မှာပဲ ကောင်မလေးအုပ်စုတစ်စုက သူတို့အနားမှ ဖြတ်လျှောက်ရင်း ကော်ဖီခွက်တစ်ခွက်က ဖိတ်စဉ်ကာ သူ့ပခုံးပေါ်သို့ လာကျလေသည်။ ကောင်မလေးက တောင်းပန်သူက ရပါတယ် ပြော၊ ရုတ်တရက် သုတ်စရာမရှိ ဖြစ်နေတုန်းမှာပဲ ဝိုင်းတစ်ဝိုင်းမှ ထလာသော စုံတွဲတစ်တွဲက သူတို့အနားမှ ဖြတ်လျှောက်သွားရင်း ယောကျ်ားလေး ဖြစ်သူက ...

"ရလား သူငယ်ချင်း၊ တစ်သျှူးယူမလား"

"အာ ... ရတယ်၊ ရတယ်"





"ရော့ ... ယူထားလိုက်"

ကောင်မလေးက တစ်သျှူးအထုပ်လိုက် လှမ်းပေးလျှင် သူက အားနာပါးနာနှင့် တစ်ရွက်ဆွဲထုတ်ကာ ပြန်ပေးဖို့ သပ်သော်လည်း ထိုစုံတွဲက ထွက်သွားပြီဖြစ်သည်။

ဒီးဒီးက အဲဒီအဖြစ်အပျက်ကို မျက်စိတဆုံး လိုက်ကြည့်ကာ ...

"ဒေါနတို့များ ကောင်းစားနေတာ၊ အတွဲနဲ့ လာတာတောင် ဒေါနကို ကြည်အားသေးတယ်၊ ကဲ ... ဆက်ပါဦး၊ မင်း ပြောတဲ့ကိစ္စ ငါကတော့ လုံးဝမသိဘူးနော်"

"အေးလေကွာ၊ သေချာလည်း ရှင်းပြပါဦး"

သူ့သူငယ်ချင်းတွေက တကယ်ကို အရိုးခံမျက်လုံးအားဖြင့် ပြောလျှင် သူ နည်းနည်းတော့ တွေဝေသွားရလေသည်။ တကယ်တမ်းတော့လည်း သူတို့သူငယ်ချင်းတွေဟာ ရှေ့တင်သာ ပေါ်တင်စနောက်ကြလျက် အဲဒီလောက်ကြီး ဦးနှောက်ခြောက်အောင် သူတို့ ဝိုင်းမကျပ်တတ်ကြချေ။



www.burmeseclassic.com

www.burmeseclassic.com



သူက ညက အဖြစ်အပျက်ကို အစအဆုံးပဲ လုံးစေ့ပတ်စေ့ ပြောပြလိုက်လေသည်။ သူ့စကားဆုံးလျှင် ထိုသုံးကောင်ကား ပို၍ပင် ခါးခါးသီးသီး ငြင်းဆန်ကြလျက် အဲဒီကိစ္စကိုလည်း သူ့ထက်တောင် စိတ်ဝင်စားသွားကြတာဖြစ်၏။

"ဒါဆို အဲဒီ ပင့်(ခ်)၊ အာ ... ရှုဗီပါတယ်၊ ပန်းရောင်ထမင်းရဲ့ဖုန်းနံပါတ်နဲ့ ဒီအကြောင်းတွေကို ဘယ်လိုသိနေတာလဲကွ ...

တော်တော်တော့ အံ့သြဖို့ကောင်းတယ်"

"အေးလေ ... ငါပြောတာက ဖုန်းနံပါတ်ကို တစ်ယောက်ယောက်က သိတယ်ဆိုတာ ရတယ် လက်ခံနိုင်တယ်၊ သို့သော် ဒါဟာလည်း အချိန်ကာလတစ်ခုနဲ့တော့ ဆိုင်တယ်၊ အခုဟာကကွာ မနေ့ကမှ မင်းလက်ထဲရောက်ပြီး ဟန်းဒ်ဖုန်းကို မင်းတောင် မနေ့ကမှ စ,ကိုင်တာ၊ အဲဒါ ထူးဆန်းတယ်"

သစ်နိုင်ရဲ့ အံ့သြမှုကို ဒီးဒီးက စဉ်းစားတွေးဟန်ဖြင့် ...



"မင်းကို ဖုန်းငှားတဲ့နေရာက သိတာ ဆိုရင်ကော"

"ဟာ ... ဒါဆိုလည်း ဖုန်းနံပါတ်ပဲ သိပြီး အိမ်ရှိပေါ့ကွ၊ သူက အဲဒါတာသက်သက်မှ မဟုတ်တာ၊ ဒီကောင် ဖန်ထားတဲ့ ခွင်တွေအားလုံး သိနေတာကိုး ...

အဲဒါ ပိုပြီး အထူးဆန်းဆုံးပဲ ...

မင်းတို့ပဲ စဉ်းစားကြည့်၊ ဒါ အရမ်းအရေးကြီးတယ်"

သူငယ်ချင်းတွေက တစ်ယောက်တစ်ပေါက် စဉ်းစားတွက်ချက်ပြီး ပြောပြမှပင် သူ ကြုံနေရသောအဖြစ်ဟာ တော်တော်စိတ်ဝင်စားစရာကောင်းမှန်း တဖြည်းဖြည်း ပြန်လက်ခံလာရလေသည်။

အစပိုင်းတုန်းကတော့ သူဟာ အဲဒီလောက် မဟုတ်သေး။ ကောင်မလေး တစ်ယောက်ထံက ဖုန်းဆက်တာ ခပ်ပေါ့ပေါ့ပဲလေဟု သဘောထားခဲ့သည်။

တကယ်တမ်း စဉ်းစားကြည့်တော့ ဘယ်လိုမှ လိုက်မမီသော ကိစ္စတစ်ခုဖြစ်ကာ နေလေသည်။

www.burmeseclassic.com



"အင်း ... သူက လူရော ဟုတ်ရဲ့လား မသိဘူး"

သရဲကားတွေ အရမ်းကြိုက်သော ကြည့်သော ပြည့်ဖြိုး က စဉ်းစားဟန်ဖြင့် ပြောလေသည်။

"ကျွတ် ... အရေးထဲ လာကြောင်နေပြန်ပြီ"

"ဟ ... ရှိတယ်လေ၊ One missed call ဆိုတဲ့ သရဲကား ထဲမှာဆိုရင် ဖုန်းလာပြီးတာနဲ့ သရဲက ရောက်လာတာလေ"

"အာ ... တော်စမ်းပါကွာ၊ မင်းရဲ့ ကလေးဦးနှောက်နဲ့ လာတွေးပြောနေပြန်ပါပြီ၊ ယုတ္တိရှိရှိဖြင့် မစဉ်းစားဘဲနဲ့"

"အဲဒီလောက,က တကယ်ရှိတယ်ကွ၊ မင်း မယုံဘူးလား"

အရေးထဲမှာ ဒီးဒီးနှင့် ပြည့်ဖြိုးက ထသတ်တော့ မလို ဖြစ်နေလျှင် သူ့မှာ အလျှင်အမြန်ပင် ဖျန်ဖြေရသေးသည်။ သစ်နိုင်ကတော့ အတွေးသမားပီပီ တစ်ခုခုကို အပြင်းအထန် စဉ်းစားနေပုံရကာ ဘာမှဝင်မပြောတော့ချေ။

သူတို့အုပ်စုထဲတွင် သစ်နိုင်သည် သချာအတော် ဆုံး ဖြစ်သလို အတွေးလည်း (သူ့လောက်နီးနီး)ပြေးသော





ဖြစ်သည်။ ဒီကောင်က တွေးနေလျှင် စကားမပြောတော့။ တွေး ပြီးသွားလျှင်လည်း အဖြေမှန် မဟုတ်တောင် မှန်လုနီးပါး အဖြေ ထုတ်တတ်လာသူဖြစ်သည်။

အခုလည်း တစ်ခုခုကို စဉ်းစားပြီးဟန်ဖြင့် ...

"မင်းကို သူက ပစ္စည်းတစ်ခုခု ပေးမယ်ဆို"

"အေး ... အဲဒါလည်း ငါ စောင့်နေတာကွ"

"ပြီးတော့ သူ့ဖုန်းနံပါတ်ကို မင်း မမှတ်မိဘူးလား"

"ဖုန်း ... အဲ ... မမှတ်မိဘူး၊ ဒါပေမဲ့ ဟန်းဒ်ဖုန်း မဟုတ် ဘူးကွ"

အဲဒီအချိန်မှာပဲ သူ့အိတ်ကပ်ထဲက ဖုန်းမြည်သံ ထွက်ပေါ်လာလျှင် အားလုံးရဲ့အကြည့်တွေက သူ့ထံသို့ စုပြုံ၍ ရောက်ရှိလို့ လာလေသည်။

သူက Display ပေါ်မှ နံပါတ်ကို အသေအချာ ကြည့်လိုက်လျှင် အံ့သြသွားလေသည်။ ဖုန်းဖွင့်လိုက်လျှင် ...

"ဟယ်လို ... ဒေါ်နှလားဟင်"



www.burmeseclassic.com

www.burmeseclassic.com



"အင်း ... ဟုတ်တယ် စနိုး၊ စနိုး ဘယ်ကဆက်နေတာလဲ"

"အိမ်ကပေါ့ ဒေါ်နရဲ့၊ အဲဒီမှာ နံပါတ်မပေါ်ဘူးလား"

"ပေါ်ပါတယ် ... ပေါ်တယ်၊ အဟင်း ... ဒါနဲ့ ဒီနံပါတ်ကို ဘယ်ကရတာလဲဟင်"

"ဒေါ်နကလည်း အတည်ပေါက်နဲ့ နောက်တတ်တယ်နော်၊ ဒေါ်နပဲ စနိုးကို ပေးခိုင်းထားပြီးတော့၊ အခု ဘယ်မှာလဲ ပြော"

"အပြင်မှာ ...၊ အဲ ... ဟိုလေ ... စနိုးကို ဘယ်သူကပေးတာလဲ"

"ဟင် ... ဒေါ်နတော့ တစ်ခန်းပျက်နေပြီနဲ့ တူတယ်၊ ဒေါ်နရဲ့အဒေါ်က စနိုးဆီကို ဖုန်းဆက်ပြီး ပေးတာလေ၊ ဒေါ်န ဆီမှာ ဟန်းဒ်ဖုန်း ရသွားပြီတဲ့၊ အဲဒါ သမီးခေါ်ကြည့်လိုက်ဦးတဲ့ ဆိုလို့။ ဒေါ်နက သူ မအားလို့ အန်တီကို ဆက်ခိုင်းတာတဲ့၊ ကဲ ... ဘာသိချင်သေးလဲ ...

အဲဒီ အန်တီနာမည်ပါ ပြောပြရဦးမလား"





တစ်ဖက်က ရွဲ့မေးတာ ဖြစ်နိုင်သော်လည်း သူက အဲဒီနာမည်ကို တကယ်ပဲ သိချင်နေခဲ့ပါသည်။

"ပြော ... ပြောပါဦး၊ ကိုယ့်အန်တီနာမည်က ..."

"ရှင့်ကိုတော့ လက်လန်တယ်၊ အန်တီပန်းရောင်တဲ့၊ သိပြီလား"

တစ်ဖက်က စိတ်တိုသွားတာလား စိတ်ညစ်သွားတာလား မသိရဘဲ ဖုန်းချသွားခဲ့သော်လည်း သူက ဖုန်းကို နားအနားမှာ ကပ်လျက်သားနှင့် အူတူတူဖြစ်ကာ ကျန်ရစ်ခဲ့ရသည်။

သူငယ်ချင်းတွေကလည်း သူ့အခြေအနေကြည့်ကာ ထူးခြားဖြစ်စဉ်မှန်း အားလုံး ရိပ်မိကြလေသည်။

❤ ✧ ❤



www.burmeseclassic.com

www.burmeseclassic.com



သူသည် ညရောက်လာလျှင် တနုံ့နုံ့ဖြစ်လာသော စိတ်နှင့်အတူ သူမ၏ဖုန်းကို စောင့်နေလေသည်။ ဒီနေ့တစ်နေ့လုံး အပြင်မှ ပြန်လာပြီးကတည်းက ဘယ်မှ ထပ်မထွက်ဖြစ်တော့။ သူမက ပေးမည်ဟူသော ပစ္စည်းကလည်း အခုချိန်ထိမှ ရောက်မလာသေးလျှင် ရောက်လာနိုင်ဖွယ်ရာ သိပ်မရှိတော့။





သို့သော် သူက ဘာကိုမှန်းမသိ မျှော်လင့်ချင်သေးသည်။ အထူးသဖြင့် သူမ ဆက်လာမည့် ဖုန်းသံတစ်ခုကို မျှော်လင့်စောင့်စားနေခြင်း ဖြစ်ပါသည်။ သူ မျှော်လင့်နေခဲ့သော ဖုန်းမြည်သံသည် ညဆယ့်တစ်နာရီတွင် ရောက်ရှိလို့လာခဲ့သည်။

သူက ဒီတစ်ခါတော့ ဖုန်းနံပါတ်ကို အသေအချာမှတ်သားထားပြီးမှ ဖုန်းကို ဖွင့်နားထောင်လိုက်သည်။

"မင်္ဂလာညချမ်းပါ ဒေါနအေး"

သူဟာ စိတ်အနည်းငယ်ဆတ်လျက် ရှိသည့်ကြားထဲမှ အဲဒီ ချိုရှရှ နှုတ်ဆက်သံ တစ်ခုကိုတော့ သဘောကျလှသည်။ ပြီးတော့ သူ ခံစားရသည်မှာ တီဗီအစီအစဉ်တစ်ခုမှ တင်ဆက်သူ မိန်းကလေးဟာ သူ့တစ်ယောက်တည်းကိုပဲ သီးသန့်နှုတ်ဆက်နေသလို ခံစားမှုပင်။

သူက တိတ်ဆိတ်နေသဖြင့် တစ်ဖက်မှ အသံထပ်ထွက်လာသည်။

"ပန်းရောင်ပါ ဒေါနအေး"



www.burmeseclassic.com

www.burmeseclassic.com



"သိပါတယ်၊ ကိုယ် မင်းအကြောင်းကို စဉ်းစားနေတာပါ"

"ဟုတ်လား၊ စဉ်းစားရင်းနဲ့ ဖုန်းစောင့်နေတယ်ပေါ့"

သူမက အတပ်သိနေသလို အပိုင်ပြောလေသည်။ သူက ငြင်းဆန်ဖို့ စိတ်မကူးတော့ဘဲ ...

"မင်းက အကြားအမြင်ရ မိန်းကလေးတော့ မဟုတ်ဘူးနဲ့ တူပါတယ်နော်"

"တချို့ကိစ္စတွေက တွေးတတ်ရင် အကြားအမြင် ရနေသလို ပါပဲ"

အပြင်ဘက်က ညသည် တိတ်ဆိတ်ငြိမ်သက်စွာဖြင့် သူတို့နှစ်ဦး စကားပြောနေသည်ကို ချောင်းနားထောင်နေသလို ခံစားရလေသည်။ ဒီလို ညဥ့်နက်နက်မျိုးမှာ စိတ်ဝင်စားဖွယ်ရာ ပဟေဠိတွေနှင့် မိန်းကလေးတစ်ယောက်ကို နှစ်ကိုယ်ကြား ဖုန်းပြောရသည်မှာ သူ့အတွက်တော့ ဒါ ပထမဦးဆုံးပဲ ဖြစ်သည်။

"ပန်းရောင် ... မင်း ပိုးတုံးလုံးကိုလည်း ဖုန်းနံပါတ် ပေး လိုက်တယ် မဟုတ်လား"

"ဟုတ်တယ်လေ၊ ရှင့်ဆီ ဆက်မှာပါ"





"ဆက်ပါတယ်၊ မင်းကိုတော့ တကယ်နားမလည်နိုင်အောင် ပဲ ဖြစ်ရပြီ။ မင်းက ပိုးတုံးလုံးကတစ်ဆင့် ကိုယ့်ကို သိနေ တာမျိုးလား ...

အာ ... မင်းနဲ့ပတ်သက်ပြီး ကိုယ် ဘာမှမလိုက်မမီ တော့ဘူး"

သူက ညည်းညည်းညူညူ ပြောလိုက်လျှင် သူမက ခပ်တိုးတိုး ရယ်မောနေပါသည်။ ပြီးတော့မှ သူ့ကို နှစ်သိမ့်သော လေသံဖြင့် ...

"ကျေးဇူးပြုပြီး ကိုယ့်အကြောင်းကို သိပ်မတွေးပါနဲ့လား ဒေါနု၊ မင်း ဦးနှောက်ပူလာတာပဲ ပိုမှာပါ ...

အဖြေကတော့ ထွက်မှာမဟုတ်ဘူး "

"မင်းက ပိုးတုံးလုံးနဲ့ သိသလား"

"ကိုယ်က သိနေတာပါ၊ သူက ကိုယ့်ကို မသိပါဘူး"

"ဟား ... ဘာတွေတုန်းကွာ၊ ကဲ ... ထားပါတော့ မင်း ပြောသလို ဘာကိုမှ လိုက်မစဉ်းစားတာပဲ ကောင်းပါ တယ်..."



www.burmeseclassic.com

www.burmeseclassic.com



မင်းက ကိုယ့်ကို ငါးလလောက်တောင် ကြိုသိထား ခဲ့တာဆိုတော့ တော်တော်ကျောနေလောက်ပြီ ...

ဒါနဲ့ မင်း ဒီနေ့ ရှုံးတယ်နော်"

"ဘာရှုံးလို့လဲ"

"မင်း ကိုယ့်ကို ဘာပစ္စည်းမှ မပေးနိုင်ဘူးလေ"

"ပေးခဲ့ပါတယ်"

"ဟင် ... ဘာလဲ၊ ဘာပေးတာလဲ၊ ကိုယ့်ဆီကို ဘာပစ္စည်းမှ ရောက်မလာပါဘူး၊ မင်း သုံးချင်မှ သုံးမယ်လို့ အရိုးဆုံးနည်းဖြစ်တဲ့ ပါဆယ်လ်နဲ့ပို့တာမျိုးတောင် ရောက်မလာခဲ့ဘူး"

တစ်ဖက်မှ ခပ်တိုးတိုး ရယ်မောနေလျှင် သူက ဇဝေဇဝါ ဖြစ်လာလျက် တစ်နေ့တာဖြစ်စဉ်ကို အသေအချာ ပြန်စဉ်းစားကြည့်ရသည်။ မရှိ ... ဘာဆို ဘာမှမရှိ။

"ကိုယ်ပြောရင်တော့ မင်း မှတ်မိမယ် ထင်တယ်"

"ပြောလေ ... ကိုယ်ကတော့ ဒီနေ့အဖို့ ဘယ်သူ့ဆီက ဘာပစ္စည်းမှ မရခဲ့ဘူး"





"အဖိုးတော့ သိပ်မတန်ပါဘူးလေ၊ မင်း သုတ်ဖို့အတွက် တစ်သျှူးထုပ်လေး ကိုယ် ပေးခဲ့ပါတယ်"

သူက လက်ထဲမှဖုန်းကို လွတ်ကျမသွားစေရန် အတော်ထိန်းထားလိုက်ရသည်။ အံ့ဩသဖြင့် စကားတောင် ချက်ချင်းပြန်မပြောနိုင်ချေ။ သူ့မှတ်ဉာဏ်ထဲတွင် နေ့ခင်းက Heart Icon ဆိုင်ထဲ၌ ပုံရိပ်တွေက တရိပ်ရိပ် ပြန်၍ပေါ်လာသည်။

သို့သော် သူဟာ တစ်သျှူးပေးသွားသည့် မိန်းကလေးရဲ့ ပုံရိပ်ကို မှတ်ဉာဏ်ထဲ၌ ဘယ်လိုမှ ပြန်ဖော်၍မရချေ။ သေချာလည်း မကြည့်မိလိုက်။ တစ်သျှူးထုပ်လေးဟာ အသစ်ကလေးအဖြစ် သူ့အိတ်ကပ်ထဲတော့ ထည့်ယူလာမိခဲ့သေးသည်။

"တစ်သျှူးပေးသွားတာ မင်းလား"

"ကိုယ် ပေးခဲ့လို့ အခု မင်းကို ပြောပြနေနိုင်တာပေါ့။ တစ်သျှူးက ရိုးရိုးတစ်သျှူးမဟုတ်ဘူးလေ၊ ဂက်(စ်)ဘိုင် တံဆိပ် အဆီစုပ်တစ်သျှူးပါ၊ ဟုတ်တယ်နော်"

သူက ပါးစပ်ပောင်းသားပွင့်ကာ ဘာမှပြန်မပြောနိုင်ပေ။



www.burmeseclassic.com

www.burmeseclassic.com



သူမက သူ မထင်သောနည်းကို သုံးသွားခဲ့တာဖြစ်သည်။ အတွဲနှင့်ဖြစ်သဖြင့်ရော အမှတ်တမဲ့ ဖြစ်သည့်အတွက်ရောကြောင့် သူဟာ ဘာကိုမှ ဂရုမထားမိခဲ့တာ ဖြစ်သည်။

ပထမတစ်ချီမှာတော့ သူမက ကောင်းကောင်းပညာပြသွားခဲ့ပြီ ဖြစ်လေသည်။

"မင်းက အရမ်းကြီးကြီးကျယ်ကျယ်တွေ တွေးထားတယ်နဲ့တူတယ်၊ အဲဒီလောက် မဟုတ်ပါဘူး၊ ခပ်ပါးပါးပါ —

ကဲ ... ကိုယ်နိုင်ပြီနော်၊ ဒီတော့ မင်း ကိုယ်ပြောတာကို လက်ခံပြီပေါ့ ဟုတ်လား"

"အာ ... လက်မခံနိုင်သေးပါဘူး၊ မင်းက အရာရာကို ကြိုသိနေတဲ့သူပဲ၊ ပြီးတော့ မင်းကို ကိုယ် ဘယ်လိုမှ ပုံဖော်ကြည့်လို့ မရဘူး"

သူမက သူ့စကားကို တခစ်ခစ်ရယ်မောကာ —

"အတွဲနဲ့ဆိုတော့ သိပ်ဂရုမစိုက်မိဘူး ဖြစ်သွားတာ နေမှာပေါ့"





"အင်း ... ဟုတ်မယ်၊ ကိုယ်က မိန်းကလေးတစ်ယောက် ဘယ်လောက်ပဲ ချောနေပါစေ၊ ဘေးနားမှာ ဘဲပါနေရင်တော့ လုံးဝမရှိုးတတ်ဘူး ...

မင်းကိုတော့ ကိုယ် လုံးဝကို ဂရုမစိုက်မိလိုက်တာပါ"

"အဲဒါပဲ ကောင်းပါတယ်၊ ဒါနဲ့ မင်းက ဘာဖြစ်လို့ ကိုယ့်အဘွားတို့ ကိုယ့်အဒေါ်တို့ကိုမှ ပါးပါးလိုးချင်နေရတာလဲ...

အဲဒါ မကောင်းပါဘူးကွာ၊ ပြီးတော့ ပိုးတုံးလုံးကို အသုံးချနေတာလည်း မကောင်းပါဘူး၊ မင်းလုပ်နေတဲ့ပုံစံက မျှော်လင့်ချက်တွေ ပေးထားသလိုပဲ ...

သူ့ကို ချစ်နိုင်မှာမို့လို့လား"

"မချစ်ပါဘူး၊ ဟိတ် ... ပန်းရောင်၊ မင်းက လူမှုကယ်ဆယ်ရေးအဖွဲ့ကတော့ ဟုတ်မယ် မထင်ပါဘူးနော် ...

ဘာကိစ္စ ကရုဏာရှင်မကြီး ဝင်လုပ်ချင်နေရတာလဲ"

"ကိုယ်က စာနာတာပါ၊ ဒီလိုပဲ အမြင်မတော်တာတွေ့ရင် ကူညီပေးခဲ့ပေါင်း များပါပြီ ...

www.burmeseclassic.com



မင်းက ဒီဇိုင်နာသင်တန်း တက်မယ်ဆိုရင်လည်း သချာတက်ပါလား၊ ဒီအရွယ်က ကြိုးစားအား ထုတ်သင့်နေတဲ့ အရွယ်ပါ"

"ဆရာမကြီး ခေါ်ပန်းရောင်၊ ဩဂါဒတွေ နည်းနည်းလျှော့ မင်း မဟော်သဓာဇာတ်တော်ကြီးအကြောင်း သင်ဖူးတယ် မဟုတ်လား ...

မဟော်သဓာက တော်ပါတယ်၊ ဒါပေမဲ့ နန်းတော် ထဲကို ခေါ်ဖို့အတွက် ထပ်စမ်းသပ်ပါဦး ... ဆိုသလို လေ ...

မင်းလည်း တော်ပါတယ်၊ ဒါပေမဲ့ ဒီလောက်နဲ့တော့ ကိုယ် မကျေနပ်နိုင်သေးဘူး"

"ရပါတယ်လေ၊ ဒီတော့ မင်းဆီကို နောက်ထပ်ပဟေဠိ တစ်ခု ပို့ပေးရဦးမယ်ပေါ့"

"အင်း ... ဒီတစ်ခါတော့ ကိုယ် သတ်မှတ်ရလိမ့်မယ်"

"ပြောပါ"





သူမအသံက တည်ငြိမ်ပြတ်သားစွာ ထွက်ပေါ်လို့လာ လျှင် သူ နည်းနည်းတော့ တွေဝေသွားရသည်။ ထိုမိန်းကလေး ဟာ ခေတော့ ခေသူမဟုတ် ဆိုတာ ပထမဆုံး အကြိမ်မှာပဲ သူ လက်ခံလိုက်ရပြီဖြစ်သည်။

ဒါပေမဲ့လည်း သူဟာ သူမကို အရှုံးမပေးချင်သေး ပေ။ သူ့လုပ်ရပ်တွေကို ကြိုကြိုသိနေတတ်သော သူမကို တစ် နည်းနည်းနဲ့တော့ အနိုင်ယူချင်သေးသည်။ သူမ ဘယ်လိုမှ ဖြေရှင်းနိုင်သည့် ကိစ္စတစ်ခုကို ခိုင်းချင်သေးသည်။

"မင်း နှင်းဆီဝိုင် ဗီဒီယိုဇာတ်ကားကို ကြည့်ဖူးလား"

"ကြည့်ဖူးပါတယ်၊ တော်တော်တောင် ကြာနေပြီပဲ၊ ကိုယ် တို့ ချာတိတ်ဘဝက ကားလေးပဲ၊ ဘာဖြစ်လို့လဲ"

"အဲဒီထဲမှာ လွင်မိုးက တင့်တင့်ထွန်းကို ချစ်နေတယ် လေ၊ ဒါပေမဲ့ လိုက်တော့ မလိုက်ဘူး၊ နှင်းဆီပွင့်တွေကို ခုနစ်ရက်တိတိ ပို့ပေးမယ်လို့ ပြောခဲ့တယ်၊ တင့်တင့်ထွန်း လုံးဝမသိအောင်ပေါ့ ...

www.burmeseclassic.com



တကယ်လည်း ဖြစ်အောင် ပို့ခဲ့တာပဲ၊ အဲဒီထဲထ လိုပဲ မင်းလည်း ကိုယ့်ဆီကို နှင်းဆီခုနစ်ပွင့် ခုနစ်ရက် ပို့ ပေးပါလား"

သူမက တစ်ဖက်မှ တဟားဟားနှင့် ရယ်မောကာ နေလေသည်။ သူ့ကို လှောင်သလိုတောင် ဖြစ်နေတာမို့ သူက ဘုတောလိုက်သေးသည်။

"ဘာလဲ ... မင်းက ကိုယ့်ကို ငကြောင်ဆိုပြီး ဟားနေတာ လား"

"မဟားရပါဘူး ... အရမ်းလွယ်လို့ သဘောကျနေတာ ပါ"

"ဘာ ... ဘာ ... ဘာ။ ဟော့ ... မင်း အဲဒီကားထဲက idea တွေတော့ ခိုးချမယ် စိတ်မကူးနဲ့နော်"

"အမလေး ... အဲဒီကားထဲက plot တွေဖြင့် မှတ်တောင် မမှတ်မိတော့ပါဘူး၊ ကိုယ် ရယ်ချင်တာက မင်းက အဲဒီ ဇာတ်လမ်းကိုမှ သဘောကျပြီး ခိုင်းလို့ ရယ်ချင်တာပါ





မင်းကို ကိုယ်က နှင်းဆီ ခုနစ်ရက်ပြည့်အောင် ပို့ရမယ်ပေါ့၊ ခုနစ်ရက်ဆက်တိုက်တော့ မဟုတ်ဘူးမှလား"

"ခုနစ်ကြိမ် ခုနစ်ပွင့်ဆို ရပါပြီ၊ မင်းသာ ဖြစ်အောင်လုပ် ပါလေ၊ ဒီတစ်ခါတော့ ကိုယ်က မင်းကို အရှုံးမပေးတော့ ပါဘူး ...

မင်းကိုဖမ်းဖို့ အခွင့်အရေး ခုနစ်ခါ ရှိပါပြီ။ ကံမ ကောင်းရင် မင်း ပထမဆုံးနှင်းဆီပွင့်မှာတင် မိသွားနိုင် တယ်"

"ကြည့်ကြတာပေါ့လေ၊ ကိုယ်ကတော့ အဲဒီ ခုနစ်ခါမှ ကိုယ့်ကို မင်း မတွေ့ခဲ့သေးရင် နောက်ထပ် တစ်ခါ အခွင့်အရေး ထပ်ပေးဖို့ စိတ်ကူးထားပါတယ် ...

အဲဒီတစ်ခါမှ မင်း ကိုယ့်ကို မတွေ့ခဲ့ဘူး ဆိုရင် တော့ ..."

သူမက စကားကို ဆက်မပြောဘဲ တန့်ထားလိုက်လျှင် သူက ခဏလေးတောင် မအောင့်နိုင်ဘဲ အလောတကြီး မေးမိလေသည်။



www.burmeseclassic.com

www.burmeseclassic.com



"မတွေ့ဘူးဆိုရင် ဘာလုပ်မှာလဲ"

"အဲဒါက ပြောဖို့ စောပါသေးတယ်၊ ဗွတ်နိုက်ချ် ဒေါ်မှ ဘိုင့်ဘိုင်"

သူမက ပြောရင်းဆိုရင်းပင် ချက်ချင်း ဖုန်းချသွား ခဲ့လေသည်။ သူမဟာ ထင်မှတ်မထားသော အချိန်မှာ လျို့ဝှက် လှုပ်ရှားတတ်သည်ဆိုတာကိုတော့ သူ တစ်ချက်သိလိုက်ရပြီဖြစ် သည်။

ဘာပဲပြောပြော သူဟာ သူ့ထံ အရောက်လာကြ တော့မည့် နှင်းဆီပွင့်တွေကို ဘယ်လိုထောင်ချောက်ဆင် ဖမ်းရ ပါ့မလဲ ဆိုတာကို တိတ်တဆိတ် တွေးတောရင်း ရင်ခုန်လှုပ်ရှား လို့ နေလေသည်။

❤ ✧ ❤





"ပထမမြောက်နှင်းဆီ"

သူနှင့်ထပ်တူ "ခုနစ်ရက်နှင်းဆီ"ကိစ္စကို ရင်ခုန် စိတ်လှုပ်ရှားတာက သူ့သူငယ်ချင်းတွေပဲ ဖြစ်သည်။ ဒီကောင် တွေကလည်း အဲဒီကိစ္စကို ဘယ်လိုမှ လိုက်မမီကြပေ။ အထူး



www.burmeseclassic.com

www.burmeseclassic.com



အဆန်းတွေလည်း ဖြစ်သလို မိန်းကလေးတစ်ယောက်က တစ်ကွက်ကျောနေခြင်းအပေါ် မခံချင်တွေလည်း ဖြစ်ကြကာ နီးစပ်ရာမှာ ပန်းရောင် ဆိုသော နာမည်အကြောင်းကို စုံစမ်းရတာလည်း အမောပဲဖြစ်၏။

အဲဒီအတွက် သူလည်းပဲ မနေရပါ။ မေးချင်တာရှိသဖြင့် အန်တီယမုံ့ အနားသို့ ကပ်ကာ ...

"အန်တီ ... ဟိုလေ အန်တီ့အသိထဲမှာ ပန်းရောင် ဆိုတာရှိလားဟင်"

"ပန်းရောင် ! ရှိပါဘူး၊ ကဲ ... လာစမ်းပါဦးဟယ်၊ နင်ကလည်း တစ်အိမ်ထဲနေပြီး ဖမ်းလို့ကို မမိနိုင်ဘူး ...

ငါ ညနေ ဒင်နာတစ်ပွဲ သွားစရာရှိတာ ဘယ်လိုပြင်သွားသင့်သလဲ၊ ဘာဝတ်ရမလဲ၊ အကြံဉာဏ်ပေးစမ်းပါဦး"

"အင်းပါဗျာ ... အဲဒါက လွယ်ပါတယ်၊ ကျွန်တော် မေးတာသာ ဖြေစမ်းပါ၊ အန်တီ့ အသိထဲမှာ မရှိလည်း ဟို





အန်တီ့မိတ်ဆွေထဲမှာရော၊ အဲဒီမိတ်ဆွေတွေရဲ့ သားသမီးတွေထဲမှာပေါ့ ...

စုံစမ်းပေးစမ်းပါ၊ ပန်းရောင် မရှိလည်း ပန်းပါတဲ့ နာမည်မျိုးပေါ့"

အန်တီက မျက်မှောင်ကုတ်ကြည့်ကာ ...

"ဘာတွေ အသည်းအသန် လာဖြစ်ပြနေတာလဲ၊ နေပါဦး၊ နင် သင်တန်းရော မှန်မှန်သွားရဲ့လား။ နောက်လကျရင် ငါ့မိတ်ဆွေတစ်ယောက်ရဲ့ မင်္ဂလာဆောင် ရှိတယ်နော်၊ အဲဒါ နင် ချုပ်ပေးရမှာ"

"အေးပါဗျာ၊ ကျွန်တော် မေးတာလည်း စုံစမ်းပေးဦး"

"ကဲ ... နင်ကလည်း ငါ့ကို ဒင်နာအတွက် အဝတ်အစား ရွေးပေးဦးလေ"

သူက အန်တီယမုံ့ထံမှ လခယူထားသဖြင့် အရင်လို တင်းတင်းပြတ်ပြတ် မပြောနိုင်ဘဲ ရှုံ့ရှုံ့မဲ့မဲ့နှင့်ပင် အဝတ်အစားအတွက် အကြံဉာဏ် ပေးရလေသည်။ ဒါပေမဲ့ သူဟာ ဖက်ရှင်



www.burmeseclassic.com

www.burmeseclassic.com



ဘက်မှာ တကယ်ပဲ talent ပါလာသူလားတော့ မသိပါ။ သူရေး ပေးသောပုံစံများဟာ သပ်ရပ်စမတ်ကျ လှပနေတတ်သည်။ ဒါတောင် သူဟာ သိပ်စိတ်ပါလက်ပါ စီစဉ်ပေးတာ မဟုတ်သေး ချေ။

အဲဒီလိုပဲ အဘွားကိုလည်း သူက အနားကပ်ကာ ပန်းရောင် အကြောင်း စုံစမ်းမေးမြန်းရပြန်သည်။

"အဘွား ... အဘွားမိတ်ဆွေတွေရဲ့ သမီးတွေထဲမှာလေ ပန်းရောင် ဆိုတာများ ရှိလား၊ ကြားဖူးလားဟင်"

"ကြားဖူးပါဘူးဟဲ့၊ မြေးလေးရေ ... ခဏနေ အဘွားကို ရွှေဘုံသာလမ်း လိုက်ပို့စမ်းကွယ်၊ ဘွား မိတ်ဆွေဆိုင်မှာ မျက်မှန်ကိုင်းသစ်တွေ ရောက်နေတယ်ပြောလို့၊ ဒီကိုင်းက အန်းဒိတ်ဖြစ်နေပြီ"

သူက တစ်ဖက်သို့လှည့်ကာ မဲ့ရွဲ့မိလေသည်။ အဲဒါ ကြောင့် အဘွားတို့အနားသို့ သူ မကပ်ချင်တာ ဖြစ်၏။ မမြင် လိုက်နှင့် မြင်လိုက်တာနဲ့ နိုင်းတော့တာပင်။



"ဒီမျက်မှန်လည်း လှပါတယ် အဘွားရာ၊ နောက်မှ သွား ရအောင်ပါ၊ အဘွား သေချာစဉ်းစားပါဦး၊ အဘွားမိတ်ဆွေ တွေရဲ့ သမီးတွေထဲမှာ ပန်းရောင် ဆိုတာ မရှိတောင် ပန်းပါတဲ့ နာမည်မျိုးပေါ့ ...

မရှိဘူးလားဟင်၊ မေးကြည့်ပေးပါ"

"ဩော် ... ဒီကောင်လေးနှယ်၊ ဘာကို အသည်းအသန်ဖြစ် နေတာလဲ၊ ကဲပါ ... မေးပေးမယ် ... မေးပေးမယ်၊ အခုတော့ ဘွားကို အဲဒီရွှေဘုံသာလမ်းကို လိုက်ပို့ပေးစမ်းပါကွယ် ...

ဘွားသူငယ်ချင်း တပ်ထားတဲ့ မျက်မှန်ကို ဘွား အရမ်းသဘောကျလို့ပါ"

အဘွားကား တဂျိဂျီ ပြောနေသဖြင့် သူက မတတ် သာပဲ လိုက်ပို့ပေးရတော့သည်။ တကယ်ဆို သူဟာ ဒီအချိန်မျိုး ၌ အဲဒီ ဗိုလ်ချုပ်ဈေးဘက်သို့ လုံးဝမသွားချင်ပေ။ ကားတွေကျပ် လူတွေရှုပ်သဖြင့် အင်မတန် မျက်စိနောက်လှသည်။ သို့သော် အဘွားက သူကြိုက်သော နေကာမျက်မှန်တစ်လက် ဝယ်ပေး၍

www.burmeseclassic.com



မည်ဟု မှူးသဖြင့် သူဟာ မလိုက်ပို့ချင်လည်း လိုက်ပို့ရတော့တာပင်။

ဒီလိုနှင့် မဂိုလမ်း(ရွှေဘုံသာလမ်း)ရှိ မျက်မှန်ဆိုင်တွေသို့ သူနှင့်အဘွား ရောက်လာခဲ့တော့သည်။ အဘွားရဲ့မျက်စိကို စစ်ဆေးတာ၊ မျက်မှန်ကိုင်း ရွေးတာ လုပ်နေတုန်း သူကလည်း သူ့စိတ်ကြိုက် မျက်မှန်ကိုင်းကို ရွေးလျက်ရှိသည်။

မျက်မှန်တွေဟာ အလှအပ အမိုက်စားတွေချည်းပဲမို့ သူဟာ ဘာကိုရွေးလို့ရွေးရမှန်း မသိပေ။ နောက်ဆုံး RayBan ထဲမှ နောက်ဆုံးမော်ဒယ်ရယ်၊ ဖိုတိုဂရေး မျက်မှန်တစ်လက်ရယ်ကို ဘယ်ဟာရွေးရမှန်း မသိဘဲ အကြံအိုက်လျက် ရှိနေသည်။

အဲဒီအချိန်မှာပဲ သူ့တဲ့တောင်ဆစ်က တစ်စုံတစ်ခုကို သွားတိုက်မိ၍ အဲဒါဟာ အောက်သို့ ဘုတ်ခနဲ ပြုတ်ကျသွားလျှင် သူဟာ အတော်လန့်သွားရလေသည်။ ဆိုင်က ဝန်ထမ်းကောင်မလေးက သူ လန့်သွားတာကို သိသည့်အလား အောက်သို့ကုန်းကောက်ပေးပြီးလျှင် သူ့လက်ထဲသို့ ကမ်းပေးလာရင်း ...





"အစ်ကို့ပန်းလေးနဲ့ တူတယ်၊ မျက်မှန်ကျတာ မဟုတ်ပါဘူး"

သူဟာ ကောင်မလေး ကမ်းပေးနေသည့် ပလတ်စတစ်အကြည်လေးနှင့် ထုပ်ထားသော ပန်းနုရောင်နှင်းဆီဖူးလေးကို အံ့အားတသင့် စိုက်ကြည့်ရင်း တော်တော်နှင့် မယူမိချေ။

အထူးသဖြင့် ပန်းစည်း၏ အောက်ခြေပိုင်းမှာ ဖဲကြိုးနှင့်အတူ တွဲချည်ထားသော ကတ်ပြားလေးက သူ့ကိုရည်ညွှန်းမှန်း ပို၍သေချာနေလေသည်။

"အစ်ကို့ဟာ မဟုတ်ဘူးလား"

ကောင်မလေးက ဇဝေဇဝါ ဖြစ်လာလျှင် သူက ကမန်းကတန်း ဟန်လုပ်ကာ ...

"ဪ ... ဟုတ်တယ်၊ အဟင်း ... ဆောရီး ... ဆောရီး၊ ပေး ... ပေး"

သူက ပန်းစည်းလေးကို စိတ်လှုပ်ရှားစွာ လှမ်းယူပြီး ကတ်ပြားမှ စာလေးကို ဖတ်ကြည့်လိုက်လျှင် ...



www.burmeseclassic.com

www.burmeseclassic.com



"1 * Rose 4 u

Pink"

ဟူ၍ တွေ့လိုက်ရတော့လေသည်။

(မှတ်ချက်။ ။ 4u = For you = သင့်အတွက်)

အဲဒီအချိန်မှာပဲ သူ့အိတ်ကပ်ထဲမှ ဟန်းဒ်ဖုန်းက တီးလုံးသံလေး ထွက်ပေါ်လာခဲ့တာ ဖြစ်သည်။ သူဟာ တစ်စက္ကန့် တစ်မိနစ်မျှပင် မအောင့်နိုင်တော့ဘဲ ဖုန်းကို အလျင်အမြန်ဖွင့် ကာ...

"ပန်းရောင် ... မင်း ပို့လိုက်တာ မဟုတ်လား"

"ဟုတ်ပါတယ်၊ အဲဒါ ပထမဆုံးနှင်းဆီပဲနော်၊ နောက်ထပ် ခြောက်ပွင့်ပဲ ကျန်တော့တယ် ဆိုတာကို သတိပေးတာ"

"ကျွတ် ... အေးပါ၊ မင်းက ဆပ်ပရိုက် လုပ်သွားတာကြီး နေပါဦး၊ မင်း ဒီဆိုင်ထဲကို ရောက်လာခဲ့တာလား"

"ဟုတ်တယ်၊ တကယ်တော့ အခု ကိုယ် ဖုန်းဆက်တာ အဲဒီအကြောင်း ပြောမလို့ မဟုတ်ပါဘူး ...





မင်း မျက်မှန်ရွေးတာ လွဲမှာစိုးလို့ ပြောတာ၊ RayBan ရဲ့ နောက်ဆုံးမိုဒယ်က လှပေမယ့် မင်းနဲ့ဆိုရင်တော့ သိပ်မလိုက်ဘူး၊ လူကြီးဆန်တယ်၊ ကြာရင် မင်း ကြိုက်တော့မှာ မဟုတ်ဘူး ...

ဖိုတိုဂရေးကိုပဲ ယူပါ၊ အကြံပေးတာနော်"

"ဟာ ... ဟေ့၊ မင်း အခု ဘယ်နားက ပြောနေတာလဲ၊ ဟေ့ကောင် ..."

သူ့စကားကို သူမက ဆုံးအောင်တောင် နားမထောင် သွားချေ။ ပြောချင်တာပြောပြီး ဖုန်းပိတ်သွားတော့တာ ဖြစ်သည်။ သူက အပြေးအလွှားပင် ဆိုင်ရဲ့အပြင်ဘက်သို့ထွက်ကာ ဟိုဟိုဒီဒီ ဆေ့ဝဲကြည့်လျက် သူမကို ရှာသည်။

ရွှေဘုံသာလမ်းကြီးရဲ့ ဟိုဘက် ဒီဘက်သို့ များပြားလှစွာသော လူတွေ၊ မိန်းမပျိုလေးတွေ ပျားပန်းခတ်မျှ လျှောက်သွားနေကြတာ တွေ့သော်လည်း ဘယ်သူဟာ သူမမှန်း မသိပေ။ ဟိုဘက် ဒီဘက် လှည့်ရလွန်းသဖြင့် သူ့ခေါင်းတွေတောင် မူး၍ လာလေသည်။



www.burmeseclassic.com

www.burmeseclassic.com



တကယ်တော့ သူ ရှာဖွေနေတာဟာ အရှုးထ... သက်သက်ပဲ ဖြစ်၏။ သူဟာ ပန်းရောင်ကို နာမည်နှင့် အသံ... လွဲ၍ ဘာမှမသိပါ။ နာမည်တောင်မှ လူတိုင်းသိမည့် သူမရဲ့ နာမည်ရင်းကို သူ မသိခဲ့။

သူက ရင်ထဲမှာ တနုံ့နုံ့ ဖြစ်လာရင်း အခုနက ခေါ်ထားသည့် ဖုန်းနံပါတ်ကို ပြန်စစ်ဆေးကြည့်လိုက်လျှင် ဖုန်း... ရိုးရိုးလိုင်းဖုန်းနံပါတ် ဖြစ်၍နေသည်။

သူက အချိန်မဆိုင်းဘဲ ထိုဖုန်းနံပါတ်ကို ခေါ်ပြ... လျှင် ...

"ဟို ... ပန်းရောင်နဲ့ စကားပြောချင်လို့ပါ ခင်ဗျာ"

"ဩော် ... ဒါက အများသုံးတဲ့ PCO ဖုန်းပါ"

"ဟုတ်လား ... ဒါဖြင့် အခုနကလေ မိန်းကလေးတစ်... ယောက်များ အဲဒီဖုန်းကို လာပြောလား မသိဘူး၊ ကျေး... ပြု၍ခင်ဗျာ၊ အရေးကြီးလို့ပါနော်၊ နှောင့်ယှက်တာ မဟုတ်... ပါဘူး"





တစ်ဖက်က ဝန်ထမ်းမိန်းကလေးက နားလည်... ...သဘောပေါက်ဟန်ဖြင့် ရယ်သံစွက်စွက်ရှိစွာ ပြေကြားပေးလေ... ...သည်။

"ဟုတ်ကဲ့၊ ပြောပါတယ်၊ အခု သူ မရှိတော့ပါဘူး"

"အစ်မရဲ့ ဖုန်းနေရာက ဘယ်နားမှာလဲ ခင်ဗျာ"

"ဂျေဒိုးနတ်ဆိုင်နားမှာပါ"

ဩော် ... သူမ တကယ်ကိုပဲ ဒီနေရာကို ရောက်... ...ခဲ့တာပါလား။ သူ့အသည်းထဲတွင် ကျလိ ကျလိ ဖြစ်လာပြီး ...ာက် သူမကို ပို၍တွေ့ချင် အမိဖမ်းချင်၍ လာခဲ့ပါသည်။

အနည်းဆုံးတော့ သူမရဲ့ပုံပန်းသဏ္ဌာန်ကို သူသိရ... ...ျှင် သူ့အဖို့ရာ နည်းလမ်းတစ်ခုတော့ ရှာလို့ရနိုင်ကောင်းပါမည်။

"ဟို ... သူ့ပုံစံက ဘယ်လိုမျိုးလဲဟင်၊ ဆံပင်ရှည်လား၊ ချောလား"

တစ်ဖက်က မိန်းမသည် သူ့စကားကို တဟားဟား ...ကို ရယ်နေတော့တာ ဖြစ်လေသည်။ အနားက တစ်ယောက်



www.burmeseclassic.com

www.burmeseclassic.com



နှင့်လည်း ပိကျိ ပိကျိတွေ ပြောသေးသည်။ ဒွေ့တစ်ကောင်းတော့ တွေ့နေပြီပေါ့။

ပြောကြပါစေ၊ ကိုယ်က သိချင်နေတဲ့လူပဲ။ ဘာဖြစ်ဖြစ် ပန်းရောင်ရဲ့ ပုံသဏ္ဌာန်လေးကို ကြားရတာနဲ့တင် ရင်တွေ ဖျိုးဖျိုးဖျတ်ဖျတ် ဖြစ်လာတာကိုက ခံစားမှုအသစ်ပဲ ဖြစ်လေသည်။

"ရုပ်ရည်ကတော့ အဲဒီလောက်ကြီး မမှတ်မိဘူး။ သူ့မှတ်မိစေတာက အရမ်းလှတဲ့ ဆံပင်ရှည်တွေကြောင့်ပဲ

ဆံပင်တွေက တင်ပါးကျော်တယ်၊ အဲဒီဆံပင်တွေ ဝဲခနဲဖြာအောင် လှည့်ထွက်သွားလို့ မှတ်မိတာကဲ ... ဒါပဲ မဟုတ်လား"

"ဟုတ်ကဲ့ ... ဟုတ်ကဲ့ ... သင့်ခ်ယူနော် အစ်မ"

သူက ဖုန်းကို ပြန်ပိတ်လိုက်ပြီးနောက် ကြည်နူးဖြင့် ပြုံးမိလေသည်။ ပန်းရောင်မဟာ ဆံပင်အရှည်ကြီးနဲ့တဲ့ က ပြုံးပြုံး ပြုံးပြုံးနှင့်ပင် မျက်မှန်ဆိုင်ထဲ ပြန်ဝင်လာခဲ့သည်





သူ ပြန်ရောက်လာတော့ အဘွားပင်လျှင် မျက်မှန်လုပ်လို့ ပြီးသွားချေပြီ။

"ဘယ်တွေ သွားနေတာလဲ မြေးရဲ့၊ မြေးကြိုက်တာ ယူပြီးပြီလား"

သူက အဘွားကို ခေါင်းယမ်းပြလိုက်ရင်းမှ အရောင်းဝန်ထမ်း မိန်းကလေးဘက်သို့လှည့်ကာ ...

"ဖိုတိုဂရေးပဲ ယူမယ်၊ အဲဒါ ထည့်လိုက်ပါ"

ဟု ဆုံးဖြတ်ပေးလိုက်လေသည်။

အရောင်းစာရေးမလေးက မျက်မှန်ဘူးကို သူတို့ဆိုင်တံဆိပ်ပါသောအိတ်နှင့် ထည့်ပေးရင်း ကောင်တာပေါ်က နှင်းဆီဖူးလေးကိုပါ အဲဒီအိတ်ထဲသို့ တစ်ခါတည်း ထည့်ပေးလိုက်တော့သည်။

သူသည် အိမ်ရောက်လျှင် အဲဒီနှင်းဆီဖူးငုံလေးကို ပန်းအိုးတစ်အိုးထဲမှာ အသာစိုက်ထားလိုက်တော့လေသည်။ နှင်းဆီဖူးဟာ နှင်းဆီပန်းအစစ် မဟုတ်ချေ။ အစစ်နှင့် အင်မတန်တူသည့် အတုပဲ ဖြစ်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com



သို့သော် သူဟာ ဘာကြောင့်မှန်း မသိဘဲ အဲဒီဝန်း အတုလေးကိုပဲ ပိုသဘောကျသည်။

ဖြစ်နိုင်လျှင် အစစ်ကို သူ မလိုချင်ခဲ့ပါ။ ဘာကြောင့် ရယ်ဆိုတာ သူ မပြောချင်ပေမဲ့ ပန်းအစစ်ကို သူ မရချင်ခဲ့ပေ။ သူဟာ နှင်းဆီငုံလေးကို သဘောကျစိတ်ဖြင့် အနားကပ်၍ ငုံ့ကြည့်လိုက်လျှင် သင်းပျံ့သော ရနံ့တစ်မျိုးကို ခံစားရရှိလိုက် လေသည်။

ရေမွှေးရနံ့တစ်မျိုးဟာ သူ့အနားသို့ သူမ ရောက် လာသည့်အလား ခံစားချက် အသစ်တစ်မျိုးကို ပေးခဲ့ပါသည်။

❤ ✧ ❤





"ဒုတိယမြောက်နှင်းဆီ"

အခုနောက်ပိုင်း မိုးကုန်သွားပြီးနောက် ဆောင်းဝင်စ လာသဖြင့် သူဟာ သူ့ရဲ့ဝါသနာဖြစ်သော နံနက်စောစော ပြိုင် စီးသည့် အလေ့အထကို ပြန်လုပ်ဖို့ စိတ်ကူးတော့လေသည်။



www.burmeseclassic.com

www.burmeseclassic.com



ရန်ကုန်ဆောင်းဟာ ခါတိုင်းနှစ်တွေမှာ သိပ်မအေး
သာ သိပ်မအေးလှပေမဲ့ အခုနှစ်ကတော့ ကမ္ဘာကြီးမှာ ရာသီဥတု
တွေ နှဖောက်ပြန်နေလို့ပဲလားတော့ မသိချေ။ တကယ်အေးမြ
စိုစွတ်လျက် ရှိနေပါသည်။

ဒီလို နံနက်ခင်းတွေမှာ စက်ဘီးစီးဖို့ကို ဘော်ဒါ
တွေအား နည်းနည်းလေးမှ မဲဆွယ်၍ မရချေ။ အိမ်ချင်းနီးသော
ပြည့်ဖြိုးဟာလည်း ဆယ်နာရီက အစောဆုံး အိပ်ရာထချိန် ဖြစ်
တာမို့ သူ့ဟာသူပဲ တစ်ယောက်တည်း စီးရသည်။

သူဟာ နှင်းငွေ့တွေကိုထိုးဖောက်ခွဲရင်း စီးလာကာ
မျက်နှာကို လေထုကလာရောက်တိုက်ခတ် ရိုက်တာကို အလွန်
သဘောကျသောသူ ဖြစ်၏။

ဒီလိုနှင့် လေဟုန်ကိုခွဲကာ အပြင်း နှင်လာရင်း
တစ်နေရာအရောက်တွင် ပဲပြုတ်သည်တစ်ယောက်နှင့် ကားတစ်စီး
ကို အခြေအနေမလှစွာ တွေ့ရတော့တာဖြစ်သည်။

ကားဟာ အရှိန်ပြင်းစွာ မောင်းလာရင်း ပဲပြုတ်သည်
ကို ပွတ်ဆွဲသွားမိတော့မတတ်ဖြစ်လျက် သူ့ထံသို့လည်း ကမူ





ဆိုး ပြေးလာသလို ရှိသဖြင့် သူဟာလည်း လမ်းဘေးသို့
ဖြန်ဆွဲချလိုက်ရသည်။

သူက လမ်းဘေးမြက်တောထဲသို့ ကျသွားသဖြင့်
မှ မဖြစ်သော်လည်း ပဲပြုတ်သည်မိန်းမကတော့ ရေမြောင်း
ခုထဲ ခြေချော်၍ ကျသွားခဲ့တာဖြစ်လေသည်။ သူ့မှာ စက်ဘီး
နေရာမှာတင် ထားပစ်ခဲ့လျက် ပဲပြုတ်သည်မိန်းမထံ ပြေး၍
ရလေသည်။

လူကသာ မြောင်းထဲကျလျက် ပဲပြုတ်တောင်းက
အပေါ်မှာ ကျန်ရစ်ခဲ့သည်မှာ တော်တော်ကုသိုလ်ထူးသည့်
ပြုတ်သည်ပဲ ဖြစ်၏။

သူက မြောင်းထဲမှ မိန်းမထံ လက်ကမ်းပေးရင်း...

"အစ်မ ရလား၊ ထ ... ထ၊ ဘာဖြစ်သွားသေးလဲ၊ ကျွန်
တော့်လက်ကို တွဲပြီးတက်ခဲ့လိုက်"

"အား ... ကျွတ် ကျွတ်၊ နာလိုက်တာ၊ တောက် ... သေ
ချင်းဆိုးကား၊ ဒီလောက်တောင် မောင်းလာရသလား ...
အစ်မ ပဲပြုတ်တောင်းရော မှောက်သွားသေးလား"



www.burmeseclassic.com

www.burmeseclassic.com



"မမှောက်ဘူး၊ အစ်မ ကုသိုလ်ကံ တော်တော်ထူးတယ်

အဟဲ ဟဲ ... လူပဲ မြောင်းထဲကျတယ်"

သူက နောက်ပြောင်လိုက်တာ ဖြစ်သော်လည်း ဒီ မိန်းမက ဖုတ်ဖတ်ခါပြီး မြောင်းထဲမှ တက်လာရင်းမှ ...

"အေး ... အစ်မလည်း ကျချင်းကျ လူပဲ အကျခံလိုက်တာ ပဲပြုတ်တောင်းကိုတော့ တမင် ပစ်ချထားခဲ့ရတာကွယ် ... အဲဒါ အစ်မ ထမင်းအိုးလေ"

ဟု ပြောလျှင် သူ့မှာ တကယ်ပဲ ကရုဏာသက် သွားရပါသည်။ သူက အနားမှာကျနေသော ချိန်ခွင်နှင့် အလေး ကို ကောက်ထည့်ပေးရင်းမှ ...

"နောက်ကို သတိနဲ့သွားပေါ့ အစ်မရယ်၊ ရရဲ့လား၊ လမ်း လျှောက်နိုင်ရဲ့လား"

"ရတယ် လျှောက်နိုင်တယ်၊ ဒါနဲ့ မောင်လေးကို အစ် မြင်ဖူးသလိုပဲ၊ ဒီနားက ခြံက မဟုတ်လား၊ ဟိုလေ ... ဘွားခင်ကျော့ရဲ့မြေး၊ ဖိုးအေး ဆိုတာ ဟုတ်တယ် မဟုတ် လား"





သူက ရှုံ့ရှုံ့မဲ့မဲ့နှင့်ပင် ခေါင်းညိတ်ပြလိုက်ရသည်။ စောစောစီးစီးမှာ အသီပဲပြုတ်သည်နှင့် လာတိုးနေရချေပြီ။

"ဟယ် ... အတော်ပဲ၊ မောင်လေးတို့ အိမ်ကို အစ်မက နေ့တိုင်း ပဲပြုတ်ပို့ရတာကွယ့်၊ ရော့ ... ရော့ ... တစ်ခါ တည်း ယူသွားပါနော်"

"အာ ... အစ်မဘာသာ သွားပို့ပါဗျာ"

"အစ်မ ခြေထောက်က နာလာလို့ပါကွယ်၊ အားလည်း နာပါတယ်၊ ယူသွားပါနော်"

ထိုမိန်းမက ပဲပြုတ်တွေကိုချိန်ကာ ပါဆယ်ထုပ်ပေးပြီး သူ့လက်ထဲသို့ အတင်းထိုးထည့်ပေးနေလျှင် သူက မယူချင့်ယူချင် အောက်သီးအောက်သက်ဖြင့် ယူလိုက်ရလေသည်။ ပါးစပ်မှလည်း ...

"လက်စသတ်တော့ အမှန်းစာရင်း နံပါတ်(၃)ရဲ့ တရားခံ က ခင်ဗျားကိုး"

"အမလေး ... အစ်မကိုတော့ မမုန်းပါနဲ့ကွယ်၊ ကလေး ခြောက်ယောက်နဲ့ လင်သူတော်ကောင်းကြီးကို လုပ်ကျွေး နေရတဲ့သူပါ ..."



www.burmeseclassic.com

www.burmeseclassic.com



ဘဝသမားတွေပါကွယ် ...”

“ကဲပါ ... ပဲပြုတ်သည် မထားရယ်၊ သွားပါတော့”

“အစ်မနာမည် မထား မဟုတ်ဘူးကွယ် မအုံးစောပါ၊ အွန်စောကို အားကျပြီး ပြောင်းထားတာ မဟုတ်ဘူးနော်၊ အောင်ရီကျင်နယ်လ် အမေမွေးကတည်းက အုံးစောပါ”

“ဟုတ်ကဲ့ မအုံးစော၊ နေမြင့်နေပြီ ကက်စတမ်မာတွေက မျှော်ရောမယ်၊ သွားတော့နော်”

“အေး ... အေး မောင်လေး၊ ဆီးယူနော်”

သူက နှစ်ဆယ့်တစ်ရာစု၏ ပဲပြုတ်သည်ကို ဆလဲလေးကာ သူ့စက်ဘီး ထားခဲ့သော နေရာကို ပဲပြုတ်တစ်ထုပ်နှင့် ငိုက်စိုက် ငိုက်စိုက် ပြန်လျှောက်လာခဲ့လေသည်။ အဲဒီမှာပဲ သူ ပျာသွားရတာက သူ့စက်ဘီးလေးဟာ လဲကျခဲ့သော နေရာမှာ မရှိတော့တာပဲ ဖြစ်သည်။

ဟိုဟိုဒီဒီ ဝေ့ဝဲကြည့်လိုက်တော့မှ သစ်ပင်တစ်ပင်ကိုမှီ၍ ထောင်ထားသော သူ့စက်ဘီးလေးကို ပုံစံမပျက် တွေ့လိုက်ရတာ ဖြစ်လေသည်။ သူက အဲဒီကျမှ ဟင်းခနဲ သက်ပြင်းချနိုင်ရင်း စက်ဘီးအနားသို့ လျှောက်လာခဲ့လိုက်လျှင် မျှော်လင့်ထားသော တစ်စုံတစ်ရာကို တွေ့မြင်လိုက်တော့တာ ဖြစ်သည်။





စက်ဘီးလက်ကိုင်မှာ ညှပ်ထားသော နှင်းဆီဖူးလေးတစ်ပွင့်။ ပထမရခဲ့သော ပုံစံအတိုင်း တစ်သဝေမတိမ်း။ ဒါပေမဲ့ ကတ်ပြားလေးကတော့ ဒါဟာ နောက်ထပ်တစ်ပွင့်ပါဆိုတာကို ပြောပြပေးနေပြန်ခဲ့သည်။

“2 nd Rose 4 u

Pink”

ဟူ၍ ...။

သင့်အတွက် ဒုတိယမြောက်နှင်းဆီပါတဲ့ပေါ့လေ။ သူက အောင့်သက်သက်၊ ကြည်လည်းကြည်နူး၊ ဘာ လအော့လအယ်ဖြစ်လင်မှန်းမှန်းလည်း မသိဘဲနှင့် ပဲပြုတ်တစ်ထုပ်နှင့် နှင်းဆီတစ်ပွင့်ကို ကိုင်ကာ မော်ဒန်နံနက်ခင်း တစ်ခုကို အမှတ်မထင်ပိုက်ရင်း အိမ်သို့ ပြန်လာခဲ့ရပါသည်။



www.burmeseclassic.com

www.burmeseclassic.com



သူဟာ သူမနှင့် စကားပြောချင်စိတ် သိပ်ပြင်းပြ လွန်းသဖြင့် မှတ်သားထားသော ဖုန်းနံပါတ်ကို ဆက်သွယ်ခဲ့သေး သည်။

သို့သော် အဲဒီဘက်က ပြန်လည် ဖြေဆိုသူဟာ ပန်းရောင် ဆိုသူကို သိလည်းမသိ ရှိလည်းမရှိတဲ့။





သူက အောင့်သက်သက်နှင့်ပင် သူမခေါ်သောဖုန်း ကိုပဲ စောင့်ရလေသည်။ ဒီကြားထဲမှာ သူ့သူငယ်ချင်းတွေ အိမ် လာလည်ကြသဖြင့် ဒုတိယနှင်းဆီသည်လည်း အောင်မြင်သွား ကျန်ပြီဆိုတာ သိရလျှင် တစ်ဖွဲ့လုံး ဂနာမငြိမ်ဖြစ်ကြတော့သည်။

သူ့အခန်းထဲက ပန်းအိုးလေးထဲတွင် ထိုးစိုက်ထား သော နှင်းဆီနှစ်ပွင့်ရဲ့ ကတ်ပြားတွေမှ လက်ရေးတွေကို သစ်နိုင် က သေချာလေ့လာ အကဲခတ်ရင်း ...

"လက်ရေးကတော့ ပိရိတိကျပြတ်သားတယ်ကွ၊ လုတယ် ဆိုတာထက် အဆင့်အတန်းရှိတဲ့ လက်ရေးမျိုး ...

ပြီးတော့ အင်္ဂလိပ်စာ ကျွမ်းပုံရတယ်"

အင်္ဂလိပ်စာဆိုလျှင် အရမ်းမုန်းသော ဒီးဒီးက မျက် ကြောင်းတစ်ချက်ထိုးကာ ...

"ဒါတော့ လွန်နေပြီ စုံထောက်ကြီး စံရှီးရဲ့၊ မြင်ရတဲ့ အင်္ဂလိပ်စာလုံးကဖြင့် ဆယ့်လုံးတောင် မပြည့်တတ်ဘူး၊ လျှောက်ပြောနေတယ်"



www.burmeseclassic.com

www.burmeseclassic.com



"ဟာ ... ဘာလျှောက်ပြောရမှာလဲ၊ ငါ သိတာ မင်း

မသိတာ ...

ဒီမှာ ကြည့်ပါလား၊ ဆောင့်ပင်နိ်နဲ့ ရေးတာတော

လုပနေတာ ...

ဒါ သူ့ကိုယ်သူ ယုံကြည်မှု ရှိတဲ့သဘောပေါ့

ဟော့ကောင် ဒေါ်န၊ ဒီအမျိုးသမီးက Spy တွေမျာ

ဘာတွေများ ဖြစ်နေမလားဟာ၊ မနက်ခင်း စက်ဘီးစီး

အထိတောင် လိုက်သိနေတာမျိုးကျတော့ နည်းနည်းသဘော

လွန်ဖြစ်နေပြီ"

"အဲဒီတော့ မင်းက သဘာဝလွန် ဖြစ်ရပ်များ ဆို

လျှို့ဝှက်ဆန်းကြယ်တို့ ဂမ္ဘီရတို့မှာ ဝတ္ထုရေးပေါ့ကွာ"

ဒီးဒီးက အခွင့်သာတုန်း ဝင်ခွပ်သော်လည်း ပြည်

က မသိချင်ဟန်ဆောင်နေလေသည်။ သူ့စိတ်ထဲတွင် သူလုပ်သ

သိနေသော၊ သူ သွားတတ်မည့် နေရာတွေကို ကြိုသိနေသော

သော ဒီမိန်းကလေးကို အကြီးအကျယ် ထူးဆန်း၍ နေ

သည်။





ဘယ်လိုပဲ စဉ်းစား စဉ်းစား အဖြေက ထွက်မလာ ခဲ့ချေ။ ဒီလိုနှင့် ညဆယ့်တစ်နာရီစွန်းစွန်းလောက်မှာမှ သူ့ဖုန်းလေးက မြည်သံထွက်ပေါ်လာခဲ့သည်။

ဖုန်းပေါ်မှာ ပေါ်နေသော နံပါတ်ဟာလည်း မနက်က သူ ခေါ်ခဲ့သော နံပါတ်ပဲ ဖြစ်သည်။ ဟင်း ... လူကိုတော်တော် အရူးလုပ်တဲ့ ဟာမလေး။

"ဟယ်လို"

"မင်္ဂလာညချမ်းနော် ဒေါ်န"

"ကိုယ့်အဖို့တော့ မင်္ဂလာညချမ်း မဟုတ်ဘူး"

"ဟုတ်လား ... ဘာဖြစ်လို့ပါလိမ့်"

တစ်ဖက်က အသံသည် ဘာမှလုပ်မထားသလို ပေါ့ပေါ့ပါးပါး ရွှင်ရွှင်လန်းလန်းပဲ ရှိနေတာ ဖြစ်သည်။ တကယ်တော့ သူသည်လည်းပဲ ပေါ့ပါးရွှင်လန်းသင့်ပါသည်။ ဒါပေမဲ့ ကိုယ့်ကို အသာလေး ကျော်သွားတတ်တာကိုတော့ ရင်ထဲမှာ ဘယ်လိုမှ မခံစားနိုင်ပေ။



www.burmeseclassic.com

www.burmeseclassic.com



"မင်း အခုဆက်တဲ့ဖုန်းကို ကိုယ် ခေါ်တယ်၊ ပန်းရောင်ဆိုတာ မရှိဘူးတဲ့"

သူမဘက်မှ တစ်ခဏမျှတော့ ငြိမ်သက်သွားခဲ့သေးသည်။

"ကျေးဇူးပြုပြီး မင်း ကိုယ့်ကို မစုံစမ်းပါနဲ့လား ဒေါ်နု မင်းအနေနဲ့ ကိုယ် ဘယ်သူဆိုတာ သိနိုင်မှာ မဟုတ်ပါဘူး ...

မင်း ပင်ပန်းတာပဲ ရှိမယ်"

"မင်းက ဘယ်လောက် စွမ်းနေတာမို့လို့လဲ"

သူ့ရဲ့မခံချင် ဘုတောသော လေသံကို သူမက ဘယ်လိုမှ သဘောမထားဟန်ဖြင့် ခပ်တိုးတိုး ရယ်ပါသည်။

"ကိုယ်က မစွမ်းပါဘူး၊ ဒါပေမဲ့လည်း အရှောင်အတိမ်းသိပ်တော်တယ်၊ ကိုယ် မင်းရှေ့ကို ထွက်မလာမချင်း ဒါမှမဟုတ် မင်း သိသွားအောင် မလုပ်မချင်း မင်း ကိုယ့်ကို မသိနိုင်ပါဘူး"





"အူး ... ထွက် ...၊ နေစမ်းပါဦး ပန်းရောင်ရဲ့ မင်းက ဘာနည်းတွေများ သုံးနေလို့ ကိုယ့်ထက် အမြဲတမ်း တစ်ကွက်ကျော်နေရတာလဲ"

"မပြောပါရစေနဲ့ ဒေါ်နုရယ်၊ ကဲပါ ... မင်းစိတ်တွေ နည်းနည်း Relax ဖြစ်သွားအောင် ကိုယ် ဟာသလေးတွေ ပြောပြမယ်လေ ...

ဘယ်လိုလဲ ... ကိုယ်နဲ့ပတ်သက်ပြီး အများကြီး လျှောက်မတွေးပါနဲ့ ဒေါ်နုရယ်၊ အကောင်းဘက်ကနေပြီး ဂုဏ်ယူပြီး တွေးတတ်ခဲ့ရင် မင်းအတွက် ဝမ်းသာစရာတောင် ဖြစ်လာမှာပါ ...

မိန်းကလေးတစ်ယောက်က မင်းကို နှင်းဆီတစ်ပွင့်လေး ပို့ရဖို့အတွက် ဘယ်လောက် ကြိုးစားရသလဲဆိုတာလေ"

သူမ ပြောမှပင် သူက အကျိုးကော်လာတောင်ဆောင်ချင်စိတ် ပေါက်သွားရသေးသည်။ သူမ အပေါ်မှာလည်း နည်းနည်းတော့ စိတ်ပြေသွားရပြီဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



သူမဟာ တစ်ဖက်သား ကျေလောက်အောင်လည်း စကားပြောစွမ်းရည်ရှိသူလည်း ဖြစ်သေးလေသည်။

"ဟင် ... မင်းပဲ အပြောကောင်း၊ ကဲ ... ပြောစမ်းပါဦး။ မင်းပြောမဲ့ဟာသက ဘာလဲ"

"အင်း ... ရေကူးပြိုင်ပွဲတစ်ခု လုပ်နေတယ်တဲ့၊ အဲဒီမှာ ရေကူးသမားတစ်ယောက်က စင်ပေါ်ကနေ ရေထဲကို ဒိုင်ဗင်ငါးပတ်ကျွမ်းထိုးပြပြီးမှ ခုန်ချပြတယ်တဲ့၊ သူ့ကို ပရိသတ်ကရော ဒိုင်တွေကရော အကောင်းဆုံး ကျွမ်းသမားဆု ပေးလိုက်ကြတယ်"

"အဲဒါ ဟာသလား"

"မပြီးသေးဘူးလေ၊ အဲဒီမှာ အနောင်ဇာက ကြော်ငြာတယ် တစ်ချိန်တည်းမှာပဲ သတင်းကောင်းနဲ့ သတင်းဆိုးနှစ်ခုကို ကြော်ငြာပါ့မယ်ပေါ့၊ ပထမသတင်းကောင်းကတော့ ဆုရသွားတဲ့လူက အဲဒီ ငါးပတ်ကျွမ်းသမားပါတဲ့၊ သတင်းဆိုးကတော့ သူ ခုန်ချသွားခဲ့တဲ့ကန်က ရေမဖြည့်ရသေးပါဘူးတဲ့"





သူက သူမရဲ့ဟာသကို ချက်ချင်းတော့ မရယ်မိသေး။ နောက်တော့မှ ရေကူးသမားရဲ့ ဖြစ်ပုံကို မျက်လုံးထဲ မြင်ယောင်ပုံဖော်ကြည့်ပြီးလျှင် တဟားဟားနှင့် ရယ်မိတော့သည်။

"မင်း ဒါတွေ ဘယ်ကသိတာလဲ"

"စာအုပ်ထဲက ဖတ်ဖူးတာပါ၊ ကိုယ်ပိုင်ဟာသ ဘယ်ဟုတ်ပါ့မလဲ၊ ကိုယ့်မှာ ဟာသတွေ အများကြီးရှိတယ်၊ နောက်ကြုံရင် မင်းကို ပြောပြပါ့မယ်"

"ဘာလဲ ... မင်းနဲ့ အပြင်မှာ တွေ့ခဲ့ရင်လား"

သူ့ရဲ့ သွေးတိုးစမ်းသော စကားကို သူမက ချက်ချင်းပဲ တုံ့ပြန်ပါသည်။

"ကိုယ်တို့ အပြင်မှာ တွေ့နိုင်မှာ မဟုတ်ပါဘူး"

"ဘာဖြစ်လို့လဲ၊ မင်းကို အပြင်မှာ တွေ့ခွင့်မရှိဘူးလား"

"ခုချိန်မှာ ဒါတွေပြောဖို့ စောပါသေးတယ် ဒေါနရယ်၊ ဒီအခြေအနေလေးက ကျေနပ်စရာ ကောင်းပါတယ်၊ ခုတိုင်းလည်း အဆင်ပြေနေသေးသားပဲ ..."



www.burmeseclassic.com

www.burmeseclassic.com



ကိုယ့်ကို မင်းရဲ့မိတ်ဆွေ သူငယ်ချင်းအဖြစ် သတ် မှတ်လို့ ရပါတယ်၊ မင်း စိတ်ညစ်တဲ့အခါ ပျော်ရွှင်အောင် လည်း တာဝန်ယူပါတယ်"

အဲဒီနောက်ဆုံးစကားလေးက သူ့ရင်ကို အထိဆုံး ဖြစ်သည်။

တဖြည်းဖြည်းနှင့် သူဟာ ချိုမြရှတသည့် အသံပိုင် ရှင်လေးကို နွေးထွေးရင်းနှီးလို့ လာခဲ့ပြီဖြစ်သည်။ သူနှင့် စကားပြောရတာကို သူ ပျော်ရွှင်သည်။

နှင်းဆီပွင့်တွေကို စောင့်စားရတာကိုလည်း ရင်ခုန် သည်။ သူမဟာ သူ့အတွက်တော့ လေပြည်တစ်ခုနှင့် အဓိပ္ပာယ် ဆင်ပါသည်။

"မင်းက ပျော်ပျော်နေတတ်တယ်နဲ့ တူတယ်နော် ပန်းရောင်"

"ဟုတ်တယ်၊ ကိုယ်က ဘဝရဲ့ ပျော်ရွှင်စွာ နေထိုင်နည်း တွေကို စိတ်ဝင်စားတယ်၊ လူတွေကိုလည်း စိတ်ဝင်စား တယ်၊ ပူပင်သောကတွေကို ကိုယ်လက်မခံဘူး၊ အဲဒါတွေ လုံးဝမရှိအောင် ကိုယ်နေတယ်"





"အဲဒီလိုနေလို့ ရလား"

"ရတာပေါ့၊ အဲဒါဟာ သိပ်တော့ မခက်ပါဘူး"

"ဟုတ်လား၊ ကိုယ့်ကို ပြောပြနိုင်မလား၊ ခင်ရင်ပေါ့"

"အဟား ဟား … ခင်ပါတယ်၊ မခက်ပါဘူး ဒေါနရယ်၊ စိတ်ခံစားမှုကို သိပ်ဦးစားမပေးနဲ့၊ ဒါဆို ဘဝမှာ ပျော် စရာတွေပဲ တွေ့လာမယ်"

"ဟင် … မင်းစကားက ဘယ်လိုကြီးလဲ၊ ကိုယ်နားမလည် …"

"မောင်လေး ငယ်သေးလို့ပါ"

"အောင်မာ … ကျုပ်အသက် နှစ်ဆယ်ဗျ၊ ဘာငယ်ရမှာလဲ၊ ဒါနဲ့ မင်းက ဆံပင်ရှည်တယ် မဟုတ်လား ပန်းရောင်၊ မညာနဲ့နော်"

သူမက သူ့အပြောကို သဘောကျသည့်အလား သိမ့်သိမ့် ရယ်မောလို့ နေသေးလေသည်။

"မင်းက PCO က မိန်းကလေးဆီ လှမ်းမေးခဲ့တာ မဟုတ် လား၊ ကိုယ့်ဆံပင်က တင်ပါးအထိ ရှည်တယ်လေ"

"ဒီနေရာမှာတော့ မင်း တစ်ကွက်ပေါ်သွားပြီပေါ့"



www.burmeseclassic.com

www.burmeseclassic.com



"အဲဒီအချက်ကို ကိုယ် စဉ်းစားမိခဲ့ပါတယ်၊ ဒါပေမဲ့ မင်း ကို သနားလို့ အတိတ်စိမ်းပေးခဲ့တဲ့ သဘောပါ ...

ဒါနဲ့ မင်း ဘယ်မျက်မှန်ကို ရွေးလိုက်လဲ၊ စိန်ဂရေးပဲ မဟုတ်လား"

"ဟင့်အင်း ... RayBan ပဲ ယူတာ"

"မညာပါနဲ့ ဒေါနအေးရယ်၊ ဘာလို့ ညာချင်နေရတာလဲ ကိုယ့်ကို အရိုးသားဆုံး ဆက်ဆံစမ်းပါ ...

ပြီးတော့ မင်းအနေနဲ့ ဒီအချိန်မှာ ဘဝအတွက် တစ်ခုခုကို ပြင်ဆင်ပါ၊ ပိုးတုံးလုံးဆီက လက်ချာတွေ ဒီအတိုင်း ယူကြည့်တာတောင် သိလွယ် တတ်လွယ်နေ မင်းရဲ့ talent ပါရမီက ကြောက်စရာကောင်းအောင် ကြီးနေပါတယ် ...

မင်း သေချာကြိုးစားပါလားဟင်"

"ဟိတ် ... ဟိတ် ... ဘောင်တွေ ကျော်မလာနဲ့ အမိ ပေးထားတာ နှင်းဆီနှစ်ပွင့်တည်း ရှိသေးတယ်၊ ခုန ပြည့်မှ အဲဒီစကားတွေ ထပ်ပြော ...





ဒါနဲ့ မင်းကို တစ်ခု မေးစရာရှိတယ်၊ အမှန်အတိုင်း သိချင်တယ်၊ မဖြေချင်ရင်လည်း လုံးဝမဖြေနဲ့၊ ဖြေရင်တော့ အမှန်အတိုင်းပဲဖြေ"

"နှင်းဆီပန်းလေးတွေကို အခြောက်ပေးရတာက နှစ်ပေါင်း များစွာအထိ အမှတ်တရ ဖြစ်စေချင်တဲ့ စိတ်တစ်ခုကြောင့် ပါ။ ဘယ်တော့မှ နွမ်းမသွားစေချင်လို့လေ ..."

သူက ဘာမှမမေးရသေးပါ၊ သို့သော် သူမက သူ့ ရင်ထဲက မေးခွန်းကို ကြားထားသည့်အလား မလိမ်မညာဘဲ အမှန်အတိုင်း ဖြေကြားပေးကာ ထုံးစံအတိုင်း သူ ဆွံ့အ အငိုက် မိနေတုန်းမှာပဲ ဖုန်းချလို့ သွားခဲ့တာဖြစ်သည်။

ပန်းနုရောင်နှင်းဆီလေး နှစ်ပွင့်ကတော့ သူတို့ သခင်မအတွက် မော်ကြွားသည့်အလား သူ့ကို မိုက်ကြည့်ကြည့် က လှောင်ပြောင်နေသလို ခံစားရသည်။

တတိယနှင်းဆီကို သူ ဘယ်နည်းနဲ့မှ လွှတ်မြောက် ခွင့် မပေးတော့ချေ။

❤ ✧ ❤



www.burmeseclassic.com

www.burmeseclassic.com



"တတိယမြှောက်နှင်းဆီ"

ဒီအချိန်မှာတော့ သူရော သူ့သူငယ်ချင်းတွေကပါ တတိယမြှောက် နှင်းဆီကို အမိဖမ်းဖို့အတွက် လှုပ်ရှားတက်ကြွလို့ နေကြလေသည်။ သို့သော် တစ်ခုခက်တာက သူမဟာ ဘယ်





သူဘယ်ဝါမှန်းလဲ မသိရ၊ ဒါ့အပြင် ဘယ်နေ့ ဘယ်အချိန်မှာ အရောက်ပို့ပေးလာမယ် ဆိုတာလည်း မသိရသဖြင့် ဘယ်နားက ဘယ်လိုစောင့်ဖမ်းရမလဲ ဆိုတာ မကြံဆတတ်ကြချေ။

အိမ်ထဲက အိမ်ပြင်လည်း မထွက်ဘဲ မနေနိုင်ကြလေ။ အပြင်ထွက်တိုင်း မျက်လုံးတွေက ကျိုးလန့်စာစား ဖြစ်နေကြတော့လေသည်။ အထူးသဖြင့် ဆံပင်ရှည်ရှည်နှင့် မိန်းကလေးတွေဆိုလျှင် ဣန္ဒြေပျက်မတတ်ကို လိုက်ကြည့်ရလွန်းသဖြင့် ဘယ်နေ့ ပါးကျိန်းကြမလဲတော့ မပြောတတ်ပေ။

သို့သော် အဲဒီတစ်နေ့ကတော့ ထူးဆန်းသည်။ သူ့အသို့ မနက်ခင်း စောစောစီးစီးပင် သူမထံမှ ဖုန်းဝင်၍ လာခဲ့သည်။ သူက အိပ်ရာတောင် မနိုးသေး။ ဖုန်းသံကြား၍ ဖွင့်နားထောင်လိုက်လျှင် ...

"ဟယ်လို ... မောနင်း ဒေါ်နအေး"

ဟူသော ချိုမြလတ်ဆတ်နေသည့် သူမရဲ့ အသံလေးကို နာပျော်ဖွယ် ကြားလိုက်ရတာဖြစ်သည်။

www.burmeseclassic.com



ချက်ချင်းပဲ အိပ်ချင်စိတ်တို့က ပျောက်ရှလွင့်[illegible]
သွားခဲ့ကာ သတိလည်း ဆွဲပြီးသား ဖြစ်၏။

"မောနင်း ... မောနင်း၊ ပန်းရောင် မဟုတ်လား"

"ဘာလဲ ... မင်းကို မနက်ခင်းတိုင်း နှိုးတတ်တဲ့ [illegible]
မလေး ရှိလို့လား"

"အဲဒါက မင်း အသိဆုံး နေမှာပါ"

သူက ခပ်အီအီစကားကို ဆိုလိုက်လျှင် သူ[illegible]
ချက်ချင်းပဲ တုံ့ပြန်ပါသည်။

"ကိုယ်က မင်းရဲ့ အပေါ်ယံအကန့်တွေကိုပဲ သိတာ[illegible]
ရင်ထဲက ကဏ္ဍတွေကိုတော့ မသိနိုင်ပါဘူး"

"အဲဒါကလည်း မင်းသိချင်ရင် အလွယ်လေးပဲ ဖြစ်[illegible]
ပါ"

ဒီတစ်ခါတော့ သူမက ခပ်တိုးတိုးလေး ရယ်[illegible]
ပြီးမှ ...

"ကဲ ... ထားပါလေ၊ ကိုယ် အခုဖုန်းဆက်တာ မင်း[illegible]
စကားတွေ အကြာကြီးပြောဖို့ မဟုတ်ဘူး၊ မင်းအ[illegible]





ကိုယ့်ကို မိအောင်ဖမ်းဖို့ဆိုတာ အချိန်ကာလကို သိရင်တော့
လွယ်မယ်လေ"

"ဘာလဲ ... မင်းက မိစေချင်ပြီပေါ့"

"အဲဒီလို ထင်ရင်တော့ ဒီပွဲမှာ မင်းရှုံးဖို့ သေချာနေပြီ
ဒေါ်နှ၊ ပြိုင်ဘက်တစ်ယောက်ကို လျှော့တွက်လိုက်ပြီ ဆို
တာနဲ့ အဲဒီလူဟာ ရှုံးဖို့တစ်ဝက် သေချာနေပြီ"

သူမရဲ့ ရဲရဲတောက် အပြောအောက်တွင် သူ လန့်
ဖျား ဖျားချင်သလို ဖြစ်သွားခဲ့ရသေးသည်။

"ဆောရီး ...၊ မင်းကို လျှော့မတွက်ပါဘူး၊ ကဲ ... ပြော
ပါဦး"

"ကိုယ် ဒီနေ့ မင်းဆီကို တတိယမြောက်နှင်းဆီ ပို့မယ်
ဒေါ်နှ"

"ဘယ်လို ... ဒီနေ့ ပို့မှာ ဟုတ်လား၊ သေချာလား"

"သေချာတယ်၊ ဒီထက် သေချာချင်ရင်တော့ အိတ်ကပ်
ပါတဲ့ စပို့ရှပ်မျိုး ဝတ်ခဲ့ပါ၊ မင်းရဲ့ အိတ်ကပ်ထဲကို
နှင်းဆီတစ်ပွင့် ထည့်ပေးမလို့ပါ"



www.burmeseclassic.com

www.burmeseclassic.com



သူက ဖုန်းကို အိပ်လျက်သား ပြောရင်းမှနေ၍ ခုတင်ပေါ်မှလူးလဲထကာ ဟားခနဲအော်ဟစ်ရေရွတ်မိသည်။ သူမရဲ့ စိန်ခေါ်မှုက တစ်ဆိတ် ရဲတင်းပြင်းထန်လွန်းခဲ့ပြီ ဖြစ်သည်။

"မင်း တကယ်ပြောနေတာလား ပန်းရောင်၊ အဲဒီလို မင်း လုပ်နိုင်လို့လား"

"ဒါကတော့ ဒီနေ့အဖို့ အဖြေသိရမှာပဲ၊ ဘယ်အချိန် ဘယ်နေရာမှာ နှင်းဆီပို့မယ်ဆိုတာ မင်း မသိရဘဲ စောင့်ဖမ်းရတာဟာ မင်းအတွက်လည်း ရယ်ဒီမဖြစ်သလို ကိုယ့်အတွက်လည်း အိမ်မိုရှင်နယ်လ် နည်းနေသလိုပဲ ...

ပြီးတော့ ... ကိုယ်က မင်းကို အစစအရာရာ သိထားတဲ့ လူတစ်ယောက်ဆိုတော့ ပြိုင်ဘက်တစ်ယောက်ပေါ်မှာ မတရားရာ၊ မညီမျှရာလည်း ကျနေသလိုပဲ ...

အခုလိုဆိုတော့ ညီမျှပါတယ်နော်"

"ပန်းရောင် ... မင်း တကယ်ပဲ ကိုယ့်အိတ်ကပ်ထဲကို နှင်းဆီ ထည့်ပေးမယ်၊ ဟုတ်တယ်"





"ဒီနေ့ပဲ ဒေါ်နဲ၊ လုံးဝမပေါ့ဆနဲ့၊ ဘိုင့်ဘိုင် ... ဂွတ်လဒ်"

သူမက ခပ်မြူးမြူး နှုတ်ဆက်ကာ သတိပေးသလိုတောင် မှာကြားလျက် ဖုန်းချသွားတော့သည်။ သူ့မှာသာ ငူငူကြီး ငိုင်ငိုင်ကြီး။ ဒါပေမဲ့ ချက်ချင်းပဲ စိတ်တွေလှုပ်ရှားလာကာ အောင့်ပင် မအောင့်နိုင်တော့ဘဲ ဆရာကြီးပြည်ဖြိုးထံ ဖုန်းနှိပ်၊ တိုင်ပင်၊ တခြားကောင်တွေနှင့် အမြန်ဆုံး စုစည်းကာ တတိယနှင်းဆီအတွက် ထောင်ချောက်တစ်ခုကို ချက်ချင်းလက်ငင်း တပ်ဆင်ကြတော့လေသည်။

❤ ✧ ❤



www.burmeseclassic.com

www.burmeseclassic.com



ဒီအကြံကို စတင်ပေးသူမှာ ဆရာကြီးပြည့်ဖြိုးဝဲ ဖြစ်သည်။ သူက ဆိုသည်မှာ ...

"မင်း သူ့ကို အမိဖမ်းချင်ရင်တော့ ဒီနည်းက သူ့အတွက် အခက်ဆုံး ဖြစ်မှာပဲကွ၊ ဒီနေ့အဖို့ မင်း ဘယ်မှမထွက်နဲ့၊ အိမ်ထဲမှာပဲနေ ...





ဒါဆို မင်း အကျီအိတ်ကပ်ထဲ နှင်းဆီပန်း ထည့်ပေးဖို့ရာ သူ ဘယ်လိုမှ တတ်နိုင်မှာ မဟုတ်ဘူး"

သူက တစ်ချက် တွေဝေသွားလျှင် ဒီးဒီးက သူ့ကို းချင်းတိုက်ကာ ...

"ဒီကောင်က အမိမဖမ်းချင်တော့ဘူးနဲ့ တူတယ်ကွ၊ ကေန္တမဗျတ္တဆက်သတော်မူတဲ့ ပန်းတွေကို မလွှတ်ချင်တော့ဘူးနဲ့ တူတယ်"

"ဟုတ်သားပဲ၊ ဟော့ကောင် မင်း ငြိနေပြီလားကွ ... ဟမ်"

သူက ခေါင်းကို ခပ်သွက်သွက် ခါယမ်းလိုက်ရင်း ...

"မငြိပါဘူးကွာ၊ ဒါဆို ဒီနေ့အဖို့ ငါက ဒီမှာပဲနေပြီး သူ့ကို စောင့်ဖမ်းရမယ်ပေါ့ ... ဟုတ်လား၊ လွယ်ပါ့မလား"

"အဲဒါတော့ မသိဘူးလေ၊ အဲဒါ မင်းအပိုင်း မဟုတ်ဘူး၊ ပန်းရောင်ဆိုသူရဲ့အပိုင်း ဖြစ်သွားပြီ၊ ကဲ ... ဒါတွေ စဉ်းစားမနေနဲ့တော့၊ ဒီနေ့ညနေအထိ မင်းရဲ့အိမ်မှာ ငါတို့နေမယ်၊ စောင့်ပေးမယ် ...



www.burmeseclassic.com

www.burmeseclassic.com



ဒီကြားထဲမှာ သဒ္ဓါရှိစ် ရောက်လာခဲ့ပြီ ဆိုရင်တော့

အဲဒီ ပန်းရောင်ကို ငါတို့ပါ ဦးညွှတ်သင့်ပြီပေါ့ကွာ"

ပြည့်ဖြိုးရဲ့ စကားအဆုံးတွင် အားလုံးက စိတ်လှုပ်ရှားရိပ်တွေဖြင့် တိတ်ဆိတ်ငြိမ်သက်လို့ သွားလေသည်။

ဒီလိုနှင့် အချိန်တွေက တရွေ့ရွေ့ ကုန်ဆုံးသွားသည်။

သူမရဲ့ အရိပ်အယောင်ကား ပေါ်မလာခဲ့ချေ။ ဒီဒီကပျင်းလာဟန်ဖြင့် ပျင်းကြောဆွဲလျက်မှ ...

"ဝါး ... ပျင်းလာပြီကွာ၊ ဒီအတိုင်း ငုတ်တုတ်ထိုင်နေတာ ဘယ်လောက် ကြာပြီလဲ ...

စိတ်လျှော့လိုက်တော့၊ မင်း ပန်းရောင် လာမှာမဟုတ်တော့ဘူး"

ဒီဒီက ဘာရယ်မဟုတ် အမှတ်တမဲ့ ပြောလိုက်တာ ဖြစ်သော်လည်း သူ့နားထဲတွင် "မင်း ပန်းရောင်"ဟူသော စကားလေးက ချိုမြစွာ ဖြတ်စီးသွားစေသည်။





အဲဒီအချိန်မှာပဲ ဒေါ်နက်ကျုတ်က နံနက်စာစားဖို့ လာခေါ်လျှင် သူကတောင် ဘာမှမပြောသေး၊ သူငယ်ချင်းတွေက အသီးသီးရှုံ့မဲ့ကြလျက် ...

"ဟော့ကောင် ... မင်းရဲ့အမုန်းစာရင်း နံပါတ်(၄)ကြီးကွ၊ ငါတို့ကတော့ မစားဘူးနော်"

"နေပါဦးကွာ၊ ငါ မေးကြည့်ပေးပါဦးမယ်၊ ဒေါ်နက်ကျုတ် ဘာဟင်းတွေ ချက်တာလဲ"

"ငါးဟင်း၊ ပဲချဉ်ဟင်း၊ ဆလပ်ရွက်သုပ်"

"အာ ... တော်ပြီ၊ တော်ပြီ၊ ကျွန်တော်တို့ မစားတော့ဘူး၊ ဟော့ကောင်တွေ ဘာစားမလဲ၊ အပြင်မှာပဲ တစ်ခုခု သွားစားရအောင်"

"ဟာ ... မင်းရဲ့နှင်းဆီနဲ့ လွဲသွားဦးမယ်"

သူ့ထက်ပင် ခံစားနေသော သူငယ်ချင်းတွေကို သူက ရုတ်တရက် ချစ်လာစိတ်ဖြင့် ဝုန်းခနဲ ခုန်အုပ် မွှေ့ယမ်းတာ အားရအောင် လူးလိမ့်ဆော့ကြပြီးမှ ...



www.burmeseclassic.com

"သင့်ခ်ယ္ကွာ၊ မင်းတို့လည်း ငါနဲ့အတူ လိုက်ပါခဲ့ ပေးတာကို ကျေးဇူးတင်တယ်၊ နှင်းဆီနဲ့ လွဲမှာတော့ ပါနဲ့ကွာ ...

သူက အဲဒီလို အလွယ်တကူ ပါဆယ်နဲ့ပို့တဲ့ အကျ မျိုး မရှိပါဘူး ...

ပြီးတော့ ငါ့အိတ်ကပ်ထဲကိုတောင် ထည့်ပေး ပြောတာပဲ၊ လာပါ၊ အပြင်မှာပဲ တစ်ခုခု သွားစားကြ အောင် ...

ဘာစားကြမလဲ"

"တခြား ဟဲဗီးတွေလည်း မစားချင်တော့ဘူးကွာ၊ သိပြီ ... လှည်းတန်းက ဒေါ်ဥထမင်းသုပ်ပဲ သွားစားကြ အောင်"

"ကောင်းတယ်ဟေ့၊ အဲဒီအကြံ သဘောတူတယ်၊ ပြီး ငါတို့တစ်တွေ ဘတ်စ်နဲ့ပဲ သွားရအောင်၊ ဒီအချိန် ကားတွေချောင်မှချောင်"





"ဟုတ်တယ်ကွ၊ အဲဒါလည်း အရသာတစ်မျိုးပဲ၊ ဘတ်စ် မစီးရတာကြာပြီ၊ မင်းတို့အိမ်နဲ့ဆို ခဏာပဲ စီးရမှာ၊ လာ ... လစ်မယ် ...

ကားနဲ့ဆိုရင်တောင် ဟိုရောက်ရင် ပါကင်ရှာဖို့ အလုပ်ရှုပ်နေဦးမယ်"

သူငယ်ချင်း အားလုံးက စိတ်တူကိုယ်တူ သဘော တူညီချက်ရသွားလျှင် လေးယောက်သား ဘတ်စ်ကားစီးရန်အတွက် လမ်းမကြီးထံသို့ စကားပြောရင်း ဆိုရင်း ထွက်လာခဲ့ကြလေသည်။

လမ်းဘေးမှာ ဒီလို လမ်းမလျှောက်ရတာ ကြာပြီမို့ အားလုံးဟာ တစ်မျိုးဆန်းသစ် လွတ်လပ်လျက် နောက်ရင်းပြောင် ရင်း လျှောက်လာကြကာ ပတ်ဝန်းကျင်ကို သိပ်ဂရုမစိုက်မိချေ။ အဲဒီလိုပဲ ဘတ်စ်ပေါ် ရောက်တော့လည်း တဟီးဟီး တဟားဟား နှင့် မျက်လုံးထဲ တွေ့သမျှ ဟာသလုပ်လျက် ရှိကြသည်။

ဒီကြားထဲ ဒီးဒီးက အကြွေမပါသဖြင့် စပယ်ယာ နှင့် စကားများသေးတာကိုလည်း ဖျန်ရဖြေရ၊ သိပ်မကြာခင်မှာပဲ



www.burmeseclassic.com

www.burmeseclassic.com



ဒီးဒီးရဲ့ ဟန်းဒ်ဖုန်းက မြည်လာလျှင် ကားပေါ်ကလူတွေက ဒီးဒီးကို အတင်းတုတ်ကြတော့သည်။

ဒါကို ပြည့်ဖြိုးနှင့် သစ်နိုင်က ခွီ ခစ်တွေ ဖြစ်ကာ သဘောတွေ ကျနေတော့သည်။

သူကရော ဘာထူးလဲ။ ဒီးဒီး ခမျာ ဖုန်းမပြောချင်သော်ငြားလည်း ကောင်မလေးထံကဖုန်းမို့ မပြော၍ကလည်း မဖြစ်၊ ပြောပြန်တော့လည်း ဘတ်စ်ပေါ်မှာမို့ သိပ်ဖီလင်မလာ အတော် ကမောက်ကမနိုင်နေတာကို သူတို့က ဝမ်းသာလုံးတွေ ဆို့နေကြလေသည်။

အဲဒီအချိန်မှာပဲ ဘတ်စ်ကားက မှတ်တိုင်မှာ ဆ ရပ်လျှင် ဘယ်က တောသားတွေမှန်း မသိချေ။ အထုပ်အပိုး တစ်ပြုံတစ်မနှင့် တက်လာကြကာ အရပ်ကူပါ လူဝိုင်းပါ ဖြစ်တော့ သည်။

"နောင်ကြီး ... ဒီအိပ်ရာလိပ်လေး ခဏကိုင်ပေးထား ပါဗျ"





"အာ ... အင်း ... အင်း"

"ကျေးဇူးပဲဗျာ၊ ဒီမှာက အစစအရာရာ မတာရားဈေးကြီး တော့ အကုန်သယ်လာရတာခင်ဗျ၊ ခဏလေးနော်၊ တအောင့်ပဲ ...

ဟော့ကောင် ... ခွေးနီ၊ မင့်အထုပ်ကို ဟိုတရုတ် လက်ထဲ ခဏပေးထားလိုက်ပါလား"

ထိုတောသားက သူတင် သူများကို ခိုင်းတာမဟုတ် ဘဲ ဖုန်းပြောနေသော ဒီးဒီးကိုပါ ချွန်လွှတ်သေးလေသည်။ သူက ဒီးဒီးရဲ့ ဖြစ်ပျက်သွားသော မျက်နှာကြီးကို ကြည့်ချင်လှသော် သည်း ပွေ့ပိုက်ထားသော အထုပ်များပေါ်မှာ ထပ်ဆင့်ခံထားရ သော အိပ်ရာလိပ်ကြီးကြောင့် ဘာကိုမှ မမြင်ရချေ။

"ဟော့ ... ကိုတရုတ်၊ ခင်ဗျား ရေဒီယိုလေးကို ခဏချပြီး ကျုပ်ညီရဲ့ခြင်းလေး ခဏလောက် ဆွဲပေးပါဗျ"

ဒီးဒီးထံမှ ဖုန်းကို ဆောင့်ကြီး အောင့်ကြီး ပိတ်ချ လိုက်သံကြီး ကြားရပြီးနောက်မှာတော့ ...



www.burmeseclassic.com

www.burmeseclassic.com



"ထန်းသီး … မင်း လွန်နေပြီနော်၊ ငါတို့က မင်းတို့ခိုင်းဖို့ မဟုတ်ဘူး"

"ဟာဗျာ … ခင်ဗျားတို့ မြို့ကြီးသားတွေ လူမှုရေး ခေါင်းပါးလိုက်တာဗျာ၊ ဒါလေး အကူအညီ တောင်းတဲ့ဟာကို"

"မင်း အကူအညီ တောင်းတာလည်း ကြည့်ဦး၊ မနည်းမနော ကိုင်ခိုင်းထားတာ၊ ဒီလောက်များနေရင် တက္ကစီငှားစီးပါလား"

"ဟာဗျာ … ဘာလို့ စီးရမှာလဲ၊ ရောပါဗျာ၊ ခဏလေးပါ"

"မကိုင်ဘူးကွာ၊ မကိုင်ဘူးဆို မကိုင်ဘူးပဲ၊ ကျွတ် – အာရုံနောက်လိုက်တာ၊ မြွေတွေနဲ့ လာတွေ့နေတယ်"

"ဟာဗျာ … ကြံကြီးစည်ရာ တရုတ်ရာ၊ ကျုပ်တို့က လူစစ်စစ်တွေဗျ၊ မြွေတွေ မဟုတ်ရပါဘူး၊ ကျုပ်တို့ ဟိုဘက်ရွာမှာတော့ လူကနေ ကျားဘဝပြောင်းတဲ့ သမန်ကျားဆိုတာတော့ ရှိတယ်"





ထိုတောသားက အာပေါင်အာရင်းသန်သန်ဖြင့် အော်ပြောနေလျှင် ကားတစ်ကားလုံးက လူတွေက ပြုံးစိစိ ဖြစ်လာကြသည်ဟု (သူ ထင်သည်)။ အဘယ်ကြောင့်ဆိုသော် သူ့နောက်ကမိန်းကလေးတွေထံမှ ကျိတ်၍ရယ်သံတချို့ ကြားလိုက်သောကြောင့်ဖြစ်သည်။

"လှည်းတန်း ပါလား၊ လှည်းတန်း ရှေ့ထွက်ထားမယ်နော်"

စပယ်ယာရဲ့ အော်သံအဆုံးမှာတော့ သူ့သူငယ်ချင်းတွေက လှုပ်လှုပ်ရှားရှား ဖြစ်ကုန်ကြတော့သည်။ ပါတယ် … ပါတယ်ဟု အော်ကာ ရှေ့တိုးနေကြသော ပြည့်ဖြိုးတို့အသံတွေကိုသည်း ကြားရသည်။

သူကလည်း အဲဒီတော့မှ လက်ထဲက အထုပ်အပိုးတွေကို ပိုင်ရှင်ထံ လွှဲပြောင်းပေးဖို့ သတိရကာ …

"ဟော့လူ … ယူတော့ … ယူတော့၊ ခင်ဗျားပစ္စည်းတွေယူတော့၊ ကျွန်တော်တို့ ဆင်းတော့မှာ"



www.burmeseclassic.com

www.burmeseclassic.com



အဲဒီအချိန်မှာ ကားက မှတ်တိုင်၌ ရပ်ဖို့အတွက် အရှိန်လျှော့နေပြီဖြစ်သည်။ လူတွေက တစ်ယောက်စီ တစ်ယောက်စီ ရှေ့နားသို့ တိုးထွက်နေကြပြီ။ သူ့လက်ထဲမှ အထုပ်အပိုးတွေကို ကိုရွှေတောသားက ခုထိ မယူသေး။

အဲဒီအခိုက်မှာပဲ သူ့နှာခေါင်းထဲသို့ ရှုဖူးနေသလိုမျိုး ရှိခဲ့သော မွှေးရနံ့တစ်မျိုးက ရောက်ရှိလို့ လာခဲ့တာဖြစ်သည်။ ထိုမွှေးရနံ့ကို သူ ရင်းရင်းနှီးနှီး ရှုဖူးသည်။ သို့သော် ဘယ်ကမှန်း ဘယ်လိုမှ စဉ်းစား၍ မရချေ။

မွှေးရနံ့ဟာ သူ့ထံပါးမှာ နီးကပ်စွာ တည်ရှိသွားပြီးနောက် ...

"နှင်းဆီ ပေးခဲ့ပြီ"

အဲဒီအသံသည် အပြင်က စကားပြောသံမျိုး မဟုတ်ဘဲ လှျာဖျားလေးနှင့် ခပ်တိုးတိုး ကပ်ပြောသွားသောအသံ ဖြစ်ကာ သူ့တစ်ကိုယ်လုံးရှိ အကျောအချဉ်တွေကို တောင့်တင်းသွားစေသည်။ သူ့အင်္ကျီအိတ်ကပ်ထဲသို့ တစ်စုံတစ်ခု ထည့်ပေးသွားမှန်းလည်း သူသိသည်။ ဒါပေမဲ့ သူ ဘယ်လိုမှ မမြင်နိုင်။ မသိရ





သူဟာ ပထမတော့ ရုတ်တရက် ကြောင်သွားသေးသည်။ သို့သော် ချက်ချင်းပင် ရွှေတောသားထံ အထုပ်အပိုးတွေ စုပုံထည့်ပေးပစ်ခဲ့ကာ ပါးစပ်မှလည်း သူငယ်ချင်းတွေကို လောဆော်သေးသည်။

"ဟေ့ကောင်တွေ ... ပေးသွားပြီ၊ ရှာ ... ရှာ ...၊ ဆံပင်အရှည်ကြီး"

အဟုတ်ကိုပင် သူ့အိတ်ကပ်ထဲမှာ နှင်းဆီတစ်ပွင့်က ရောက်နေခဲ့ပြီဖြစ်သည်။ ပြည့်ဖြိုးနှင့် သစ်နိုင်သည် ဘတ်စ်ပေါ်မှ အရင်ခုန်ဆင်းသွားကာ အရပ်လေးမျက်နှာသို့ ဟိုဟိုဒီဒီ ဝေ့ဝဲရှာကြသည်။ အဲဒီမှာ ပြည့်ဖြိုး မြင်လိုက်ရသည်ကား ဂျင်းဘောင်းဘီဝတ်ထားသော ဆံပင်ရှည်ရှည်နှင့် ကောင်မလေးကို ဘက္ကစီတစ်စီးပေါ်သို့ တက်သွားတာကိုပဲ ဖြစ်သည်။

သူက အပြေး ပြေးသွားသော်လည်း ဘယ်လိုမှ မမီတော့။ တက္ကစီက မောင်းထွက်သွားပြီ ဖြစ်သည်။ ပို၍ခံပြင်းစရာအကောင်းဆုံးမှာ ကားနောက်ခန်းထဲမှ လက်တစ်ဖက် ထွက်လာကာ တာ့တာပြသွားခြင်းပင် ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



ပြည့်ဖြိုးသည် ပြေးရင်းမှ ဟင်းခနဲရပ်ကာ မချင့်မရဲနှင့် လေထဲကိုတောင် ခြေတစ်ချက် ကန်မိသေးလေသည်။ အနောက်မှ အမောတကော ပြေးလိုက်လာကြသော ဒေါနဲ့ ဒီးဒီး နှင့် သစ်နိုင်တို့က ...

"ဟေ့ကောင် ... မိလား၊ တွေ့လိုက်လား"

"မမိပါဘူးကွာ၊ နောက်ပိုင်းပဲ မြင်လိုက်တာ၊ ဂျင်း(န်)နဲ့ ဆံပင်အရှည်ကြီးနဲ့၊ ဟုတ်တယ် မဟုတ်လား"

သူ့ကို ပြည့်ဖြိုးက မေးဆတ်၍ မေးလျှင် သူက ခေါင်းညိတ်ပြလိုက်ရသည်။ သူ့အိတ်ကပ်ထဲတွင် တကယ်ကို သူမ ထည့်ပေးသွားခဲ့သော ပန်းနုရောင် နှင်းဆီဖူးလေးက ရယ်မောလှောင်ပြောင်နေသလိုပဲ ဖြစ်သည်။

"တောက် ... အနားမှာ ကပ်ရှိနေတာတောင် မသိရဘူးတဲ့ ကွာ၊ နာစရာ ကောင်းလိုက်တာ"

သစ်နိုင်က မချင့်မရဲ ဖြစ်ဟန်နှင့်ဆိုလျှင် ဒီးဒီးက ပါ ဝင်ရောက်၍ တက်တစ်ခေါက်ခေါက်ဖြင့် ...





"အဲ့ဒါ ဟို ထန်းသီး ဖယောင်းဝင်ရုပ်လို့ကွ၊ ဟိုကလေးမ ကတော့ ဘယ်လောက်များ ဟားနေမလဲ မသိဘူး၊ ငါတို့ ကို ငနွတွေ ဆိုပြီးတော့လေ"

သူက ဘာမှမပြောနိုင်ဘဲ တွေဝေနှုတ်ဆိတ်နေလျှင် ပြည့်ဖြိုးက သူ့ပခုံးကို အားပေးသလို ဖျစ်ညှစ်လျက် ...

"စိတ်ဓာတ်မကျပါနဲ့ကွာ၊ နောက်ထပ် လေးခါတောင်ကျန် နေသေးတာပဲ၊ တဖြည်းဖြည်းနဲ့ နီးလာပါပြီ"

"ဘာနီးလာတာလဲ၊ ရှုံးဖို့ကိုလား၊ ဒီဖိုင်နာသင်တန်း တက်ဖို့ကိုလား"

ဒီးဒီးက ခနဲ့လျှင် သူက ဘာမှပြန်မချေပနိုင်။ ပြည့်ဖြိုးကသာ သူ့ဘက်က မခံချင်စိတ်ဖြင့် ...

"ဟေ့ကောင်တွေ ... ဘယ်လိုဖြစ်ဖြစ် ငါတို့အဖို့က အရှုံးကိုမရှိဘူးကွ၊ မင်းတို့တောင် ဒီလို ရင်ခုန်ရတဲ့ကိစ္စမျိုး ရှိလို့လား ...

ပြီးတော့ ဒီကိစ္စဟာ ငါတို့အားလုံးနဲ့လည်း သက်ဆိုင်တယ်နော်၊ ငါတို့ရှိတဲ့ အချိန်တွေမှာတောင် လှုပ်ရှား



www.burmeseclassic.com

www.burmeseclassic.com



သွားတာကို ငါတို့က ဘာမှမသိလိုက်ရဘူးဆိုရင် ငါတို့ဓါ ည့်ရာကျတယ် ...

သူက ငါတို့ကိုပါ သွယ်ဝိုက်သောနည်းနဲ့ စိန်ခေါ် သွားခဲ့တာပဲ"

"အေးကွာ ... နောက်တစ်ခါတော့ ရအောင်ကို ဖမ်းပြ မယ်၊ ကိုယ့်အနားနားကို ရောက်လာရဲ့သားနဲ့ မသိတာ၊ မမိတာတော့ တော်တော် အသည်းနာစရာ ကောင်းပါဟာ"

သူတို့လေးယောက်သားဟာ ပလက်ဖောင်းပေါ် အသီးသီး လျှောက်လာကြရင်း သူမအကြောင်းကို တဖွဖွနှင့် ပြော၍မဆုံး ဖြစ်ရလေသည်။ ထမင်းသုပ်စားရင်းနဲ့လည်း အာ ပေါင်အာရင်းသန်သန်နှင့် ပြောကြသဖြင့် တစ်ယောက်ကို ထမင်း သုပ်နှစ်ပွဲစီ ကုန်သွားအောင်အထိ အားပေးဖြစ်ကြသည်။

အပြန်တော့ လေးယောက်သားဟာ ဗိုက်လေးလာ ကြပြီဖြစ်သဖြင့် တက္ကစီငှားစီး၍ပဲ ပြန်ခဲ့ကြသည်။ တက္ကစီစီးရ တာကိုလည်း အရသာတစ်ခုလို ဖြစ်နေကာ သူတို့လေးယောက်ရဲ့ အသံတွေဟာ ကားထဲမှာ ကြွက်ကြွက်ညံနေသည်။





အိမ်ရောက်တာနှင့် သူတို့ကို အပနားက မျှော်လင့်သော မျက်လုံးများဖြင့် ဆီးကြို၍ နေသည်။

"ဟဲရေး ... ကောင်လေး၊ ပြန်လာပြီနော်၊ ဒီမှာ စာတစ် စောင်လေ ရောက်နေတယ်"

"ဘာစာလဲ အပနား"

သူက အပနား လှမ်းပေးသောစာကို လှမ်းယူလိုက် ရင်း မေးလိုက်သည်။ စာအိတ်သည် လေယာဉ်စာအိတ်အရှည် ကြီးဖြစ်လျက် လိပ်စာ၊ တံဆိပ်ခေါင်း ဘာမှမပါ၊ ရိုးရိုးပလိန်း တစ်ခုသာပင်။

"အပနား သူ့ကို မသိဘူးနော်၊ ချောချောလေးပဲ၊ ဒေါနအေး လာရင် ပေးလိုက်၊ ဒါပဲ ပြောသွားဒယ်"

"ဟော့ကောင် မြန်မြန်ဖွင့်၊ မြန်မြန်ဖောက်"

သူ့နည်းတူ ပြည့်ဖြိုးက တကြွကြွလှုပ်ရှားသော သဏ္ဍာန်ဖြင့် တစ်စုံတစ်ခုကို ရိပ်မိသည့်အလား အမြန်လောဆော် လေသည်။ သူကလည်း တထိတ်ထိတ်နှင့် ခုန်လာသော ရင်အစုံ ဖြင့် စာအိတ်ကို ကမန်းကတန်း ဖောက်လိုက်လျှင် ...



www.burmeseclassic.com

www.burmeseclassic.com



"ဟာ ... ကြည့်စမ်း"

"ဟင် ... ဒါ ဘယ်တုန်းက ရိုက်သွားတာပါလိမ့်"

"မိုက်တီးရဲ့ ရိုက်ချက်ထက်တောင် ပြင်းပါလားကွ၊ အ
ဟူး ဟူး ... အမေရေ သားတော့ ကိုယ်ကျိုးနည်းပါပြီဗျာ"

သူငယ်ချင်းတွေအားလုံး ဝိုင်း၍ အံ့သြအော်ဟစ်ရ
လောက်အောင်ပင် စာအိတ်ထဲမှ ထွက်လာတာက ဓာတ်ပုံတစ်ပုံ
ဖြစ်သည်။ ဓာတ်ပုံက တခြားပုံမဟုတ်ချေ။ ဒေါ်ဥထမင်းသုပ်ဆိုင်
တွင် သူတို့လေးယောက်သား တဖြန့်စ်ဖြိ စားနေပုံကို ပိုလာရိုက်
ကင်မရာဖြင့် မှတ်တမ်းတင် ရိုက်ကူးထားသောပုံ ဖြစ်လေသည်။

"မှန်းစမ်း ... ဓာတ်ပုံနောက်မှာတောင် စာရေးထားသေး
တယ်၊ ကမ္ဘာစားနပ်ရိက္ခာနေ့ အထိမ်းအမှတ်ပုံအဖြစ်
ဘူတာကြီးနား၌ ဘုတ်ထောင်ရန်တဲ့၊ ဟား ... ငါတို့ကိုတော့
ရေလည်နှာနေပြီကွ"

ဒီးဒီးက မကျေမချမ်းသံကြီးနှင့် ဆိုလျှင် သူ့
အောင့်သက်သက်နှင့် ပြုံးရသေးသည်။ တကယ်ကိုပဲ ဓာတ်ပုံ





သဘာဝအတိုင်း လျှပ်တစ်ပြက် ရိုက်ယူထားသဖြင့် လေးယောက်
သားဟာ ဘယ်လိုမှ ကြည့်ဖြစ်သောရုပ်တွေ မရှိ။

ပါးစပ်ကိုဖြဲကာ ထမင်းလုတ် ထည့်နေသောသူ၊
အမဲခြောက်ကြော်ကို အပီကိုင်ဆွဲနေသောသူ၊ ထမင်းဝါးနေသော
သူ၊ နှုတ်ခမ်းကြီးစူကာ ရေနွေးကြမ်းကို မှုတ်သောက်နေသောသူ
စသဖြင့် တစ်ယောက်မှ အချိုးမကျကြပေ။

"အပနား ... ဒီဟာကို ဘယ်သူလာပေးတာလဲ"

"ကောင်မလေးတစ်ယောက်ပဲနော်၊ ဆံပင်အရှည်ကြီးပဲ၊
လာပေးသွားတယ်"

သူက ရင်တောင်တစ်ချက်ခုန်သွားရသည်။ ပန်းရောင်
ဟာ ဒီခြံနားအထိကို ရောက်ခဲ့တာပေါ့။ တဖြည်းဖြည်းနှင့် သူမ
က သူ့အနားသို့ နီးကပ်သထက် နီးကပ်လာပြီ ဖြစ်သော်လည်း
သူက အခုထိ သူမရဲ့ အရိပ်ယောင်လေးကိုမှ မမြင်ရသေးတာက
တော့ သူ ညံ့၍ပဲလားတော့ မသိပါ။

"ကြည့်စမ်း ... အိမ်အထိတောင် ရောက်လာခဲ့ပြီ"



www.burmeseclassic.com

www.burmeseclassic.com



"အပနား ... သူက ချောလား၊ ဘယ်လိုမျိုးလဲ"

"ချောတယ်၊ ချောတယ်၊ အသားဖြူဖြူနော်၊ ဆံပင်နော် အရမ်းကောင်းတယ်"

"ဘာဝတ်လာလဲ အပနား၊ အဝတ်အစား ... အဝတ်အစားကို မေးတာ"

သူမကို ဖျတ်ခနဲ တွေ့မြင်လိုက်ရသော ပြည့်ဖြိုးထံ အမောတကောမေးလျှင် အပနားက မျက်မှောင်ကုတ်ကာ စဉ်းစားဟန်ဖြင့် ...

"အဝတ်အစားနော်၊ အပနား သိပ်မမြင်လိုက်ရဘူး၊ သူက ကားနဲ့လာတာ၊ ဟွန်းတီးပြီး လှမ်းခေါ်လို့ အပနားက ထွက်ယူရတာ ...

ဒါပဲ ... မမှတ်မိတော့ဘူး၊ အဲဒါ ဘယ်သူလဲ၊ လှတယ်နော် ...

ကောင်ကလေး ရည်းစားလား"

"မဟုတ်ပါဘူးဗျာ၊ ရပြီ ... ရပြီ ... သွားတော့"





အပနားက ထွက်ခွာသွားလျှင် သူတို့လေးယောက်သားဟာ တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်လျက် အသီးသီးပဲ ပခုံးတွေ ဖြိုင်တူတွန့်မိကြတော့လေသည်။ ဘယ်လိုလဲ၊ လွယ်တော့ မလွယ်ဘူး ဟူသည့် သဘောကို အားလုံးက ဆောင်သည်။

သူသည် လက်ထဲမှာ ကိုင်ထားခဲ့သော ဓာတ်ပုံလေး တစ်ပုံနှင့် တတိယမြောက်နှင်းဆီတစ်ပွင့်ကို ကိုင်ကာ ပန်းရောင်ဆိုသော သူမကို အလွန်အမင်း တောင့်တ တွေ့ချင်၍ လာသည်မှာ ဟိုးနှလုံးသားထဲကပင် ဖြစ်လေသည်။

နောက်ဆုံး ... အသံလေးပဲဖြစ်ဖြစ် ...

ညဆယ့်တစ်နာရီကို သူ အခု ရောက်ချင်လှပြီ ဖြစ်သည်။

❤ ✧ ❤



www.burmeseclassic.com

www.burmeseclassic.com



စောင့်စားရသော အချိန်တွေဟာ ပိုလို့ပင် ကြာမြင့်နေတတ်သလားတော့ မပြောတတ်ပါ။ သူဟာ ညဆယ့်တစ်နာရီထိုးဖို့ အချိန်တွေကို ဖင်တကြွကြွ ဂနာမငြိမ်ဘဲ စောင့်စားရလေသည်။

သူ့ထံမှာရှိနေသော သူမရဲ့ ဖုန်းနံပါတ်တစ်ခုကို ဆက်သွယ်လျှင်လည်း သူမနှင့် ဘယ်နည်းနဲ့မှ တွေ့မှာမဟုတ်ဟု





ကို သိနေလေရာ သူဟာ သူမ ဆက်သွယ်လာမည့် အချိန်ကိုပဲ အသည်းအသန် စောင့်မျှော်နေခဲ့ရသည်။

အိပ်ရာထက်မှာ ဆန့်ဆန့်ကြီး မှောက်လှဲကာ လက်န်းကိုပဲ မမှိတ်မသုန် မျက်လုံးပြူးကြီးနှင့် စိုက်ကြည့်နေသော ဒီအချိန်မှာ အိမ်သားတစ်ယောက်ယောက်ကများ မြင်သွား ဘယ်လိုထင်ကြမလဲ မသိချေ။

ဖိုတို့စတန်းတစ်ခုနှင့် ထောင်ထားသော သူတို့လေးက်သားရဲ့ ဓာတ်ပုံရယ်၊ ဘေးက ဖန်ပန်းအိုးရှည်ရှည်လေး စိုက်ထူထားသော နှင်းဆီသုံးပွင့်ရယ်ကို ကြည့်လျက် သူ့တွင် အမည်မတပ်နိုင်သော ခံစားချက်တို့ဖြင့် ငြိမ်သက်ဆိတ်နေရ၏။

"တီ တီ တီ ... တီ တီ တီ ... တီ တီ တီ"

အဲဒီ ဖုန်းမြည်သံလေး ကြားလိုက်ရလျှင် သူ့နှလုံး ဒိတ်ခနဲ ခုန်သွားကာ ကြည်ကြည်နူးနူးလည်း ပြုံးလိုက်သည်။ ဖုန်းကို တော်တော်နဲ့ ဖွင့်မကိုင်သေးဘဲ ဖုန်းမြည်သံသာရှိစွာ နားထောင်နေလိုက်သေးသည်။



www.burmeseclassic.com

www.burmeseclassic.com



ဦးမှ ဖုန်းဖွင့်ကာ သူကပဲ အရင်စတင်နှုတ်ဆက်လိုက်ပါသည်။

"ဟယ်လို ... မင်္ဂလာညချမ်းပါ ပန်းရောင်"

"ကိုယ်မွန်း မင်း ဘယ်လိုလုပ် သိနေလဲ"

တစ်ဖက်က အသံက ရွှင်လန်းစွာ ပြန်နေသော အသံ ဖြစ်လေသည်။ သူဟာ အဲဒီအသံလေးကို ကြားရဖို့ ဘာကြောင့်များ ပြီးပြည့်စုံမှု တစ်ခုကို ပိုင်ဆိုင်ခွင့် ရသွားသလဲ တော့ မသိပါ။

"သိတာပေါ့၊ ဒီအချိန်မှာ ဖုန်းဆက်မဲ့သူဆိုလို့ မင်းပဲရှိတာ လေ"

"ပိုးတုံးလုံးကရော မဆက်ဘူးလား"

"ပန်းရောင် ... မင်း သိတာတွေ အရမ်းများနေပြီ ကိုယ့်အိမ်ကိုတောင် မင်းက သိနေတယ်ဆိုတော့ သိပ်မလွယ်တော့ဘူး"

သူမထံမှ ရှိုက်လွင်သော ရယ်သံတစ်ခု ထွက်ပေါ် လာလေသည်။





"ဘယ်လိုလဲ ဒေါ်န၊ မင်းဆီမှာ ကိုယ့်နှင်းဆီတွေ သုံးပွင့်တောင် ရောက်သွားပြီးပြီနော်"

သူက အောင့်သက်သက်နှင့် ငြိမ်သက်နေရ၏။ နေတော့မှ ...

"ပန်းရောင် ဘတ်စ်ကားပေါ်မှာ ကိုယ့်အိတ်ကပ်ထဲကို ပန်းထည့်ပေးခဲ့တာ တကယ်ပဲ မင်းလား"

"မင်းက မယုံဘူးလား၊ ကိုယ့်အသံကို မမှတ်မိဘူးလား၊ ပြီးတော့ ပန်းရနံ့ကိုရော မရဘူးလား"

"ပန်းရဲ့ရနံ့ မဟုတ်ပါဘူး၊ ပန်းက အနံ့မှမရှိတာ၊ မင်း ရေမွှေးဖျန်းပေးထားတာ မဟုတ်လား"

သူ့ရဲ့ စူကောက်ကောက်လေသံကို သူမက တသောသော ရယ်မောကာ နေလေသည်။ ဘာကြောင့်ရယ်တော့ မသိပါ။ ရယ်သံလေးဟာ သူ့ကို တစ်မျိုးဖမ်းစား ဆွဲဆောင်ထားခဲ့သည်။ ပြီးတော့ ခံမင်နှစ်သက်ခြင်းလည်း ဖြစ်ရပါသည်။

"ဟုတ်ပါတယ်"



www.burmeseclassic.com

www.burmeseclassic.com



"အဲဒါ ဘာရေမွှေးလဲ"

"ဘာလုပ်မလို့လဲ၊ အဲဒါ ကိုယ်သုံးတဲ့ ရေမွှေးလေး

တော့ မင်းကို ပြောမပြချင်ဘူး"

"ပြောမပြလည်း နေပေါ့၊ အဲဒီ ရေမွှေးလောက်က

စုံစမ်းနိုင်ပါတယ်"

"ကိုယ့်ကိုသာ ဘယ်သူလဲလို့ မစုံစမ်းနိုင်တာ မဟုတ်လာ

"ပန်းရောင် ... မင်းကိုယ်မင်း သိပ်အထင်ကြီးမနေနဲ့

ဒီတစ်ကြိမ်တော့ မင်းကို ကိုယ် အလွတ်ပေးမှာ မဟု

တော့ဘူး ...

မင်း ကိုယ့်ကို အရှုံးလုပ်လို့ မရတော့ဘူး"

"ဒီလူကို အရှုံးမလုပ်ပါဘူး၊ မင်းကို ကိုယ် ကြိုပြောခဲ့သ

ပဲ ဒေါနရယ်၊ မင်းမှ သတိမထားမိတာ"

ဒါနဲ့ မင်းဘို့က ဘာလို့အိမ်မှာ ထမင်းမစားရတာလ

"မစားချင်ပါဘူး၊ ဒီနေ့ အိမ်ကဟင်းက ငါးအဖြူထည်

ချက်လေ"





"ဘယ်လို ! ငါးအဖြူထည်ချက်၊ ဟုတ်လား"

သူမက တကယ်ကြီး အံ့သြဟန်ဖြင့် မေးလျှင် သူ နည်းနည်းတော့ ကျေနပ်သွားရသည်။ သူမကို အံ့ဩအောင်လုပ်နိုင်သည့်အတွက် နည်းနည်းတော့ ဘဝင်မြင့်ရသည်လေ။

"ဘယ်လို ငါးအဖြူထည်ချက်လဲ၊ ကိုရီးယားစတိုင်လ်ဟင်း

လား"

ဒီတစ်ခါတော့ သူမကို သူက ပြန်ဟားရသော အလှည့် ဖြစ်သည်။ သူ ရယ်တာကိုလည်း သူမက စိတ်ရှည်လက်ရှည်နဲ့ပဲ စောင့်ဆိုင်းနေဟန် တူပါသည်။ ရယ်ခွင့်ရတုန်းလေး ရယ်ချင်သလောက်သာ ရယ်ပါစေတော့ ဟူ၍များ သဘောထားသလားတော့ မသိချေ။

သူကတော့ သုံးမိနစ်ထက်တောင် ပိုမရယ်နိုင်ခဲ့ပါ။

"ကိုယ်တို့အိမ်က ဟင်းတွေက တစ်မျိုးဆန်းသစ်တယ်

ပန်းရောင်ရဲ့၊ တစ်နေ့လောက် မင်းကို ထမင်းဖိတ်ကျွေး

ရဦးမယ် ...



www.burmeseclassic.com

www.burmeseclassic.com



အညိုကြော်တို့၊ ဝက်ဂျယ်လီနှပ်တို့၊ ကြက်တစ်သျှူးဟင်းတို့၊ ငါးအဖြူထည်ချက်တို့ ... ဟား ဟား ဟား"

သူက ပြောရင်းမှ ကိုယ့်စကားကိုယ် သဘောကျပြီး ရယ်နေလျှင် ဒီတစ်ခါတော့ သူမကပါ ဝင်ရယ်နေတော့သည်။ အဲဒီ ရယ်သံလေးကို နှစ်သက်စွာဖြင့် ရှင်းလင်းပြလိုက်ပါသည်။

"အဲဒါ ကိုယ်တို့အိမ်က လေဒီကြီးနှစ်ပါး သုံးဆောင်တဲ့ ဟင်းတွေပါကွာ၊ ကိုယ်တို့အိမ်က cook က ဒေါ်နက်ကျုတ်တဲ့၊ သူက အစိမ်းကြော် ကြော်ရင် အစိမ်းလွန်ပြီး အညိုရောင် ပြောင်းသွားတာလေ ...

ဝက်ဂျယ်လီနှပ် ဆိုတာကလည်း ဝက်သားချက်ရင် လျှာပေါ်တင်လိုက်တာနဲ့ ဂျယ်လီလို တုန်အိပျော့စိနေအောင် ချက်လို့၊ ကြက်သားဟင်းချက်ရင်လည်း တစ်သျှူးလောက် ပျော့နေအောင် ချက်တာ ...

ငါးအဖြူထည်ချက် ဆိုတာတော့ တွေးကြည့်တော့ ပေါ့ကွာ၊ ဟင်းတွေက ဖြူဖပ်ဖြူရော်တွေ၊ ဆားကပေါ့သေး၊ ဆီကမပါဘူး ...





ကျွန်တော့်ဘဝရဲ့ အမုန်းစာရင်းမှာ အဲဒီဟင်းတွေက နံပါတ်(၄)ပေါ့၊ ဒီနေ့ချက်တဲ့ ငါးအဖြူထည်ချက်ဆိုရင် အမုန်းဆုံး ဖေးဗရိတ်ပဲ"

သူမက သူ့ရဲ့အပြောအဆုံးတွင် "ဩော်"တစ်လုံး င် အံ့ဩပေးရှာပါသည်။ သူက အဲဒီအခြေအနေကို အခွင့်ကောင်း ကာ ...

"ပန်းရောင်"

"ဟင်"

အဲဒီ"ဟင်"ထူးသံဟာ ဟမ်နဲ့ ဟင် ကြားက ထူးသံ သည်။ ပါးစပ်မဖွင့်ဘဲ ထူးသံဖြစ်၍ အတိအကျ ပြောပြ၍ ပါ။

အဲဒီထူးသံလေးကြောင့် သူ့ရင်ထဲတွင် အမည်မတပ် သော ခံစားမှုတစ်မျိုး ဖြတ်ပြေး၍ သွားပါသည်။

"မင်းကို ကိုယ် တွေ့ချင်တယ်"

"ကိုယ့်ကို မတွေ့ချင်ပါနဲ့ ဒေါ်န"



www.burmeseclassic.com

www.burmeseclassic.com



သူမအသံက တစ်စုံတစ်ခုကို ဆုံးဖြတ်ထားသည့်အလား တိကျပြတ်သားလို့ နေသဖြင့် သူ နည်းနည်းတော့ တုန်လှုပ်သွားခဲ့သည် ဆိုတာကိုတော့ ဝန်ခံပါသည်။ သူမနှင့် စကားပြောရသည်မှာ ဦးတည်ချက် မဲ့နေသလို မခံစားရ။ ပြီးတော့ သက်သက်မဲ့ ဓာတ်လမ်းထွင်ချင်သော လေသံမျိုးလည်းမဟုတ်။

ဒါဖြင့် သူမ ဘာကို အတည်အတဲ့ ရည်ရွယ်နေခဲ့ပါသလဲ။

"ပန်းရောင် ... မင်း ဖြစ်စေချင်တဲ့ ဆန္ဒက ဘာလဲ။ အဲဒါ ဖြစ်ရင် ကိုယ်တို့ မိတ်ဆွေအဖြစ် ခင်မင်ပတ်သက်လို့ မရေဘူးလားဟင်"

"ကိုယ် ဖြစ်စေချင်တဲ့ ဆန္ဒက မင်းကို ပညာတစ်ခုခု လေ့လာလိုက်စားပြီး ပရော်ဖက်ရှင်နယ်လ်တစ်ယောက် ဖြစ်ဖို့ပဲ ဒေါန ...

မိတ်ဆွေဖြစ်ဖို့ ဆိုတာကတော့ မင်းနဲ့ အပြင်မှာ ဆုံတွေ့မှ မဟုတ်ပါဘူး၊ တစ်သက်လုံး မင်း အလိုရှိသမျှ အကြံတွေကို ပေးရင်း ထာဝရမိတ်ဆွေဖြစ်လို့ ရပါတယ်"





မဟုတ်ဘူး ပန်းရောင်။ ကိုယ်က အဲဒီလောက်နဲ့ ရပ်တန့်မထားချင်ခဲ့ဘူး။ ချိုမြိန်လတ်ဆတ်တဲ့ အသံရှရှလေးရဲ့ နောက်ကွယ်က စိတ်လှုပ်ရှားစရာ နှင်းဆီတွေရဲ့ ပိုင်ရှင်ကို အရမ်းမြင်ဖူးချင်တယ်။

သူက အဲဒီစကားတွေကို ရင်ထဲက ပြောနေသော်လည်း သူမက ကြားသွားသည့်အလား ...

"ကိုယ်က အပြင်မှာတွေ့လည်း သိပ်ထူးခြားတဲ့ မိန်းကလေး တစ်ယောက် မဟုတ်ပါဘူး၊ သာမန်မိန်းကလေးတစ်ယောက် ပါပဲ"

"ဒါက မင်း အပြောကိုး အမိရဲ့"

"စိတ်မကောက်ပါနဲ့ သယ်ရင်းရဲ့"

သူမရဲ့ သယ်ရင်း ဆိုသော အခေါ်အဝေါ်လေးက သူ့စိတ်တွေကို ကြည်လင်လတ်ဆတ်လို့ သွားစေသည်။ သူမဟာ ကြာလေလေ စိတ်ဝင်စားစရာ ကောင်းလာလေလေပဲ ဆိုတာ သူက ရင်ထဲမှာပဲ တိတ်တဆိတ် မျိုသိပ်ထားလိုက်ရသည်။



www.burmeseclassic.com

www.burmeseclassic.com



ဒါတောင် သူ့ပါးစပ်က အချိန်မတန်သေးသော စကားတစ်ခွန်းက လွတ်ခနဲ ထွက်သွားသေးသည်။

"မင်းမှာ ဘွိုင်းဖရန့်ရှိလား ပန်းရောင်"

"ကိုယ် မဖြေချင်ဘူး"

"ဒါဖြင့် ချစ်သူရော"

"ဟင် ... အတူတူပဲ မဟုတ်ဘူးလား"

"ချစ်သူနဲ့ ဘွိုင်းဖရန့်ဟာ ဘယ်လိုမှ မတူမှန်း မင်းက ကိုယ့်ထက် ပိုသိမှာပါ ပန်းရောင်၊ ကိုယ့်ကို တစ်သျှူးပေးသွားတုန်းက မင်းဘေးက တစ်ယောက်ဟာ မင်းရဲ့ဘာလဲ"

သူ့ရဲ့ ပိုင်စိုးပိုင်နင်း အမေးကို သူမက အရေးမစိုက်သည့်အလား ခပ်တိုးတိုး ရယ်မောနေသေးလေသည်။ သူဟာ အဲဒီ ရယ်သံကို နှစ်သက်ရလွန်းသော်လည်း ဒီတစ်ခါတော့ တကယ်ပဲ အမြင်ကတ်ရပါသည်။

ဒီလူကို အရူးသိပ်လုပ်လွန်းတဲ့ ကောင်မလေး။

"ဟိတ် ... ပြောလေ"





"ဘာလဲကို ဘာသာပြန်လိုက်ပေါ့"

"ဘယ်လို ဘာသာပြန်ရမှာလဲ၊ What ကို ပြောတာလား"

"ဟား ဟား ဟား ဒေါ်နရယ်၊ ကဲ ... အဲဒါကို မင်းဘာသာ ပြီးမှ အေးဆေး စဉ်းစားတော့။ အခု ပြောချင်တာက လာမဲ့ ဆန်းဒေးမှာ မင်းကို စတုတ္ထမြောက်နှင်းဆီ ပို့ပေးဦးမယ် ဆိုတာပဲ ...

ကိုယ် ကိုယ်တိုင် ပေးမှာနော်"

"ဘယ်လို ! စတုတ္ထမြောက်နှင်းဆီ ဟုတ်လား၊ ဒီအပတ် ဆန်းဒေး၊ ဟား ... ဘယ်နေရာမှာလဲ"

"ဒါကတော့ မင်းရှိတဲ့နေရာမှာပေါ့၊ ကဲ ... ကြားထဲမှာ အချိန်တစ်ပတ် ကျန်သေးတယ်၊ သူငယ်ချင်းတွေနဲ့ တိုင်ပင်လှုပ်ရှားလိုက်ဦးပေါ့ ...

ဟုတ်လား ... ဘိုင့်ဘိုင် ... ဂွတ်နိုက်ချ် ဒေါ်န"

သူမက ထုံးစံအတိုင်း ကောက်ကာငင်ကာ ဖုန်းချသွားလျှင် သူသည် မှင်သက်စွာပဲ ကျန်ရစ်ခဲ့ရသည်။ ဘယ်လိုလဲ စတုတ္ထမြောက်နှင်းဆီတစ်ပွင့် ထပ်မံရောက်ရှိလာဦးမယ်တဲ့။



www.burmeseclassic.com

www.burmeseclassic.com



သူမ ကိုယ်တိုင်ပဲ ပေးဦးမတဲ့။ ဒီတစ်ခါမှ မတွေ့ခဲ့လျှင်တော့ သူတို့ဟာ သူမအတွက် တော်တော် လှောင်စရာကောင်းနေပြီ။

သူသည် မခံချင်စိတ်ဖြင့် ရင်ထဲမှာ တအုံအုံနှင့် ခံစားချက်တွေ လှိုင်းထန်နေခဲ့ရသည်။

ပြီးတော့ စတုတ္ထနှင်းဆီကိုလည်း ရင်ခုန်နေပြန်ပါသည်။

❤ ✧ ❤





## စတုတ္ထမြောက်နှင်းဆီ

ဒီတစ်ခါပို့လာမည့် နှင်းဆီကိုတော့ သူတင်မက သူ့သူငယ်ချင်းတွေကပါ တက်ကြွစွာ အရှာနိုင်ဖို့ စိတ်ကူးတွေ ကွန့်မြူးကြလေသည်။ သိပ်မကြာမီ ရောက်လာတော့မည့် တနင်္ဂနွေသည် သူတို့ကို စိတ်လှုပ်ရှားမှုတွေ များစွာဖန်တီးပေးထားခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com



တတ်နိုင်သမျှလည်း စုံစမ်းစစ်ဆေးရေးတွေ လုပ်ခြ
သည်။ သူဟာ နောက်ဆုံးမှာ ပိုးတုံးလုံးကိုတောင် မသင်္ကာတော့
သဖြင့် မေးမြန်းရသည်အထိပင်။

"ပိုးတုံးလုံး ... မင်းမှာ ပန်းရောင်ဆိုတဲ့ သူငယ်ချင်း ရှိ
ဘူးလား"

"အာ ... ဘာပိုးတုံးလုံးလဲ၊ အဲဒီနာမည်ကြီးကို ခေါ်ပါနဲ့ဆို
ဒေါ်နော် ရှင့်ကိုလည်း ဖိုးအေးလို့ ပြန်ခေါ်မှာနော်"

"ဟာ ... ပိုးတုံးလုံးဆိုတဲ့ နာမည်လေးက လှပါတယ်။
စိတ်မကောက်ပါနဲ့ ပိုး ... တုံးလုံးရယ် ... ဟဲ ဟဲ"

သူက ပိုးနှင့် တုံးလုံးကို တခြားဆီခွဲပြီး ခေါ်လိုက်
လျှင် ပိုးတုံးလုံးက ဆွေ့ဆွေ့ခုန်အောင် ဒေါသထွက်ကာ သူ့ရှ
လိုက်လံဆွဲဆိတ်တော့သည်။ ပိုးတုံးလုံးဟာ သူမကို မိုးတုံးလုံးဟု
ခေါ်လျှင် လုံးဝ မကြိုက်ပါ။ အသည်းတအေးအေးနှင့် ခံစားရသည်
တဲ့။

"ကိုယ်က မင်း နာမည်အရင်းတောင် မေ့နေပြီကွ၊ အဲဒါ
ဘယ်သူလဲဟင်"





"ဒေါ်နော် ... တော်ပြီ ရှင့်ကို မခင်တော့ဘူး"

ပိုးတုံးလုံးလေးက ခြေဆောင့်ကာ လှည့်ထွက်သွား
လျှင် အဲဒါ အချော့ခံချင်၍ဟု နားလည်ရသော်လည်း ဥပေက္ခာပြု
ပေစ်နိုင်သေးပါ။

သူ သိချင်သောအရာကို မေးဖို့အတွက် ကြံစည်ရ
သေးလေသည်။

"စိတ်မကောက်ပါနဲ့ စနီးရယ် စတာပါကွာ၊ ဘာလဲ ?
အဲဒီလိုစကားလေးတောင် မကြိုက်ဘူးလား ပြော"

သူက ခပ်ညုညုလေး ပြောလိုက်ပြန်လျှင်လည်း
ပိုးတုံးလုံးမလေးဟာ တောင့်မခံနိုင်ချေ။ ချက်ချင်းကို အရှည်ပျော်
သွားပြန်လေသည်။

"ဒေါ်နကလည်း အဲဒီနာမည်ကြီးနဲ့တော့ မစ,နဲ့ပေါ့လို့"

"ဟာ ... အဲဒီနာမည်လေးက ချစ်စရာကောင်းပါတယ်။
ဘယ်လောက်ချစ်စရာကောင်းလဲ။ ကလေးတုံးလုံးလေးတွေ
မြင်ဖူးတယ် မဟုတ်လား ...
ဒီလိုလေး"

www.burmeseclassic.com



"ဟင် ... တော်ပြီကွာ၊ ဆက်မပြောနဲ့တော့"

စနိုးက သူ့ကို တွန်းထိုးကာ ရိုက်ပုတ်နေလျှ
သူက စနိုးရဲ့ လက်တွေကို အသာရှောင်ရှားရင်း တဟားဟားနှ
ရယ်မောစရာအဖြစ်သာ အသုံးဝင်ပါသည်။ ပြီးတော့ သူ့စိ
ကြိုက် စေညွှန်း၍ရသော ကောင်မလေး။

အဲဒီအချိန်မှာပင် သူ့ဟန်းဒ်ဖုန်းက မြည်လာခဲ့သည
Dispalay ပေါ်နံပါတ်ကို မြင်လိုက်လျှင် သူက မျက်မှောင်တ
ချက်ကုတ်သွားကာ ချက်ချင်းပဲ နှုတ်ခမ်းထောင့်သံတွေ ကျယ်လာသည

"ဟယ်လို"

အဲဒီ ဟယ်လိုထူးသံတွင် သတိအပြည့်နဲ့ဖြစ်သည

"မြင်ကွင်းက သိပ်ကြည့်လို့မကောင်းဘူး ဒေါ်နအေး"

အဲဒီစကားသံကို ကြားလျှင် သူက ပါးစပ်အဟော
သားပွင့်မတတ်ပင် အံ့သြသွားရသည်။ ခေါင်းထဲတွင်လည်း အရ
ပေးခေါင်းလောင်းသံတွေ ဆူညံ၍သွားလေသည်။ လေပြည်တွေ
ပင် သူမ တိုးတိတ်ညင်သာစွာ ရောက်လာခဲ့ပြီ။

"မင်း ... မင်း ဘယ်မှာလဲ ပန်းရောင်"





"အဲဒါက ဒီလောက်အရေးမကြီးပါဘူး။ မင်းဟာ ကိုယ်မချစ်နိုင်တဲ့ မိန်းကလေးတစ်ယောက်ကို ဒီလိုတော့ မျှော်လင့်ချက်တွေ ပေးမထားသင့်ပါဘူး ...

မလုပ်ပါနဲ့ ဒေါ်န၊ ကြာရင် မင်းအတွက်လည်း မကောင်းသလို သူ့အတွက်လည်း မကောင်းဘူး"

"မင်းက ဘာကိုကြည့်ပြီး ပြောနေတာလဲ၊ ပြီးတော့ ဒီနားမှာလား ဘယ်မှာလဲ"

သူက ပြောရင်းတန်းလန်းကနေ၍ ထိုင်ရာမှထကာ ဆိုင်ထဲသို့ ဟိုဟိုဒီဒီ ဝေ့ဝဲရှာလျက်ရှိလျှင် ဖုန်းထဲမှ သူမက အဲဒီအဖြစ်အပျက်ကို မြင်တွေ့နေသည့်အလား တဟင်းဟင်း ရယ်မောလျက်ရှိသည်။

ထိုရယ်သံဟာ သူ့ကို လှောင်ပြောင်နေသည့်အလား ခံစားရပါသည်။

"ကိုယ့်ကို ရှာမနေပါနဲ့ ဒေါ်န။ မင်း ဘယ်လိုမှ တွေ့မှာ မဟုတ်ပါဘူး။ ပိုးတုံးလုံးကိုလည်း ကျားမာယာတွေသုံးပြီး အစ်အောက်မနေပါနဲ့တော့ ...



www.burmeseclassic.com

www.burmeseclassic.com



သူ ကိုယ့်ကို လုံးဝ မသိပါဘူး ယုံပါ ...

သူ ဘာမှ မသိရှာပါဘူး"

"ဒါဆို မင်းက ဘယ်ကနေ သိတာလဲ"

"မဖြေတဲ့မေးခွန်းကို ထပ်ခါ ထပ်ခါ မေးနေခြင်းဟာ ကိုယ့်အင်ပရက်ရှင် ကိုယ် ပြန်ဒေါင်းစေပါတယ် ဒေါနဲ ရယ် ...

တနင်္ဂနွေနေ့ကျရင်သာ ကိုယ့်ဆီက နှင်းဆီတို့ လက်ခံဖို့ပြင်ထားပါ"

"ဟား ... စိတ်ချ၊ ဒီတစ်ခါတော့ မင်း ဘယ်လိုမှ မလွတ် စေရတော့ဘူး၊ အဲဒီကျရင်တော့လား ..."

သူ့ရဲ့ ကြိမ်းဝါးသံကို သူမက မမှုသည့်အလား ...

"ကျွန်တော်မျိုးကြီး ကြောက်လိုက်တာနော်" ဟု အသံတုန်တုန်ကြီးဖြင့် လှောင်ပြောင်ကာ ဖုန်းပိတ်သွားလေသည်။ သူက အဲဒီဖုန်းနံပါတ်ကို ချက်ချင်း ပြန်ခေါ်ပါသော်လည်း တစ် ဖက်က လူကြီးမင်းဟာ ဆက်သွယ်မှုစရိယာပြင်ပသို့ ရောက်သွား ပါပြီတဲ့။





သူဟာ အဲဒီအတိုင်း တကယ်ပဲ ယုံချင်လှပါသည်။ နှတ်မျက်စိတစ်လုံးနှင့် တစ်နေရာက စောင့်ကြည့်နေသလိုရှိသည့် ပန်းရောင်ဟာ တခြားကမ္ဘာသူတစ်ယောက်လို သူနှင့် နီးနီးလေးမှာ ဝေးနေကြသည်။

သူမကို ဘယ်လိုမှ နားမလည်နိုင်။ နားလည်နိုင် ဘာတစ်ခုကတော့ တနင်္ဂနွေနေ့ကို ပိပြင်စွာ အသုံးချတော့ဖို့ပဲ ဖြစ်သည်။

❤ ✧ ❤



www.burmeseclassic.com

www.burmeseclassic.com



တနင်္ဂနွေနေ့သို့ ရောက်လျှင် သူ အပါအဝင် သူငယ်ချင်းတစ်စုဟာ နေ့ခင်းတစ်နာရီလောက်တွင် Heart Icon ဆိုင်ထဲသို့ ရောက်နေကြပြီဖြစ်သည်။ အသီးသီး စားချင်တာတွေ သွားဝယ်လာကြကာ ထိုင်နေကျထောင့်တစ်ထောင့်မှာ မထိုင်တော့ဘဲ ထင်လင်းနေသည့် စားပွဲအလယ်ကောင်မှာ ထိုင်ကြကာ





ဟိုဟိုဒီဒီ ရောက်တတ်ရာရာများကို ပြောဆိုနေကြသော်လည်း သတိကတော့ တစ်ချက်မှ မလစ်စေရ။

အထူးသဖြင့် ရွှေဥဒေါင်းစာအုပ်တွေ အရမ်းဖတ်သော သစ်နိုင်က သူမအကြောင်းကို ကောင်းကောင်းကြီး ခြေရာခံလျက်ရှိသည်။

"သူကနော် ထင်မှတ်မထားတဲ့အချိန်မှာ ဝင်,ဝင်လုံးသွားတာ"

"နပန်းလား"

ဒီးဒီးရဲ့ ဝင်နောက်မှုကို သစ်နိုင်က အရေးတောင်မစိုက်ချေ။ သူ ပြောချင်ရာကိုသာ ဆက်ပြောနေသည်။

"ဘတ်စ်ပေါ်မှာလည်း ကြည့်လေ ဘယ်လောက်အသည်းယားစရာကောင်းလဲ၊ ငါတို့လည်း လုံးဝ သတိမထားမိဘူး ...

ဒါနဲ့ သူ သုံးတဲ့ရေမွှေးကို ငါ သိခဲ့ရပြီကွ။ မင်းသူနဲ့ ဖုန်းပြောရင် ပြန်ချေလို့ရပြီ"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်လား ဘာရေမွှေးလဲ"

"212 တဲ့"

"မင်းက ဘယ်လိုလုပ် သိတာလဲ"

"ငါက ဒီကောင့်ကို ပေးထားတဲ့ ပန်းအတုကို ယူသွားပြီး ဆိုင်မှာ သွားမေးတာပေါ့။ ငါ့ညီမတစ်ယောက်က ရေမွှေး crazy လေ၊ သူ့ကိုကပ်ပြီး သွားမေးတာ"

"အင်း ... သူ ပေးတာ သုံးပွင့်ရှိသွားပြီနော်။ ဒီနေ့ရော ဘယ်လိုပေးမလဲ မသိဘူး"

ပြည့်ဖြိုးက လက်နှစ်ဖက်ကို မေးမှာထောက်ကာ ဟန်ပါပါလေး ညည်းညူလျှင် သူက မခံချင်ဖြစ်သွားရလျက် ...

"ဒီနေ့တော့ သူ ဘယ်လိုမှ ပေးလို့ရမှာ မဟုတ်တော့ဘူး၊ ပေးချင်ရင်လည်း ပေါ်တင်လာပေးဖို့ပဲ ရှိတော့တယ်"

"အခုတော့ အရိပ်ယောင် မမြင်ရသေးပါဘူး"

သစ်နိုင်က ဟိုဟိုဒီဒီ ဝေ့ဝဲကြည့်ကာ အမှတ်မထင် ပြောလိုက်ရင်းမှ တစ်နေရာသို့ အရောက်တွင် ဟင်ခနဲ မြည်လျက် မျက်မှောင်တစ်ချက်ကြုတ်သွား၏။





"ဟော့ကောင် ဘာလဲ"

တစ်ယောက်စီက မေးသော်လည်း ဒီကောင်က မဖြေချေ။ တစ်နေရာထဲမှာသာ အကြည့်တို့က ရပ်တန့်နေသဖြင့် သူ ကြည့်သောနေရာကို ကျန်တဲ့သူတွေကပါ လိုက်ကြည့်မိကြလျှင် ...

သူတို့လေးဦး၏ ခေါင်းများမှာ အဲဒီနေရာက မရွှေ့လျားကြတော့။ အထူးသဖြင့် အားလုံးသည် တစ်ယောက်နဲ့တစ်ယောက် စကားမပြောဖြစ်ကြဘဲ မျက်လုံးနှင့် ကြည့်တာနှင့်ကို 'ဘာ' ဆိုတာ ချက်ချင်း တိုင်ပင်သဘောပေါက်ကြပြီဖြစ်သည်။

ထောင့်တစ်ထောင့်တွင် သူတို့ကို ကျောပေးထိုင်နေသော မိန်းကလေးတစ်ယောက်သည် တင်ပါးအထိရှည်သော ဆံနွယ်ညိုတွေ တဝေ့ဝေ့ကြီးနှင့်ဖြစ်သည်။ သူမရှေ့က စားပွဲပေါ်တွင် ချထားသော သောက်လက်စဖြစ်ဟန်တူသည့် ချောကလက်မစ်ရှိတ်တစ်ခွက်၊ အဲဒါထက် ပိုစိတ်ဝင်စားစရာ ကောင်းတာက စားပွဲပေါ်တွင် ချထားသော နှင်းဆီတစ်ပွင့်ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



သူသည် ချက်ချင်းလက်ငင်းကို ရင်ခုန်သံတွေ တဒိတ်ဒိတ် ဆူညံလာရသည်မှာ ကိုယ့်ဟာကိုယ်တောင် အံ့သြရလေသည်။ ဘယ်တုန်းကမှ သူ ဒါမျိုးမဖြစ်ဖူးခဲ့ချေ။

ညစဉ်ညတိုင်း လေလှိုင်းထဲက ရင်းနှီးခင်မင် ခုံမင်ခဲ့ရသော အသံရှင်(ဖြစ်လောက်နီးနီး) သူမဟာ သူနှင့် လက်တစ်ကမ်းအကွာမှာ ရောက်နေခဲ့ပြီဟူသော အဖြစ်သည် သူ့နှလုံးသားကိုသာမက သူငယ်ချင်းတွေရဲ့ စိတ်ကိုပါ အတော်ဖမ်းစားနိုင်ဟန်တူသည်။

သူ့ကို လက်ကုတ်ကာပြောသော ဒီးဒီးရဲ့ အသံကြီးပင်လျှင် တုန်နေသယောင်ထင်ရ၏။

"ဟိတ် ... ဟိတ်ကောင် ... ပန်းရောင် ဆိုတာလား မသိဘူးကွ နော်"

"အသာနေ သူ ဘာလုပ်မလဲ စောင့်ကြည့်ရအောင်"

"မိုက်တော့အမိုက်သားကွ။ ဆံပင်ကြီးကတော့ တော်တော်ကောင်းတယ်၊ ဆံပင်အရှည်မကြိုက်တဲ့ ငါတောင် အဟိ"





ဒီးဒီးရဲ့ မျက်နှာပိုးမသေသော အသံကို သူက တစ်ချက် ကျိတ်ဟန့်လိုက်သည်။ အဲဒီနောက် အစောတုန်းက စကားသံတွေ ဝေစည်ခဲ့သော သူတို့ဝိုင်းလေးဟာ ရန်သူ့နယ်မြေကို ဝပ်၍ တွားသွားနေကြသော ကုပ်ချောင်းချောင်း စစ်သားတွေလို ဖြစ်သွားသည်။

အားလုံးဟာ သတိဝီရိယအပြည့်။

သုံးမိနစ် ... လေးမိနစ် ... ငါးမိနစ်အထိ တစ်ဖက်မှ ဘာမှ မလှုပ်ရှားသေးပေ။

အအေးကို မော့သောက်လိုက် ဆံပင်လေးကို သပ်တင်လိုက်၊ အဲဒီထက် အသည်းယားစရာကောင်းတာက နှင်းဆီပန်းလေးကို ဆော့ကစားနေခြင်းဖြစ်သည်။

"တောက် ... ပေးမှာဖြင့်လည်း မြန်မြန်လာပေးပါလားကွ။ သက်သက် ပဲများနေတာ"

"ငါ စိတ်မရှည်တော့ဘူးနော်၊ မျက်နှာကို သွားဆွဲလှည့်ပစ်ချင်နေပြီ"



www.burmeseclassic.com

www.burmeseclassic.com



ကြာလာလျှင် သူငယ်ချင်းတွေကပါ စိတ်မရှည်တော့ချေ။ စိတ်ရှည်တတ်သော သစ်နိုင်ကတော့ စာအုပ်သမား ပီပီ ဦးစံရှားလေသံနှင့်ပင် ...

"နေကြပါဦး မောင်တို့ရာ ...။ အလျှင်လိုခြင်းသည် နှောင်တရခြင်း၏ အစ်မဖြစ်၏တဲ့။ ကျွန်ုပ် ကြားဖူးတဲ့ စကားပုံတစ်ခုပဲ ...

အခြေအနေကို စောင့်ဆိုင်းလို့ အကျိုးမယုတ်တာ ကောင်းပါဘူး"

"ဟာ ... အရေးထဲ ဒီအရူးက တမျိုး။ ဟေ့ကောင် ဒီအရူးပြောတာကို အာရုံစိုက်မနေနဲ့၊ ဟိုက ထနေပြီနော်"

ပြည်ဖြိုးက လက်ကုတ်ကာ အမြန်သတိပေးလျှင် သူက ထိုင်ရမလို ထရမလို ဖြစ်သွားသည်။ ဆံပင်ရှည်ရှည် အရိပ်သဏ္ဌာန်သည် ထိုင်ရာမှထကာ နှင်းဆီပန်းလေးကို ကောက်ကိုင်လျက် အပြင်ဘက်သို့ ထွက်ခွာဖို့ ဟန်ပြင်နေပြီဖြစ်သည်။

"ဟေ့ကောင် ... ဟိုမှာ သွားပြီကွ"





"ဘယ်လိုကြီးဂဲ၊ ပေးလည်းပေးမသွားဘူး။ ငါတို့ အုပ်စုတောင့်လို့ လန့်ပြီး ပြေးပြီနဲ့တူတယ်"

"အေးလေ ... အဖျားရှုးသွားပြီ၊ [illegible] မလိုက်ဘူးလားဒေါ်နှ"

"ငါ ... ငါ လိုက်ရမှာလား"

"ဟ ... အူနေ ... အူနေ ... ဟိုက ပြေးပြီ။ လိုက်တော့ကြည့်ရမှာပေါ့၊ သွားလေကွာ ... သွား"

သူငယ်ချင်းတွေက အတင်းတွန်းလွှတ်သည့်အပြင် သူကလည်း ပေါ့ပေါ့ပါးပါး ခြေလှမ်းတွေနှင့် လေကားထစ်တွေကို ဆင်းသွားသော သူမရဲ့ (လှုပ်ခါဝဲဖြာနေသော ဆံပင်ရှည်ရှည်) နောက်ကျောပြင်ကို ကြည့်ကာ ချက်ချင်းပဲ ခြေလှမ်းတွေဟာ အဲဒီနောက်သို့ ပြေးကပ်ပါသွားတော့သည်။

ဂျင်းနံဘောင်းဘီဝတ်ထားသော သူမရဲ့ ခြေလှမ်းများဟာ သူ နောက်က လိုက်လာတာကို သိသည့်အလား ပို၍ သွက်သွားသလိုရှိသည်။ ဒီတော့ သူကလည်း လိုက်သွက်ရုံပေါ့။



www.burmeseclassic.com

www.burmeseclassic.com



သူ သွက်တာကို သူမက ထပ်၍ သွက်လျှင် မခြေ ရုံတမယ်ပဲ ရှိတော့သည်။ သိပ်မဝေးသော အကွာအဝေးမှ လှမ်း မြင်နေရသော ဆံပင်ရှည်ဟာ အစစ်တွေဟုပင် ဟုတ်ရဲ့လားဟု သံသယရှိရလောက်အောင် နူးညံ့ပျော့အိကာ နိုင်လွန်ဆံပင်တွေဟု တောင် ထင်ရလောက်အောင် လှပရှာပါသည်။

ဘယ်လောက်များ ပေါင်းတင်ပြုပြင်ထားပါလိမ့်

သူမက ရှေ့က သုတ်သုတ်သွားနေရာမှ ရိုးရိုးမသွား တော့ဘဲ အချိုးအကွေ့တွေလုပ်ကာသွားလျှင် သူက ပို၍ လိုက် ရတော့သည်။ အကွေ့တစ်ခုမှာတော့ သူ့ကို ဦးထုပ်ဆောင်းထား သော ဟစ်ဟော့ပ် စတိုင်လ် ကောင်လေးတစ်ယောက်က အုန်းခနဲ မြည်အောင် ဝင်တိုက်တော့သည်။

အကွေ့ဖြစ်၍ရော သူက ခြေလှမ်းတွေမြန်လွန်း သဖြင့်ရော အရှိန်မသေးသဖြင့်သူဟာ ပက်လက်လှန် လဲကျတာ ဖြစ်သည်။

"ဟာကွာ ... ကျွတ် ... အရေးထဲမှပဲ"





"ဟား ... ဆောရီးပါ ဘော်ဒါရာ၊ ဆောရီးပါ ... ထ ... ထ"

ကောင်လေးက သူ့ကို ပျာပျာသလဲပင် ဆွဲထူပေးပါ သည်။ အဲဒီမှာပဲ သူ့ပခုံးကို နောက်ကတစ်ယောက်က အုန့်ခနဲ မြည်အောင် ထပ်တိုက်သွားပြန်သည်။ တိုက်တာမှ ကျောပြင်ကို တောင် လက်နှင့် တွန်းသွားသည့်အလားပင်။

သို့သော် သူဟာ အဲဒီ ဝင်တိုက်သူနှစ်ဦးကို ကြာကြာ အာရုံမစိုက်အားချေ။ အရှေ့မှာ လက်မတင်လေး လှမ်းမြင်နေရ သေးသည့် ဆံပင်ရှည်ရှည်ရဲ့နောက်သို့ပဲ အသည်းအသန် ပြေးလိုက် တော့တာဖြစ်သည်။

သူ လုံးဝသည်းမခံနိုင်တော့။ ဒီတစ်ယောက်ကို ဘာပဲဖြစ်ဖြစ် သူ သိကိုသိမှဖြစ်တော့မည်။ ဒီတော့ သူဟာ သူမ ကို မီလာလျှင် ပခုံးကို လှမ်းပုတ်တာ ...

"ဟေ့ ... ပန်းရောင် ရပ်ဦး"

သူမက မရပ်ချေ။ သူက မောလာပြီဖြစ်သော်လည်း ဒီတစ်ခါတော့ လုံးဝ အလွတ်မခံနိုင်တော့သဖြင့် သူမ ရှေ့မှ ပိတ်ကိုရပ်လိုက်တော့ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



သူ့ သိပ်မြင်ချင်နေခဲ့သော မျက်နှာတစ်ခုက သူ့ကို စပ်ဖြဲဖြဲပုံသဏ္ဌာန်ဖြင့် ကြိုဆိုနေခဲ့လျက် ...

"ဘာလို့ အဲဒီလောက် လိုက်နေရတာလဲ သူ့ရဲ့ ... အဟင်း ... ခွိ ... ခစ်"

"ဟင် ..."

သူသည် အဲဒီမျက်နှာကြီးကို မြင်လိုက်ရလျှင် ရင်ထဲမှာ ချက်ချင်းပဲ မထွေးနိုင် မအန်နိုင် ဖြစ်သွားရလေသည်။ ရောင်စုံမျက်နှာ အဖွေးသားဖြင့် သူ့ကို မျက်စမျက်နှာပစ်ပြနေသည့် မာမရှိန်း မိန်းမလျှာကြီးတစ်ယောက်ပဲဖြစ်သည်။

"ကဲ ... ပြော ... ဘာကြောင့် ဒီလောက် အသည်းအသန် လိုက်နေလဲ ... ပြော ... လူဆိုးလေး ... ပြော"

ဘုရား ... ဘုရား ... ပက်ကျိကို ကျောက်ကျောတစ်ပိဿာ ကျွေးထားသည့်လေသံနှင့် ထိုမာမီဟာ သူ့ရင်ဘတ်ကို လက်ညှိုးလေးနှင့် ထောက်ကာ မူယာမာယာပိုပိုဖြင့် မေးသောတာ ဖြစ်သည်။





သူသည် ချက်ချင်းကို ချွေးပြန်လာလျက် ပါးစပ်ကလည်း ပြောမိပြောရာဖြင့် ...

"ဟို ... နှင်းဆီ ... နှင်းဆီပန်း"

"သြော် ... ဒီပန်းကို ပြောတာလား၊ ဒါ တို့ရဲ့ ဖူးစာရှင်ကိုပေးဖို့ ဒီနေ့ချိန်းထားပြီး သူက ရောက်မလာတော့ တို့က ကြေကွဲနေရတာ ...

တတ်နိုင်ဘူး။ မောင်လေးက လိုချင်တော့လည်း ပေးရတော့မှာပေါ့။ ဖူးစာဆိုတာ ဦးရာလူပေါ့နော် ... ခစ် ခစ် ... ရော့ ... ယူ"

"ဟာ ... တော်ပြီ မယူတော့ဘူး ဆောရီး"

"ဟင် ... ဒါဆို လူကို နောက်က ဘာလို့ ဖွတ်လိုက်ကြည့်ရတာလဲ။ ကြိုက်လို့မဟုတ်ဘူးလား၊ ဟုတ်ဘူးလားလို့"

ထိုအခြောက်က နှုတ်ခမ်းတွေ ဆူထော်လာလျက် ဆွဲမတတ် ရမ်းမတတ်ဖြစ်သွားလျှင် သူက အလျင်အမြန်ပဲ ပြန်ပြေးရတော့သည်။ ဒီတစ်ခါတော့ သူ့ရဲ့ ပြေးအလှည့်ပဲ ဖြစ်တော့

www.burmeseclassic.com

www.burmeseclassic.com



သည်။ အပြေးကောင်းလွန်းသဖြင့် ထိုအခြောက်ကြီးလက်မှ လွတ်မြောက်ကာ သူငယ်ချင်းတွေထံသို့ ပြန်ရောက်လာခြင်း ဖြစ်သည်။

ဖတ်ဖတ်မောနေသော သူ့ပုံစံကို သူငယ်ချင်းတွေက အထူးစောင့်မျှော်နေသော မျက်နှာထားတွေဖြင့် ဆီး၍ မေးကြသည်မှာ တစ်ယောက်တစ်ပေါက်ပင်။

"ဟော့ကောင် ဘယ်လိုလဲ။ လုလား မိခဲ့လား"

"အဆင်ပြေခဲ့ပြီလား၊ ပြော ... ပြောပါဦး"

"အမလေးကွာ ကံကောင်းလို့ပေါ့။ ကိုယ်ကျိုးနည်းတော့မလို့။ ဘယ်က ပန်းရောင်ရမှာလဲ။ အခြောက်ကြီးကွ။ ဟင်း ... ဖွတ်နွှယ်နေလို့ အတင်းထွက်ပြေးလာရတယ်"

"အခြောက်ကြီး ဟုတ်လား။ ဟား ဟား ... အဲဒါပဲပေါ့ ကွ မင်းရဲ့ဖူးစာရှင် အစစ်အမှန်က"

သူငယ်ချင်းတွေက သူ့အဖြစ်ကို သဘောကျစွာဖြင့် တဟားဟားအော်ရယ်ကြကာ ပြည့်ဖြိုးက သူ့နောက်ကျောကို ပုတ်ကာရိုက်လိုက်လျှင် မျက်နှာက တစ်မျိုးဖြစ်သွားရင်း ...





"ဟော့ကောင် ... မင်း နောက်ကျောက ဘာကြီးလဲ"

"မသိဘူး ဘာလဲ"

ပြည့်ဖြိုးက သူ့နောက်ကျောက အရာကို ခွာယူကာ သူ့ရှေ့သို့ ပြပေးလိုက်လျှင် သူတို့အားလုံးရဲ့ မျက်လုံးတွေက ပြူးကျယ်ဝိုင်းစက်သွားတော့သည်။ သူတို့အားလုံးကို အံ့သြစေတာက ပန်းနုရောင်နှင်းဆီပွင့်လေးတစ်ပွင့်ပဲ ဖြစ်ပါသည်။

ပို၍ တိကျအောင် ပြောရလျှင် ...

"4th Rose 4 u

Pink"

ဟူသော ကတ်ပြားသေးသေးလေး ပါသေးသော နှင်းဆီ စတုတ္ထမြောက်ပဲဖြစ်သည်။ သူတို့လေးယောက်သားမှာ ခေတ္တတော့စကားမပြောနိုင် ဖြစ်သွားရကာ ချက်ချင်းပင် သစ်နိုင်ထံမှ တောက်ခေါက်သံတိုးတိုးက ထွက်ပေါ်၍လာလေသည်။

"တောက် ... ငါတို့ အလှည့်စားခံလိုက်ရပြီကွ။ ပန်းရောင် ... ပန်းရောင် ... သိပ်လည်တဲ့ ငတိမလေး၊ ငါတို့ကို အရှုးလုပ်သွားတာ"



www.burmeseclassic.com

www.burmeseclassic.com



"ဘာလို့လဲ"

"ဘာလို့ရမှာလဲ၊ ငါတို့က သူ့ဆံပင် အရှည်ကြီးမှန်းသိထားတော့ အဲဒီဆံပင်အရှည်နဲ့ လှည့်စားလိုက်တာပေါ့ကွ။ ဆံပင်အရှည်မြင်တာနဲ့ပဲ စိတ်ဝင်စားမယ်မှန်းသိတော့ တမင် အဲဒီအချက်ကို ဖမ်းသွားတာ ...

မင်းကို ဝင်တိုက်ရင်း အင်္ကျီအောက်မှာ ကပ်ထည့်ပေးလိုက်တာနေမှာပဲ။ ငါ ပြောတာ ဟုတ် မဟုတ် မင်းဆီ ဖုန်းလာရင် မေးကြည့်ပေါ့"

"မေးစရာမလိုပါဘူးကွာ၊ အဲဒီအတိုင်း ဟုတ်နေတာပဲ။ ရှေ့က အခြောက်ကပြေးပြလေ ငါက ဟုတ်ပြီထင်ပြီး ခွတ်လိုက်လေ၊ ဒီနေရာမှာ သူက ဝင်အသုံးချသွားတာပေါ့ _

တောက် ... သိပ်လည်တဲ့ဟာမလေး။ အဲဒီ အခြောက်ကလည်း သူ့လူပဲနေမှာပဲ"

"ဟုတ်တယ်ကွ ဖြစ်နိုင်တယ်၊ အဲဒီဆံပင်ကလည်း အတုစွပ်ထားတာပဲနေမှာ၊ ဒီနေရာ ဒီအချိန်မှာ နှင်းဆီပန်းတွေ





ဘာတွေနဲ့ အရောင်ပြတာလည်း သူ့အိုက်ဒီယာတွေပဲနေမှာ ...

ငါတို့ကို နီးနီးလေးနဲ့ ကပ်လှုပ်ရှားသွားတာ။ ခံပြင်းလိုက်တာနော် ... ဟင်း"

သူတို့လေးယောက်စလုံးသည် လှည့်စားခံရသဖြင့် တရှုံ့ရှုံ့ တရှဲရှဲဖြင့် ဒေါသတွေပွနေကြကာ အသာလေး အနိုင်ပိုင်းသွားသော သူမကိုလည်း ချီးလည်းကျူးချင်၊ ကျူးလည်းမကျူးချင်၊ ကိုယ့်ကိုယ်ကိုယ်လည်း မခံနိုင်တွေဖြစ် စသဖြင့် စိတ်ခံစားမှုတွေက အရောင်တွေကို စုံနေတော့တာဖြစ်သည်။

စတုတ္ထမြောက်နှင်းဆီလေးကတော့ အပြစ်ကင်းစွာခဲ သူ့ကို နှုတ်ဆက်နေရှာပါသည်။ သူသည် မချင့်မရဲဖြစ်လာကာ အဲဒီနှင်းဆီပိုင်ရှင်ကို အသည်းတယားယား ဖြစ်လာရသည်မှာ မျက်နှာတွေတောင် ရှုံ့တွလာရသည်။

သူမကို တွေ့ချင်လာသည်မှာ ဟိုး ကလီစာတွေထဲကတောင် တဆတ်ဆတ်တုန်လာသည်အထိပင်။



www.burmeseclassic.com

"သုံးခါပဲ ကျန်တော့တယ်နော် ဒေါန"

သစ်နိုင်ရဲ့ သတိပေးသံသည် သူ့နှလုံးသားကို ကြိုးမိန့်ချသည့်အလား ထိတ်လန့် ချောက်ချားသွားစေခဲ့သည်မှာ သူကိုယ်တိုင်ပင်လျှင် နားမလည်နိုင်တော့။

အချစ်ဆိုတာ တစ်ထောင့်ငါးရာဟု တင်စားကြလျှင် ပန်းရောင်ထံတွင် ခုနစ်ရာ့ငါးဆယ်လောက်တော့ ရောက်သွားပြီ ပြီဟု ထင်ပါသည်။





နှင်းဆီတစ်ပွင့် ရောက်ပြီးတိုင်း ပုံမှန်အားဖြင့် ဖုန်းဆက်တတ်လေ့ရှိသော ပန်းရောင်သည် အဲဒီညကတော့ ခပ်စောစောပဲ ဖုန်းခေါ်ခဲ့တာဖြစ်သည်။ မျှော်လင့်ဝမ်းသာမှုတွေလည်း ပေးစွမ်းနိုင်ခဲ့သည်။

ပန်းရောင်သည် သူ့ကို လေသံအေးလေးနှင့်ပင် ...

www.burmeseclassic.com



"စတုတ္ထမြောက်နှင်းဆီကို ရတယ်နော် ဒေါနု"

"ပန်းရောင် … မင်း သိပ်တတ်နိုင်တယ်နော်၊ မင်းကိုတော့ ချီးကျူးပါတယ်"

သူမက ဆည်းလည်းလို အသံသာနှင့် ရယ်မော လျက် …

"စိတ်ထဲက မပါရင်လည်း ချီးကျူးမနေပါနဲ့။ အောင့်သက်သက်နဲ့ ချီးကျူးနေရတာ မဟုတ်လား"

"အဲဒါတော့ အမှန်ပဲ"

"ဩော် … ဒေါနု … ဒေါနု … မင်း ကိုယ့်ကို တော်တော် စိတ်တိုနေမှာပေါ့နော်"

သူမက လူကြီးတစ်ယောက်နှယ် နှစ်သိမ့်ပြောနေပြန် လျှင်လည်း အဲဒီလိုကျတော့ သူက မခံချင်ပေ။

"စိတ်မတိုပါဘူး။ ကိုယ်အ,လို့ ကိုယ်ခံရတာပဲ။ မင်း တော်လို့ မင်း နိုင်သွားတာပဲဥစ္စာ …

ဟုတ်တယ်မှလား"





"ကိုယ်တော်လို့ရယ်တော့ မဟုတ်ပါဘူး။ သတိမထားမိတဲ့ နေရာကို ရောက်နေလို့ပါ"

"အင်းပေါ့၊ ကိုယ်တို့ မင်းကို လျှော့တွက်မိတာ အမှားပေါ့။ မင်းအနေနဲ့ ဒီလောက်ကြီး အတင့်ရဲမှာ မဟုတ်ဘူးဆိုတာ ကို တွက်ဆမိဖို့ ကောင်းတယ် …

စစ်ပွဲတစ်ပွဲလိုပေါ့ကွာ။ လက်နဲ့နဲ့ လူအင်အား ပြည့်စုံ ရုံတင် ဘယ်ဟုတ်ပါ့မလဲ။ ပရိယာယ်ပါ,ပါမှ အောင်မြင် နိုင်မှာပေါ့ …

မင်း တော်ပါတယ်။ မဆိုးပါဘူး"

သူက တကယ် စိတ်ပါလက်ပါ ပြောမိသွားလျှင် သူမဟာ ငြိမ်သက်စွာဖြင့် နားထောင်၍ နေလေသည်။ သူက အဲဒီအခြေအနေလေးကို အငိုက်ဖမ်းစွာဖြင့် …

"ပန်းရောင် … မင်း အကြောင်းလေး နည်းနည်းလောက် ပြောပြပါလား"

"ကိုယ့်အကြောင်း … ။ ကိုယ့်အကြောင်းက ဘာမှ မထူး ခြားပါဘူး"

www.burmeseclassic.com



"ဘာလို့ မထူးခြားရမှာလဲ။ မင်းက ဒီလောက် စိတ်ဝင်စားဖို့ကောင်းနေတဲ့ ဟာပဲကို။ ကိုယ်တို့ တစ်အုပ်စုလုံးကို ပိပိရိရိ လှည့်စားလှုပ်ရှားသွားနိုင်တဲ့ သူတစ်ယောက်ရဲ့ အကြောင်းက ဘာလို့ စိတ်မဝင်စားဖို့ ကောင်းရမှာလဲ"

"မင်းက ဘာကို သိချင်တာလဲ။ သိချင်တာကို မေးလေ။ ကိုယ် ဖြေနိုင်ရင်ဖြေမယ်"

သူမက သူထင်တာထက်ပင် လည်ဝယ်ပါးနပ်နေသည်။ Myself essay ကို တစ်ပုဒ်လုံး ရွတ်ချင်ပုံမရချေ။

ကဲ ... ဒီတော့လည်း သူက အဖျူးသမားလုပ်ရုံပေါ့။

"ပထမဆုံး သိချင်တာက မင်းရဲ့ နာမည်အရင်း"

"ပန်းနုရောင်ပါ"

ဖြေလိမ့်မည်ဟု ထင်မထားသော်လည်း သူမက မဆိုင်းမတွ ချက်ချင်းပြန်ဖြေလေသည်။

"မင်းရဲ့အသက်"

"မင်းနဲ့ အတူတူပါပဲ"





"ဒါဆို ပညာအရည်အချင်းနဲ့ အလုပ်အကိုင်"

"ဒါကိုတော့ ပြောမပြနိုင်ပါဘူး"

"ဘာလဲ ? အလုပ်အကိုင်ကတစ်ဆင့် မင်းကို ခြေရာခံမိသွားမှာ စိုးလို့လား"

"အဲဒီလိုတော့ မဟုတ်ပါဘူး။ ကိုယ်က ပြောမပြချင်တာပါ။ ကဲပါ ဒေါနရယ် ... မင်း ကိုယ့်အကြောင်းတွေကို စိတ်ဝင်စားမနေပါနဲ့ ...

အဲဒါဟာ ခုနစ်ရက်နှင်းဆီကိစ္စလောက် စိတ်ဝင်စားဖို့မကောင်းပါဘူး။ ခုနစ်ပွင့်ပြည့်ဖို့ သုံးပွင့်ပဲ လိုတော့တယ်ဆိုတာလည်း သတိထားဦးနော်"

"သတိထားပါတယ်။ ဒီတစ်ခါတော့ ကိုယ် မင်းကို ဘာမှ မပြောတော့ဘူး"

"အင်း ... ဒီတစ်ခါက မင်းရဲ့ လက်ထဲကို ထည့်ပေးမှာ"

"ကိုယ့်လက်ထဲကို ထည့်ပေးမှာ ... ဟုတ်လား။ ဟား ... ပန်းရောင် ဒီတစ်ခါ တကယ်အောင်မြင်ရင်တော့ မင်းကို ကိုယ် တစ်ခုခု ဂုဏ်ပြုရတော့မယ်နဲ့တူတယ်"



www.burmeseclassic.com

www.burmeseclassic.com



"ကိုယ့်ကို ဂုဏ်ပြုစရာမလိုပါဘူး။ မင်းကိုယ်မင်းသာ ဂုဏ်ပြုပါ။ ပြီးတော့ မင်းကို အကြံပေးချင်တာတစ်ခုက မင်း ပိုးတုံးလုံးကို အသုံးမချပါနဲ့လား"

"ကိုယ် ဘာအသုံးချနေလို့လဲ"

"သူ့ကို သင်တန်းတက်ခိုင်းထားတာ မင်း လိုအပ်ချက်အတွက် အသုံးချနေတာ မဟုတ်ဘူးလား။ သူ့ကို တက်ခိုင်းမယ့်အစား မင်းဘာသာတက်ပြီး ကြိုးစားပါလား ...

မိန်းကလေးတွေကို အရူးမလုပ်ချင်စမ်းပါနဲ့ ဒေါ်နရယ်"

"မင်းရဲ့စကားကို ကိုယ်က နားထောင်ရမယ်ပေါ့"

"အဲဒီအတွက် မင်းနဲ့ ကိုယ်နဲ့ အပေးအယူတစ်ခု လုပ်ထားတယ်လေ။ မင်းကို ဘာလိုင်းကြီး အမိန့်ပေးတောင်းဆိုတာမှ မဟုတ်တာ။ တစ်ဖက်သားရဲ့ စိတ်ကို ငဲ့ညှာထည့်တွက်သင့်ပါတယ် ဒေါ်နရယ်။ ကိုယ် ပြောတာ မင်း မယုံရင် စောင့်ကြည့်။ ဒီလိုပုံအတိုင်း ဆက်သွားနေရင် ချည်တွေ အကုန်ရှုပ်ကုန်မယ်"





"အဟင်း ... မင်း ကြည့်ရတာ အဲဒီလို အလှည့်စားခံဖူးတယ်နဲ့တူတယ်"

သူက တမင်ပင် သူမကို ကလိလိုက်တာဖြစ်သော်လည်း သူမက စိတ်မဆိုးပါ။ မျက်နှာကိုသာ မြင်ခွင့်ရခဲ့မည်ဆိုလျှင် သူမ ပြုံးနေမည်ဟု ထင်ပါသည်။

"မင်း ထင်ချင်သလို ထင်နိုင်ပါတယ်လေ။ အလှည့်စားခံရဖူးတယ် ဆိုတော့လည်း မင်းထက် အတွေ့အကြုံရှိတော့ နိုင်ပွဲဆင့်နိုင်တာပေါ့ ...

သင်ခန်းစာဆိုတာ ယူတတ်ရင် အကောင်းတွေချည်းပဲ"

"ဒိုင်တွေကတော့ ရှယ်တွေချည်းပဲ။ အမေ့ရှေးစကားတွေ ပေါ့လေ ဟုတ်လား"

"လူထုဒေါ်အမာရေးတဲ့ ဆောင်းပါးနာမည်ကို ပြောတာ မဟုတ်လား။ ဆရာမကြီးရဲ့ ဆောင်းပါးနာမည်နဲ့တော့ မနှိုင်းပါနဲ့ ဒေါ်န။ ဆရာမကြီးရဲ့ ဩဝါဒတွေနဲ့ ကိုယ့်



www.burmeseclassic.com

www.burmeseclassic.com



စကားတွေက တန်ဖိုးချင်း နှိုင်းယှဉ်လို့မရပါဘူး။ အဲလို တော့ မနှောက်နဲ့"

"မင်းနဲ့ လူထုဒေါ်အမာနဲ့ အမျိုးတော်လို့လား"

"မတော်ပါဘူး။ ဒါပေမဲ့ ကိုယ် လေးစားရတဲ့ စာပေမိခင် ကြီးဖြစ်တယ်။ သူ ရေးတဲ့ ဆောင်းပါးတွေက မှတ်သားနာ ယူစရာတွေ များတယ်။ ဒါနဲ့ မင်း ကြည့်ရတာ စာဖတ် တယ်နဲ့တူတယ် ဟုတ်လား ...

ဘယ်စာအုပ်မျိုးတွေ ဖတ်လဲ"

"မဂ္ဂဇင်းနဲ့ ယောကျ်ားလေးရေးတဲ့ ဝတ္ထုတွေ"

"မိန်းကလေးတွေရေးတဲ့ ဝတ္ထုတွေက ဘာလို့ မဖတ်တာ လဲ"

"မသိဘူး။ မဖတ်ချင်လို့ မဖတ်တာပေါ့။ ယောကျ်ားချင်း ရေးတာပဲ ဖတ်ချင်တာ ...

နေပါဦး မင်းကို ကိုယ်က ဗျူးနေတာပါ။ မင်းက ဘယ်လိုလုပ် ပြန်ဗျူးနေရတာလဲ။ ဒါနဲ့ မင်းက ပြောတယ်





နော် ပဉ္စမမြောက်နှင်းဆီကို ကိုယ့်လက်ထဲကို ထည့်ပေးမှာ ဟုတ်လား ...

ဘယ်တော့လဲ ... ဘယ်နေ့လဲ ..."

သူမက သူ့စကားကို အားရပါးရ ရယ်မောလေ သည်။

ပြီးတော့မှ ရယ်သံစွက်စွက်ဖြင့် ...

"ဒီကိစ္စက နည်းနည်းခက်တော့ အချိန်နဲ့ နေရာကို ပြော မပြနိုင်ပါဘူး။ ဒါပေမဲ့ သိပ်မကြာတော့တဲ့ အချိန်အတွင်း မှာပေါ့"

"ကိုယ့်ရဲ့ လက်ထဲကို မင်း ကိုယ်တိုင် လာထည့်ပေးမှာ တော့ မဟုတ်ဘူးနော်"

"ကိုယ်ကိုယ်တိုင် ထည့်ပေးမှာပါ"

သူမရဲ့ တိကျရေရာသော စကားသံ အဆုံးတွင် ဖုန်းထဲ၌ အသက်ရှူသံနှစ်ခုပဲ အတန်ကြာကြီးစိုးသွား၏။ ပြီးမှ သက်ပြင်းချသံတစ်ခု သူ့ထံက ထွက်ပေါ်လာခဲ့ပြီးလျှင်။



www.burmeseclassic.com

www.burmeseclassic.com



"ပန်းရောင် တကယ်လို့ နှင်းဆီ ခုနစ်ပွင့် ပြည့်သွားခဲ့ပြီး ရင် မင်းက ကိုယ့်ဘဝထဲက ပြန်ထွက်သွားမှာလားဟင်"

သူ့စကားတွေကို ချက်ကျလက်ကျ ပြန်ဖြေတတ်သော သူမထံမှ ဒီတစ်ခါတော့ အသံတိတ်ဆိတ်လို့သွားလေသည်။ စက္ကန့်အတန်ကြာမှ ...

"မင်း ဘဝထဲကို ကိုယ်မှ ဝင်မလာခဲ့သေးတာ"

"ဝင်လာခဲ့ပါလားဟင်"

သူ့ရဲ့ နူးညံ့ဖြားယောင်းသော ခံစားချက်တစ်မျိုး လိုက်ဖြားနေသော အသံကို သူမသည် ခေတ္တအငိုက်မိသွားသလို အတန်ကြာငြိမ်သက်သွားသေး၏။ အဲဒီနောက်မှာတော့ ချက်ချင်းပဲ အိပ်မက်မှ လန့်နိုးသွားသလို နှုတ်တောင်မဆက်နိုင်ဘဲ ဖုန်းပိတ်သွားခဲ့တော့တာဖြစ်သည်။

အဲဒီခဏမှာ လေပြည်တစ်ချက်က ဝေ့ခနဲ တိုက်ခတ်ကာ ခန်းဆီးစတွေကို ပွတ်သပ်ရင်း သူ့ကိုပါ ကျီစယ်သွားလျှင် သူ့ရင်မှာ အလွမ်းဆိုတာကို မှတ်မှတ်သားသား ခံစားဖူးသွားပါသည်။





"အလွမ်း"တဲ့။ ဒီကမ္ဘာကြီးပေါ်မှာ အလွမ်းကို မခံစားဖူးသေးတဲ့သူ ရှိကောင်းရှိလိမ့်မယ်။ ပါးစပ်နဲ့ ပြည့်စုံအောင် အဓိပ္ပာယ်ဖွင့်ဆိုမရနိုင်တဲ့ အလွမ်းရဲ့ အနက်အဓိပ္ပာယ်ကို သူ ပထမဆုံး စသိခွင့်ရခဲ့ဖူးပါသည်။

မှတ်မှတ်ရရ စတုတ္ထမြောက်နှင်းဆီပွင့်ကို လက်ခံရရှိပြီးချိန်မှာပေါ့။

❤ ✧ ❤



www.burmeseclassic.com

www.burmeseclassic.com



"ပဥ္စမမြောက်နှင်းဆီ"

ပဥ္စမြောက်နှင်းဆီကို လက်ခံမရရှိမီ သူ့စိတ်တွေက တိမ်တစ်စလို လွင့်မျောနေခဲ့ပါသည်။ တဖြည်းဖြည်းနှင့် သူ့စိတ်ထဲတွင် ခံစားရရှိလာသည်မှာ နှင်းဆီခုနစ်ပွင့် ပြည့်သွားလျှင်





ပန်းရောင်ဟာ တိတ်ဆိတ်စွာ ပျောက်ဆုံးသွားတော့မည် ဆိုတာပဲဖြစ်သည်။

အချိန်မှန်မှန် ကြားနေကြဖြစ်သည့် ညလေလှိုင်းထဲက အသံရှရှချိုချိုတစ်ခုလေးရယ်၊ ထင်မှတ်မထားစွာ ရောက်ရောက်လာတတ်တဲ့ နှင်းဆီပွင့်လေးတွေရယ်ဟာ သူ့နှလုံးသားကို ဘွယ်တာစေခဲ့ပြီးဖြစ်သည်။ အဲဒီရဲ့ နောက်ဆက်တွဲ ပြဿနာအဖြစ်ကတော့ အသံရှင်ကို တွေ့လို မြင်လိုစိတ်တွေ ချုံးနိမ်၍ မရတော့ခြင်းပဲ ဖြစ်ပါသည်။

"ဒီတစ်ခါကျရင် သူ့ကို တွေ့အောင်ဖမ်းပေါ့ကွ။ မင်းလက်ထဲကို သူ ကိုယ်တိုင်ကိုယ်ကျ ထည့်ပေးမယ်ပြောတာပဲဟာ ...

ဒါကတော့ သူ ကိုယ်တိုင်ကကို လိုလိုလားလား အမိခံချင်လာနေပြီ နေမှာပေါ့"

သူငယ်ချင်းတွေကလည်း ဒီကိစ္စကို စိတ်ဝင်စားကြသွာဖြင့် သူ့ကို အမျိုးမျိုးသော အကြံတွေပေးကြသည်။



www.burmeseclassic.com

www.burmeseclassic.com



"အဲဒီလိုတော့ မဟုတ်ဘူးကွဲ၊ သူ ..."

သူက စကားဆက်မပြောနိုင်ဘဲ တိတ်ဆိတ်ဆွံ့အသွားရပြန်သည်။ အကယ်၍သာ သူမဟာ တိတ်တိတ်လေး ပျောက်ကွယ်သွားခဲ့လျှင် သူ ဘယ်လိုဖြစ်ကျန်ရစ်ခဲ့မလဲ။

သေချာတာတော့ အလွမ်းတွေ မခံစားနိုင်အောင် ကျန်ရစ်ခဲ့မှာပဲဖြစ်သည်။

"ဒီလိုကွာ ငါ စိုးရိမ်နေတာတစ်ခုက သူလေ နှင်းဆီခုနစ်ပွင့်ပြီးသွားရင် ... ငါ့ဘဝထဲက ထွက်သွားမလား ဆိုတာပဲ"

"ဘာလဲ ... အခု သူက မင်းဘဝထဲမှာ ရောက်နေလို့လား"

"ရောက်နေတယ်။ အဲဒါကို ငါ စတုတ္ထမြောက်နှင်းဆီကို ရတဲ့နေ့မှာ သိသွားရတာ။ အစကတော့ ငါလည်း ပေါ့ပေါ့လေးပဲ တွက်ခဲ့တာပဲ။ သူ့ကိုလည်း အဲဒီလောက် မဟုတ်ဘူး။ အပျင်းပြေပေါ့ကွာ ...

ဒါပေမဲ့ သူက ငါ ထင်သလို အိစကလီ လုပ်ချင်လို့ ဓာတ်လမ်းထွင်တဲ့ မိန်းကလေးမျိုး မဟုတ်ဘူးကွ။





သူ့စိတ်က တည်ငြိမ်တယ်။ နောက် သူနဲ့ စကားပြောရတာ သူ့လုပ်ရပ်တွေအားလုံးဟာ တကယ့် Romance တွေပဲ ...

အရမ်းကြည်နူးဖို့ကောင်းတယ်"

"ဒီတော့ မင်းက ဟက်ထိထိသွားတယ်ပေါ့။ ပိုးတုံးလုံး ကျတော့ရော မထိဘူးလား"

"အာ ... လာမနှောက်ပါနဲ့ကွာ။ မဟုတ်ကဟုတ်က"

"ကောင်မလေးက မင်းကို ရေလည်ကြွေနေတယ်နော် ... ငဲ့ ငဲ့"

တရုတ်ကားတွေထဲက ကုံးကုံးလေသံမျိုးဖြင့် လာပြောင်နေသော ဒီးဒီးကို သူက မျက်စောင်းတစ်ချက် ပိတ်ထိုးလိုက်ရင်းမှ သူမ ပြောသော သတိပေးစကားကို ဖျတ်ခနဲ ကြားယောင်မိသွားလေသည်။

သူမ ဒါတွေကို ဘယ်လိုနည်းတွေနဲ့များ သိနေတာပါလိမ့်။ စဉ်းစားမရတော့၍ မစဉ်းစားခြင်းဖြစ်သော်လည်း၊ တကယ်တော့ ဒီကိစ္စဟာ တဆိတ် ထူးဆန်းဖို့ကောင်းပါသည်။



www.burmeseclassic.com

www.burmeseclassic.com



"5th Rose က ဘယ်တော့ပေးမယ်ပြောလဲ"

"အတိအကျတော့ မပြောဘူးကွ။ နည်းနည်းခက်လို့ အဲဒါတော့ ပြောမပြဘူးတဲ့"

"အေးလေ ... မင်း လက်ထဲကို သူ ကိုယ်တိုင်ကိုယ်ကျ ထည့်ပေးပါမယ်ဆိုမှတော့ သူ့အဖို့တော့ နည်းနည်းခက်နေမှာပေါ့ကွာ"

"ဘယ်လိုလဲ ? ... ဒီတစ်ခါတော့ အပိုင်ပဲလား"

သစ်နိုင်က ပြုံးစစဖြင့် မေးဆတ်မေးလျှင် သူ့ကို ကလိသလို လှောင်သလိုပဲ ခံစားရလေသည်။ သူကလည်း ဒါမျိုးဆို မခံတတ်သူပီပီ ...

"ဟေ့ကောင် ငါ့ကိုပဲ လာချွတ်မနေနဲ့၊ အဲဒါ မင်းတို့ ညံ့တာလည်းပါတယ်။ ဟိုကောင် ပြည့်ဖြိုးဆိုရင် သူ့မျက်စိရှေ့မှာတင် တက္ကစီပေါ်တက်သွားတာ ...

ငါတို့လေးယောက်ပေါင်းတာတောင် သူ့ကို မတွေ့ဖူးသေးဘူးဆိုတော့ မင်းတို့လည်း အ,တာတွေပဲ။ ဘာမှ လာပြောမနေနဲ့"





"အောင်မယ် ... အောင်မယ် ... ဘာဆိုင်လို့ ငါတို့ကို လာဆွဲထည့်တာပဲ။ ပေးတာက မင်းကို ပေးတာလေ။ ခံစားတော့ မင်းပဲ ခံစားတာ ...

လူအကောင်လိုက်ကြီးတွေ့ရင်လည်း မင်းပဲ အငြိမ်လေ။ လူကို လာပြီးထိပါးနေတယ် ဟွန်း"

"ကဲပါကွာ ... တော်ကြပါတော့ မင်းတို့တစ်တွေက လည်း ... မနက်ဖြန်ကျရင် ဒဂုံစင်တာရဲ့ နှစ်ပတ်လည်နေ့ပွဲတွေရှိတယ်၊ ဒစ်စကောင့်တွေရော ဘာတွေရော အဲဒါ ဘယ်လိုလဲ ... လစ်ကြမှာလား"

"ဟာ ... လစ်မှာပေါ့၊ ဒီပွဲမျိုး ဘယ်တုန်းက အလွတ်ခံဖူးလို့လဲ။ MK က အင်္ကျီတစ်ထည်လောက် ဝယ်ချင်နေတာ၊ အဲဒီ ဒီကောင့်ကတ် (ဒစ်စကောင့်ကတ်)ကို စောင့်နေတာ... ဟား ဟား"

"ဟင်း ... ဒါမျိုးပဲချောင်းနေ။ ဟို ဖက်ရှင်ဆရာကြီးရော ဘယ်လိုလဲ လစ်မှာလား။ ရှိုးပွဲပါတယ်နော်"



www.burmeseclassic.com

www.burmeseclassic.com



"ကြိုက်တာပါပစေ လစ်ပြီးသားပဲ"

"အိုခေ ... အိုခေ ... ဒါဆို တူမောရိုးလ်မှာ ဆုံကြမယ်ကဲ .. လာ"

သူတို့ သူငယ်ချင်းတွေရဲ့ ထုံးစံအတိုင်း တစ်ခုခုကို အချိန်းအချက် လုပ်ပြီးသွားကြလျှင် လက်ဝါးတွေအသီးသီး ဖြောင်းခနဲ မြည်အောင် ရိုက်လိုက်ကြလေသည်။ သူ့ရင်ထဲမှာ သံသယနုနုလေး ပေါက်ဖွားလာတာတစ်ခုက သူမလည်း မနက်ဖြန်မှာ လှုပ်ရှားလိမ့်မလား ဆိုတာပဲဖြစ်၏။

သို့သော် သူ့လက်ထဲသို့ နှင်းဆီတစ်ပွင့် ကိုယ်တိုင်ကိုယ်ကျ ထည့်ပေးမည်ဟူသော ဖြစ်ရပ်သည် သိပ်တော့ လွယ်မယ်မထင်ပါ။

❤ ✧ ❤





ဒဂုံစင်တာ၏ နှစ်ပတ်လည် အထူးဈေးရောင်းပွဲတော်သည် ရုံးပိတ်ရက်နှင့်လည်း တိုက်ဆိုင်သဖြင့် ကြိတ်ကြိတ်တိုးစည်ကား၍နေလေသည်။ မော်ဒယ်ရှိုးပွဲ၊ အလှမျက်နှာသစ်ရွေးချယ်ပွဲ၊ ဘာပြိုင်ပွဲ ညာပြိုင်ပွဲ စသဖြင့် အစီအစဉ်တွေလည်း အမျိုးစုံသဖြင့် ယောက်ျားလေး မိန်းကလေးတွေလည်း အရွယ်စုံ အရောင်စုံး



www.burmeseclassic.com

www.burmeseclassic.com



အဝင်အပေါက်မှာတင် မစ်ကီမောက်စ် အရုပ်ကြီး နှစ်ရုပ်က လာသမျှ လူတိုင်းကို အသည်းပုံဘောလုံးတွေ ဆီးကြိုစောင့်၍ ပေးနေလေရာ အားလုံးဟာ သဘောတကျနှင့် ပျော်ရွှင်ကျေနပ်လျက် ရှိနေကြသည်။

သူတို့လေးယောက်သားဟာလည်း ဘောလုံးတွေ တကိုင်ကိုင်ဖြင့် ဟိုလျှောက်ကြည့် ဒီလျှောက်ကြည့်ကြသည်။ ပြီးလျှင် ရှိုးပွဲကို ခဏတစ်ဖြုတ်ရပ်ငေး၊ MKမှာ အဝတ်အစားဝယ်သူကဝယ်၊ စသဖြင့် ဘောလုံးတွေ တကိုင်ကိုင်ဖြင့် အလုပ်များလျက် ရှိကြလေသည်။

"ဗိုက်ဆာလာပြီကွ၊ တစ်ခုခု စားကြရအောင် ဘာစားမလဲ"

အစားအသောက် မက်သော ဒီးဒီးက ထုံးစံအတိုင်း စတင် ဂျီကျလာလျှင် ...

"ဒ်ပေါက်စားရအောင်ကွာ၊ မစားရတာ ကြာနေပြီ"

"အေး ... အဲဒါ စားပြီး လစ်ကြတာပေါ့"





အချင်းချင်း တိုင်ပင်ဆုံးဖြတ်ပြီးနောက် သူတို့လေးဦးသားဟာ စိတ်တူကိုယ်တူပင် ဒ်ပေါက်ဆိုင်သို့ ဝင်ကြသည်။ ကားတစ်စီးတည်းနှင့် လေးယောက်စုလာတာဖြစ်လေရာ အထုပ်တွေ၊ ဘောလုံးတွေနှင့် ရှုပ်ယှက်ခတ်နေလျှင် ...

"ဘောလုံးတွေက ပါလာတာရှုပ်တယ်ကွာ၊ ဖောက်ပစ်ရအောင်"

"ဟာ ... ဟော့ကောင် ဆိုင်ထဲမှာ သွားမဖောက်နဲ့၊ တော်ကြာ ဘာသံ ညာသံ ထင်ပြီး ပြဿနာတက်နေမယ် ...

မရှုပ်ပါဘူးကွာ၊ အမှတ်တရပဲဟာ ယူခဲ့ပါ၊ အံမယ် ငါတို့ ဘောလုံးတွေက အဝါရောင်တွေချည်းပဲ၊ ဒေါ်န ဘောလုံးက ပန်းရောင်လေးပါလား"

"ပန်းရောင်လေး ... ပန်းရောင်လေး"

သူငယ်ချင်းတွေက တမင်နောက်နေကြလျှင် သူက ပန်းရောင်ကို တကယ်ပဲ သတိရသွားခဲ့ပါသည်။ ကိုင်ဆွဲနေသော ကြက်ပေါင်ပင်လျှင် အရသာမရှိတော့သလိုခံစားသွားခဲ့ရသည်။



www.burmeseclassic.com

www.burmeseclassic.com



ဒီနေ့အဖို့ ပန်းရောင်ထံမှ ဘာခံစားမှုမျိုးမှ မရတော့ဘူးထင်ပါရဲ့။ သူ့အတွေးကို ပြည့်ဖြိုးကပင် ရိပ်မိသည့်အလား။

"မင်း ပန်းရောင် ဒီနေ့အဖို့တော့ ကိုယ်တိုင်ကိုယ်ကျ ပန်းမပေးနိုင်တော့ဘူးနဲ့ တူတယ်နော်"

"ဘယ်လွယ်လိမ့်မလဲကွာ"

"အင်းလေ ... ဒီတစ်ခါ ပေးရင်တော့လည်း သူ့ကိုယ်သူပါ ပန်းပေးပြီးသား ဖြစ်ပြီပေါ့။ ကျွန်မ အရှုံးပေးပါပြီပေါ့ရှင် အဟဲ ဟဲ"

သူငယ်ချင်းတွေက စားရင်းသောက်ရင်းမှ အာပေါင်အာရင်းသန်သန်ဖြင့် ပြောနေသလောက် သူက ပြုံး၍ပဲ ခပ်မဆိတ်သာနေ,နေမိ၏။

"အံမယ် ... အံမယ် ... ရုပ်ကြီးက ... ရုပ်ကြီးက တည်ငြိမ်နေတယ်ဆိုတဲ့ စတိုင်နဲ့ပါလေ"

"အပြင်မှာ တည်ငြိမ်နေပေမယ့် ရင်ထဲမှာ လှိုင်းထန်နေတယ် မောင်တို့ရယ်"





သူငယ်ချင်းတွေက ငြိမ်သက် တိတ်ဆိတ်နေသော သူ့ကို တစ်ယောက်တစ်ပေါက် လှောင်နေကြသော်လည်း သူကတော့ ခပ်ပြုံးပြုံးပင်။

"သူက အဲဒီလို အလွယ်တကူ အရှုံးပေးမဲ့သူ မဟုတ်ဘူးကွ"

"အံမယ် ... အချစ်ဘက်တော်သားကြီးက နာတတ်လှချည်လား၊ ခံနေရတော့ မင်းက ခံနေရတာများ"

"ငါ ဘာမှ မခံရပါဘူးကွာ။ တွေးကြည့်ရင် ကျေနပ်စရာပါ။ သူ ပို့ပေးနေတာတွေဟာ ငါ့အတွက် ခက်ခက်ခဲခဲတွေပဲမို့ သူ စေတနာနဲ့ လုပ်ရပ်ကို ငါက အသိအမှတ်ပြုတာပါ"

"ဒီတစ်ခါရော သူ ပေးနိုင်လိမ့်မယ်လို့ မင်း ထင်လား"

သစ်နိုင်ရဲ့ အမေးကို သူက ချက်ချင်းပြန်မဖြေနိုင်ချေ။ သူ့ကိုယ်သူပဲ ယုံကြည်မှု မရှိတော့တာလား၊ ဒါမှမဟုတ် သူမကိုပဲ သိပ်အထင်ကြီးသွားတာလားတော့ မသိချေ။



www.burmeseclassic.com

www.burmeseclassic.com



သူ့စိတ်ထဲမှာတော့ သူ့လက်ထဲကို သူမ ကိုယ်တိုင် ကိုယ်ကျ ထည့်ပေးမည့် နှင်းဆီးပွင့်လေးကို တိုးတိတ်စွာ ရင်ခုန်လျက်ရှိနေသည်။ ပဌမမြောက်နှင်းဆီလေးဟာ သူ့ထံသို့ ရောက်ကိုရောက်လာမည်။

ဒါပေမဲ့ ဘယ်လိုပုံစံနှင့်များ ရောက်လာလိမ့်မလဲ ဟူ၍ သူ့ရဲ့စိတ်တို့ဟာ ပန်းရောင်ထံမှာသာ အချိန်တိုင်း နေရာတိုင်း ...။

"မင်း သိပ်ဟဲဗီးကြီးတွေ တွေးမထားနဲ့ကွ။ သူက ရိုးရိုးလေးပဲ လုပ်လုပ်သွားတာ"

"ငါ့အထင်တော့ ဒီတစ်ရက် နှစ်ရက်အတွင်း ရောက်လာမယ်နဲ့တူတယ်"

"ဒီကောင့်လက်ထဲကို သူ ကိုယ်တိုင် ထည့်ပေးမှာဆိုတော့ ဘယ်လိုထည့်ပေးမှာလဲ မသိဘူး။ နှင်ဂျာဝတ်စုံ ဝတ်ပြီး လာထည့်ပေးမှာလား မသိဘူးနော်"

"မဟုတ်ဘူး၊ မံမီဝတ်စုံက ပိုမိုက်တယ် ... ဟဲ ဟဲ"





သူငယ်ချင်းတွေကပါ ထင်ကြေးတွေ အမျိုးမျိုး ပေးလျက် နောက်ပြောင်နေကြလျှင် သူ့ရဲ့ ရင်ခုန်သံကြိမ်နှုန်းက ပို၍ စည်းချက်ညီလာတော့လေသည်။ ပဌမမြောက်နှင်းဆီကို သူမ ဘယ်လိုဖန်တီးပို့ဆောင်မလဲဆိုတာ အခုလောလောဆယ်တွင် ကမ္ဘာ့အရေးပြဿနာလောက်နီးနီး အရေးကြီးနေခဲ့ပါသည်။

❤ ✧ ❤



www.burmeseclassic.com

www.burmeseclassic.com



ဒံပေါက် စားပြီးလျှင် သူတို့လေးယောက်သားမှာ အသီးသီး လမ်းခွဲကာ ကိုယ့်အိမ်ကိုယ် ပြန်လာခဲ့ကြပါသည်။ သူ အိမ်သို့ ရောက်လျှင်ရောက်ချင်းပင် အပနားက ဆီးကြိုကာ —

"ဟရေး ကောင်လေးနော် ကောင်မလေးဆီက ဖုန်းလာတယ် ... လာ လာ"





"ဘယ်ကကောင်မလေးလဲ"

သူက မေးလည်းမေး လက်ကလည်း အပနားထံမှ ဖုန်းခွက်ကို ဆွဲယူပြီး နားမှာ ကပ်လိုက်ကာ ...

"ဟယ်လို"

"ကိုယ်ပါ ဒေါ်န"

တစ်ဖက်မှ အသံသည် သူ့နှလုံးသားထဲသို့ ချိုမြှာ ဖြတ်ပြေးစီးဝင်သွားသည်။ ဖုန်းပြောခွက်ကို ကိုင်ထားသော သူ့လက်တွေ ဘာကြောင့် ရုတ်တရက် အေးစက်လာရပါလိမ့်။

"သြော် ... ပန်းရောင် ... ပြော ... ဘာလို့ ကိုယ့်ဟန်းဒ်ဖုန်းကို မဆက်တာလဲ"

"မင်း ဖုန်းက ခေါ်လို့မရဘူး"

"ခုနတုန်းကလား ... အေး ဟုတ်မယ်၊ ဒံပေါက်ဆိုင်ထဲ ရောက်နေတော့ ခေါ်ရမှာ မဟုတ်ဘူး ...

အထူးတဆန်း ဒီအချိန် ဆက်လို့ပါလား၊ ဘာလဲ ပြော"



www.burmeseclassic.com

www.burmeseclassic.com



သူမက ချက်ချင်းမပြောသေးဘဲ ချိုလွင်သော အသံတစ်ခုနှင့် ခပ်တိုးတိုးရယ်မောနေသေးသည်။ ပြီးတော့မှ တစ်လုံးချင်း ပီပီသသပင် ...

"မင်း လက်ထဲကို ပဌမမြောက်နှင်းဆီ ထည့်ပေးခဲ့ပြီးပြီလို့"

သူက အလွန်အံ့အားသင့်စွာဖြင့် ...

"ဘယ် ... ဘယ်လို ... ကိုယ့်လက်ထဲကို ဟုတ်လား ဟား ... ဘာနှင်းဆီမှ မရပါလား ပန်းရောင်ရယ်၊ ဘယ် ... ဘယ်အချိန်ကများ"

"ဒီနေ့အဖို့ မင်းရဲ့ လက်အစုံနဲ့ ဘာပစ္စည်းကိုမှ လက်ခံမယူခဲ့ဖူးဘူးလား ... စဉ်းစားပါဦး"

သူ့ရဲ့ လက်အစုံနဲ့တဲ့။ ဟင့်အင်း ... ဘာကိုမှ သူမရခဲ့ပါဘူး။ မိန်းကလေးပဲဖြစ်ဖြစ် ယောကျာ်းလေးပဲဖြစ်ဖြစ် ဘယ်သူမှ သူ့လက်ထဲကို နှင်းဆီတစ်ပွင့်တလေတောင် ထည့်ခဲ့သွားပေးနိုင်ပါဘူး။





ပန်းရောင်ပဲ တစ်ခုခု မှားနေခဲ့ပြီ။

"မဟုတ်ဘူး ပန်းရောင်၊ something is wrong !(တစ်ခုခုတော့ လွဲနေပြီ) ...

ကိုယ် ဒီနေ့အဖို့ ဘယ်သူ့ဆီကမှ ဘာမှ မရခဲ့ပါဘူး။ ကိုယ်တို့ MKမှာ အဝတ်အစားဝယ်တာပဲ ရှိတယ်"

သူမက သဘောကျသည့်အလား တခစ်ခစ် ရယ်မောတာ ...

"ဟုတ်ပြီလေ၊ MKဆိုင်ထဲ မရောက်ခင် အဖြစ်အပျက်ကို ဆက်ပြီး Memory recall(မှတ်ဉာဏ်ပြန်လည်စဉ်းစားခြင်း) လုပ်လိုက်ပါဦး ... ဆက်ပြီး ပလိစ်"

သူက မျက်မှောင်တကြုတ်ကြုတ်ဖြင့် မေးစေ့ကိုထွတ်ကာ ခေါင်းကြီးစောင်း၍ စဉ်းစားသည်။ တစ်ဖက်မှ လေညင်းတိုက်ခတ်သလို ခပ်ဖြည်းဖြည်း ရယ်မောနေသော အသံလေးဟာ သူ့မှတ်ဉာဏ်တွေကို ပြန်လည်ရှင်သန်လာစေသည်။

"MKမရောက်ခင် အင်း ... မရောက်ခင် ... နောက်ဆုတ်ဟား ... ဒင်္ဂုစင်တာထဲကို ဝင်တယ် ဝင်တော့ ..."



www.burmeseclassic.com

www.burmeseclassic.com



အဲဒီမှာပဲ သူ့အသိဉာဏ်ထဲ၌ လင်းခနဲ ပွင့်သွား
သည်။ အဝင်အပေါက်ဝမှာ မစ်ကီမောက်စ် အရုပ်ကြီးနှစ်ရုပ်က
လာသမျှ လူတိုင်းကို ဘောလုံးတွေ လက်ဆောင်ပေး၊ တာ့တာ
ခေါင်းညိတ်နှုတ်ဆက်လုပ်နေခဲ့သည်။

ဒါပေမဲ့ မစ်ကီမောက်စ်ကြီး ပေးတာက ဘောလုံး
ပဲ။

"မင်းက မစ်ကီမောက်စ်လား။ အဲ ... ဟုတ်ပေါင်၊ အဲဒီ
ထဲမှာ ရှိနေတာလား"

"ရက်စ်"

"ဟား ..."

သူက ဩချစိတ်နှင့်အတူ နဖူးကို ဖြောင်းခနဲ မြည်
အောင် ပိတ်ရိုက်မိလေသည်။

"တတ်နိုင်ပါပေ့ ဒေါပန်းရောင်၊ အဲ ... ဒါပေမဲ့ ဒီနေ့အချိ
ခင်ဗျားက လက်ထဲထည့်ပေးခဲ့တာ ဘောလုံးပဲလေ၊ ပဒ္မ
မြောက်နှင်းဆီမှ မဟုတ်တာ"





"ဩော် ... မင်း လက်ထဲကို အဲဒီလို နှင်းဆီတစ်ပွင့် ထည့်
ပေးလို့ရရင် ကိုယ် ဒီလို ဘယ်ဖုန်းပြောနေတော့မလဲ
ဒေါနရယ် ..."

တချို့ကိစ္စတွေဟာ အပေါ်ယံလေး ရုပ်ကြည့်ရုံနဲ့
မြင်ရတာမှ မဟုတ်တာ။ ရင်ဖွင့်ကြည့်လိုက်လေ၊ ရင်ဖွင့်
ကြည့်လိုက်"

"ဘယ်လို မင်း ဆိုလိုတာက"

"အဲဒီ အသည်းပုံဘောလုံး ပန်းရောင်လေးထဲမှာ ပဒ္မမြောက်
နှင်းဆီ ရှိနေတယ် ဒေါန"

သူက ဟာခနဲ အော်ရယ်မှ မဆုံးခင် သူမက
ကောက်ကာငင်ကာဖြင့် ဖုန်းချသွားလေသည်။ အဲဒီမှာ သူ ပျာ
ရတော့တာဖြစ်သည်။ သူမ ပေးခဲ့သော ဘောလုံးပန်းရောင်လေး
ဟာ သူ့ထဲမှာ မရှိတော့။

မရှိဆို သူဟာ ဒီးဒီးရဲ့ အိမ်မှာ ကားဝင်ယူတုန်းက
ဒီးဒီး တူမလေးကို မြင်တာနှင့် ဘောလုံးနှစ်လုံးကို လက်ဆောင်



www.burmeseclassic.com

www.burmeseclassic.com



ပေးလိုက်တာဖြစ်သည်။ ဘုရား ... ဘုရား ... အင်မတန် အဆော့သန်လှသော ဒီးဒီး တူမလေးရဲ့ လက်ထဲမှာ သူ့နှင်းဆီလေးက ဘယ်လိုဘဝ ရောက်နေရှာပါလိမ့်။

သူ့ရင်ထဲ၌ တန်ဖိုးကြီးရတနာတစ်ပါး ပျောက်ဆုံးရသလို ချက်ချင်း ထူပူာပူလောင်သွားရ၏။ သူသည် ဖုန်းကို ဒီးဒီး အိမ်သို့ ကောက်လှည့်ကာ ...

"ဟယ်လို ဒီးဒီး ... အေး ငါပါကွ"

"ဘာဖြစ်တာလဲ ကျားလိုက်တဲ့လေသံနဲ့၊ ဘာလဲ ဟိုက ပေးသွားပြီလား မင်းအိမ်ကို ရောက်လာတာလား"

"ကျွတ် ... အမေးအမြန်းက ထူလိုက်တာကွ။ ဟို ... မင်း တူမလေးကို ပေးလိုက်တဲ့ ဆောလုံးလေး အဲဒါ ရှိသေးလား"

"ဟာ ... ဘာများလဲလို့၊ နေဦး သူတို့ ရှိသေးလားလို့ မေးကြည့်ဦးမယ်"

ဒီးဒီးရဲ့ အစ်မက အိမ်ထောင်ကျသွားပြီနောက် အိမ်ခွဲနေသောသူဖြစ်လေရာ တစ်ခါတလေမှ လာလည်ခြင်းဖြစ်





သည်။ သူသည် ဒီးဒီးရဲ့ လမ်းလျှောက်သွားသံ တစ်ယောက်ယောက်ကို လှမ်းမေးနေသံတွေကို ကြားရသော်လည်း ကြားထဲက စိတ်မရှည်နိုင်ချေ။

ဖြစ်နိုင်လျှင် ကိုယ်တိုင် ပြေးလွှားသွားကာ မေးလိုက်ချင်သည်။ သို့သော် စိတ်လောက် လူက လိုက်မနိုင်တာကြောင့် ဖင်တဆွဲဆွဲနှင့် ဖုန်းကို အရင်အားကိုးရခြင်းဖြစ်သည်။

"ဟေ့ကောင် ဒေါ်နေ၊ ငါ့အစ်မတို့က ပြန်သွားပြီတဲ့ကွ၊ ဘာဖြစ်လို့လဲ၊ အဲဒီဘောလုံးက ဘာအရေးကြီးနေလို့လဲ"

"အဲဒီထဲမှာ နှင်းဆီပန်းပါတယ်"

"ဟာ ... ဟုတ်လား၊ အဲဒါဆို ဘယ်လိုလုပ်မလဲ"

"မင်း အစ်မ အိမ် လိုက်တောင်းရုံပေါ့၊ သူတို့က ဘယ်မှာ နေတာလဲ"

"အလုံမှာကွ၊ နည်းနည်းတော့ ဝေးတယ်"

"ဟာ ... ဝေးလည်း မတတ်နိုင်ဘူး။ မင်း ရယ်ဒီလုပ်ထားကွာ၊ ငါ ခုပဲ ထွက်လာခဲ့မယ်၊ မင်းပါ လိုက်ခဲ့ပေး"



www.burmeseclassic.com

www.burmeseclassic.com



"အေးပါ ... အေးပါ။ မင်းဟာက သေရောသေချာလို့လား ကွာ"

"ခုနလေးကပဲ ပန်းရောင်ဆီက ဖုန်းလာသွားတာ၊ ဟော့ကောင် မင်းအစ်မမှာ ဖုန်းရှိရင် တစ်ချက်လောက် လှမ်းချက်ခ်ထားဦး။ လွဲသွားဦးမယ် ကွဲသွားဦးမယ်"

"အေးပါကွာ မင်းကလည်း၊ စိန်တုံးကြီးပါသွားတာ ကျနေတာပဲ"

ဒီးဒီးရဲ့ အငြင်စကားကို သူ့မှာ ပြန်လည်မချေပနိုင်ပေ။ ဖုန်းချပြီးနောက် ချက်ချင်းပင် ကားနှင့် ပြန်ထွက်လာရသည်။ ပြီးလျှင် ဒီးဒီး အိမ်ကိုမောင်း၊ ဒီးဒီးကို ဝင်ခေါ်လျက် ဒီးဒီး အစ်မအိမ်ကို လိုက်ရတော့သည်။

"မင်း အစ်မနဲ့ ဖုန်းရလား"

"မရဘူးကွ။ ဖုန်းလိုင်း မမိဘူး"

"သူ့အိမ်မှာရော ရှိပါ့မလား"

"ဖုန်းလိုင်း မမိပါဘူးဆို၊ ဟော့ကောင် ဖြည်းဖြည်းလည်း မောင်းဦး၊ ဖြစ်ရဲ့လား၊ ငါ မောင်းရမလား"





"ဖြစ်ပါတယ်ကွာ၊ အဲဒီလောက်လည်း မဟုတ်ပါဘူး"

"အဲဒီလောက်သာ မဟုတ်ဘူးပြောတာ၊ မင်း ပုံစံက အရမ်းပျာနေတာပဲ၊ မင်း တကယ် ထိနေပြီလား ဟုတ်လား"

"မပြောတတ်ဘူးကွာ၊ အခုလောလောဆယ်မှာတော့ ငါးပွင့်မြောက်နှင်းဆီကို မရရင် ရူးသွားလိမ့်မယ်"

"ရူးရင်တော့ ကားမမောင်းနဲ့၊ လျှော့ထား ဟော့ကောင်၊ down town ထဲဝင်လာပြီနော်၊ ရှုပ်လာပြီ"

"အင်းပါ"

အဲဒီအချိန်မှာပဲ ဒီးဒီးက ပါလာသော ဟန်းဒ်ဖုန်းဖြင့် သူ့အစ်မထံ ဖုန်းခေါ်ရာ လိုင်းဝင်ပြီး စကားပြောခွင့်ရသွားသည်။ ဖုန်းပိတ်ပြီးလျှင် ဒီးဒီးက သူ့ကို လက်မတစ်ချက်ထောင်ပြကာ ...

"မမတို့ ရှိတယ်တဲ့ကွ"

"ဟိုအကြောင်း မမေးလိုက်ဘူးလား"

"မေးစရာမလိုပါဘူးကွာ ရစ်နေဦးမယ်၊ အခုတောင် ငါတို့ လာနေပြီပြောပြီး ဖုန်းချလိုက်ရတာ ...

တွေ့မှာပါ"



www.burmeseclassic.com

www.burmeseclassic.com



ဒီးဒီးက တွေ့မှာပါပြောလည်း သူကတော့ ပန်းရောင်ဘောလုံးလေးကို မမြင်ရချင်း စိတ်မချအားပေ။ အလုံမြို့နယ်ထဲရှိ လမ်းသွယ်တစ်ခုထဲမှာ ဒီးဒီးရဲ့အစ်မအိမ်သို့ ရောက်လျှင် သူတို့က ဘာမှတောင် မပြောရသေး ...

"ဟဲ့ ... နင်တို့က ဘာဖြစ်လာကြတာလဲ"

"ဘာမှ မဟုတ်ဘူး မမ၊ ဟို ရှောက်ချင်းရော"

ဒီးဒီးက သူ့ကိုယ်စား ဝှမလေးကို အမောတကော မေးပေးရှာပါသည်။

ဒီးဒီးအစ်မရဲ့ မျက်နှာက နားမလည်ခြင်းတွေ စုပြုံသွားပြီးလျှင် ...

"ဘာဖြစ်တာလဲ ငါ့ကို ပြောပါဟဲ့၊ နင်တို့ ပုံစံတွေကလည်း"

"ဒီလို မမရာ၊ ရှောက်ချင်းကို ပေးလိုက်တဲ့ ဘောလုံး ပန်းရောင်က ဒီကောင့် ကောင်မလေးပေးတာ။ အဲဒါ ပါသွားလို့ ပြန်လိုက်တောင်းတာ အဲဒီလို၊ အဲဒါ ပြန်ပေးစမ်းပါ"





"ဩော် ... ဒုက္ခပဲ။ နင်တို့ကလည်း အဲဒါဆို ဘာလို့ ပေးနေသေးလဲ။ ဒီဘောလုံးကိုများ ပြည်လမ်းကနေ ဒီအထိ လာယူတယ် ဟုတ်လား"

"မတူဘူးပေါ့ဗျာ မတူလို့ပေါ့။ ကဲ ... အဲဒါလေး ပြန်ပေးစမ်းပါ။ ရှောက်ချင်း ဂျီကျနေရင်လည်း အဲဒါမျိုး အသစ် ငါးလုံး ထပ်ပေးမယ်လို့"

"ဟဲ့ ... နေဦး ငါတို့ ပြန်လာတော့ ရှောက်ချင်းက ဒိုဘီကုလားမရဲ့ကလေးလေးကို တစ်လုံးပေးလိုက်သေးတယ် ... ဘာအရောင်ပေးလိုက်လဲ မသိဘူး၊ ငါ မေးကြည့်ဦးမယ်"

သူက ရင်တတိတ်ထိတ် ဖြစ်သွားစဉ်မှာပဲ ဒီးဒီးက သူ့ကို ပခုံးနှစ်ဖက် အသာတွန့်ပြလေသည်။ သိပ်မကြာပါချေ။ ဒီးဒီးရဲ့အစ်မကား စိတ်ညစ်စရာကောင်းသော စကားကိုပဲ ယူဆောင်ပေးလာခဲ့သည်။

"နင့်ကံပဲ ဒေါနရေ၊ ရှောက်ချင်းက ကုလားမလေးကို ပန်းရောင်လေး ပေးလိုက်တာတဲ့၊ သူက ပန်းရောင်မကြိုက်လို့တဲ့"



www.burmeseclassic.com

www.burmeseclassic.com



"ကဲ ... ရှိပါစေတော့၊ အဲဒီ ဒိုဘီကုလားမက ဘယ်မှာနေတာလဲ"

သူက စိတ်ကို တဆုံးထိ လျှော့ချထားလိုက်ကာ လေသံအေးအေးနဲ့ပဲ မေးလိုက်တာဖြစ်သည်။ စိတ်လျှော့သည် ဆိုရာမှာ စွန့်လွှတ်ဖို့ ဆုံးဖြတ်တာ မဟုတ်ချေ။

အဲဒီဘောလုံးလေးဟာ ဘယ်ကိုပဲ ရောက်ရောက် နောက်ဆုံးအချိန်အထိ မျှော်လင့်ချက်လေးဖြင့် လိုက်ဦးမှာဖြစ်လေသည်။

"ဟယ် ... နင်တို့က အဲဒီ ကုလားမနောက်ထိ လိုက်ဦးမှာလား"

"ကဲ ... လိပ်စာသာပြောစမ်းပါ မမရာ။ မရတော့ဘူး ဒီကောင့်အကြောင်းကို ကျွန်တော် သိတယ်။ ကုလားမက ဘုံဘေပြန်မှာဆိုလည်း လိုက်မှာပဲ"

"ဘုံဘေလောက်တော့ မဝေးပါဘူး။ လေယာဉ်စီးစရာ မလိုဘူး၊ သင်္ဘောပဲ စီးရမှာ"





ဒီးဒီးရဲ့အစ်မကလည်းမခေချေ။ ကလေးတစ်ယောက် အမေဖြစ်သော်လည်း ကိုရီးယားကားတွေကို ညစဉ်အားပေးလျက် စကတ်အတိုတွေကို မချွတ်တော့စတမ်း ဒူးတနန့်နန့်ဖြင့် သူတို့ကိုတောင် ပြုံးစိစိ ပြန်၍ ပဟေဠိဖွက်၍နေသေးလေသည်။

သူ့ထက်ပင် စိတ်မရှည်တတ်သော ဒီးဒီးကပဲ ...

"ပဲများမနေနဲ့ဗျာ ပြော ... သင်္ဘောပဲစီးရ စီးရ ရထားပဲစီးရစီးရ"

"အမိနာက ဒလမှာနေတာဟဲ့။ ဒီနားတစ်ဝိုက်က လသာတို့ အလုံတို့မှာ အဝတ်လိုက်လျှော်တာ ...

(နာရီကို တစ်ချက်မော့ကြည့်လျက်) ခုလောက်ဆို ပြန်ပြီနဲ့တူတယ်။ ဒီမှာ နင်တို့ သေချာချင်ရင်တော့ ဒလ ဟိုဘက်ကမ်းကနေ သွားစောင့်နေ စက်လှေအပြတ်ငှား သွားပေါ့ဟယ်"

"ဟာ ... ဟေ့ကောင် ဒလဘက် သွားစောင့်ရမှာတဲ့။ ဖေဒင်က ဟောထားတယ်ကွ၊ ရေလမ်းဆို ရှောင်ရမယ်တဲ့"



www.burmeseclassic.com

www.burmeseclassic.com



အရေးထဲမှ သူ့ကို လာကျပ်နေသော ဒီးဒီးကို သူက နားရွက်လိမ်ဆွဲလျက် ခေါ်လာရလေသည်။ ပြီးလျှင် ချက်ချင်းပဲ ဒလဘက်သို့ ကူးသော မြစ်ဆိပ်သို့ အလျင်အမြန် မောင်းလာခဲ့သည်။ ဟိုရောက်လျှင် အဟုတ်ပဲ ဒလဘက်ကူးသော သင်္ဘောက ထွက်သွားချေပြီ။ ထွက်သွားတာမှ သိပ်တောင်မကြာသေး။

"ကဲ ... ဒီးဒီး စက်တပ်တဲ့ သမ္ဗာန်ပဲ ငှားရအောင်ကွာ။ အဲဒါမှ မီမှာ"

"ရှိုးတဲ့မှပဲကွာ။ အဲဒီ သမ္ဗာန်တွေက စိတ်ချရလို့လား၊ ခဏခဏ မှောက်တယ်တဲ့နော် ...

ငါ ... ငါ ကြောက်တယ်ကွာ"

"ဟ ... မကြောက်ပါနဲ့ကွာ မင်းကလည်း၊ ဒီမြစ်လေး ဖြတ်ကူးတာများ သူများတွေ နေ့တိုင်း သွားလာနေကြတာပဲ ဥစ္စာ ...

လာစမ်းပါ နောက်ကျသွားဦးမယ်"





"မင်းကတော့ ဘယ်ကြောက်မလဲ မွန်နေတာကိုး၊ မရဘူး ဟော့ကောင် ပြီးရင်တော့ ထမင်းပေါင်း ဝယ်ကျွေးရမှာပဲ"

"အေးပါကွာ လာစမ်းပါ"

သူက ကပ်ဖဲ့နေသော ဒီးဒီးကို ဆွဲခေါ်ကာ စက်တပ်သမ္ဗာန်တစ်စီးကို ဈေးမေးကာ စင်းလုံးငှားရသည်။ အသွားအပြန် ဈေးတည့်သွားလျှင် မြစ်ရေထဲ၌ တဖုန်းဖုန်းပြေးနေသော သမ္ဗာန်ပေါ်၌ သူနှင့် ဒီးဒီးကား ဆံပင်တွေ တလွင့်လွင့်ဖြင့် စီးနင်းလိုက်ပါလို့ လာကြပေပြီ။

"ကံတရားများ ကြိုမမြင်နိုင်ဘူးဆိုတာ သိပ်မှန်တာပဲ။ စဉ်းတောင် မစဉ်းစားဖူးဘူး။ ဒလကိုသွားပြီး ဒိုဘီကုလားမ တစ်ယောက်ကို စောင့်ရမယ်၊ ငါ့လခွေးထဲမှာကွာ"

"သူက ငါ့ရဲ့ နှလုံးသားကို ယူသွားတယ်လေကွာ"

သူ့ရဲ့ ကဗျာဆန်ဆန် နုနုနွဲ့နွဲ့ အပြောကို ဒီးဒီးက ရင်ဘတ်ဖိ၍ တဝေါ့ဝေါ့နှင့် ထိုးအန်ဟန် လုပ်ပြလေသည်။ သူက စိတ်လှုပ်ရှားနေသည့်ကြားမှပင် ဒီးဒီးရဲ့ အမူအရာကြောင့် မျက်ရည်ထွက်အောင် ရယ်ရသေး၏။



www.burmeseclassic.com

www.burmeseclassic.com



ဟုတ်ပါတယ် ပန်းရောင်ရယ်။ ကံတရားနဲ့ အချစ်ကဟာ တကယ်ပဲ ဆန်းကြယ်ပါတယ်။ လွန်ခဲ့တဲ့ တစ်ပတ်လောက်ကများ တစ်ယောက်ယောက်က မင်း ဒလကို သွားတဲ့ သမ္ဗာန်တစ်စီးပေါ်မှာ ဒိုဘီကုလားမတစ်ယောက်ရဲ့နောက်ကို ဖုတ်လိုက်ဖုတ်လိုက် လိုက်ရလိမ့်မယ်လို့ပြောရင် ကိုယ် တကယ်ပဲ ဟားမိမှာပါ။

ဘာကြောင့်တာလဲ ဒီအရူးအလုပ်မျိုးကို ဘယ်တော့မှ လုပ်မှာမဟုတ်ဘူး ဆိုပြီးတော့လေ။

ကြိုမသိနိုင်တဲ့ အရာတွေထဲမှာ ကံတရားအပြင် အချစ်ကြောင့်ပါ ပါတယ်လို့ မင်းကို ပြောရင် မင်း ဘယ်လိုချေပမလဲ ပန်းရောင်။

"ဆရာသမား မော်တော်ကို ကျော်နေပြီ"

သမ္ဗာန်သမားက သတိပေးလျှင် သူက မော်တော်ပေါ်မှာ ကုလားမတစ်ယောက်နှင့် ဘောလုံးကိုင်ထားသော ကလေးတစ်ယောက်ကို အပြေးအလွှား ရှာဖွေကြည့်၏။ မတွေ့ချေ။





ရှိစေ။ တစ်ဖက်မှာ ရောက်နေလို့ဖြစ်မည်။ ဒီမော်တော်ပေါ်မှသာ သေချာပေါက် ပါလာခဲ့လျှင် တစ်ဖက်ကမ်းက စောင့်စားရုံပဲဖြစ်သည်။

သူတို့ရဲ့ စက်တပ်သမ္ဗာန်က ခဏကြာလျှင် မော်တော်ကို ကျော်ကာ သွားလေသည်။ အဲဒီနောက် ဒလဆိပ်ကမ်းသို့ ဆိုက်ရောက်သွားသည်။ သူက ငှက်သမားကို စောင့်ဖို့ ပြောပြောကာ ဒီးဒီးနှင့်အတူ ဆိပ်ခံတံတားပေါ်သို့ တက်လာခဲ့ကြသည်။

သိပ်မကြာသောအချိန်မှာပဲ မော်တော်ဟာလည်း ကမ်းသို့ ကပ်လာခဲ့ပြီဖြစ်သည်။ သူရော ဒီးဒီးရော မျက်စိကို အစွမ်းကုန် ပြူးပြဖွင့်ကာ ပန်းရောင်ဘောလုံးကို ကိုင်ဆောင်ထားသော ကလေးတစ်ယောက်ကို ဆွဲလာမည့် ကုလားမတစ်ယောက်ကို အသည်းအသန် ရှာဖွေနေရ၏။

လူတွေက တဖွဲဖွဲ ဆင်းလာကြသည်။ ကလေးတွေ၊ လူကြီးတွေ အရောင်စုံ ဆိုက်စုံ၊ သို့သော်လည်း ပန်းရောင်ဘောလုံးနဲ့ ကလေးကတော့ ခုထိကို မတွေ့ရသေး။

www.burmeseclassic.com



"အဲဒီဘောလုံးကကွာ ဒီအထိရော ပါနိုင်ပါ့ဦးမလား။ လမ်းမှာ ပေါက်သွားတာပဲဖြစ်ဖြစ် ဘာဖြစ်ဖြစ် တစ်ခုခု ဖြစ်နိုင်တာပဲ"

"မပေါက်နိုင်ပါဘူးကွာ"

"ဟား ... လေကတော့ ခုထိကို မလျော့သေးဘူး။ အဲဒီ ကုလားမက ဒီမော်တော်ပေါ်မှာရော ပါလာတာ သေချာ့ လို့လား ...

သူလည်း တစ်နေရာ သွားချင်သွားနေဦးမှာပေါ့"

သူက အဲဖျက်စကားတွေချည်း လိုက်ပြောနေသော ဒီးဒီးကို လှည့်ကြည့်ကာ တစ်ခုခုပြောဖို့ ဟန်ပြင်နေစဉ်မှာပဲ အကြည့်တွေက တစ်နေရာရောက်လျှင် လက်ညှိုးထိုး ရပ်တန့်သွား တော့လျက် ...

"ဟာ ... ဟောကောင် ... ဟိုမှာ ... ဟိုမှာ ... မင်း ဘောလုံး"

သူက ကမန်းကတန်း ကြည့်လိုက်လျှင် အဟုတ် ကိုပဲ သူ့ရဲ့ ပန်းရောင် ဘောလုံးကို ကိုင်ဆောင်ထားသော





ကုလားမပိစိကွေးလေးတစ်ယောက်နှင့် သူမရဲ့လက်ကို ဆွဲထား သော ကုလားမ မကြီးမငယ်အရွယ်တစ်ယောက်တို့ကို ဝမ်းမြောက် စွာ တွေ့လိုက်ရတာ ဖြစ်လေသည်။

သူက မြောက်ခနဲ ဖြစ်သွားသော ခြေလှမ်းတွေနှင့် အတူ ထိုသားအမိနှစ်ယောက်အနားသို့ ဘယ်လိုတောင် ရောက် သွားမှန်း မသိချေ။

"အဟဲ ... ဟို ... ဒီက ..."

သူက ဘောလုံးကို လက်ညှိုးထိုးပြကာ တစ်ချက် ယ်သွမ်းသွေးလိုက်လျှင် ကုလားမက သူ့ကို ဘာကြောင်တာလဲ ဟူသော ပုံစံဖြင့် မျက်မှောင်ကြုတ်ကြည့်၏။ တကယ်တမ်းကျတော့ လည်း သူက ဘယ်ကဘယ်လို စပြောရမယ်မှန်းမသိပေ။ အတော် သော့ ကတ်သီးကတ်သတ်နိုင်သည့် ကိစ္စပဲဖြစ်သည်။

"ခဏလောက် စကားပြောချင်လို့ပါ"

"ဘာလဲ ပြော"

"ဒီလိုလေ ဒီဘောလုံးက ကျွန်တော့်ဘောလုံးပါ ခင်ဗျ၊ အဲဒါ ..."



www.burmeseclassic.com

www.burmeseclassic.com



"ဟရေး ဘာပြောဒါလဲ ကောင်ရေး၊ အဲဒါ နည်းမမှန်ဘူး နော်၊ တို့ ဆင်းရဲဒယ် ဒါပေမဲ့ မခိုးတတ်ဘူးနော် ကောင်ရေး ...

ပြဿနာ လာမရှာနဲ့နော်"

"ဟား ... အဲဒီလို ပြောတာမဟုတ်ပါဘူး။ အစ်မ အထင်လွဲနေပြီ"

"ဘာလွဲတာလဲ ဒီဘောလုံးဟာ မင်း ဘောလုံး ဘယ်လိုလုပ်ဖြစ်နိုင်မှာလဲ"

"မဟုတ်ဘူး အစ်မ၊ ကျွန်တော် ရှင်းပြမယ်၊ ကျွန်တော်ထ အစ်မ အဝတ်လျှော်တဲ့အိမ်က မနှင်းဝါဝါရဲ့ မောင်ပါ။ ဒါက ကျွန်တော့် သူငယ်ချင်း၊ ဒီဘောလုံးမျိုးတွေ လေးလုံးလောက် ကျွန်တော်တို့ လက်ဆောင်ရလာတာပါ ...

အဲဒါ ကျွန်တော်တို့က သိပ် အသုံးဝင်တာနဲ့ ကျွန်တော့်တူမလေး ရှောက်ချင်းကို ပေးခဲ့တာပါ။ ဒါ ရှောက်ချင်းက ပေးလိုက်တာ မဟုတ်လား"





ဒီးဒီးက အေးအေးဆေးဆေးနှင့် ချက်ကျလက်ကျ ဝင်ပြောတော့မှပင် ကုလားမက မျက်လုံးပေကလပ် ပေကလပ်ဖြင့် "အဲဒါ ဘာဖြစ်လဲ"ဟု အသည်းယားချင်စဖွယ် မေးခွန်းထုတ်လေသည်။ မျက်နှာထားကတော့ မလျှော့သေး။

"အဲဒါ ကျွန်တော်တို့အတွက် အရေးကြီးတဲ့ပစ္စည်း ဖြစ်နေလို့ပါ။ အဲဒါကြောင့် ရန်ကုန်ကနေ ဒီအထိ လာယူတာပါ အစ်မ ...

အဲဒီဘောလုံးလေး ပြန်ပေးပါနော်"

အဲဒီလို ပြောလိုက်မှပင် ဒိုဘီမခများ ဘယ်လို အတွေးပေါက်သွားသလဲတော့ မပြောတတ်ချေ။ ဘောလုံးကိုင်ထားသော သူ့ကလေးကို ဆွဲခနဲ ကောက်ချီရင်း တင်းတင်းပင် ဖက်ထားလိုက်သေးကာ ...

"အို ... အဖိုးမတန်တဲ့ ဘောလုံးကိုများ အခွပ်ယှဉ်မရှိ လိုက်တောင်းနေတယ်၊ မလုပ်နဲ့ ငါ့ကလေးက ဒါမရှိရင် ငိုလိမ့်မယ်"



www.burmeseclassic.com

www.burmeseclassic.com



ကုလားမက ပြောပြောဆိုဆို ထွက်သွားဖို့ပြင်လျှင် သူက အထိတ်တလန့်နှင့်ပဲ ရှေ့မှာ ပိတ်ရပ်ကာဆီးကာ ...

"ငိုရင် ဒါမျိုး ဆယ်လုံး ထပ်ပေးပါ့မယ်၊ ဒီဘောလုံးကို တော့ ပြန်ပေးပါ အစ်မ၊ ကျေးဇူးတင်ပါတယ်"

သူ့ရဲ့ ထိတ်ထိတ်ပျာပျာ ပုံစံကြောင့် ထိုကုလားမက ပို၍ အကဲဆတ်သွားကာ ခေါင်းတယမ်းယမ်းဖြင့် မပေးဘူးချည်း ချကာ ခြေကုန်သုတ်တော့၏။ ဒီးဒီးက သူ့ကို လက်ကုတ်လျက်_

"ဟော့ကောင် အသည်းအသန် သွားလုပ်ပြမနေနဲ့၊ ဟိုက တန်ဖိုးရှိတာပါတယ်ထင်ပြီး ပြန်မပေးချင်တာ ...

အသာနေ ငါ ပြောမယ်"

ဒီတစ်ခါ ဒီးဒီးက ကုလားမရှေ့မှာ ဝင်ကာဆီး လျက် ...

"အစ်မ ကျွန်တော်တို့ကို ကူညီပါ။ ပွင့်ပွင့်လင်းလင်း ပြောရရင် ဒီထဲမှာ တန်ဖိုးရှိတာမျိုး မပါပါဘူး။ မယုံရင် ကျွန်တော်တို့ ဖောက်ပြပါ့မယ် ...





အစ်မကိုလည်း မုန့်ဖိုးပေးပါ့မယ်"

ကုလားမက မသင်္ကာသော မျက်လုံးများဖြင့် မော့ကြည့်ကာ ...

"ငါက ဘယ်လိုလုပ် ယုံရမှာလဲ"

"ကဲ ရော့ ... ဒီမှာ နှစ်ထောင်။ အဲဒီဘောလုံးကိုလည်း အစ်မ ရှေ့မှာတင် ဖောက်ပြမယ်။ တန်ဖိုးရှိတာပါရင် အစ်မ ယူ"

ဒီးဒီးက ပိုက်ဆံနှစ်ထောင် ထုတ်ပေးလိုက်မှပင် ထိုကုလားမက ကွေ့ဝေဟန်ဖြင့် ငြိမ်သက်သွား၏။ ဂနာမငြိမ်သော မျက်လုံးများက ဘယ်လိုဆုံးဖြတ်ရမယ်မှန်းမသိ ဖြစ်နေပုံရလေသည်။

လူတွေများဟာလည်း အတော်တရားကျစရာကောင်းသည်။ ပိုင်ရှင်အစစ်အမှန်က တန်ဖိုးမရှိသောပစ္စည်းကို ပြန်တောင်းတာတောင် အသာတကြည် ပြန်မပေးချင်ကြ။ ကိုယ့်ပစ္စည်းကိုလည်း မဟုတ်ပါဘဲနှင့် အထဲမှာ ဘာများပါဦးမလဲဟူသော မလို



www.burmeseclassic.com

www.burmeseclassic.com



မောစိတ်ကြီးကိုလည်း အထင်းသားပဲ လှမ်း၍ မြင်နေရသေးလေသည်။

သူသည် ကိုယ့်ကိုယ်ကိုယ်ထက် ထိုကုလားမကို အရင်တရားကျရပါသည်။

"ကဲ ... ရော့ အစ်မ ယူပါ။ အစ်မ ကလေးအတွက် မုန့်ဖိုးပေါ့၊ ဒီဘောလုံးကိုလည်း ကျွန်တော် ဖောက်ပြပါ့မယ်"

ဒီးဒီးက ဘောလုံးဖောက်ဖို့အတွက် ပိုက်ဆံအိတ်ထဲမှ နားဖာကလော်တံကို ထုတ်ယူလိုက်လျှင် သူ့မှာ ဈာမဓားကြီးကို ထုတ်ကိုင်လိုက်သည့်အလား ချက်ချင်းကို ခံစားသွားရသည်။

သို့သော် မတတ်နိုင်တော့။ ဖောင်းခနဲ မြည်သံအဆုံးတွင် အဟုတ်ကိုပဲ မြေပြင်ပေါ်သို့ တစ်စုံတစ်ရာက ဖုတ်ခနဲ ပြုတ်ကျလာခဲ့ပါသည်။ ထိုအရာကတော့ အထူးပြောပြနေစရာ လိုမည်မထင်တော့ပါ။

သူဟာ လှိုက်ဖိုမောသော ရင်အစုံဖြင့် နှင်းဆီလေးကို တယုတယ ကောက်ယူလိုက်ပြီးသည့် နောက်ပိုင်းမှာတော့ ဒီးဒီး





နှင့် ကုလားမတို့ ဘာတွေပြောနေတယ် ဆိုတာလဲ သူ မကြားတော့။ 212 ရေမွှေးရနံ့တွေ သင်းပျံ့နေသော နှင်းဆီငုံလေးကိုသာ တစိမ့်စိမ့် ကြည့်မဝဖြစ်လျက် ဒီးဒီးက ပခုံးကို လာပုတ်တော့မှပင် ပြန်ဖို့အတွက် သတိရတော့သည်။

"ကဲ ... ပြန်ကြစို့ သူငယ်ချင်း"

အပြန်လမ်းတွင် သမ္မာန်ပေါ်၌ သူ့ရဲ့ ခံစားချက်ဖိလင်တွေကို နားလည်သည့်အလား ဒီးဒီးကလည်း စကားမများချေ။

နေကျသွားပြီဖြစ်သဖြင့် ရန်ကုန်မြစ်ပြင်သည် ရွှေအိုရောင်လွှမ်းကာ လေနုအေးတို့ နှော့နေသဖြင့် အဲဒီအလှအပဟာ ဒီးဒီးကိုလည်း ဖမ်းစားထားဟန်တူသည်။

အ်ဝေးကို ပျံသွားသော စင်ရော်တွေကို လှမ်းငေးမောကာ သူ့ကို ဘာမှမပြော။ မထေ့တော့ မငေါ့တော့ မကလိတော့။ သူက ကျေနပ်စွာဖြင့် နှင်းဆီလေးကို ငုံ့ကြည့်ကာ တစ်ချက်ပြုံးပြလိုက်မိသည်။



www.burmeseclassic.com

www.burmeseclassic.com



အဲဒီနောက် ခံစားချက်တစ်မျိုးဖြင့် သူ့ရင်က လွင့်မောဆွတ်ပျံ့လို့လာလေသည်။ ညနေစောင်း အချိန်လေးတစ်ခုမှာ ချစ်သောနှင်းဆီလေးနှင့်အတူ ငှက်စီး(သမ္ဗာန်စီး)ရသည့် အရသာသည် သူ့အတွက် လန်းဆန်းလတ်ဆတ်မှုကို ပေးသော်လည်း တစ်စုံတစ်ယောက်ကို သတိရစေသည်။

ရနံ့တစ်မျိုး စွက်နေသည့် မြစ်လေရနံ့ကို ရှူရှိုက်ကာ မမြင်ဖူးသော အသံလေးရဲ့ ပိုင်ရှင်ကို လွမ်းစေသည်။

ခပ်ဝေးဝေးက ကြယ်ငါးပွင့်သင်္ဘောကြီးတွေကို မြင်လျှင် ဘာမဆိုင် ညာမဆိုင် ပန်းရောင်လည်း အဲဒီလိုပဲ ရေခြားမြေခြားကို သွားမလားဟု စိုးရိမ်စိတ်တွေလည်း ဝင်မိလေသည်။

သူဟာ ပန်းရောင်ကို ရူးသွပ်သွားခဲ့ပြီ ဖြစ်လေသည်။

ထိုနေ့က ကားပေါ်သို့ ပြန်ရောက်၍ မောင်းထွက်လာပြီး သိပ်မကြာခင်မှာပဲ ဒီးဒီးရဲ့ဖုန်းကို သူ့အစ်မက ဖုန်းဆက်လာကာ အခြေအနေကို စိတ်ဝင်တစား မေးမြန်းစပ်စုတာကိုလည်း ခံရသေးသည်။ ဒီးဒီးဟာ ကာယကံရှင်တောင် မဟုတ်ပါဘဲနှင့် အစ်မကို ပြန်ဖြေသည်မှာ ...





"အခြေအနေက Ok တယ်၊ အမီနာကတော့ မ Ok ဘူး။ စိတ်ဓာတ်က မမိုက်ဘူး၊ အဲဒီလိုလူမျိုး မမအိမ်မှာ ဝင်ထွက်နေဖို့မကောင်းဘူး"

ဟု ပြောလိုက်တာဖြစ်သည်။ သူ ပြောချင်နေသော စကားတို့နှင့် တစ်ထပ်တည်းပင်။ တစ်ချိန်းတည်းမှာပင် သူ့ ကို လှမ်းပြုံးပြပြီးကြည့်သည့် အကြည့်တွေမှာလည်း မင်း ပြောချင်တာ ငါ သိပါတယ်ကွာ ဟူသော အထာမျိုးဖြစ်၏။

သူငယ်ချင်းတစ်ယောက်ကတောင် သူ့စိတ်ကို လှမ်း၍ ဖတ်တတ်လျှင် ချစ်သူကလည်း သူ့နှလုံးသားကို ဖတ်ပေးတတ်လိမ့်မည်ဟု သူ မျှော်လင့်ပါသည်။

❤ ✧ ❤



www.burmeseclassic.com

www.burmeseclassic.com



"ဟား ဟား ဟား … ဖြစ်မှဖြစ်ရလေ ဒေါနရယ်။ မင်း တော်တော် စိတ်ညစ်သွားမှာပဲနော်"

သူမက သူ့ရဲ့ အဖြစ်သနစ်အစုံကို ကြားသိရလျှင် သဘောကျသည့်စိတ်ဖြင့် တဟားဟားနှင့် ရယ်မောသဘောကျ၍ နေလေသည်။ သူ့အတွက်ကတော့ စိတ်မောခဲ့ရမှု မှန်သမျှသည် နှင်းဆီပွင့်လေးကို မြင်ခဲ့ရပြီးသည့်နောက် ပြေပျောက်သွားခဲ့ပြီး





ပြီဖြစ်သော်လည်း သူမရဲ့ ရယ်သံလေးကို ကြားရခိုက်မှာတော့ ပို၍ ပြီးပြည့်စုံသွားပြီဖြစ်သည်။

"ကိုယ် စိတ်မညစ်ပါဘူး။ ပေးတဲ့လူက ကိုယ့်လက်ထဲကို ခက်ခက်ခဲခဲ ထည့်ပေးခဲ့ပြီးမှ ဆုံးရှုံးသွားရတယ် ဆိုရင် ဘယ်ကောင်းပါ့မလဲ …

ကိုယ်က နှင်းဆီငါးပွင့်လုံး ကိုယ့်ဆီမှာ ရှိစေချင် တယ်လေ"

"ဟုတ်ပါပြီ … မင်းနဲ့ကိုယ် အလောင်းအစားလည်း ပြည့် တော့မယ်ဆိုတာ သတိရဦးနော်"

"ဟုတ်လား … ကိုယ်က အဲဒါကို သတိတောင်မရဘူး"

သူက သူမကို အကဲစမ်းသလို မေးကြည့်လိုက်လျှင် သူမဘက်က ခေတ္တမျှတော့ အသံတိတ်သွားသည်။ သို့သော် ချက်ချင်းပင် …

"အဲဒါကတော့ မင်းအပိုင်း ဖြစ်သွားပြီလေ။ ကိုယ်ကတော့ ပြောထားတဲ့ကိစ္စတစ်ခုကို ပြီးမြောက်အောင် ဆောင်ရွက် ရမှာပဲ …

www.burmeseclassic.com



လောကမှာ ကိုယ်ကတော့ ကိုယ့်အကြောင်းပဲ ကိုယ်တွေးတယ်။ ကိုယ် လုပ်စရာရှိတဲ့ အလုပ်ကို လုပ်တယ်။ တစ်ဖက်က ဘယ်လိုပဲလုပ်လုပ် အဲဒါ သူ့အပိုင်းဖြစ်သွားပြီ ...

လူဆိုတာ ကိုယ့်သမိုင်း ကိုယ်ရေးတာပါ ဒေါနရယ်"

"ဟာ ... ဟော့ ... ဟော့ ... အဲဒီလောက် မပြင်းထန်နဲ့လေ၊ ကိုယ်က မင်းကို နောက်တာပါ ...

ဒါနဲ့ မင်းကို တစ်ခုမေးမယ်၊ မင်း အမှန်အတိုင်း ဖြေပေးရမယ်"

"ပြောကြည့်ပါဦး"

"တကယ်လို့ ကိုယ့် ရှုံးခဲ့တယ်ဆိုရင် မင်းကို ကိုယ် ဘယ်တော့မှ တွေ့ရတော့မှာ မဟုတ်ဘူးလား"

"အဲဒါတော့ ကိုယ် မပြောတတ်ဘူး"

"ပန်းရောင် မင်းကို ကိုယ် တွေ့ချင်တယ်၊ တွေ့ချင်နေတယ်ကွာ၊ အဲဒါ မင်း သိလား၊ မင်းက ကိုယ့်ကို သိနေပြီး





မြင်ဖူး တွေ့ဖူး ကိုယ့်အကြောင်းတွေကို အားလုံး သိနေပြီး ကိုယ်က မင်းကို လုံးဝ မသိရတာ တကယ် မမိုက်ဘူး ...

အဲဒီလို အရူးမလုပ်ချင်စမ်းပါနဲ့ကွာ"

"ကိုယ် ဘာကို အရူးလုပ်လို့လဲ ... မင်းကို သိတယ်ဆိုတာလည်း မတော်တဆ သိခွင့်ရခဲ့တာပါ ဒေါနရယ် ...

စိတ်ဝင်စားဖို့ ကောင်းတဲ့ မင်းတို့ မြေအဘွား သုံးယောက်ရဲ့ အကြောင်းကြောင့် မင်းကို ရင်းနှီးခဲ့တာပါ"

"ဘယ်လိုပဲဖြစ်ဖြစ်လေ မင်းက ကိုယ့်ထက် အများကြီး ကျော်နေတာပဲ၊ ပန်းရောင် လိမ္မာပါတယ်ကွာ ...

ကိုယ်က ခင်တတ်ပါတယ်။ မင်းလည်း ကိုယ့်အကြောင်း သိရဲ့သားနဲ့ သဘောကောင်းကြီးပါ ... ဟဲ ဟဲ ...

အပြင်မှာ ဆုံကြမယ် မဟုတ်လား"

"ဟင့်အင်း ဒေါန၊ စိတ်မရှိပါနဲ့"



www.burmeseclassic.com

www.burmeseclassic.com



"ကျွတ် ... ပြောရခက်တဲ့ ကလေးမ၊ မင်းကို မမိ,မိအောင် ဖမ်းပြဦးမယ်၊ ကဲ ... ပြော ဆင္ဒမနှင်းဆီက ဘယ်တော့ လာပေးမှာလဲ ပြော"

သူမက သူ့ရဲ့ဒေါသထွက်သံ တရှုးရှုးကို အသာ ရယ်မောကာ ...

"အဲဒီလိုလုပ်စမ်းပါ၊ လေပြည်အသံတွေနဲ့ စကားမပြော စမ်းနဲ့ ကိုယ် မကြိုက်ဘူး။ အသံတွေက ယောကျ်ားပီသမှ ပေါ့"

"မင်းပဲ အပြောကောင်းတယ်၊ အေးပါ တစ်ကွေ့တော့ တွေ့ကြဖို့ပေါ့ ပန်းနုရောင်"

"ဒါပေါ့ မင်းလည်း ကြိုးစားရင် ကိုယ့်ကို ရှာတွေ့နိုင်တာပဲ၊ ဆင္ဒမဖြောက်နှင်းဆီကိုလည်း သိပ်မကြာခင် ပေးပါ့မယ်_

အပြင်တစ်နေရာရာမှာပေါ့။ သတိအပြည့်နဲ့သာ နေပါ"

"အိုခေ ... အိုခေ ... ဆီးယူ ဘိုင့်ဘိုင်"





ဒီတစ်ခါတော့ သူကပဲ စတင်နှုတ်ဆက်ကာ ဖုန်း ချပစ်လိုက်၏။ သူမကို သိပ်မကျေနပ်။ ပြီးတော့ ဒီအချိန်ထိ ဖမ်းမမိနိုင်သေးသော သူ့ကိုယ်သူလည်း စိတ်တိုသည်။

ဒီတစ်ကြိမ်တော့ သူမကို ခြေရာခံမိလိမ့်မည်ဟု စိတ်အားတက်ကြွနေခဲ့လေသည်။

❤ ✧ ❤



www.burmeseclassic.com

www.burmeseclassic.com



## "ဆင္မမြောက်နှင်းဆီ"

သိပ်မကြာခင် ရောက်ရှိလာတော့မည့် New Year ကို သူတို့သူငယ်ချင်းတစ်ခုက ငွေဆောင်မှာ ကြိုဆိုဖို့ စီစဉ်ကြလေသည်။ အဲဒီအတွက် အဓိကလိုအပ်သည်မှာ ငွေကြေးဖြစ်သည်။ New Year ကား တစ်လလောက်လိုသေးသည် ဖြစ်သော်လည်း





ကြိုတင်စုဆောင်း သူဌေးလောင်းတို့မှာ အခုတည်းက မုန့်ဖိုးတွေကို ချွေတာတန်တာ ချွေတာကြရသည်။

အဲဒီတစ်ခုကတော့ သူတို့လေးယောက်သား‌ဟာ တူညီကြသည်။ ခေတ်လူငယ်များဖြစ်သော်လည်း အပျော်အပါးမှာ ခုံမင်ဖို့ထက် ကောင်းကောင်းဝတ်မည်၊ ကောင်းကောင်းစားမည်၊ ကောင်းကောင်းအနားယူမည်၊ ကောင်းကောင်းသုံးစွဲမည် ဟူသော အတွေးနှင့် သံမိဋ္ဌာန်သာရှိကြလေသည်။

အခုလည်း ငွေဆောင်မှာ ငါးရက်လောက် ဇိမ်ကျဖို့အတွက် အသီးသီးက ကြိုတင်စီစဉ်လို့နေသည်။ ခရီးသွားလာရာမှာ ပိုက်ဆံဆိုတာ ပိုနေ၍ ဘာမှမဖြစ်။ လိုနေလျှင် အတော်စိတ်ညစ်စရာကောင်းလေရာ သူတို့ သူငယ်ချင်းတစ်တွေသည် ခရီးစဉ်အတွက် ငွေစုဆောင်း ငွေရှာဖွေလေ့ရှိကြသည်။

ငွေရှာဖွေသည် ဆိုရာဝယ် တခြားတော့မဟုတ်။ အိမ်ရဲ့ ကိစ္စမှန်သမျှ ဆောင်ရွက်လုပ်ကိုင်ပေးရလျှင် ခြေကြွခများ မြိုးမြိုးမြက်မြက် တောင်းယူကြခြင်းပင် ဖြစ်လေသည်။



www.burmeseclassic.com

www.burmeseclassic.com



အခုလည်း သူ့ကို အန်တီလေးက ပဲခူးရှိ ဗေဒင်ဆရာထံ လိုက်ပို့ခိုင်းနေလေရာ သူက အလကားတော့ မရပါ။

"သုံးသောင်းတော့ ပေးရမယ် အန်တီလေး"

"အမလေးဟယ် နင့်ဟာကလည်း များလိုက်တာ၊ အပြင်က ဒရိုင်ဘာငှားရင်တောင် အဲဒီလောက် မပေးရပါဘူး"

"ဒါဆို အပြင်က ဒရိုင်ဘာပဲ ငှားလေ၊ အန်တီလေး စီးရဲလား ပြော။ ပဲခူးထိ အသွားအပြန် လူမသိ သူမသိ သူစိမ်း ယောကျ်ားကြီးတစ်ယောက်နဲ့ စီးသွားရဲလား"

"မစီးရဲပါဘူး၊ တော်ပြီး ... နင့်အကြံ ငါမသိတာမှတ်လို့၊ New Year အတွက် ငွေရှာနေတာများ"

"သိရင်လည်း ပြီးတာပဲ၊ ငွေလိုနေတယ်ဗျာ၊ အလကားတောင်းနေတာမှ မဟုတ်တာ၊ ကိုယ့်တူလေး ကိုယ် မုန့်ဖိုးလေး ဘာလေးလဲ ပေးကောင်းပါတယ်"

"အမလေး ... မုန့်ဖိုးပေးတာမှ လူကြားကောင်းဦးမယ်၊ နင့်ဟာက ဘာပဲနိုင်းနိုင်း အဖိုးအခက မတန်တဆ ယူနေတာ ..."





ကဲပါ ... နင်တောင်းတဲ့ ပိုက်ဆံကို ငါ ပေးပါ့မယ်၊ ဒါပေမဲ့ နင် စတစ်အကျႌအဖြူနဲ့ ပုဆိုးနဲ့ ဝတ်ခဲ့"

"ဗျာ ... ဘာဖြစ်လို့"

"ငါနဲ့အတူ နင်ပါ ယတြာဝင်ချေရမှာဟဲ့၊ ဒါကြောင့် တစ်ချက်ခုတ် နှစ်ချက်ပြတ်ရအောင် နင့်ကိုခေါ်တာ ...

ငါပြောသလို ဝတ်ခဲ့၊ ထမင်းစားပြီးရင် သွားကြမယ်"

"အာ ... အဲဒါဆို ယတြာဝန်ဆောင်ခ အတွက်ပါ ချီးမြှင့်ရဦးမှာပေါ့"

"သွားသေလိုက်၊ နင် အဲဒီလောက် ချစ်တီးကျမနေနဲ့ဟဲ့"

အန်တီလေးက သူ့ကို စိတ်မရှည်စွာနှင့် ထ,ရှဲအော်တော့သည်။ အဲဒီလိုတော့ သူကလည်း မခံချေ။ ဒီလောက်ဆိုလျှင် ဒီခရီးမှာ သူဟာ မပါမဖြစ် အရေးတကြီး လိုအပ်နေပြီမှန်း အကင်းပါးစွာ သိမြင်လိုက်ပြီဖြစ်သည်။

ကားမောင်းဖို့က နောက်ထားဦး၊ ယတြာအတူချေပေးမည့် စနေသားက ဒီအချိန်မှာ ဘယ်ကရှာလို့ ရမည်နည်း။



www.burmeseclassic.com

www.burmeseclassic.com



"အန်တီလေးပဲ စဉ်းစားကြည့်ဦးလေ၊ အန်တီလေး ယတြာချေတယ်ဆိုတာ မကောင်းတာတွေ ပယ်ဖို့ မဟုတ်လား၊ အဲဒါကို ကျွန်တော်က ဘာမဆိုင် ညာမဆိုင် ဝင်ပြီးလုပ်ပေးရမှာ ...

ကံမကောင်းတာတွေ ကျွန်တော့်ဆီ ရောက်လာရင် ဘယ့်နှယ်လုပ်မလဲ"

"မရောက်ပါဘူးဟယ်၊ အဲလိုကတော့ မရောက်ဘူး စိတ်ချ၊ ဒါက အဲဒီ ကံဆိုး ကံကောင်းတာတွေနဲ့ မဆိုင်ဘူး ...

အဲ ... နင် ရချင်ရ ကံကောင်းတာတွေပဲ ရလာမှာ"

ပြောရင်းနှင့် အန်တီလေးရဲ့ မျက်နှာက အရိပ်ယောင်တစ်မျိုးဖြင့် ပြုံးစိစိ မချိုမချဉ် ဖြစ်လာလျှင် သူက အဲဒီမျက်နှာကို သိပ်မသင်္ကာချင်တော့ပေ။

ဒီမျက်နှာမျိုး၊ ဒီလိုမျက်နှာမျိုးတွေဟာ ဘယ်လိုအခါမျိုးတွေမှာ တွေ့ရတတ်ပါသလဲ။

"အန်တီလေး မျက်နှာက သိပ်အကဲမရဘူးနော်၊ မရိုးသားဘူး"





"ရိုးသားပါတယ်ဟယ်၊ ကဲ ... လာပါ၊ New Year အတွက်ရော၊ ဒီတစ်လရဲ့ Beauty Adviser အဖြစ် နောက်ဆုံးလခရော ပေါင်းပြီး နင့်ကို တစ်သိန်းတိတိပေးမယ်ဟယ်၊ ကျေနပ်လား"

သူက တစ်သိန်းဆိုတာကို အထူးတလည် စိတ်ဝင်စားသွားသော်လည်း Beauty Adviser အဖြစ်က နုတ်ထွက်ရတော့မည် ဆိုတာကိုတော့ နားမလည်နိုင်အောင် ဖြစ်ရလေသည်။

"နေပါဦး ... နောက်ဆုံးလခ ဆိုတာက ဘာလဲ၊ ကျွန်တော်က အန်တီလေးရဲ့ Beauty Adviser မလုပ်ရတော့ဘူးလား"

အန်တီလေးက သူ့ကို လှောင်ပြုံးလေး တစ်ခုဖြင့် ...

"မလိုတော့ဘူး၊ ငါ့မှာ ရှိနေပြီ"

အန်တီလေး ပြောလိုက်တာက ဝါကျအပြည့်အစုံ မဟုတ်သော်လည်း သူသည် အဲဒီဝါကျတိုလေး တစ်ခုတည်းနှင့်တင် ဘာဆိုတာကို နားလည်သိမြင်လို့ သွားခဲ့သည်။ အန်တီလေးမျက်နှာပေါ်မှာ ဖြစ်နေသော ခံစားမှုဟာ စကားလုံးတွေ အများကြီး ပြောပြနေစရာကို မလိုချေ။



www.burmeseclassic.com

www.burmeseclassic.com



နူးညံ့နေသော မျက်နှာထားနှင့် တိုးတိတ်သော လေသံတို့ဟာ အချစ်ရဲ့ပြယုဂ်တစ်ခု ဖြစ်သည်ဟု ထင်ပါရဲ့

"အင်းလေ ... ကောင်းတာပေါ့၊ အိုကေပါစေ"

သူက ကြည်ကြည်ဖြူဖြူပဲ ဆုတောင်းပေးလိုက် သည်။

အန်တီလေးရဲ့ မျက်နှာသည် သူ တွေ့ဖူးသမျှ ထဲတွင် ဒီတစ်ခါ အလှဆုံး ဖြစ်သည်ဟု ထင်သည်။

"အခု ငါသွားတွေ့မဲ့ ဗေဒင်ဆရာမက အချစ်ရေးကိစ္စ နာမည်ကြီးပဲဟဲ့၊ နင်လည်း ငါ့ကို ကူညီတဲ့အတွက် ချစ်တဲ့ ကောင်မလေးနဲ့ကျရင် အဆင်ပြေမှာပါ"

သူသည် သာမန်အချိန်များမှာ ဗေဒင်တွေ နက္ခတ် တွေကို မယုံတတ်၊ စိတ်မဝင်စားတတ်သော်လည်း ဒီအခြေအနေ မှာတော့ အန်တီလေးရဲ့ စကားတစ်ခွန်းက လူကို အများကြီး အားတက်သွားစေလေသည်။

"ကဲပါဗျာ ... ဒီလောက်လည်း မဟုတ်ပါဘူး၊ ဒါမျိုး ကူညီကောင်းပါတယ်၊ ကဲ ... လစ်ကြစို့"





သူက ဒီတစ်ခါတော့ စိတ်လိုလက်ရနှင့်ပင် ပျော်ပျော်ရွှင်ရွှင် တက်တက်ကြွကြွဖြင့် ကူညီပေးလိုက်လေသည်။ ပဲခူးသို့ ရောက်လျှင် အန်တီလေးက ဘွတ်ကင်ယူပြီးသား ဖြစ်သဖြင့် သိပ်မကြာခင်မှာပဲ ဗေဒင်ဆရာမနှင့် ဝင်တွေ့ခွင့် ရသွားသည်။

အထဲမှာ ဘာတွေလုပ်နေသလဲတော့ မသိချေ။ နာရီဝက်လောက် ကြာသည်။ ခဏနေ ပြန်ထွက်လာပြီးနောက် သူ့ကို အသာလက်ပြ ခေါ်သဖြင့် သူ့မှာ ကြောင်စီစီနှင့်ပင် အတွင်းခန်းထဲသို့ ရောက်လာရသည်။

"ဆရာမ ... ဒါ ကျွန်မတူလေးပါ၊ စနေသားလေးပေါ့၊ သူ့ကိုလည်း နည်းနည်းလောက် ကြည့်ပေးပါဦး"

အဲဒီတော့မှပင် သူက အန်တီလေးခေါ်သောအဓိပ္ပာယ်ကို နားလည်လျက် ငြင်းရခက်ကြီး ဖြစ်တော့သည်။ ဗေဒင်ဆရာမကတော့ သူ့ကို အကဲခတ်ကြည့်ကာ ခေါင်းတညိတ်ညိတ်ဖြင့် ...

"ပုံစံကတော့ လူချောပါပဲ၊ ဒါပေမဲ့ မိန်းကလေးတွေကိုတော့ သိပ်အထင်ကြီးတဲ့ပုံ မရှိဘူး"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်လိုက်လေ ဆရာမရယ်၊ သူ့မှာ အဘွားနဲ့ အဒေါ်ကိုပဲ အမြဲရန်လုပ်နေတာ"

ဟင် ... ဘလိုင်းကြီး။ သူက မကျေနပ်သော်လည်း ဘာမှ ပြန်ပြောချင်စိတ် မရှိသဖြင့် အသာနှုတ်ပိတ်နေရ၏။ ဆရာမက သူ့လက္ခဏာကို တစ်ချက်ကြည့်ပြီးနောက် သူ့မျက်လုံးများကို နွေးနွေးထွေးထွေး ပြုံးကြည့်ကာ ...

"သားအတွက် အခုလောလောဆယ် အရေးပါနေတဲ့ ကိစ္စတစ်ခုကိုပဲ ပြောလိုက်ပါ့မယ်၊ သားဟာ သိပ်မကြာခင်မှာ အချစ်ရေးနဲ့ ပတ်သက်ပြီး ခံစားရဖို့ ရှိတယ် ...

ဒါပေမဲ့ နောက်များကျရင်တော့ ပျော်ရွှင်ရမှာပါ"

သူက မျက်ခုံးပင့် အံ့သြသွားသော်လည်း ဘာမှ ပြန်မမေးမိချေ။ အဲဒီနောက်မှာတော့ အန်တီလေးက နှုတ်ဆက်သဖြင့် ထပြန်လာခဲ့ကြသည်။ ပြီးလျှင် ပဲခူးရွှေမော်ဓောဘုရားမှာ ယတြာချေကြသည်၊ ယတြာကလည်း ပုတီးကိုးပတ် စိပ်ရမည့် အစီအစဉ်ပါသေးလေရာ သူနှင့် အန်တီလေးတို့မှာ ဘုရား၌ ပုတီးစိပ်ရသေးသည်။





ပုတီးစိပ်၊ ရေသပ္ပာယ်၊ ယတြာချေ စသဖြင့် ကိစ္စအဝဝတွေပြီးလျှင် ညနေတောင် စောင်းနေပြီဖြစ်သည်။ ပဲခူးက ပြန်ထွက်လာချိန်တွင် ခြောက်နာရီခွဲကျော်၍ နေပေပြီ။

ဒီအချိန်ဟာ ကားမောင်း၍ အဆိုးဆုံးသောအချိန်ဖြစ်သည့်အတွက် သူဟာ ဘယ်သူ့အကြောင်းမှ ခေါင်းထဲမှာ မစဉ်းစားအား၊ သတိမရအားသေးချေ။ ဗိုက်လည်း ဆာနေပြီဖြစ်သဖြင့် ရန်ကုန်ရောက်ဖို့သာ စိတ်ဆောနေမိ၏။

"ရန်ကုန်ရောက်ရင် ဟော့ပေါ့ ဝင်စားရအောင်ဗျာ၊ နော် အန်တီလေး"

"အေးပါ ... အေးပါ၊ ဖြည်းဖြည်းလည်း မောင်းဦး၊ ဒီအချိန် Express တွေ ထွက်တဲ့အချိန်"

သူ့လိုဘတွေ ပြည့်ဝ၍ သဘောတွေ ကောင်းနေသော အန်တီလေးကြောင့် သူက သဘောကျစိတ်ဖြင့် အသာပြုံးရသေးသည်။ အချစ်ဟာ လူတစ်ယောက်ကို အများကြီး မဟုတ်တောင် နည်းနည်းတော့ ပြောင်းလဲစေတတ်တယ် ဆိုတာ သူ လက်ခံရတော့မှာပဲ။



www.burmeseclassic.com

www.burmeseclassic.com



လေလှိုင်းထဲကလာတဲ့ အသံတစ်ခုပေါ်မှာတောင် စွဲလမ်းစိတ်က ရင့်မာနေရင် မျက်နှာတစ်ခုကရော ...။ အဲဒီလို တွေးမဆုံးခင်မှာပဲ ကားကမောင်းနေရာမှ တဖြည်းဖြည်း အရှိန် နည်းလာကာ နောက်တော့ တုံ့ခနဲ ထိုးရပ်သွားတော့သည်။

"ဟဲ့ ... ကားဘာဖြစ်တာလဲ ဒေါ်န"

"မသိဘူး၊ စက်သံကတော့ ပုံမှန်ပဲ၊ ဆင်းကြည့်ရမှာပဲ"

"ဟင်း ... ဒုက္ခပါပဲဟယ်၊ ညကြီးမင်းကြီးကျမှ နင်က လည်း နည်းနည်းပါးပါး မစစ်ဆေးခဲ့ဘူးလား"

"ဟာ ... စစ်ဆေးရအောင် အန်တီလေးပဲ ဖွတ်ခေါ်နေတာ လေ၊ နေစမ်းပါဦး၊ ဒီမှာ ကြည့်ပါဦးမယ်"

သူက ကားပေါ်မှဆင်းကာ စက်ဖုံးဖွင့်ပြီး ဟိုကလီ ဒီကလီ လုပ်ကြည့်သည်။ ပြီးလျှင် ကားပေါ်တက်၍ စက်ပြန်နှိုး ဒါလည်း မရချေ။ ဒိုင်ခွက်တွေကို သေချာကြည့်ပြီးမှ ဘာဖြစ်နေ တယ်ဆိုတာ သိတော့၏။ ဆီဒိုင်ခွက်၏ ပြသချက်အရ ကားမှာ လောင်စာဆီ စိုးစဉ်းမျှ မရှိတော့ပြီ။

"သေပြီ ဆရာ၊ ကားမှာ ဆီလည်း မရှိတော့ပါလား"





အန်တီလေးထံမှ ဟယ် ... ဟူသော စိတ်ပျက်လက် က် အသံကြီး ထွက်ပေါ်လို့ လာခဲ့လျှင် သူက ဘာမှမတတ်နိုင် းဟူသာ့ သဘောဖြင့် လက်ဝါးနှစ်ဖက် ဖြန့်ပြကာ ပခုံးကို ွန့်ပြလိုက်ရသည်။

"ဖိုးအေးရယ် ... နင် အဲလောက်ထိပဲ ပေါ့လျော့ရလား ဟယ်၊ အခု ဘယ်လိုလုပ်မလဲ၊ မိုးချုပ်နေပြီ၊ ဆီက ဘယ် မှာရှာရမှာလဲ"

"ကျွတ် ... အန်တီလေး တစ်ယောက်တည်း မဟုတ်ဘူး နော်၊ ကျွန်တော်ပါ ပါပါတယ်၊ အဲဒီလောက် ညော်မနေနဲ့၊ ကဲ ... ကဲ ... ဖုန်းထုတ်ပြီး ဘိုးတော်ဆီ ခေါ်ကြည့်ပါဦး၊ ဆီပြတ်နေတယ် လာပို့လှည့်လို့"

"ဘယ်က ဘိုးတော်ဆီကို ငါက ဆက်ရမှာလဲ"

'အရေးထဲ မူနေပြန်သေးသော အန်တီလေးကို သူက ါ်စောင်းတစ်ချက် ပိတ်ထိုးပစ်လိုက်ရင်း ...

"ဘယ်က ဘိုးတော်ရမှာလဲ၊ အန်တီလေးရဲ့ ဘိုးတော်ပေါ့၊ ဂတ်ဂတ်ကို ပြောနေတာ ...

www.burmeseclassic.com



အခု လာရတာလည်း သူ့ကိစ္စကြောင့်ပဲ မဟုတ်လား"

"နင်နော် ... မဟုတ် ဟုတ်က"

"ကဲပါဗျာ ... ရှက်တဲ့ Blood တွေလည်း ဖြာမနေပါနဲ့ (ရှက်သွေးဖြာ) ခေါ် ... ခေါ် ကျွန်တော်လည်း ကားတားပြီး အကူအညီ တောင်းကြည့်ဦးမယ်"

သူက ဟိုဘက် ဒီဘက်မှလာသော ကားများကို ကြိုးစားပန်းစား တားသော်လည်း ကားတွေဟာ ရပ်ဖို့နေနေသာသာ အရှိန်တောင် တုံ့မသွား၊ တိုက်မသွားရုံတစ်မယ်ဖြစ်သည်။

"ဒီမှာလည်း လိုင်းမမိဘူးဟဲ့"

"ဒါဆိုလည်း အန်တီလေး တစ်လှည့် လာတားဦးဗျာ၊ ယောကျ်ားလေးတားတော့ ရပ်မပေးချင်ဘူး"

"နင်နဲ့ကျမှပဲ ငါ့မှာလည်း ကားတားရဦးမယ်"

အန်တီလေးက မကျေမနပ်နှင့် တဖျစ်တောက်တောက် ပြောကာ ကားဆင်းတားဖို့ ပြင်သည်။ သူက ကားဘော်ဒီကို မှီလျက်သားမှ ...





"အန်တီလေးရဲ့ဘိုးတော်နဲ့ဆို ကားတောင် တွန်းပေးရလိမ့်ဦးမယ်"

"နင်နော် ... ငါ မတားဘဲ နေလိုက်မှာ"

"တားမှာသာ တားစမ်းပါဗျာ၊ ဒီမှာ ဇိုက်ဆာနေတာ လှုပ်တောင် မလှုပ်နိုင်တော့ဘူး၊ ဒီလိုမှန်းသိ ပဲခူးမှာ ထမင်းဝင်စားခဲ့ပါတယ်"

"ဟဲ့ ... ဟိုမှာ တစ်စီးတော့ လာနေပြီ၊ ရပ်ပါ့မလား မသိဘူး၊ တားလိုက်ပါဦးမယ်၊ ဘုရား... ဘုရား ... ရပ်ပါစေ"

အန်တီလေးက ရင်ဘတ်လေးဖိကာ ဘုရားတ,၍ ကားတား၍လားတော့ မသိ။ ထိုကားဟာလည်း ပဲခူးဘက်မှလာသောကား ဖြစ်ကာ အရှိန်လျှော့၍ သူတို့ကားနှင့် မလှမ်းမကမ်းမှာ ရပ်သွားသည်။ ကားရပ်သွားလျှင် အန်တီလေးက ဝမ်းသာအားရနှင့် ပြေးသွားကာ ကားမောင်းသူနှင့် စကားသွားပြောကာ နေသည်။ ခဏနေလျှင် ဝမ်းသာသော အမူအရာဖြင့် သူ့ထံသို့ ပြန်ရောက်လာလေသည်။



www.burmeseclassic.com

www.burmeseclassic.com



"ကားက NGO အဖွဲ့အစည်းက ကားဟဲ့၊ သူတို့က တောထဲတွေ ဆင်းနေတာဆိုတော့ ဆီက လုံလုံလောက်လောက်ပါတယ် ...

ပေး ... ပေး ... နောက်ထဲမှာ ပုံးပါတယ် မဟုတ်လား"

"အားတော့ အားနာစရာကြီးဗျာ၊ လိပ်စာတောင်းထားပါလား၊ ပြီးရင် ပြန်ပေးရအောင်လို့"

"အေးပါ ... ငါ တောင်းခဲ့ပါ့မယ်"

အန်တီလေးက ပုံးကိုယူကာ ထွက်ခွာသွားလျှင် သူက အခုမှ သက်ပြင်းချနိုင်တော့လေသည်။ ခဏကြာလျှင် တစ်ဖက်ကားမှ စက်နိုးသံ၊ အန်တီလေးနှင့် အပြန်အလှန် နှုတ်ဆက်သံသဲ့သဲ့တို့ကို ကြားရပြီးနောက် NGO ကား အရင်မောင်း ထွက်ကာသွားသည်။

သူက ဘာရယ်မဟုတ်ဘဲ မောင်းနှင်သွားသော NGO ကားဖြူဖြူကြီးကို လိုက်ငေးမောနေစဉ်မှာပဲ အဲဒီကားရဲ့ နောက်ခန်းဘက်မှ လက်တစ်ခု ထွက်လာကာ တာ့တာပြ နှုတ်ဆက်သွားခြင်းကို တွေ့လိုက်ရလေသည်။



"ဒေါနရယ် ... နင်ကလည်း ဟိုနားလေးတောင် လိုက်မလာဘူးနော်၊ ဒီနားကနေ စတယ်ကြီးနဲ့ရပ်နေ သိလား၊ ဟိုကားပေါ်မှာ ဘယ်သူပါတယ်ထင်လဲ"

"ဘယ်သူပါလို့လဲ"

"နင့်သူငယ်ချင်း ပါတယ်လေ၊ ဒါကြောင့် ဆီကို ပြန်ပေးစရာလည်း မလိုပါဘူးတဲ့၊ ရော့ ... ဒီပစ္စည်းလေး ပေး၊ ပေးပါဆိုပြီးတော့တောင် ပေးသွားသေးတယ်"

သူက အန်တီလေး လှမ်းပေးနေသော နှင်းဆီပွင့်လေးကိုမြင်လျှင် ဟိုက်ခနဲ အော်မိမတတ် ပါးစပ်အဟောင်းသား ပွင့်သွားရလေသည်။ ဘယ်လိုမှ လွဲမမှားနိုင်သော နှင်းဆီပွင့်လေးသည် ဆင္ဒမမြောက်နှင်းဆီ ဟူသော တံဆိပ်လေးနှင့် သူ့ကို အစွမ်းကုန် နှုတ်ဆက်ပြနေသည်။

ဒါဆို အခုနက နှုတ်ဆက်လက်ပြသွားသူဟာ ...

သူသည် ဘာမှမတတ်နိုင်စွာနဲ့ပဲ ခေါင်းတရမ်းရမ်း အံတကြိတ်ကြိတ်ဖြင့် ကိုယ့်ကိုယ်ကိုယ် ကျိန်ဆဲနေမိခဲ့တော့သည်။

❤ ✧ ❤

www.burmeseclassic.com

www.burmeseclassic.com



"ဒါဟာ သွေးရိုးသားရိုးတော့ မဟုတ်တော့ဘူးနော်၊ အဲဒီလောက်ကြီး တိုက်ဆိုင်နေတာတော့ မဖြစ်နိုင်ဘူး ...

မင်းက လူရော ဟုတ်ရဲ့လားဟင်"

တစ်ဖက်မှ ပန်းရောင်သည် သူ့စကားကို တသိမ့်သိမ့် ရယ်မောရှိ နေသည်။ ပြီးတော့မှ ...





"ဒီတစ်ခါက တကယ်ကို တိုက်ဆိုင်တာပါ ဒေါနု၊ တကယ်ပါ၊ ကိုယ်တောင် ဒီအဖြစ်အပျက်ကို အံ့သြနေခဲ့သေးတာပါ"

"သြော် ... မင်း အံ့သြရတဲ့ကိစ္စလည်း ရှိသေးတယ်ပေါ့နော်၊ နေပါဦး ... မင်းက NGO မှာ လုပ်တာလား"

မေးသာမေးရသော်လည်း သူက သိပ်တော့မထင်ချေ။

"မဟုတ်ပါဘူး၊ သူငယ်ချင်းတစ်ယောက်က အဲဒီမှာလုပ်တာပါ၊ ကိုယ်က ရောက်တုန်းရောက်ခိုက် ဗော်လန်တီယာအနေနဲ့ ခဏဝင်ပြီး ကူညီတာပါ"

သူက သူမရဲ့စကား မှန်သမျှကို အပ်ဖျားနှင့်ထောက်၍ ဟာကွက်ရှာနေသောသူ ဖြစ်လေရာ "ရောက်တုန်းရောက်ခိုက်"ဟူသော စကားကို ချက်ချင်းပဲ မေးခွန်းထုတ်မိလေသည်။

"ရောက်တုန်းရောက်ခိုက် ဆိုတော့ မင်းက တစ်နေရာရာက လာပြီး တစ်နေရာရာကို ပြန်သွားမဲ့လူလား ပန်းရောင်"

သူ့စကားကြောင့် သူမဘက်မှ အသံက ရုတ်တရက် တိတ်သွားလေသည်။

www.burmeseclassic.com



သူထင်တာ မမှားဘူးဆိုလျှင် သူမ သက်ပြင်းခိုး ချလိုက်ဟန် တူပါသည်။

“မင်းကို ကိုယ် မညာချင်ပါဘူး ဒေါန၊ ဒါကြောင့် တချို့ မေးခွန်းတွေကို မညာချင်လို့ မဖြေခဲ့တာပါ”

“ဒါဆို မင်းက တစ်နေရာက ခဏလာတာလား”

“ဟုတ်တယ် ဒေါန၊ ကိုယ်က ဟိုးအဝေးကြီး တစ်နေရာက ခဏလာတာ”

သူဟာ ဘာရယ်မဟုတ်ဘဲ နားထဲတွင် ပဲခူးက ဗေဒင်ဆရာမ ပြောလိုက်သော စကားတို့ကို ဖျတ်ခနဲ သတိသွားရသည်။ ဒါဟာ အမှန်တရားတစ်ခုလား တိုက်ဆိုင်မှုတစ်ခုလား ပန်းရောင်။

“ဒါဆို မင်း ဘယ်တော့ ပြန်သွားမှာလဲ”

ဒီလိုမေးစဉ်မှာတော့ သူ့အသံတွေဟာ မသိမသာ တုန်ယင်နေသည်ဟု ထင်သည်။ ဒါကြောင့် မင်းဟာ တိတ်တိတ်လေး ကိုယ်ရောင်ဖျောက်ဖို့ ကြိုးစားတာလား ပန်းရောင်ရယ်။

“သိပ်မကြာတော့တဲ့ အချိန်မှာပေါ့”





အဲဒီလို ဖြေခဲ့သော သူမရဲ့အသံကလည်း ထင်သလောက် မသွက်လက်နေခဲ့ပါ။ သူသည် ရင်ထဲတွင် ရိုက်ခတ်လာသော လွမ်းဆွတ်ခြင်း လှိုင်းလုံးလေးများဒဏ်ကို မချိမဆန့် ကြိတ်ခံစားနေရလျက် ...

“မင်းကို ကိုယ်က တစ်ကြိမ်လေးလောက်တောင် တွေ့ဖို့ အခွင့်အရေး မရှိတော့ဘူးလား ပန်းရောင်”

သူမဘက်မှ အသံအကြာကြီး တိတ်ဆိတ်သွားသည်။ ပြီးလျှင် တိုးသက်သော သက်ပြင်းချသံတစ်ခုကို ကြားရလျက် ...

“မင်းကို ပေးဖို့အတွက် နောက်ဆုံး နှင်းဆီတစ်ပွင့်ပဲ ကျန်တော့တယ် ဒေါန၊ အဲဒါ မင်းအတွက် နောက်ဆုံး အခွင့်အရေးပဲ ...

အဲဒီ နှင်းဆီကို မင်းရဲ့ရှေ့မှောက်မှာပဲ ကိုယ် လာထားပေးမယ်၊ မင်း မျက်စိရှေ့မှာပဲ ...

တကယ်လို့ အဲဒီအချိန်ထိ မင်းဟာ ကိုယ့်ကို ဖမ်းမမိတော့ဘူး ဆိုရင်တော့ ကိုယ်တို့ ထပ်ဆုံစည်းဖို့က မလွယ်တော့ပါဘူး ဒေါန”



www.burmeseclassic.com

www.burmeseclassic.com



"တ ... တကယ်လား ပန်းရောင်။ မင်း ... မင်းက ..."

"ဟုတ်တယ် ဒေါ်န၊ ကိုယ် တစ်နေရာရာကို သွားရဖို့ အချိန်သိပ်မလိုတော့ဘူး"

"ပန်းရောင် ... မင်း အဲဒီလိုတော့ မရက်စက်ပါနဲ့ ပန်းရောင်၊ နှင်းဆီရနံ့တွေနဲ့ ငါ့ကို လှည့်စားပြီးတော့ မင်း ဒီလိုတော့ အရူးမလုပ်ပါနဲ့"

"ဆောရီး ဒေါ်န၊ မင်း ကံကောင်းပါစေ"

ပန်းရောင်က တိုးတိတ်စွာ ဆုတောင်းပေးပြီးလျှင် အသာပဲ ဖုန်းချသွားခဲ့ပါသည်။ သူကသာ ဖုန်းမပိတ်နိုင်အားသေးဘဲ အရူးတစ်ယောက်လို ရေရွတ်အော်ဟစ် ကျန်နေရစ်ခဲ့သည်။

ပန်းရောင်ရယ် ... အကောင်အထည် မြင်ရပေမဲ့ စွမ်းအားကြီးတဲ့ အချစ်အကြောင်း မင်း ကြားဖူးတယ်ဆိုရင် တစ်ကြိမ်လောက်တော့ ငါ့ကို သနားသွားခဲ့ပေးပါ။

❤ ✧ ❤





## "သတ္တုမပြောက်နှင်းဆီ"

●

ထိုတစ်ကြိမ်သည် သူ့အတွက် နောက်ဆုံးအခွင့်အရေး ဖြစ်လေသည်။ ဒီတစ်ကြိမ်မှ သူမကို မမိခဲ့လျှင် နောက်ထပ် ဘယ်တော့မှ ထပ်တွေ့ရတော့မည် မဟုတ် ဆိုသည်ကို



www.burmeseclassic.com

www.burmeseclassic.com



အလိုလို သိနေခဲ့ခြင်းမှာ အချစ်ရဲ့စွမ်းအင်တစ်ခုလားတော့ မပြောတတ်တော့။

သချာတာကတော့ ရက်ရှည်လများ ကြားနေကြဖြစ်သော လေလှိုင်းထဲက အသံရှရှလေးတစ်ခုရယ်၊ ဆန်းပြားစွာဆောင်ကြဉ်းပေးလာတတ်သည့် နှင်းဆီပွင့်တွေရဲ့ ပိုင်ရှင်သခင်ကို သူ တစ်ခါလောက်ဖြစ်ဖြစ်တော့ ဆုံတွေ့ချင်ပါသည်။

တစ်ခါတည်းပါ ပန်းရောင် ...။ စကားတွေအများကြီး မပြောရရင်နေပါ။ မျက်ဝန်းတွေထဲ တမေ့တမော စိုက်ကြည့်ခွင့်ကို တစ်သက်စာအတွက် လက်ဆောင်ပေးခဲ့ပါ။

သူသည် အဲဒီအတိုင်း ရင်ထဲမှာ အကြိမ်ကြိမ် ဟစ်ကြွေးနေခဲ့ပါသည်။

သူမကို မြင်တွေ့ခွင့် မရခဲ့လျှင် ဒီတစ်ကြိမ်မှာတော့ ဘယ်လိုမှ သူ့ကိုယ်သူ ခွင့်လွှတ်နိုင်မှာ မဟုတ်တော့။ အကြိမ်ပေါင်းများစွာ လွဲချော်နေခဲ့သော နှလုံးသားကိုလည်း ခွင့်လွှတ်မှာ မဟုတ်တော့ချေ။





အဲဒီအတွက် သတိဝီရိယ အပြည့်နှင့်ကို သူ စောင့်စားခဲ့သည်။ သွားရင်း လာရင်း သူမကို အမြဲမပြတ် ရှာဖွေသည်။ ဒီတစ်ခါ ပေးမည့် နောက်ဆုံးနှင်းဆီဟာ သူမကိုယ်တိုင် သူ့မျက်စိရှေ့မှာပဲ ပေးမှာမို့ သူသည် အဲဒီအဖြစ်အပျက်အတွက် ရင်လည်းခုန်၊ စိတ်လှုပ်ရှား၊ ပျော်ရွှင်ကျေနပ်၊ ဝမ်းသာဝမ်းနည်း၊ အို ... ခံစားချက်တွေက စုံလင်လှလေသည်။

အဲဒီနေ့က သူသည် တစ်ယောက်တည်း ကားမောင်းလာရင်းမှ လမ်းမကြီးဘေးတွင် ဖွင့်ထားသော မိနီမတ်သေးသေးလေးတွင် ဘာရယ်မဟုတ် ဈေးဝယ်ချင်စိတ် ပေါ်လာသဖြင့် ကားရပ်ကာ ဆိုင်ထဲသို့ ဝင်လာခဲ့တာ ဖြစ်လေသည်။ ဖွင့်တာသိပ်မကြာသေးသော ထိုမိနီမတ်လေးရဲ့ ဆိုင်နာမည်ဟာလည်း ...

Sentinel (စောင့်နေသူ) ဟူ၍ ဆန်းဆန်းပြားပြားပေးထားခြင်းအပေါ် သဘောကျသွားတာလည်း ပါသည်။

လောလောဆယ်မှာ သူဟာလည်း စောင့်နေသူတစ်ဦး မဟုတ်လား။ ဈေးဝယ်သူ သိပ်မများသော မိနီမတ်လေး



www.burmeseclassic.com

www.burmeseclassic.com



ထဲတွင် သူက လိုချင်သော၊ သူ့အတွက် လိုအပ်သော တစ်ကိုယ်ရေပစ္စည်းလေးများကို အေးအေးဆေးဆေးပဲ ဝယ်ယူလျက်ရှိနေလေသည်။

နောက် ... ကတ်တွေ၊ အရုပ်လေးတွေ၊ ပန်းခြောက်လေးတွေရောင်းသော ကောင်တာဘက် ရောက်သွားလျှင် သူက တစ်ခဏမျှ ငေးသွားမိကာ နောက်တော့ အဲဒီပစ္စည်းတွေကို တစ်ခုချင်း စိတ်ရှည်လက်ရှည် ရွေးနေမိတော့တာ ဖြစ်သည်။ အဲဒီအခိုက်မှာပဲ သူ့ဖုန်းက ထမြည်လာခဲ့တာ ဖြစ်သည်။

သူသည် သတိစိရိယအပြည့်နှင့် ဖုန်းဖွင့်လိုက်လျှင် ...

"ဒေါ်န ... ကိုယ်ပါ"

"ပန်းရောင် ... မင်း ဘယ်မှာလဲဟင်"

သူ့ရဲ့ အမောတကော မေးသံကို သူမက အသာရယ်မောကာ ...

"ကိုယ် မင်းကို ပန်းမပေးသေးပါဘူး ဒေါ်နရဲ့၊ စိတ်အေးအေးထားပြီး ဖုန်းပြောပါ"





"စိတ်မအေးနိုင်ပါဘူး၊ မင်းက ယုံရတာမှ မဟုတ်တာ"

"ကြော် ... ယုံပါ၊ ကိုယ်က ပေးမယ်ဆို ပေးမယ် ပြောမှာပေါ့၊ နောက်ဆုံးနှင်းဆီပဲဟာ၊ မင်းအတွက် အရေးကြီးတယ်လေ၊ ဟုတ်တယ်မှုလား"

"အင်း ... ထားပါတော့၊ အခုဆက်တာ ဘာကိစ္စလဲ"

"မင်း ဘာလုပ်နေတာလဲ သိချင်လို့ပါ"

"ကိုယ်လား ဈေးဝယ်နေတာ၊ Sentinel (စောင့်နေသူ) မီနီမတ်လေ၊ သိတယ် မဟုတ်လား၊ အဲဒီမှာ"

"အင်း ... သိတယ်၊ အဲဒီဆိုင်လေးက အေးအေးဆေးဆေး ရှိတယ်၊ မင်း ဘာဝယ်နေတာလဲ"

"ကိုယ်လား ... ဒီလိုပါပဲ၊ ရည်ရွယ်ချက် မရှိပါဘူး၊ ကားမောင်းလာရင်းနဲ့ ဈေးဝယ်ချင်စိတ် ပေါက်လာတာနဲ့ ဝယ်နေတာ၊ ကိုယ်လိုအပ်တဲ့ ပစ္စည်းလေးတွေပေါ့၊ သွားတိုက်ဆေးတို့၊ shower cream တို့၊ Toner တို့၊ မျက်နှာသစ်ဆပ်ပြာတို့ ... အဲဒါမျိုးတွေပေါ့"



www.burmeseclassic.com

www.burmeseclassic.com



သူက စိတ်ပါလက်ပါ ပြောပြနေတာကို သူမက သေချာနားထောင်နေလေသည်။

“[illegible]”

သူက သတိအနေအထားဖြင့် ဆတ်ခနဲ ဖြစ်သွားကာ ဖုန်းပြောရင်းမှ ဟိုဟိုဒီဒီ ဝေ့ဝဲကြည့်ရှုမိသည်။ ဒါကို သူမက တစ်နေရာမှ မြင်တွေ့နေရသည့်အလား တခစ်ခစ်နှင့် ရယ်မောကာ နေလေသည်။ အဲဒီရယ်သံကို ကြားရလျှင် သူက ပိုပြီး မသက်သာချင်တော့။

“ပန်းရောင် ... မင်း ဘယ်မှာလဲ၊ မင်း ကိုယ့်ကိုတွေ့နေတယ် မဟုတ်လားဟင် ... ပြောစမ်း”

သူမက သူ့မေးခွန်းကို အရေးမစိုက်သည့်အလား ...

“မင်းက ဘယ်သူ့ကို ပေးမှာမို့လို့ ကတ်တွေ ပန်းခြောက်တွေကို ရွေးနေရတာလဲ”

သူက ဖုန်းကို နားမှာကပ်လျက်သားဖြင့် ဟိုဟိုဒီဒီ ဝေ့ဝဲကာ ရှာဖွေသည်။ မတွေ့။ ဆိုင်ထဲမှာ ဟိုလျှောက်ဒီလျှောက်ဖြင့် ခပ်ဖြည်းဖြည်း ...။



တစ်ခု ခိုင်မာသေချာလာခဲ့သည်မှာ ပန်းရောင်သည် သူ့အနီးအပါး၌ ရောက်နေပြီ ဆိုတာပဲ ဖြစ်သည်။ ချက်ချင်းပင် နှာခေါင်းထဲ၌ သူမ သုံးတတ်သော (212) ရေမွှေးနံ့လေးပဲ သင်းထုံလာသလိုလို၊ လေပြည်တွေ ခပ်မြူးမြူး တိုက်သွားသလို ခံစားမှု အာရုံဆန်းတွေဖြင့် ရင်တွေ တထိတ်ထိတ် ဖြစ်လာရသည်။

မဖြစ်တော့။ သူ့အနားမှာ ရောက်နေသည့် ပန်းရောင်ကို မတွေ့မမြင်ရပါဘဲနှင့် နောက်ဆုံးနှင်းဆီကို လက်ခံဖို့ဆိုတာ သူ့အတွက် မဖြစ်နိုင်တော့ချေ။

“ပန်းရောင် ... မင်း ဒီဆိုင်ထဲမှာလား”

“အဲလိုထင်နေရင်လည်း တွေ့အောင်ရှာလေ”

ပန်းရောင်ရဲ့ အသံသည် ခပ်မြူးမြူးဖြစ်ကာ သူ့ကို ကလိနေရခြင်းအပေါ် ကျေနပ်ဟန် အပြည့်ရှိသည်။ သူသည် ဒီတစ်ခါတော့ ကြာမြင့်မဆည်နိုင်တော့ဘဲ တန်းတွေအလိုက် သူမကို ခပ်သွက်သွက် ရှာဖွေနေမိ၏။ အေးစိမ့်နေသော Air Con တပ် မီနီမတ်ထဲတွင် (212) ရေမွှေးနံ့တွေက လှိုင်လျက်ရှိနေသည်။

www.burmeseclassic.com



ဒါတော့ သူ အထင်မှားနေတာ၊ စိတ်စွဲနေတာ မဟုတ်တော့။ သူမ တစ်နေရာကနေ အဲဒီရေမွှေးတွေကို ဖျန်းနေခဲ့တာပဲ ဖြစ်မည်။ ရနံ့တွေက မွှေးလွန်းသဖြင့် ဈေးဝယ်သူတချို့ကတောင် စူးစမ်းလာသည် အထိပင်။

သူ့ရင်ဘတ်တစ်ခုလုံးက နိမ့်ချည် မြင့်ချည် ဖြောင်းဆန်အောင် လှုပ်ရှားလို့ နေချေပြီ။

"ပန်းရောင် ... မင်း ဘယ်နေရာမှာလဲ၊ မင်း ရှိနေတယ် မဟုတ်လား"

"အင်း ... ရှိနေတယ်"

"ဘယ်မှာလဲ၊ ကိုယ် မင်းကို မတွေ့ဘူး"

"အဲဒါ မင်းညှဲ့လို့ပေါ့၊ မင်းကို ကိုယ်က နောက်ဆုံးနှင်းဆီ ပေးတော့မယ် ဒါနဲ့"

သူမက ကောက်ကာငင်ကာကြီး ပြောချလိုက်လျှင် ...

"ဟမ် ... ပေးတော့မယ်၊ ဘယ်မှာ ပေးမှာလဲ၊ ဟား ... ကိုယ့်ကို မင်း အရူးမလုပ်ပါနဲ့ ပန်းရောင်၊ မင်း ဘယ်မှာလဲ ..."





ဘယ်လိုပေးမှာလဲ"

"မင်း သိပ်ကြိုက်တဲ့ နှင်းဆီဝိုင် ဓာတ်ကားထဲကလို မင်းရဲ့ကားတံခါးမှာ ကပ်ထားပေးခဲ့မှာပါ၊ ဂွတ်ဘိုင် ဒါနဲ့ ဘိုင့်ဘိုင်နော် ...

No see you again (နောက်ထပ်တွေ့ဖို့ မရှိတော့ပြီ)"

ပန်းရောင်သည် ထိုစကားလေးကို ညင်သာစွာပြောပြီးသည့်နောက်တွင် ဆက်သွယ်မှုကို အသာအယာပဲ ဖြတ်တောက်သွားလေသည်။ သူသည် ရုတ်တရက် shock ရသွားသူလို မျက်လုံးကြီးပြူးကာ ဖုန်းကို နားအနားမှာကပ်လျက် တစ်ခဏမျှ တော့ ကြက်သေ,သေနေသေးသည်။

နောက်တော့မှ "မင်းရဲ့မျက်စိရှေ့မှာတင် ပေးမှာ" ဟူသော စကားသံလေးကို ပြန်လည်ကြားယောင်မိလျက် ကမျာကယာပင် ထွင်းဖောက်မြင်နေရသော မှန်တံခါးချပ်တွေမှ အပြင်ဘက် ကားရပ်ထားသော နေရာသို့ လှမ်းကြည့်လိုက်လျှင် တမ်းတဖွယ်အပြည့်ဖြစ်သော မြင်ကွင်းတစ်ခုကို လှမ်း၍မြင်လိုက်ရလေသည်။



www.burmeseclassic.com

www.burmeseclassic.com



ခါးအထိ ဝဲဖြာနေသော ဆံနွယ်တွေနှင့် သွယ်သွယ်လျလျ အရပ်မြင့်မြင့် မိန်းကလေးတစ်ဦးသည် သူ့ကို ကျောပေးကာ သူ့ကားတံခါး၌ တစ်စုံတစ်ခုကို တိပ်နှင့်ကပ်နေဟန်ရှိသည်။

ပြီးလျှင် ... သူ ကြည့်နေတာကို နောက်မျက်စိနှင့် မြင်နေသည့်အလား ဟန်းဒ်ဖုန်းကိုင်ထားသော လက်တစ်ဖက်ပင် ထောင်ပြလိုက်သေးလေသည်။ ထို့နောက် အင်္ကျီအိတ်ကပ်ထဲ လက်နှိုက်ကာ အေးအေးဆေးဆေးပင် ထွက်ခွာသွားသည်။

သူသည် လက်မတင်လေး လှုပ်ရှားသွားသော ပန်းရောင် နောက်သို့ အခုမှပဲ သတိဝင်ကာ အပြေးအလွှားလိုက်ဖို့ ပြင်သည်။ မီနီမတ်မှာ ဈေးဝယ်သော ကားတွေအားလုံးဟာ တစ်ဖက်က အဝါကျားပလက်ဖောင်းမှာပဲ ရပ်ခဲ့ရလေရာ သူဟာ ပန်းရောင် လမ်းလျှောက်သွားသော ပလက်ဖောင်းဘက်သို့ ကားတွေရှုပ်နေ၍ ရုတ်တရက် ကူးမရချေ။

သူမကို ခပ်လှမ်းလှမ်းမှာလည်း လှမ်း၍ မြင်နေရသေးသည်။





"ဟေး ... ပန်းရောင်၊ ဟေး ... ခဏနေဦးလေ ... ဟိတ်"

ကားသံတွေကြောင့်ပဲ မကြားတာလား၊ တမင်ကို ဂရုမစိုက်တာလားတော့ မသိ။ သူမဟာ သူ့ကို တစ်ချက်မှလှည့် မကြည့်ချေ။ ဟိုဘက်နှင့် ဒီဘက် အပြေးလိုက်လာကာ ခေါ်သဖြင့် သူဟာ သူမကို နောက်ကျောဘက်မှ မဟုတ်တော့ဘဲ ဘေးတိုက် မကျ့တကျ အနေအထားမှ လှမ်းမြင်နေရပြီဖြစ်သည်။

Fashion TV ထဲက မိုဒယ်လ်တွေ လမ်းလျှောက်သလို လမ်းလျှောက်ခြင်း၌ စတိုင်ကျ လှပသော ပန်းရောင်သည် ဆံနွယ်ရှည်တွေ တလွင့်လွင့်ဖြင့် ပုံမှန်ပဲ လမ်းလျှောက်နေသည်။

ပို၍လည်း မမြန်သွားသလို နှေးလည်း နှေးမသွား။ ဒီပုံစံအတိုင်းဆို ပလက်ဖောင်းကူးပြီးတာနှင့် သူမကို မီတော့မည်။ သူသည် စိတ်လှုပ်ရှား တက်ကြွစွာဖြင့် ကားရှင်းပြီဟုထင်ကာ လမ်းကို ဖြတ်ကူးလိုက်တော့လေသည်။

အဲဒီမှာပဲ ... လွတ်မည်ထင်သော ကားတစ်စီးဟာ သူထင်သလို မလွတ်ခဲ့။ ထိုအချိန်သည် နောင်တရဖို့အတွက် နောက်အကျဆုံးအချိန် ဖြစ်၍သွားခဲ့ပြီ။



www.burmeseclassic.com

www.burmeseclassic.com



ကားအရိုက်ဆွဲသံ ခပ်ကျယ်ကျယ်ကို ကြားလိုက်ရသော်လည်း သူ့တစ်ကိုယ်လုံးကတော့ ထူပူ၍ မြောက်တက်သွားခဲ့ချေပြီ။

ဒါတောင် သူက ကားမှာ ဖြုတ်မယူရသေးသော သတ္တုမမြောက်နှင်းဆီလေးကို နောက်ဆံငင်နေခဲ့သေးလေသည်။

❤ ✧ ❤





သူ သတိပြန်ရလာချိန်တွင် အနားမှာ စိုးရိမ်တကြီး စောင့်ကြည့်နေသူများမှာ အဘွား၊ အန်တီလေးနှင့် သူ့သူငယ်ချင်းတွေ ဖြစ်သည်။

မျက်လုံးသာ ဖွင့်ကြည့်နိုင်သော်လည်း သူ့ဦးခေါင်းတစ်ခုလုံးက တဆစ်ဆစ် နာကျင်၍ နည်းနည်းလေးမှပင် ရွေ့မရ။



www.burmeseclassic.com

www.burmeseclassic.com



ထို့နည်းတူ ညာဘက်ခြေထောက် တစ်ခုလုံးကလည်း ဘာမှမရှိတော့သလို ခံစားရ၏။

သူသည် တုန်လှုပ်စွာဖြင့် ...

"အဘွား"

"အေး ... မြေးလေး ဖိုးအေး၊ သတိရလာပြီနော်၊ ဘယ်လိုများဖြစ်တုန်း မြေးရယ်၊ မသေကောင်း မပျောက်ကောင်း ...

လမ်းကူးတာတောင် ကားတိုက်မိအောင် ကူးရတယ်လို့ကွယ်"

"ကျွန်တော့်ကို ဘယ်သူ ဆေးရုံပို့တာလဲ အဘွား"

"မြေးရဲ့သူငယ်ချင်းတစ်ယောက်ပဲ၊ အဘွားတို့လည်း မမြင်ဖူးဘူး၊ အဘွားတို့ ဆေးရုံရောက်တော့ မြေးကို အားလုံးကုနေကြပြီ ...

မြေး ဘာမှမဖြစ်တော့ပါဘူးကွယ်၊ ခေါင်းမှာ ငါးချက်ချုပ်ထားရပြီး ညာဘက်ခြေထောက် ကျိုးသွားတာတော်သေးတာပေါ့"





"ဟာ ... အဘွားကလည်းဗျာ"

သူက ဟာခနဲ သံရှည်ဆွဲလိုက်စဉ်မှာ ခေါင်းကဆစ်ခနဲ နာသွားရသဖြင့် အန်တီလေးက ကမန်းကတန်း ဖေးမပေးသည်။ အဲဒီနောက် တာဝန်ကျ ဆရာဝန်က ခေါ်သဖြင့် အဘွားနှင့် အန်တီလေးက အသာထလိုက်သွားကြရသည်။

ဒီတော့မှ သူ့သူငယ်ချင်းတစ်စုမှာ သူ့အနားသို့ကပ်လာနိုင်ကြလျက် ...

"ဟော့ကောင် ... မင်းကွာ၊ တကယ်မသေကောင်း မပျောက်ကောင်း၊ ဓွတ်လုပ်တဲ့ကောင်၊ အခု ဘယ်လိုနေသေးလဲ၊ သက်သာလား"

"အင်း ... မသက်သာဘူး၊ နာနေတယ်၊ ဒါတွေထားစမ်းပါကွာ၊ ငါ့ကို ဆေးရုံ ဘယ်သူပို့ပေးတာလဲ"

"မင်းလည်း အသံပဲ ကြားဖူးလို့သာ တော်တော့တယ်နော်၊ ဒီဆေးရုံက နာ့စ်က ပြောပြတာတော့ မင်းကို ဆေးရုံလာပို့တာ ဆံပင်ရှည်ရှည်နဲ့ ကောင်မလေးတစ်ယောက်တဲ့ကွ ...



www.burmeseclassic.com

www.burmeseclassic.com



မင်းကားကို သူ ကိုယ်တိုင် မောင်းလာတာ၊ မင်းခေါင်းက သွေးတွေ တအားထွက်နေလို့ သွေးလိုတာနဲ့ သွေးလှူသေးတယ်တဲ့ ...

ပြီးတော့ ...”

ပြည့်ဖြိုးကဆက်မပြောဘဲ အသာနှုတ်ဆိတ်နေလျှင် ...

“ဟော့ကောင် ... ဆက်ပြောလေကွာ”

အဲဒီအခါမှာ ဒီးဒီးက ပန်းနုရောင်နှင်းဆီပန်းစည်းကြီး တစ်ခုကို သူ့ခုတင်ဘေးက စားပွဲပေါ်မှာ အသာထိုးစိုက်ပေးလျက် သူ့နံဘေးသို့ သွေးစွန်းနေသော အဖြူရောင်ဂျာကင်တိုလေးတစ်ထည်၊ နှင်းဆီပွင့်လေး တစ်ပွင့်နှင့် MP.3 Player လေးတစ်လုံးကို အသာချပေးလိုက်တာ ဖြစ်လေသည်။

“ဒါ ... ဒါ ပန်းရောင်ရဲ့ အင်္ကျီပဲ၊ ဟုတ်တယ်၊ အဲဒီနေ့က သူ ဝတ်ထားတဲ့အင်္ကျီ၊ ငါ သေချာမှတ်မိတယ်”

“ငါတို့ဆီကို မင်း ကားတိုက်ခံရတယ်ဆိုတဲ့ ဖုန်းဝင်လာတော့ ငါတို့လည်း ကပျာကယာ ထ,လာကြတာပဲ၊ ဒီရောက်တော့ မင်းကို အားလုံးလုပ်ပေးပြီးနေပြီ ...





သွေးလှူပြီးလို့ သူလည်း ပြန်သွားပြီ၊ ငါတို့လည်း မတွေ့လိုက်ရပါဘူး ...

ဒီက နာ့စ်တွေဆီမှာ ဒီအင်္ကျီလေးရယ်၊ မင်းအတွက် နောက်ဆုံးနှင်းဆီလေးရယ် ထားပေးခဲ့တယ်လို့ ပြောတယ်၊ ဆုတောင်းပန်းစည်းကြီးနဲ့ MP.3 ကတော့ ဒီမနက်မှ ရောက်လာတာပါ၊ မင်း သတိမေ့နေတာ နှစ်ရက်ရှိပြီလေ”

သူက ဒီးဒီးရဲ့စကားတွေကို အသာနားစိုက်ထောင်ရင်းမှ ရင်ထဲ၌ တမြည့်မြည့် ဆွတ်ပျံ့လွမ်းဆွတ်၍ လာလေသည်။ ဒါဆို သူမဟာ သူ့အနားမှာ တစ်ချိန်လုံး ရှိနေပေးခဲ့သည်ပေါ့။ အခု သူ့ကိုယ်ထဲမှာ လှည့်ပတ်စီးဆင်းနေခဲ့တာ သူမရဲ့သွေးတွေပေါ့။

သူက ဂျာကင်အဖြူလေးကို ကောက်ယူကြည့်လိုက်လျှင် ယဉ်ပါးနေပြီဖြစ်သော (212) မွှေးရနံ့တွေက လှိုက်တက်လို့လာခဲ့ပါသည်။ အင်္ကျီရဲ့ ရင်ဘတ်နေရာတချို့မှာ ပေကျံနေခဲ့သော



www.burmeseclassic.com

www.burmeseclassic.com



သွေးကွက်များက ခြောက်သွေ့နေပြီ ဖြစ်သော်လည်း သူမဟာ သူ့ကို ရင်ခွင်ထဲမှာ ပွေ့ထားခဲ့လိမ့်မည် ဆိုတာကို သူ အများကြီး တွေးကြည့်နေစရာ မလိုပါ။

ပန်းရောင်ရယ် ...

သူက မချိတင်ကဲ ခံစားမှုနှင့်အတူ အကျႌလေးကို ရင်ဘတ်ပေါ်၌တင်ကာ ခပ်တင်းတင်း ပွေ့ပိုက်ထားရင်း မျက်လုံးတွေကို အသာမှိတ်ထားမိလေသည်။ သူ့ခံစားချက်တွေကို နားလည်သော သူငယ်ချင်းတစ်ယောက်က MP.3 ကိုဖွင့်ကာ သူ့နားမှာ နားကြပ်လာတပ်ပေးတာကို ခံစားလိုက်ရသည်။

ပထမ နားဆင်ရတာက တီးလုံးသံ ဆွေးဆွေးလေးတစ်ခု။ အဲဒီနောက်မှာတော့ နားထဲမှာ အမြဲစွဲနေသည့် အသံလေးတစ်ခုက သူ့ကို ချိုမြစွာ နှုတ်ဆက်လာခဲ့ပါသည်။

"ဒေါ်န ...

ပထမဆုံး ပြောချင်တာကတော့ မင်း အမြန်ဆုံး ကျန်းမာလာပါစေလို့ ဆုတောင်းပေးပါတယ်။ တစ်စုံတစ်





ယောက်ကြောင့် တခြားသူတစ်ယောက်ယောက် ထိခိုက်နစ်နာမှာမျိုးကို ကြားလူအဖြစ်နဲ့တောင် အင်မတန် စိုးရိမ်တတ်တဲ့ ကိုယ်ဟာ ကိုယ့်အတွက်ကြောင့် မင်း အခုလိုဖြစ်သွားတဲ့အခါမှာတော့ ကိုယ့်ကိုယ်ကိုယ် ခွင့်မလွှတ်နိုင်အောင် စိတ်ဆိုးမိပါတယ်။

မင်းကို တောင်းပန်ပါတယ် ဒေါ်န။

ဒီအသံတွေကို မင်း နားထောင်နေတဲ့ အချိန်မှာ ကိုယ် ဒီနိုင်ငံမှာ မရှိတော့ပါဘူး။ ဘယ်အချိန်မှာ ပြန်ရောက်လာမလဲ မသိနိုင်သေးလို့ မင်းအတွက် ဖြေရှင်းချက်တွေအားလုံးကို ဒီ MP.3 လေးထဲမှာ ထည့်ထားပေးခဲ့ပါတယ်။

ဒီ MP.3 လေးဟာ မင်းဆီကို ကိုယ်ယောင်ဖျောက်ပြီး ရောက်လာတတ်တဲ့ နှင်းဆီတွေရဲ့ သက်သေဆိုလည်း ဟုတ်သလို၊ မင်းအတွက် ကိုယ့်ရဲ့အမြတ်နိုးဆုံး လက်ဆောင်လေးဆိုလည်း ဟုတ်မှာပါ။



www.burmeseclassic.com

www.burmeseclassic.com



ပထမဆုံး မင်းနဲ့တကွ ပတ်သက်ရာတွေကို သိနေရတဲ့ အကြောင်းကတော့ မင်းတို့ သွားနေကျဖြစ်တဲ့ Heart Icon ဆိုင်လေးရဲ့ စနစ်တစ်ခုကြောင့်ပါ။ စက်တွေနဲ့ပဲ အရောင်းအဝယ်လုပ်တဲ့ အဲဒီဆိုင်လေးကို တစ်နေရာကနေ ထိန်းချုပ်ပါတယ်။ အဲဒီအတွက် ဆိုင်ထဲမှာ ဘာတွေဖြစ်နေတယ်ဆိုတာ ထိန်းချုပ်သူတစ်ယောက်က အားလုံးသိနေပါတယ်။

ကိုယ်ဟာ အဲဒီဆိုင်လေးမှာ ခဏဝင်ကူညီပေးခဲ့တဲ့သူပါ။ ဒီတော့ မင်းကို ဘယ်လိုသိသွားတယ် ဆိုတာ အထူးတလည် ရှင်းပြဖို့ မလိုတော့ပါဘူးနော်။ ကျေးဇူးပြုပြီး ဒီဆိုင်လေးရဲ့အကြောင်းကို မင်း စိတ်ထဲမှာပဲ သိမ်းထားပေးပါ။

နောက်ထပ် မင်းနဲ့ပတ်သက်တဲ့ ခံစားချက်တချို့ကို ပြောပြခဲ့ရမယ် ဆိုရင်တော့ ပထမပိုင်း ခုနစ်ရက်နှင်းဆီကိစ္စဟာ ပျော်ရွှင်မှုတစ်ခုအတွက်ပါ။ နောက်ပိုင်းမှာတော့





လေးနက်တဲ့ မင်းရဲ့ခံစားချက်တွေကြောင့် ကိုယ်ကိုယ်ကိုယ် အပြစ်ရှိသူ တစ်ယောက်လို ခံစားလာခဲ့ရပါတယ်။ မင်းအနေနဲ့ လူမမြင်ရတဲ့ ကိုယ့်ကို ဒီလောက်လည်း serious ဖြစ်မယ် မထင်ခဲ့မိဘူးလေ။

ဒါပေမဲ့လည်း ဒေါနရယ် ... မင်းနဲ့ အပြင်မှာဆုံတွေ့ခဲ့ရင်လည်း ကိုယ်တို့နှစ်ယောက်အတွက် အမှတ်တရတွေပဲ ပိုများလာနိုင်တာမို့ အဲဒီအစီအစဉ်ကို ဝမ်းနည်းစွာနဲ့ပဲ နောက်ဆုတ်ခဲ့ရတာပါ။

အခုလို အနာတရ ဖြစ်ရတဲ့အထိ မင်းက ကိုယ့်အပေါ်မှာ လေးနက်ခဲ့တာကို ကိုယ် စိတ်မကောင်းပါဘူးဒေါန။ အဲဒီအတွက် မဖြည့်ဆည်းပေးနိုင်ခဲ့တဲ့ အတွက် နားလည်ခွင့်လွှတ်ပေးစေချင်ပါတယ်။

တကယ်လို့များ "တစ်နေ့နေ့ တစ်ချိန်ချိန်မှာ ပြန်ဆုံခွင့် ရှိခဲ့မယ်ဆိုရင် မင်းရဲ့ Talent နဲ့အတူ အောင်မြင်သူတစ်ယောက်အဖြစ် မြင်ပါရစေလားနော်။

www.burmeseclassic.com

www.burmeseclassic.com



ကိုယ့်ရင်ထဲက မင်းနဲ့ပတ်သက်တဲ့ ဆန္ဒစစ်စစ် တစ်ခုကို ပြောပြခဲ့ရရင်တော့ မင်းနဲ့ ထပ်မံဆုံတွေ့ခွင့် ရချင်ပါတယ်။

Forget me not ! ...”

တိုးတိတ်သော ပြောသံလေးရဲ့ အဆုံးမှာတော့ ဘာစကားသံမှ ထွက်မလာတော့ချေ။ သူမ စိတ်ကြိုက်ထည့်သွင်းထားဟန်တူသော တေးသီချင်းတွေသာ တစ်ပုဒ်ပြီးတစ်ပုဒ် ထွက်ပေါ်လို့ လာခဲ့သည်။

အခုတော့ သူ့ရင်ထဲမှာ အားလုံး ရှင်းလင်း၍ သွားခဲ့ပြီ။ တစ်စုံတစ်ရာကိုလည်း နားလည်သဘောပေါက်၍ သွားခဲ့ပြီဖြစ်သည်။

သူ့အတွက်တော့ သူမရဲ့ နောက်ဆုံးအကြင်နာတွေ၊ သူနဲ့ ထပ်ဆုံစည်းဖို့ မျှော်လင့်နေတဲ့ ရင်ခုန်သံတွေနှင့် Forget me not ဆိုသော စကားလေးတစ်ခွန်းလေးနဲ့တင် နှစ်သိမ့်ကျေနပ်မှု ရနိုင်ခဲ့ပြီဖြစ်သည်။





တစ်ခု စိတ်မကောင်းတာကတော့ သူဟာ သူမကို ဘယ်လောက်ချစ်တယ်ဆိုတာ ပြောပြခွင့် မရခဲ့ခြင်းပဲ ဖြစ်ပါသည်။

သို့သော်လည်း ကိစ္စမရှိ။ ကိုယ်ယောင်ဖျောက် အလွန်တော်သော နှင်းဆီတို့၏သခင် ကောင်မလေးသည် သူ့ရင်ခုန်သံကို နားနှင့်ဆတ်ဆတ်ကြားခွင့် ရသွားလျှင် သူ ပီတိဖြစ်ရပါပြီ။

ပြန်ဆုံပါရစေ အသင်လောက။

ချစ်သူနဲ့ တစ်နေ့နေ့မှာ ပြန်ဆုံခွင့်ပေးပါ။

ဘယ်လောက်ပဲကြာကြာ သူ့နှလုံးသားမှာ ကျွန်တော် ရှိနေပါစေ။

❤ ✧ ❤



www.burmeseclassic.com

www.burmeseclassic.com



အဲဒီနောက်မှာတော့ ရွေ့လျားပြောင်းလဲနေသည့် အချိန်ရေစီးနှင့်အတူ သူက အဓိပ္ပာယ်ရှိစွာ မျောပါခဲ့ပါသည်။ နေကောင်း၍ ဆေးရုံမှ ဆင်းသည့်နောက်ပိုင်းတွင် ကြိုတင်စီစဉ်ထားသည့်အတိုင်း သူငယ်ချင်းတွေနှင့်အတူ ငွေဆောင်မှာ New Year ကို ကြိုဆိုခဲ့၏။





ပြီးလျှင် သူ့မိဘနှစ်ပါး ရှိနေသော စင်ကာပူမှာ ဖက်ရှင်ဒီဇိုင်းကျောင်း တက်ခဲ့သည်။ စင်ကာပူမှာ သူ နှစ်နှစ်ခန့် ပညာသင်ပြီးသွားလျှင် မြန်မာပြည်သို့ ပြန်ရောက်လာခဲ့ပါသည်။

အဲဒီနှစ်နှစ်အတွင်းတွင် ဒီးဒီးလည်း မိန်းမရသွားသလို အန်တီလေးသည်လည်း သူ့ချစ်သူနှင့် အိမ်ထောင်ကျကာ သားလေးတစ်ဦးပင် ရသွားခဲ့ပြီ ဖြစ်သည်။

ကံတရားက သူ့ကို အခွင့်အရေးပေးသည့်အလား အန်တီလေး၏ အမျိုးသားမှာ အထည်ချုပ်စက်ရုံ လုပ်သည့်အတွက် သူက အဲဒီမှာ ဒီဇိုင်နာအဖြစ် အစွမ်းပြခွင့် ရခဲ့သည်။ နောက် မဂ္ဂဇင်းတွေမှာ သူ တီထွင်သော ဖက်ရှင်တွေကို မော်ဒယ်လ်တွေက ဝတ်ဆင်သော ကဏ္ဍတွေ ပါဝင်လာသည်။

သူ့ရဲ့ Talent ကို သဘောကျသော မော်ဒယ်အေဂျင်စီကြီးတစ်ခုက ရှိုးပွဲတွေမှာ ဒီဇိုင်းထုတ်ပေးဖို့ ကမ်းလှမ်းသည်။ သူ တီထွင်သော ဒီဇိုင်းတွေဟာ လူတန်းစား အမျိုးမျိုးအတွက် သီးခြားဖန်တီးထားလေရာ အလွှာအသီးသီးမှာ "ပေါက်"သည်။ အောင်မြင်သည်။



www.burmeseclassic.com

www.burmeseclassic.com



မင်းသမီးတွေ မော်ဒယ်တွေအတွက် သူ တီထွင်ပေးသော ဝတ်စုံတွေဟာ ဘယ်သူနဲ့မှ မတူဘဲ လှပဆန်းပြားသလို၊ အရပ်သူလေးတွေ ဝတ်နိုင်ရန် သီးသန့်တီထွင်ပေးသော အင်္ကျီ၊ စကတ်၊ ဂါဝန်ဒီဇိုင်းများမှာလည်း အတော်ကြီး ရေပန်းစားလေသည်။

ဒီလိုနှင့် သူဟာ မြန်မာနိုင်ငံရဲ့ ဒီဇိုင်နာလောကမှာ အသက်အငယ်ဆုံး ယောကျာ်းလေးဒီဇိုင်နာအဖြစ် တစ်စ တစ်စ လူသိများ ထင်ရှားလို့လာသည်။ ဒီကြားထဲမှာမှ ရုပ်ရှင်မင်းသား တစ်ဦးလို ချောမောပြေပြစ်သော ရုပ်သွင်နှင့် ကိုယ်ဟန်ကို သဘောကျသဖြင့် ဗီဒီယိုရိုက်ဖို့လာပြောသူများကလည်း မရှား။ သူက ဝါသနာမပါသဖြင့် မလုပ်သော်လည်း ဝါသနာပါသော ပြည့်ဖြိုးပင်လျှင် မင်းသားပေါက်စ ဖြစ်သွားသည်။

ဒါတောင် ဦးလေးယောက်ဖတော်သူရဲ့ စက်ရုံမှ သူ တီထွင်သော အမျိုးသားဝတ်တွေကို သူနှင့် ကြော်ငြာသော ကြောင့် သူဟာလည်း နာမည်ကြီးတစ်ယောက် ဖြစ်လာသည်။ မိန်းကလေးတွေကြားထဲမှာ ရေပန်းစားလာသည်။





အချိန်လေးနှစ်အတွင်းတွင် သူသည် ကံတရားကြောင့်ရော၊ ကြိုးစားမှုကြောင့်ရောနှင့် ပရော်ဖက်ရှင်နယ်ဒီဇိုင်နာ တစ်ယောက် ဖြစ်လို့လာခဲ့သည်။

ထိုဘဝကို သူ တကယ်ပဲ ကျေနပ်ပါသည်။

ဒီလိုပဲ တစ်စုံတစ်ယောက်သည်လည်း သူ့အကြောင်းတွေကို ကြားသိရင်လည်း သိနေလိမ့်မည်။ သိချင်မှလည်း သိပါမည်။ ဘာပဲဖြစ်ဖြစ် သူဟာ သူမပြောသွားခဲ့သော စကားတွေကို မမေ့သေး။ မေ့လို့လည်း မရခဲ့ပါ။ မရဆို သူကလည်း မေ့ဖို့ မကြိုးစားခဲ့။ သူမကို သူ ယုံပါသည်။

သူတို့သူငယ်ချင်းတွေ ရှားရှားပါးပါး ဆုံဖြစ်လေတိုင်း သူမ အကြောင်း မပါမဖြစ်ပဲ ဖြစ်သည်။

"ဒါဆို မင်းက သူ့ကို အခုထိ မမေ့သေးဘူးပေါ့"

"ဘာလို့ မေ့ရမှာလဲ၊ ငါတို့ဓာတ်လမ်းက မေ့သွားရအောင် ပေါ့ပေါ့လေးမှ မဟုတ်ခဲ့တာ ...

သူနဲ့ ငါနဲ့ပဲ သိတဲ့ ငြိတွယ်မှုတစ်ခု ရှိခဲ့တယ်လေ"



www.burmeseclassic.com

www.burmeseclassic.com



"ရည်းစားဖြစ်ပြီး ဝေးသွားတဲ့သူတွေတောင် ပြန်ဆုံဖို့ဆိုတာ လွယ်တဲ့ကိစ္စမှ မဟုတ်တာ၊ မင်းက မြင်တောင်မမြင်ဘူးသေးတဲ့ မိန်းကလေးတစ်ယောက်က အဝေးကြီးတစ်နေရာကနေ မင်းဆီကို ပြန်ရောက်လာဖို့ ဆိုတာ ဖြစ်နိုင်ပါ့မလားကွာ ...

မသေချာ မရေရာတဲ့ အဖြစ်နဲ့ မင်းဘဝကို အဓိပ္ပာယ်မဲ့ချင်စမ်းပါနဲ့"

မိန်းမရသွားပြီး အိမ်ထောင်သည် ဖြစ်သွားသော ဒီဒီရဲ့စကားတွေက လက်တွေ့ဆန်သော်လည်း သူက အသာပဲပြုံးနေခဲ့ပါသည်။

"သူ ငါ့ကို တစ်ခါပြောဖူးတယ်ကွ။ ကိုယ်လုပ်စရာရှိတဲ့ အလုပ်ကို ကိုယ့်ဘာသာပဲ ပြီးမြောက်အောင်လုပ်တယ်တဲ့၊ တစ်ဖက်သားရဲ့ကိစ္စက ကိုယ်နဲ့မဆိုင်ဘူးတဲ့ ...

ခုလည်း ဒီလိုပဲပေါ့။ သူ ပြန်လာတာ မလာတာ ငါနဲ့မဆိုင်ပါဘူး၊ ဒါ သူ့အပိုင်းပဲ၊ ငါ့ဘဝကို အဓိပ္ပာယ်





မဲ့တယ်လို့ မသတ်မှတ်ပါဘူး၊ ငါ့အလုပ်နဲ့ ငါတောင်မအားတာ မင်းတို့အသိပဲ ...

ဘဝမှာ ကိုယ့်အလုပ်နဲ့ကိုယ် ပျော်မွေ့ရင်း သူ့ကို သတိရနေရတဲ့ အဖြစ်ဟာ ငါ့ကိုယ်ငါတော့ ကျေနပ်တယ်"

"သူ ပြန်လာလိမ့်မယ်လို့ မင်း ထင်လား"

ဒီမေးခွန်းကို မေးသူကတော့ စိတ်ပညာရှင် သစ်နိုင်ပဲ ဖြစ်လေသည်။ ဒီကောင်ကတော့ သူ့အဖေကုမ္ပဏီမှာ ရာထူးကြီးကြီး ရနေသောသူ ဖြစ်နေချေပြီ။

"အင်း ... ထင်လား ဆိုတော့ ..."

သူက ဘာမှမဖြေသေးဘဲ အီဆွဲနေတုန်းမှာပင် ထိုအဖြေကို ဝင်ရောက်ဖြေပေးလိုက်သူက မင်းသားပေါက်စ ပြည့်ဖြိုးပဲဖြစ်သည်။

"ထင်လား မထင်လား မေးမနေနဲ့၊ ဒီကောင်က ဒီဇိုင်နာသာ ဖြစ်နေတာ သတို့သမီးဝတ်စုံတော့ လုံးဝလက်ခံတာမဟုတ်ဘူး ...



www.burmeseclassic.com

www.burmeseclassic.com



ဒီကောင် ဆွဲထားတဲ့ ဒီဇိုင်းတွေ အရမ်းလှတယ်၊ ဒါပေမဲ့ သူ့ချစ်သူ မဟုတ်တဲ့ မိန်းကလေးတွေကို သတို့သမီးဝတ်စုံတွေ မဆင်ဘူးတဲ့ ...

ရူးတယ်ပဲ ပြောရမလား၊ မှော်လင့်နေတယ်ပဲ ပြောရမလား၊ လွတ်ထားပေးလိုက်ပါကွာ"

ပြည့်ဖြိုးရဲ့ စကားသံအဆုံးမှာ သူငယ်ချင်းတွေက ပခုံးတွန့်ကာ လက်ခါပြကြလေသည်။

သူကတော့ အခုထိ မြတ်နိုးဝဲ ဖြစ်သည့် နှင်းဆီခနစ်ပွင့်၊ သွေးစွန်းနေသော အဖြူရောင်ဂျူးကင်လေးတစ်ထည်၊ အမြဲနားထောင်ဖြစ်သည့် အလွတ်ရနေပြီဖြစ်သော သူမရဲ့ အသံနှင့် သီချင်းများပါသော အဖိုးတန် MP.3 Player လေးတို့ ရှိရုံမျှဖြင့် ...

သူမကို မျှော်လင့်ဖို့ လုံလောက်ခဲ့ပါသည်။

❤ ✧ ❤





ထိုနေ့ကတော့ သူ့ဘဝ၏ အမှတ်တရ နေ့တစ်နေ့ ဖြစ်ခဲ့သည်။ ဟိုတယ်ကြီးတစ်ခုမှာ ခမ်းနားစွာ ကျင်းပပြုလုပ်သော ဒီဇိုင်နာနှစ်ဦးနှင့်အတူ သူ့ရဲ့ဖက်ရှင်လက်ရာများကိုပါ ပူးတွဲပြသခဲ့သော ရှိုးပွဲကြီး ဖြစ်သဖြင့် သူ့အဖို့ စိတ်လှုပ်ရှားသော နေ့တစ်နေ့လည်း ဖြစ်ခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com



ရှိုးပွဲရဲ့ အိုက်ဒီယာကိုလည်း သူကပဲ စဉ်းစားခဲ့တာဖြစ်သည်။ ရေကူးကန်ထဲမှာ စင်ထိုးထားလျက် မော်ဒယ်တွေက ရေပေါ်မှာ လမ်းလျှောက်နေသလိုဖြစ်မည့် ဗီလင်မျိုးကို သူပဲ ကဗျာဆန်ဆန် အတွေးရခဲ့တာဖြစ်သည်။ စိတ်ကူးကောင်း တင်ဆက်မှုကောင်းသော ဖက်ရှင်ရှိုးပွဲကြီးဟာ အထူးပဲ စည်ကားသိုက်မြိုက်ခဲ့ပါသည်။

သူဟာ ဒီနေ့မှာ ဘာကြောင့်မှန်း မသိဘဲ ပန်းရောင်ကို ခါတိုင်းထက် လွမ်းဆွတ်သတိရနေမိတာတော့ ထူးခြားသည်။ ဘာကြောင့်မှန်း မသိဘဲ စိတ်ထဲတွင် မျှော်လင့်ချက် တစ်မျိုးဖြင့် လင်းလက်တောက်ပလို့ နေပေသည်။

ဒါဟာ စိတ်ခြင်း ဆက်သွယ်မှု တစ်ခုလား ဘာလားတော့ သူ မတွေးတတ်တော့။

ရှိုးပွဲကြီးပြီးအပြီး ဒီဇိုင်နာတွေက ထွက်၍ နှုတ်ဆက်ကြရလျှင် သူ့လက်ထဲ၌ ပန်းစည်းတွေ တစ်ပွေ့တစ်ပိုက်ပဲ ပါလာခဲ့သည်။ အဲဒီပန်းစည်းတွေကြားမှာ သူဟာ ထူးခြားသော





ပန်းစည်းတစ်စည်းကို သွားတွေ့ခဲ့ပါသည်။ ပန်းနုရောင်နှင်းဆီပန်းစည်းကြီးရဲ့အောက်ခြေမှာ ချိတ်ဆွဲထားသော "From Pink" ဟူသော စာတန် လေးသည် သူ့ရင်ကို အကြီးအကျယ် မွှေနှောက်ဆွတ်ပျံ့၍ လာစေလေသည်။

"ပန်းရောင်"

သူ့နှုတ်မှ တိုးတိုး ရေရွတ်မိသွားတုန်းမှာပဲ သူ့ရဲ့လက်ကိုင်ဖုန်းလေးထဲမှ မြည်သံလေးက အဆက်မပြတ် ထွက်ပေါ်လို့ လာခဲ့သည်။

သူဟာ Display ပေါ်မှာ ပေါ်နေသော နံပါတ်ကို အကြာကြီးပဲ စိုက်ကြည့်ကာ လက်ဖျားတွေ အေးစက်လာခဲ့သည်။

ထိုနံပါတ်ကို သူ မသိချေ။ သို့သော် ဒါဟာ ဘယ်သူများ ဖြစ်နိုင်မလဲ။ ပြန်လာမယ်ပြောပြီး မမေ့ပါနဲ့ ပန်းရောင်ရယ်။

ဖုန်းသံက အဆက်မပြတ် မြည်ဆဲ။ သူက DJ တီးလုံးသံတွေနှင့် ဝေးရာသို့ လျှောက်သွားရင်း ဖုန်းကိုဖွင့်လိုက်သည်။ ဟယ်လို ဟူ၍တော့ နှုတ်မဆက်မိသေး။



www.burmeseclassic.com

www.burmeseclassic.com



တစ်ဖက်ကလည်း ဘာမှမပြော။ အသက်ရှူသံသဲ့သဲ့သည် သူ့ကို ငိုချင်စိတ်ပေါက်အောင်ကို လှည့်ဖြား၍နေလေသည်။

"ပန်းရောင်လားဟင်"

သူက မခံနိုင်တော့သည့်အဆုံးမှာ ဖွင့်ဟပေးလိုက်လျှင် တစ်ဖက်မှ ...

"ဂုဏ်ယူပါတယ် ဒေါ်န"

"ပန်းရောင် ... မင်း ပန်းရောင် မဟုတ်လား"

"ဟုတ်ပါတယ်"

"ပန်းရောင် ... မင်း ဘယ်က ဆက်နေတာလဲ၊ မင်းဘယ်မှာလဲဟင်"

"မင်းက အရင်လိုပဲ မျက်စိမွဲတုန်းပဲကိုး ဒေါ်နရဲ့၊ မင်းကို ကိုယ် ကိုယ်တိုင် ပန်းစည်းပေးခဲ့တာတောင် မသိဘူးနော်"

"အာ ... အဲဒီမှာ လူအရမ်းများနေတယ်လေ"

"အင်းပေါ့ ... မင်းက ဆရာကြီး ဖြစ်သွားပြီဆိုတော့ ..."





သူမလေသံက ဝေးကွာနေသူများဟု မထင်ရအောင် နှသစ်လတ်ဆတ်လို့ နေသဖြင့် သူကိုယ်တိုင်လည်း မြေကြီးနှင့် ခြေထောက် မထိချင်တော့။

"ဟိတ် ... ပန်းရောင်၊ မင်း ဘယ်မှာလဲကွာ၊ ပြောစမ်း၊ ကိုယ် အခုလာခဲ့မယ်"

သူ့ရဲ့အကဲပိုသော လေသံကို သူမက တစ်ဖက်က နေ၍ တခစ်ခစ်နှင့် ရယ်မောနေ၏။ အဲဒီရယ်သံလေးဟာ ဟိုးယခင်ကနှင့် ဘာမှမခြား။ ချိုလွင်လတ်ဆတ်တုန်းပင်။ မင်းရယ်သံလေးများကြားရင် ကိုယ့်ရင်ထဲ ခံနိုင်စွမ်း မရှိလို့ပါ ပန်းရောင်ရယ်။

"လာခဲ့လေ၊ အခု မင်းရှိနေတဲ့ နေရာနဲ့ မနီးမဝေးမှာ ကိုယ်တို့ ရှိနေတယ်"

"ကိုယ်တို့ ဆိုတာက ..."

"ကိုယ်နဲ့ နောက်တစ်ယောက်နဲ့ပေါ့"

သူမက အေးအေးဆေးဆေး ပြောသော်လည်း သူ့ရင်ထဲတွင် ချက်ချင်း စိုးထိတ်သွားရသည်။ သူမဟာ သူ့ကို စိတ်လှုပ်ရှားအောင် အမြဲလုပ်တတ်သော သူပေပဲ။



www.burmeseclassic.com

www.burmeseclassic.com



သူက ဟိုဟိုဒီဒီ ဝေ့ဝဲရှာဖွေရင်း လျှောက်လာခဲ့လျှင် တစ်နေရာမှာ ရှိနေကြသော မိန်းကလေးနှစ်ယောက်ကို ဖြုန်းခနဲပင် ရင်ဆိုင်တွေ့လိုက်ရတော့လေသည်။

နှစ်ယောက်စလုံးရဲ့ လက်ထဲတွင် ဟန်းဒ်ဖုန်းကိုယ်စီပါလျက် သူ့ကို ပြုံးတုံ့တုံ့ စိုက်ကြည့်နေကြပုံမှာလည်း အတူတူပဲဖြစ်၏။

ဆံပင်ရှည်တွေ ကိုယ်စီ၊ သူ မြင်ဖူးသော ကိုယ်လုံးကိုယ်ပေါက် ကိုယ်စီနှင့် မိန်းကလေး နှစ်ယောက်တို့ဟာ ရုပ်သိပ်မဆင်သော်လည်း ပုံစံတွေက တစ်ထေရာတည်း ဖြစ်သည်။

အဲဒီထဲမှ တစ်ယောက်က ...

"ကိုယ်တို့ နှစ်ယောက်ထဲက တစ်ယောက်က ပန်းရောင်ပါ၊ မှန်အောင်ရွေးဖို့တော့ လိုမယ်နော်"

သူက သဘောကျစိတ်ဖြင့် ဟက်ခနဲတောင် တစ်ချက်ရယ်မိသေးသည်။ မိန်းကလေးနှစ်ယောက်ကတော့ ဘယ့်နှယ်ရှိစဟူသော မျက်နှာပေးများနှင့်သာ။ သူက နှစ်ယောက်စလုံးကို





သေချာစိုက်ကြည့်မိသည်။ ထိုနှစ်ယောက်ဟာ တစ်ယောက်က ပန်းရောင်ဝတ်စုံနှင့်ဖြစ်၍ တစ်ယောက်က အဖြူရောင်ဝတ်စုံဖြစ်သည်။

သူက လှစ်ခနဲ တစ်ချက်ပြုံးလိုက်ကာ ...

"မင်း မညာဖို့တော့ လိုတယ်နော်၊ ကိုယ်ပြောတာမှန်ခဲ့ရင် မဟုတ်တဲ့ တစ်ယောက်က ချက်ချင်းထွက်သွားပေးကြေး"

"အိုကေ ... စိန်လိုက်"

အဲဒီစကားကို နှစ်ယောက်စလုံးက ပြိုင်တူပြောတာဖြစ်၏။ သူသည် ပခုံးတစ်ချက် တွန့်လိုက်ရင်းမှ ...

"ကဲ ... ပန်းရောင်ဝတ်စုံ ဝတ်ထားတဲ့ အမျိုးသမီး"

သူက ဆက်မပြောသေးဘဲ ငြိမ်နေလျှင် နှစ်ယောက်စလုံးကလည်း ငြိမ်နေသည်။ မှားတယ် မှန်တယ် မပြောသေး။ သူတို့ကလည်း အတော်တော့ ပါးနပ်ဟန်တူသည်။ သို့သော် သူက ဘယ်သူဟာ ပန်းရောင် ဆိုတာကို သိပြီးနေမှတော့ ...



www.burmeseclassic.com

www.burmeseclassic.com



"ပန်းရောင် ဝတ်ထားတဲ့ အမျိုးသမီး ထွက်သွားပေးပါ၊ ခင်ဗျားဟာ ပန်းရောင် မဟုတ်ပါဘူး ...

ဟုတ်တယ် မဟုတ်လား ပန်းရောင်၊ အဖြူရောင် ဝတ်ထားတဲ့ မင်းက ပန်းရောင်ပါ"

သူက အဲဒီလို ပြောလိုက်လျှင် တကယ်ပဲ ပန်းရောင် ဝတ်စုံ မိန်းကလေးက မျက်နှာလေးပင့်ကာ သူ့ကို လက်ဆွဲနှုတ်ဆက်လျက် အသာထွက်ခွာပေးသွားလေသည်။ ညလေပြည်တွေ တိုက်ခတ်နေသော အေးချမ်းသည့် နေရာလေးတွင် သူနှင့် သူမ နှစ်ဦးတည်းသာ ကျန်ရစ်ခဲ့သည်။

သူသည် လွမ်းဆွတ်ခြင်းများစွာဖြင့် သူမကို အတန်ကြာ ငေးစိုက်နေမိခဲ့ပါသည်။ သူမက သူ့ရှေ့မှာ မော်ဒယ်ရပ်ပြနေသည့်အလား တစ်နေရာသို့ ပြုံးလဲ့လဲ့ဖြင့် ငေးနေသည်။

သူ့ရဲ့ ပန်းရောင်သည် ဖြူစင်ဝင်းမွတ်သော အသားအရေနှင့် တစ်မျိုး ချစ်စရာကောင်းသူ ဖြစ်၏။ သူမရဲ့အလှကို သူ ဋီကာဖွင့်မပြချင်ပေ။ သူမလှတာ မလှတာက သူနှင့်မဆိုင်ပါ။ ချစ်တတ်မည့် နှလုံးသားတစ်ခုသာ သူနှင့်ဆိုင်ပါသည်။





"မင်း တကယ် ပြန်လာခဲ့တယ်နော် ပန်းရောင်"

သူမက ခေါင်းငုံ့သွားကာ အသာပြုံးနေသည်။ သူက အဲဒီပုံစံလေးကို မချင့်မရဲ ဖြစ်လာလျက် ...

"ပြောပါဦး၊ ဒီတစ်ခါရော ကိုယ့်ကို အရူးလုပ်ခဲ့ဦးမှာလား"

"မင်းက လုပ်စေချင်လို့လား"

အဲဒီလို ပြန်မေးတော့လည်း မျက်လုံးတွေက ရဲရဲဝံ့ဝံ့နှင့် အရည်လက်တောက်ပနေသေးသည်။ သူနှင့် သူမသည် ပေါတစ်ကမ်း အနေအထား ခပ်လှမ်းလှမ်းမှာ ရှိကြသော်လည်း အနွေးဓာတ်တစ်ခုက လှည့်ပတ်နေသလို နှစ်ဦးစလုံးကို နွေးထွေးနေစေသည်။

"မင်းကို ကိုယ် အရမ်းမျှော်လင့်နေခဲ့တယ်၊ အကြာကြီးစောင့်ခဲ့ရတယ်နော်"

"ဆောရီးပါ ဒေါ်န"

"မင်းကို စကားတွေ အများကြီး ပြောစရာရှိတယ် ပန်းရောင်၊ ဘယ်ကနေ ဘယ်လို စပြောရမှန်းတောင် မသိတော့ဘူး၊ ကိုယ်လေ ..."



www.burmeseclassic.com

www.burmeseclassic.com



ပန်းရောင်က သူ့ကို လက်ကာပြလိုက်ရင်းမှ ...

"နေဦး ... အဲဒါ နောက်မှပြော၊ မင်းက ကိုယ်နဲ့ ဟိုတစ်ယောက် ဒီလောက်တူကြတဲ့ အထဲကမှ ကိုယ့်ကိုလည်း မမြင်ဖူးဘဲနဲ့ ဘာလို့ ကိုယ်ဟာ ပန်းရောင်ပါလို့ ရွေးထုတ်နိုင်ခဲ့ရတာလဲ"

သူက အသာပြုံးလိုက်ကာ ...

"ပန်းရောင် ဝတ်ထားတိုင်း ပန်းရောင်လို့ ထင်သွားရင် ကိုယ် ညံ့သွားမှာပေါ့၊ ပန်းရောင်ဆိုတဲ့ ကောင်မလေးက ကိုယ့်ကို အမြဲလှည့်စားတတ်တယ်လေ၊ ဒီတစ်ခါတော့ သူ လှည့်စားထားတဲ့ အရာနဲ့ ဆန့်ကျင်ဘက် ရွေးလိုက်တာ၊ ပြီးတော့ ကိုယ် မင်းကို အလိုလို သိနေပါတယ် ပန်းရောင်ရယ်"

"ဘာကြောင့်လဲ"

သူမက ခေါင်းလေး အသာငုံ့စောင်းလျက် ပြန်မေးပုံက အသည်းယားချင်ဖွယ်ရာ။ သူက အဲဒီပုံစံလေးကို တမေ့တမော ငေးရင်းမှ ...





"သွေးက စကားပြောတယ်လေ ပန်းရောင်ရဲ့"

သူမက ပထမတော့ ကြောင်သွားဟန် ရှိသော်လည်း နောက်ပိုင်းကျမှ သူ့ကို သွေးလှူခဲ့ဖူးသော အဖြစ်အပျက်ကို သတိရသွားလျက် ရယ်မောနေတော့တာ ဖြစ်လေသည်။ သူ့ကိုယ်ထဲတွင် လှည့်ပတ်စီးဆင်းနေသော သွေးတွေဟာ သူမရဲ့သွေးတွေ မဟုတ်စေဦးတော့ ...။

သူဟာ သူမကို မြင်တာနှင့် အလိုလို ခံစားသိနိုင်သည်။

ထိုအရာမှာ တခြားကြောင့်တော့ မဟုတ်။ အင်မတန် ပြင်းထန်သော စိတ်ခံစားမှု စွမ်းအားကြောင့်ပဲ ဖြစ်သည်။ တစ်ယောက်နဲ့ တစ်ယောက်ကြားမှာ သမုဒယတွေ တွေ့ဆုံချိန်တွေ ပြောပလောက်အောင် မရှိခဲ့ပေမဲ့လည်း ယုံကြည်သည့်စိတ်တစ်ခု အတွက်ကြောင့် သူ့ရဲ့ အိပ်မက်ဆန်သော ဇာတ်လမ်းလေးဟာ ဇာတ်သိမ်းလှခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com



တစ်ချိန်က ကိုယ်ယောင်ဖျောက် ပွင့်ခဲ့ရသော နှင်းဆီတွေသည် အခုတော့ ယစ်မူးဖွယ်ကောင်းအောင် မွှေးအိမ်နေခဲ့ပြီ။ သူတို့နှစ်ယောက် ပြန်ဆုံချိန်တွင် ကမ္ဘာလောကတစ်ခုလုံးမှ နှင်းဆီများ ခါတိုင်းထက် ပိုမိုမွှေးပျံ့နေခဲ့ပါသည်။

ဆုမြတ်မွန်မွန်

10:00(P:M)

Feb: 26th. 2007.

BURMESE CLASSIC .com

www.burmeseclassic.com